www.burmeseclassic.com

မိုးမိုး (အင်းလျား)

# ဘယ်သူလာကူပါ့မယ်

အင်းလျား စာပေ
အမှတ် ၁၇၃၊ ၃၃ လမ်း၊
ရန်ကုန်မြို့။
[ ဖုန်း-၂၈၅၁၆၆ ]

www.burmeseclassic.com

# အပိုင်း ၁

www.burmeseclassic.com

# ၁

သည်လိုမှန်းသာသိလျှင်ဖြင့် အစက မောင့်အချစ်ကို နွယ် လက်ခံမိမည်မဟုတ်။ မောင့်ကိုသာ မချစ်မိခဲ့လျှင် ယခုလို သံယောဇဉ်အမျှင်တန်းရသည့် အဖြစ်မျိုး၊ စိတ်နှလုံး ညစ်နွမ်းပင်ပန်းရသည့် အဖြစ်မျိုးကိုလည်း ကြုံရမည်မဟုတ်။ ယခုတော့ တိမ်တိုက်ဖြူဖြူကြားတွင်ပင် မောင့်မျက်နှာကို မြင်ရလေမလားဟု ဝိုးတဝါး ဖွေရှာမိသည်အထိ နွယ့်စိတ်တို့ မတည်မငြိမ် ဖြစ်ခဲ့ရသည်။

လေယာဉ်သည် သိမ့်ခါ၍ သွားလေသည်။ တိမ်တိုက်တို့သည် လေဟာပြင်ထဲတွင် နေရာလုကာ တိုးတိုက်ရွေ့လျားနေကြသည်။ တိမ်တို့မှ လွတ်သည့်အခိုက်တွင် လေယာဉ်တွင်းမှာ လင်းခနဲ ဖြစ်သွားလေသည်။ နွယ်က ဤအဖြစ်ကိုပင် လူ့ဘဝနှင့် နှိုင်းယှဉ်မိ၏။ နွယ့်ဘဝသည် တိမ်တို့ကြားတွင်ပင် ရှိပါသေးကလား။တိမ်တိုက်ကြားတွင် တိုးဝင်ဖြတ်သန်းဆဲပါကလား။

ပြတင်းမှန်ချပ်မှ အောက်ကို ငုံ့ကြည့်မိ၏။ အပြောကျယ်သော ပင်လယ်ပြင်ကြီးသည် စိမ်းညိုရောင် သမ်းနေလေသည်။ လှိုင်းတွန့်လေးများသည် ငါးအကြေးခွံသဖွယ် အထပ်ထပ်ဖြစ်၍ နေသည်ကို

www.burmeseclassic.com



တွေ့ရ၏။ အရာရာသည် သေးငယ်မှုန်ဝါး၍ နေလေသည်။ ကောင်းကင်နှင့် ရေပြင်တို့ ထိစပ်ရာသည်ပင် ဝေးလွန်းသဖြင့် ပြက်ပြက်ထင်ထင် မမြင်ရ။ ဘယ်ကား ကောင်းကင်၊ ဘယ်ကား ရေပြင်ဟူ၍ ခွဲခြားမရပြီ။ အကယ်စင်စစ်မူ ကောင်းကင်နှင့် ရေပြင်သည် မည်သည့်နေရာတွင်မှ ထိစပ်၍ နေသည်မဟုတ်။

နွယ်နှင့် မောင့်ဘဝကို ကောင်းကင်နှင့်မြေကြီးပမာ နှိုင်းစာခြင်း မပြုလို။ ထိုမျှ အလှမ်းကွာသော ဘဝများဟုလည်း နွယ် မထင်မိ။ ကမ္ဘာမြေတစ်ခုတည်းပေါ်တွင် နေထိုင်ပါလျက် မည်သို့မျှ ဆက်စပ်၍ မရသော မိုးကောင်းကင်တမျှ ခြားနားရမည်ဆိုသည်မှာ သဘာဝမကျ ဟု ထင်၏။ သို့ပါလျက် အဘယ်ကြောင့် ပေါင်းစပ်ဆုံစည်း၍ မရသည်ကိုမူ နွယ် မသိနိုင်တော့။

လောကထဲတွင် လူဖြစ်လာရခြင်းသည် မိမိအတွက်လား၊ သူတစ်ပါးအတွက်လားဟု ရင့်ကျက်စွာ တွေးခေါ်မိရလေပြီ။ အလှမ်း မမီသော လူ့လောက၏ သဘောတရားများကို နက်ရှိုင်းကျယ်ဝန်းစွာ တွေးတောရလောက်အောင် နွယ်သည် အသက်အရွယ် ကြီးရင့်သူ မဟုတ်သေး။ သို့သော် လူ့ဘဝသည် ငယ်ရွယ်နုပျိုမျစ်သော နှလုံးသား ကိုပင် အတွေ့အကြုံတို့ဖြင့် ရင့်ကျိုင်းစေသည်ကား အမှန်။

ဖြူလွှသော အင်္ကျီနှင့် မိုးပြာရောင် လုံချည်နုကို ဝတ်ဆင်ထား သော မိန်းမလှလေးက နွယ့်လက်တွင်းသို့ ကော်ဖီခွက်ကို လှမ်းပေး သည်။ 'ပူမယ်နော်' ဟုလည်း သာယာညင်းပျောင်းစွာ ဆိုသည်။ ကော်ဖီခွက်ကို နှုတ်ခမ်းတွင် တေ့၏။ မျက်စိမှာမူ မှန်တံခါးအပြင်သို့ ရောက်နေသည်။ စိတ်သည်ကား လေထက်မြန်သောအဟုန်ဖြင့် အတိုင်းအဆမရှိသော လေဟာနယ်အတွင်း ပျံ့လွင့်၍နေလေသည်။

*

www.burmeseclassic.com

၂

နုပျိုလန်းဆန်းသည့် ဆယ်ကျော်သက်ကာလသည် လူ့ဘဝတွင် နေပျော်ဆုံးသော အရွယ်ပင် ဖြစ်အံ့ထင်၏။ မိန်းကလေးတို့၏ လှပစိုပြည်ခြင်းသည်လည်း ထိုအရွယ်တွင် အစွမ်းကုန် ပွင့်လန်းလာသည်ပင် ဖြစ်လိမ့်မည်။ အနာဂတ်ကာလ၏ ရောင်ခြည်သည် ပြိုးပြက်ထင်ဟပ်လျက် ရှိချေသည်။ လူ့ဘဝ၏ ဆုံးဖြတ်စီရင်မှုကို မခံရသေးသည့်အရွယ်၊ အရာရာကို မျှော်လင့်နိုင်သေးသည့် ကာလ၊ မုန်တိုင်းမကျခင် သာယာအေးချမ်းနေသည့် အချိန်၊ သည်လိုအချိန်မျိုးတွင် မောင့်ကို တွေ့ခဲ့ရသည်ဆိုတော့လည်း ပူပင်သောကမရှိ ချစ်လိုက်မိသည့်အဖြစ်ကို နောင်တရသင့်သည့် အကြောင်းအရာတစ်ရပ်ဟု မထင်မိတော့။

မရမ်းခြံဘော်ဒါရိပ်သည် နှယ့်အတွက် အနာဂတ်ရောင်ခြည်တို့ဖြင့် ရွှန်းလက်နေသကဲ့သို့ လွတ်လပ်ခြင်းနှင့် စူးစမ်းလိုခြင်းတို့ဖြင့် လူ့ဘဝကို စတင် ဝင်ရောက်ရာ နေရာလည်း ဖြစ်ခဲ့သည်။ မေမေ့စည်းကမ်းဘောင်အတွင်းမှ ဘော်ဒါအုပ် ဆရာမကြီး၏ အုပ်ထိန်း

စောင့်ကြပ်မှုအောက်သို့ ကူးပြောင်းခိုလှုံခဲ့ရသည့်တိုင်နွယ့်အတွက်တော့ သက်သောင့်သက်သာ ရှိလှသည်။ ထမင်းပျော့လျှင် ဒေါင်ခနဲ မြည်အောင်ခေါက်တတ်သော မေမေ့ယောက်မဘေးမှကင်းဝေးခဲ့သလို၊ ညီမငယ်များနှင့် ထဘီအနားကွဲအောင် ဆော့မိ၍ ဖေဖေ မသိအောင် ပေါင်တွင်းကြောအလိမ်ခံရသည့် ဝဋ်မှလည်း ကျွတ်ခဲ့သည်။ သည်မှာတော့ ထုပ်ဆီးတိုးခွင့် ကျည်းသားရိုက်ခွင့် မရှိတော့သော်လည်း ရွယ်တူချင်းချင်း စကားတွတ်ထိုးကာ ခိုးခိုးခစ်ခစ် ရယ်ရသည်ကပင် အရသာတစ်ခု။ ဝတ္ထုဖတ်သည်ကို မကြိုက်သော ဆရာမကြီးအလစ်တွင် ကာတွန်းစာအုပ်ကို ဟန်ပြကာ သီချင်းစာအုပ်ကို ခေါင်းချင်းဆိုင်၍ တိုးတိုးဆိုကြည့်ရသည်ကပင် ကြည်နူးစရာတစ်ရပ် ဖြစ်၍ နေလေသည်။ မေမေသည်ပင် သမီးလေးယောက်ကို စေ့ငုအောင် ရှုကြည့်မနေနိုင်ပါဘဲနှင့် ဆရာမကြီးသည် ဆိုးဆိုးဆတ်ဆတ်မနူးမနပ် အရွယ် မိန်းမငယ်ပေါင်းများစွာကို အဘယ်မှာလျှင် မျက်ခြည်မပြတ်ဘဲ ရှိနိုင်မည်နည်း။ တစ်ခါတစ်ရံ သိလျက်နှင့်ပင် မသိကျိုးကျွန် နေလိုက်ရသည်ကလည်းရှိလေသည်။

ကျောင်းပိတ်ရက်များတွင်မူ နွယ်သည် ဖေဖေ့အစ်မ ကြီးကြီး မြတို့ အိမ်သို့ အလည်အပတ် လိုက်သွားခွင့်ရလေသည်။

ရန်ကုန်တွင်တော့ ကြီးကြီးမြသည်သာ နွယ့်အားထားရာ။ ဖေဖေသည် အစိုးရအမှုထမ်းပီပီ အရပ်တကာ နယ်တကာလှည့်နေရသည်။ မေမေကလည်း ဖေဖေ့နောက် တကောက်ကောက်လိုက်ခဲ့သည်မှာ သမီးလေးယောက် အရွယ်ရောက်သည်အထိပင်။ သမီးမိန်းကလေးချည်းပဲဆိုတော့လည်း မေမေက သူ့အုပ်ထိန်းမှုအောက်မှ ထွက်ခွာခွင့်မပြု။ မည်မျှပင် ကျောင်းတွေပြောင်းရဖန်များ၍ အတန်းတွေ နစ်နာရသည့်တိုင် မေမေသည် သူ့သမီးချော လေးယောက်ကို မျက်စိအောက်မှ အပျောက်မခံခဲ့။ နောက်ဆုံးတော့ နွယ်သည်ပင်

၁၈ နှစ်ပြည့်မှ ကိုးတန်းအောင်ခဲ့သည်။ ၁၀ တန်းဆိုတော့လည်း အရေးကြီးပြီဟု ယူဆကာ နွယ့်ပညာရေးကို ဆွေးနွေးခဲ့ကြလေသည်။

'မမြတို့လဲ ရှိသားပဲ မအေးသစ်ရယ်၊ ရန်ကုန်သာ ပို့လိုက်ရအောင်ပါ၊ သမီးတွေလဲ အသက်ကကြီးပြီး အတန်းက ငယ်နေပြီ၊ ကိုကို့သဘောတော့ အကုန်လုံးပဲ ပို့ထားချင်တယ်'

ဖေဖေသည် မေမေ့ကို ချစ်သည်နှင့်အမျှ မေမေ့သဘောကိုလည်း လွန်ဆန်သူမဟုတ်။ ထို့ကြောင့် ဖေဖေ့ဆန္ဒက သမီးတွေ၏ ပညာရေးကို ဦးစားပေးသည့်တိုင် မေမေ့ကို အလွန်အကျူး ဆန့်ကျင်၍ မပြောပေ။

'ကိုကိုက ဘာသိလဲ၊ မိန်းကလေးတွေရှင့်၊ ရန်ကုန်လိုနေရာမျိုးမှာက ကိုယ့်ကိုကိုယ် ထိန်းနိုင်မှ တော်ကာကျတာ၊ ပြီးတော့ ကိုကို့သမီးတွေက အထုံ အ အတွေ၊ အင်းလေ မိနွယ်တစ်ယောက်တော့ အတော်လေးလဲ သိတတ်နေပါပြီ၊ ကိုကို့သဘော'

တစ်ဘက်ခန်းမှ စကားသံကို နားစွင့်နေသော နွယ်တစ်ယောက် ဝမ်းသာလွန်း၍ ညီမငယ်ဆွေဆွေကိုပင် လှမ်း၍ ကိုင်လှုပ်လိုက်မိသည်။ ဆွေဆွေသည် သူ့ခြင်ထောင်ကို မ ကာ နွယ့်ခြင်ထောင်နှင့် ပူးလိုက်ပြီး နွယ့်အိပ်ရာသို့ ခေါင်းပြူလိုက်သည်။

'မမနွယ်တော့ ဟန်ကျတာပဲ၊ ရန်ကုန်မှာ သွားနေရတော့မယ်၊ ဆွေလဲ လိုက်ရရင် သိပ်ကောင်းမှာပဲ မမနွယ်ရယ်၊ ဆွေ လိုက်ချင်လိုက်တာ'

ကျန်ညီမနှစ်ယောက်ကတော့ ခြင်ထောင်တစ်လုံးစီဖြင့် အိပ်ပျော်နေဆဲ။ နွယ်သည် ဆွေဆွေ၏ အားကျဝမ်းနည်းဖြစ်နေသော မျက်နှာလေးကိုကြည့်ကာ နှစ်သိမ့်လိုက်သည်။

'ဆွေဆွေလဲ ရှစ်တန်းမြန်မြန်အောင်အောင် ကြိုးစား၊ ဘာပဲဖြစ်ဖြစ် အတန်းကြီးရင်တော့ ဖေဖေက မေမေ့ကို ရအောင်ပြောပေး

မှာပဲ၊ မမနွယ်မရှိရင် အိမ်မှာ ဆွေဆွေကျန်ခဲ့မှ ဖြစ်မှာပေါ့ ညီမရယ်၊ အငယ်တွေကလဲ ရှိသေးတာ မေမေ့ကို ကူရဦးမယ်လေ'

ဆွေဆွေက သိတတ်စွာဖြင့် ခေါင်းညိတ်ပြလေသည်။

ခြင်ထောင်ကို ပြန်ချကာ ခေါင်းအုံးပေါ် လှဲချလိုက်၏။ ရှည်လျားနက်မှောင်သောဆံပင်များက နွယ့်ကိုယ်ဘေးတွင် ပြန့်ကျဲနေသည်။ မေမေသည် ယခုတိုင် သမီးတို့၏ ဆံပင်ကို ဖြတ်တောက်ခွင့် မပေး။ ဆံတိုကုပ်ဝဲ ခေတ်စားသော အချိန်မှာပင် နွယ့်ဆံပင်သည် ဒူးဆစ်ကိုကျော်နေ၏။

'မမနွယ်လေ ဆယ်တန်း မြန်မြန်အောင်အောင် ကြိုးစားမယ်၊ မမနွယ် တက္ကသိုလ်ရောက်ပြီး ဘွဲ့မြန်မြန်ရမှ ညီမတို့ကို တစ်လှည့် ပြန်ထောက်နိုင်မှာ၊ ညည်းလဲ တစ်နှစ်တစ်တန်း အောင်ရင် သိပ်မကြာပါဘူး၊ ကြိုးစား'

နွယ်သည် အနာဂတ်အတွက် စာရင်းဇယားချကာ ကြည်နူးနေလေသည်။ စဉ်းစားကြည့်တော့လည်း အဆင်မပြေစရာ ဘာမျှမရှိ။ တကယ်တော့ လူ့ဘဝကို ကြိုတင်မှန်းဆ တွက်ချက်၍ မရပါဆိုတာ နွယ် မသိသေး။ နွယ့်တွင် မျှော်လင့်ချက်ရှိ၏။ အားမာန်ရှိ၏။ ဖေဖေ မေမေတို့ ဆုံးမသွန်သင်ခဲ့သော အသိတရားနှင့်လည်း နွယ့်ကိုယ်ကို ထိန်းထား၏။ သည်တော့လည်း အရာရာသည် အဆင်ပြေလျက် ရှိနေလေသည်။

ဖေဖေနှင့် နွယ်တို့ ရန်ကုန်သွားရန် ပြင်ဆင်နေချိန်တွင် တစ်အိမ်လုံးသည် နွယ့်အတွက် အလုပ်ရှုပ်နေလေသည်။ အိပ်ရာ ခြင်ထောင်မှအစ နွယ့်အတွက်အသစ်။ အိမ်ရှိ ပစ္စည်း သစ်သစ်လွင်လွင် မှန်သမျှ နွယ့်အတွက်သာ စုပုံပေးကြသည်။ မေမေသည် နွယ့် အတွက် ဆေးဝါးပါ မကျန် မိန်းမအသုံးအဆောင် ပစ္စည်းအထိ စေ့စေ့စပ်စပ် ဂရုတစိုက် ထည့်ပေးသည်ဆိုတော့ မိခင်တစ်ယောက်၏

ထားရှိအပ်သော မေတ္တာနှင့် ပူပန်မှုကိုပါ နွယ် တိုင်းဆ၍ သိခဲ့ရ၏။ ညီမငယ်တို့၏ စေတနာကိုလည်း နွယ်ကိုယ်တွင် ကြက်သီးမွေးညင်းလေးများ သီးလာသည်အထိ နှစ်သိမ့်ကြည်နူးစွာ ခံစားရသည်။ သည်ဘဝတွင် နွယ့်မိသားစု၏ နွေးထွေးသောမေတ္တာကို တုံ့ပြန်နိုင်ရန် ကြိုးစားရမည်ဟုလည်း နွယ် သန္နိဋ္ဌာန်ချမိလေ၏။

မေမေ့ကို လက်အုပ်ချီကာ ရှိခိုးကာမျှနှင့် ညီမငယ်တို့၏ မျက်ဝန်းတွင် မျက်ရည်စတို့ ခိုမှီကြလေသည်။ ဖြူဝင်းပြည့်ဖြိုးသော မေမေ့မျက်နှာတွင် ညှိုးနွမ်းအားငယ်မှုကို မြင်ရလေသည်။ မိန်းမသားတို့၏ ဘဝတွင် မပြောပလောက်သော သံယောဇဉ်ကြိုးတစ်မျှင်သည် ပင် အားအင်တစ်ရပ် ဖြစ်ခဲ့သည်ကိုတော့ နွယ် ကောင်းစွာ သဘောမပေါက်မိ။ အိမ်ရှိ လူအားလုံးကို နှုတ်ဆက်ထွက်ခွာလာရစဉ် နွယ့်ရင်သည် ကလေးငယ်တစ်ယောက်လို ဝမ်းပန်းတနည်း ဖြစ်မိသည်။ လေယာဉ်ပေါ်အတက်တွင် နွယ် မျက်ရည်ကျခဲ့ရ၏။ နွယ့်ဘဝတွင် မျက်ရည်စနှင့် သည်မြေကို ပြန်နင်းရလိမ့်မည်ဟုတော့ မထင်ခဲ့။

'သမီးကလဲ ကိုယ့်ပညာရေးအတွက် သွားရတာများ ငိုနေတယ်လို့'

ဖေဖေက နွယ့်ကို အားပေးသည်။ ဖေဖေသည် နွယ့်ဘဝကို အဆင့်မြှင့်ပေးလိုက်ခြင်း ဖြစ်ပေ၏။ သို့သော် ဖေဖေသည် မထင်မှတ်သော လူ့ဘဝ၏ အလှည့်အပြောင်းကိုမူ တွန်းလှန်နိုင်ခြင်း မရှိပါချေ။ ဖေဖေသည် နွယ့်ကို အစ်မဖြစ်သူ ကြီးကြီးမြထံ အပ်နှံခဲ့၏။ ကြီးကြီးမြက နွယ့်ကို မရမ်းခြံဘော်ဒါသို့ ပို့ပေးသည်။ ထိုတစ်ဒင်္ဂဘဝလေးသည်သာ နွယ့်အတွက် ကြည်နူးစရာ ကဏ္ဍတစ်ရပ် ဖြစ်ခဲ့ရလေသည်။

မရမ်းခြံတွင် မည်မျှပင် ပျော်စေကာမူ ကျောင်းပိတ်ရက်များတွင်တော့ နွယ်သည် ကြီးကြီးမြတို့၏ အိမ်သို့ မှန်မှန်ပြန်ရ၏။

ဤသည်မှာလည်း မေမေ့စီစဉ်ချက်။ မိသားစုဘဝကို နွယ်မမေ့စေရ။ လူကြီးသူမ၏ အုပ်ထိန်းမှုအောက်မှ လွတ်မြောက်ခြေဆန့်သွားသော နွယ် မဖြစ်စေရ။ နွယ်သည် မေမေ့အလိုကျ ကြီးကြီးမြတို့ စကားကိုလည်း နားထောင်၏။ တစ်ပတ်တစ်ခါ ပြန်လာတိုင်း ကြီးကြီးမြတို့ မိသားစုနှင့် ရင်းနှီးခင်မင်စွာနေသည်။ ယဉ်ကျေးသိမ်မွေ့သော နွယ်ကို ကြီးကြီးမြတို့ကလည်း ချစ်ကြသည်။ နွယ်လာမည့်ရက်တွင် စားစရာတစ်ခုခုတော့ စီစဉ်ထားစမြဲ။ နွယ်သည် ကြီးကြီးမြ၏ သားကြီး ကိုကိုကြည်နှင့်အတူ စကားနိုင်လုရင်း၊ ရန်ဖြစ်ရင်း၊ သီချင်းလုဍ်နားထောင်ရင်း ကျောင်းအားရက်ကို ကုန်ဆုံးစေခဲ့လေသည်။

သို့သော် မည်မျှပင် လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ထားသည်ဆိုစေကာမူ မိန်းမသားတို့၏ နှလုံးသားသည် အစဉ်ဟင်းလင်းပွင့်၍ နေတတ်ပေသည်တကား။ နွယ့်ထံပါးသို့ မောင်သည် မမြင်ရသော လေလှိုင်းများမှတစ်ဆင့် ဝင်ရောက်လာခဲ့ချေသည်။

'သီချင်းအသစ်တွေလား ကိုကိုကြည်၊ အဆိုတော်က ဘယ်သူလဲ'

'အဆိုတော်လဲ အသစ်ပဲ၊ ကျော်ဝဏ္ဏတဲ့'

မောင့်တေးသံသည် အစားမက်သော နွယ်ကို ကျီစယ်နေလေသည်။ နွယ်သည် စားလက်စ အုန်းနို့ခေါက်ဆွဲပန်းကန်ကို ချကာ ကက်ဆက်နားသို့ ထလာခဲ့သည်။ ငယ်ရွယ်သူပီပီ နှလုံးသားကို နူးညံ့စေသော အနုပညာကို တမ်းတစွဲလမ်းမိလေသည်။

သူ့အသံသည် ပီသကြည်လင်၏။ အေးဆေးတည်ငြိမ်၏။ နားထဲသို့ သွဲ့သွဲ့ပျောင်းပျောင်း ဝင်၍လာသည်။

'အင်း ဖြူမကိုတော့ ပြောပြရဦးမယ်'

\+ \+ \+

ရှည်လျားလှသော ဆံပင်များကို စိတ်မရှည်စွာ ဖြီးချရင်း ဖြူမကို မှန်ထဲမှ လှမ်း၍ ပြုံးပြလိုက်သည်။ ဖြူမသည် ခရမ်းရောင်လုံချည်နှင့် အင်္ကျီဖြူကိုဝတ်ကာ ဆံပင်တိုတိုလေးကို လက်ဖြင့် သပ်ချရင်း နွယ့်ကို စိတ်မရှည်စွာ စောင့်နေသည်။

'အသံက အပျံစားပဲ သိလား၊ မင်းမင်းလတ်တို့ စိုးပိုင်တို့ထက် ကောင်းတယ်'

'အေးပါ မြန်မြန်လုပ်ပါ၊ ဒါပဲပြောနေတာပဲ'

ဖြူမသည် စာအုပ်တကိုင်ကိုင်ဖြင့် အခန်းထဲမှ ထွက်ရန် ဟန်ပြင်နေပေပြီ။ နွယ်သည် ဆံပင်ကို အရင်းမှ သားရေကွင်းဖြင့် နှစ်ပတ်ပတ်ကာ ချည်လိုက်ပြီး ဖြူမနောက်သို့ ကမန်းကတန်း လိုက်သွားရသည်။

သည်တစ်ခါတော့ ဖြူမ နည်းနည်း အူတိုနေပြီဟု နွယ်ထင်သည်။ နွယ့်အချစ်ဆုံး သူငယ်ချင်းဖြူမသည် အတော့်ကို စပ်စပ်စုစု နိုင်သော မိန်းကလေးဖြစ်၏။ ရုပ်ရှင်မင်းသား မင်းသမီး အဆိုတော် နာမည်ကြီး ဟူသမျှ သူမသိသူမရှိ၊ မိတ်မဆက်ဖူးသည် မရှိ။ အနည်းဆုံး တယ်လီဖုန်းနှင့်တော့ စကားပြောဖူးသည်သာ။ ပြီးလျှင် ဓာတ်ပုံလေးတွေကို ထုတ်ပြကာ ကြွားရသည်မှာအမော။

ယခု ဖြူမ အထူးစိတ်ဝင်စားတတ်သော စတီရီယိုအဆိုတော် ကောင်းတစ်ယောက်အကြောင်း နွယ်က ဦးစွာ ဖောက်သည်ချနေသည်ကိုမူ ဖြူမက စိတ်ဝင်စားဟန် မပြ။ သူ့ထက် အလျင်ဦးနှင့် သည်ကို ကျေနပ်ပုံမပေါ်။

ဘာပဲပြောပြော အိပ်ရာဝင်ခါနီးတွင်တော့ ခြင်ထောင်ကို အသာချမည်ပြုရင်း ဖြူမခုတင်ဘက်သို့လှည့်ကာ သီချင်းတစ်ပိုင်း တစ်စကို တိုးတိုးညည်းပြလိုက်သည်။

'အိုး ဒီအဆိုတော်လား၊ သိသားပဲ'

ဖြူမ အသံထွက်လာ၏။ မနက်ကတော့ နွယ်ပြောသမျှကို စိတ်ဝင်စားဟန် တစိုးတစိမျှမပြဘဲ ယခုမှ တစ်ကွက်ကြော၍ လာခြင်းဖြစ်၏။ နွယ်က သီချင်းကို ချက်ချင်းရပ်ပစ်သည်။

'သိရင်ပြောစမ်းပါဦး၊ ဘယ်သူလဲ'

ဖြူမ စဉ်းစားဟန်ပြု၏။

'ဟိုလေ ကျော်သူရ ဆိုလား'

နွယ်က နှုတ်ခမ်းကို အနည်းငယ်မဲ့လိုက်သည်။

'ဟွန်း ဖြီးမနေစမ်းပါနဲ့'

'အမယ် နည်းနည်းမေ့နေလို့ပါ၊ တို့အစ်ကိုသူငယ်ချင်း၊ အစ်ကိုနဲ့ သိပ်ခင်တာ၊ အသားဖြူဖြူ အရပ်မြင့်မြင့်၊ ချောကချောနဲ့၊ အိမ်ကို ခဏခဏလာတယ်'

ဒါတော့ ပိုလွန်းပြီဟု နွယ့်စိတ်က ပြောမိသည်။ နေရာတကာ သူများထက်သာချင်တဲ့ ဖြူမပဲ။

'ဒါပေမယ့် သူ့နာမည် ကျော်သူရမဟုတ်ဘူး'

'အေးပါ၊ အဲလိုမျိုး ခပ်ဆန်ဆန်ရယ်ပါဟာ'

'ကျော်ဝဏ္ဏပါ'

'ဟုတ်ပါတယ်'

'တော်စမ်းပါ'

နွယ်သည် တစ်ဘက်ကိုလှည့်ကာ စောင်ကို ခေါင်းအထိ ဆွဲခြုံပစ်၏။

'နင်မယုံရင် ဒီတစ်ခါ နင်နဲ့ မိတ်ဆက်ပေးမယ်'

ဖြူမကလည်း လှမ်း၍ ပြောဖြစ်အောင် ပြောလိုက်၏။ နွယ်က စောင်ခြုံအတွင်းမှ မကြားဟန်ပြုနေလိုက်သည်။

ငယ်ရွယ်သူတို့၏ မရေမရာ ပြောင်းလဲပျံ့လွင့်တတ်သော စိတ်ပေပဲ။ ဘာမဟုတ်တာလေးပေမည့် ရေးကြီးခွင်ကျယ် ဖြစ်နေတတ်ပေသည်။

ဖြူမကိုကား ကြာကြာ အထင်သေး၍ မရပါချေ။ တစ်ပတ်တစ်ခါ သူ့အစ်ကိုအိမ်သို့ ပြန်နေကျ ဖြူမသည် အစ်ကိုဖြစ်သူကို အဆောင်သို့ အလည်မခေါ်စဖူး ခေါ်လာခဲ့သည်။ ပြီးတော့ နွယ်နှင့် အစ်ကို့ကို တွေ့စေချင်သည်ဆိုကာ နွယ့်ကို လာခေါ်သည်။ ဘာကြောင့်မှန်းမသိ ထိုစဉ်ကပင် နွယ့်ရင်တွေခုန်ကာ ခြေထောက်ကို နောက်ပြန်ဆုတ်ရင်း ဖြူမနောက်သို့ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ပါလာရသည်။ ဧည့်ခန်းထဲမှာ အမျိုးသားနှစ်ယောက် ထိုင်နေသည်ကို မြင်တော့ နွယ့်ခြေတို့က မခိုင်ချင်တော့။

'ဒါ ဖြူမသူငယ်ချင်း နွယ်ပေါ့၊ သူက အစ်ကို့ကျော့်သီချင်းတွေ ကြိုက်လို့တဲ့၊ နွယ်ရေ ဒါ ကိုကို့သူငယ်ချင်း ကိုကျော်ဝဏ္ဏလေ၊ နွယ်ပြောတဲ့ အဆိုတော်ကျော်ဝဏ္ဏပဲ'

ရှက်လိုက်သည်မှာ မပြောနှင့်။ ကွယ်ရာတွင် မည်မျှပင် စိတ်ဝင်စားသည်ဆိုစေကာမူ ရင်ဆိုင်တွေ့ဝံ့သည့် သတ္တိမရှိ။ ဖြူမက နွယ့်ထက်ငယ်သူမို့ သွက်သွက်လက်လက် ပွင့်ပွင့်လင်းလင်း ရှိသမျှ နှလုံးသားလှုပ်ခတ်စ နွယ့်ရင်မှာ ရှက်ရွံ့မှုများဖြင့် တုန်လှုပ်ခဲ့ရသည်။ ပြီးတော့ နွယ့်ဘဝတွင် သူစိမ်းယောကျ်ားတစ်ယောက်နှင့် ဟုတ်ဟုတ်ငြားငြား အသိမိတ်ဆွေဖွဲ့မိသည်မှာ ပထမဆုံးအကြိမ်ပင်ဖြစ်လေသည်။

'နာမည်က နွယ်တဲ့လား'

'နွယ်နွယ်ဗိုပါ'

သူသည် ဖြူမပြောသလို လူချောတစ်ယောက်ပင်။ ပြီးတော့ ပြုံး၍ ညင်ညင်သာသာ စကားပြောတတ်ပုံသည်လည်း နှစ်လိုဖွယ်ကောင်းလှသည်။

'မနွယ်နွယ်ဗိုက ဘယ်မြို့ကလဲ'

'ဇာတိကတော့ မန္တလေးပါ၊ ခုတော့ ဖေဖေ့တာဝန်အရ မြိတ်မှာနေရတယ်'

နွယ်သည် သူစိမ်းတစ်ရံဆံရှေ့တွင်စကားကို သတိထားပြောနေရ၍ ဣန္ဒြေရှင်ဖြစ်၍ နေလေသည်။ အသက် ၂၀ ပြည့်လုနီးပြီဆိုတော့လည်း မိန်းမကြီးတစ်ယောက်၏ ဟန်ပန်သည် နွယ့်ကိုယ်တွင် ပူးကပ်စပြုလေပြီ။ ဖြူမကမူ နွယ် မနေတတ် မထိုင်တတ် ဖြစ်နေသည်ကိုကြည့်ကာရယ်လို့ချည်းနေသည်။ ပြီးတော့ သည်တစ်ချီလည်း နွယ့်ကို အနိုင်ရပြန်သည်မို့ ကျေနပ်နေပုံရလေသည်။

ထိုနေ့က ဧည့်ခန်းထဲမှအထွက်တွင် သူက ဖြူမခေါင်းကို ပုတ်ကာ တစ်စုံတစ်ရာ ပြောသွားသည်။ ဖြူမနှင့်သူ ရင်းနှီးသည်ကို ကြည့်ကာ မနာလိုဖြစ်မိသည့်ကြားမှ ဘာပြောသွားတာလဲဟု မအောင့်နိုင် မအည်းနိုင် မေးမိသည်။ ဖြူမကမူ ကလေးဆန်ဆန်ပင် ပြုံးရယ်ကာ နွယ့်ကို အမှန်အတိုင်း ပြန်ပြောပြသည်။

'ကြောင်မလေး သူငယ်ချင်းက လှသားပဲတဲ့'

\+ \+ \+

မေမေသာသိလျှင်ဖြင့် ကျောင်းနေဖို့ လွှတ်လိုက်တာ ရည်းစားထားရပါမို့လားဆိုပြီး ငယ်ထိပ်ကို ယောက်မဖြင့် နာနာခေါက်ပေမည်။ ခေါင်းကလွှတ်လိုက်တဲ့ မြင်းလိုပဲဟုလည်း လွတ်လပ်ခြင်းကို အလွဲသုံးစားလုပ်သော နွယ့်ကို မြည်တွန်ပေဦးမည်။ အရွယ်ရောက်သည့် သမီးပျိုတစ်ယောက်၏ တာဝန်သည် မည်မျှကြီးမားကြောင်းကိုလည်း မေမေ ညည်းမိမည်ပင်။

နွယ်ကမူ သူသည် အဆုံးစွန်ထိမိုက်ဖို့ စိတ်မကူးပါဟု သူ့ကိုယ်သူ ကာကွယ်ရင်း စောဒက တက်နေမိသည်။ မေမေတို့ ဆန္ဒပြည့်ဝကြမည်ဖြစ်သလို နွယ့်ဘဝရည်မှန်းချက်ကိုလည်း မပျက်စေရဟု နွယ် ခိုင်ခိုင်မာမာ ဆုံးဖြတ်သည်။ နွယ့်ဘဝတွင် ပညာကို ဆုံးခန်းတိုင် သင်ယူပြီး ညီမငယ်တို့ကို တစ်လှည့် တာဝန်ယူဦးမည်။ မောင်သည် နားလည်ခွင့်လွှတ်တတ်သော ယောကျ်ားတစ်ယောက်ဟု နွယ် ယုံ၏။ သည်လိုသာဆိုလျှင်ဖြင့် ငယ်ရွယ်သူတို့၏ ညွှတ်ပျောင်းလွယ်သော သဘောနောက်တွင် ထိန်းသိမ်းပဲ့ကိုင်မှုလေး ရှိနေသေးသည်မို့ မေမေ ခွင့်လွှတ်တန်ကောင်းပေမည်။

ကျောင်းပိတ်ရက်များတွင် ကြီးကြီးမြဆီ တိုးတိုးခွင့်ပန်ပြီး ဖြူမတို့အိမ် အလည်လိုက်သွားတတ်တာ၊ ဧည့်ခန်းမှာ စကားထိုင်ပြောတတ်တာ၊ ဆရာမကြီးမသိအောင် စာ ခိုးဖတ်တာတွေကိုတော့ မေမေခွင့်လွှတ်မည် မထင်။ ယောကျ်ားလေးများနှင့် ဘုရားစုံဖူးတတ်တာ၊ ပျော်ပွဲစားထွက်ရင်း စကား ထိုင်ပြောတတ်တာတွေကိုလည်း မေမေ ကြည်ဖြူမည် မဟုတ်။ သို့သော် နွယ့်ဘဝ၌ ထိုတစ်ဒဂ်လေးသည်သာ ပျော်စရာအကောင်းဆုံးအချိန်များ ဖြစ်ခဲ့ရသည်ကို ကြိုတင်သိထားလျှင် သည့်ထက်ပင် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်ကြည်နူးခဲ့မိလိမ့်မည် ထင်သည်။

'နွယ်နဲ့ စကားပြောရင်လေ သက်ပြင်းခဏခဏချတယ်၊ ဒါကြောင့် ဖြူမက ပြောတာ၊ နွယ်က အဘွားကြီးလေး ကျနေတာပဲတဲ့'

'သြော်၊ ဖြူမတို့ဘဝကတော့ လွတ်လပ်တယ်၊ ပြည့်စုံတယ်၊ အပူအပင် မရှိဘူး၊ အိမ်မှာ ဖြူမက အငယ်ဆုံးဆိုတော့ အားလုံးက ဝိုင်းချစ်နေကြတာ၊ နွယ့်ဘဝကတော့ တာဝန်တွေ အများကြီးရှိတယ်လေ'

ဖြူမသည် မောင့်လိုပင် ဗိုလ်မှူးကြီးတစ်ဦး၏သမီး။ နယ်ပြောင်းရာတွင် ခေါ်မသွားလို၍ ရန်ကုန်တွင် ဘော်ဒါအပ်ကာ ကျောင်းထားသည်။ ရန်ကုန်တွင် အစ်ကိုတစ်ယောက် ရှိသည်။ အဒေါ်အရင်းများ ရှိသည်။ သူတို့ကလည်း ပြည့်စုံသော အသိုင်းအဝိုင်းမှဖြစ်သည်။ ဖြူမကို ချစ်လည်း ချစ်၊ အလိုလည်း လိုက်ကြသည်။ ဖြူမ ဘဝက အပူအပင်ကင်းသည်။

နွယ့်မှာက ကြီးကြီးမြတို့ရှိသည် ဆိုစေကာမူ ကြီးကြီးမြတို့ကလည်း စည်းစနစ်ကြီးသည်။ ပြီးတော့ နွယ့်တာဝန်ကို ဖေဖေကလွဲ၍ ဖြည့်စွမ်း ထမ်းပိုးမည့်သူ မရှိ။ ဖေဖေ့ ရဲအရာရှိ လစာသည် မေမေ အကိုင်အတွယ်တတ်၍သာ နွယ့်ကို ကျောင်းပို့နိုင်ခြင်းဖြစ်သည်။ ပြီးတော့ နွယ်က သမီးအကြီးဆုံး။ နွယ့်ကို အိမ်မှ လွှတ်လိုက်ကတည်းကပင် နောင်ထမ်းဆောင်ရမည့် ဝန်ထုပ်ဝန်ပိုးတို့ကို ကျောပေါ်တင်ပေးလိုက်သည့်နွယ် ဖြစ်၏။ သည်တော့လည်း ဖြူမနှင့် နွယ်တို့က လောကအလယ်တွင် ငယ်ရွယ်သူတို့ဘဝ ပျော်ကြသည်ခြင်းအတူတူ ခံစားချက်ချင်းတော့ ကွဲလွဲကြလေသည်။ ပြီးတော့ ဖြူမသည် နွယ့်ထက် အသက်ငယ်စွာဖြင့် ကျောင်းပညာကို သင်ယူနေရသူဖြစ်သည်။ ထို့ကြောင့်ပင် ထင်၏။ ဖြူမသည် နွယ့်လို ညှွတ်ပျောင်းခံစားတတ်သောစိတ်မျိုး မရှိသေး။ ပွင့်လင်း လွတ်လပ်စွာ နေတတ်သော ဉာဉ်ကလေးသာ ချစ်စဖွယ် ခိုအောင်းနေလေသည်။ နွယ်ကမူ လှိုက်လှဲခံမင်တတ်သော စိတ်ဖြင့် မောင့်ကို ချစ်မိသည်အထိ ခံစားချက်ကို ဦးစားပေးခဲ့မိသည်။

'နွယ် စာမေးပွဲအောင်အောင် ကြိုးစားနော်၊ ဒါမှ တက္ကသိုလ်မှာ လွတ်လွတ်လပ်လပ် တွဲကြရမှာ၊ ခုတော့ နွယ့်ကိုချစ်ရတာ အားမရဘူး'

'နွယ် ကြိုးစားပါ့မယ် မောင်ရယ်၊ မောင့်အတွက်ကော၊ ဖေဖေ မေမေတို့အတွက်ကော၊ ညီမလေးတွေအတွက်ကော'

'ဟော ကြည့်၊ ဒီညီမလေးတွေက ပါလာပြန်ပြီ'

'နွယ့်ဘဝမှာ သူတို့ကို ထားခဲ့လို့မရဘူးလို့ ပြောပြီးပြီကောရှင်'

မောင်နှင့်ချစ်ပြီးကာမှ နွယ်သည် ပိုလို့ပင် ရင့်ကျက်တည်ငြိမ်လာသည်ဟု ဖြူမက ဆိုလေသည်။ ယခင်ကလို စကားနိုင်လုရင်းရန်ဖြစ်တာမျိုးပင် နွယ့်တွင် မရှိတော့။ နွယ့်ဘဝ ရည်မှန်းချက်များတွင် မောင်နှင့်ဆုံစည်းရရေးတစ်ခုပင် ပိုလာခဲ့ပြီမို့ နွယ်တစ်ယောက်ပိုလို့ရင့်ကျက်လာလေသလား မဆိုနိုင်။

'မောင်က ခု တတိယနှစ်ဆိုတော့ နွယ်နဲ့ တစ်နှစ်တည်းပဲ တက္ကသိုလ်မှာ အတူနေရမှာနော်၊ ဒါပေမယ့် ကောင်းပါတယ်လေ၊ နွယ်ဘွဲ့ရတဲ့အချိန်မှာ မောင်က အလုပ်လုပ်နေပြီဆိုတော့'

'မောင်တို့ ချက်ချင်း လက်ထပ်နိုင်တာပေါ့ မဟုတ်ဘူးလား'

\+ \+ \+

ခေတ္တခဏ ခွဲခွာရမည် ဟူသော အသိကပင် ရင်ကို သည်မျှပူလောင်စေပါလျှင် ထာဝရခွဲခွာရမည်ဆိုပါက မည်မျှပူဆွေးရမည်နည်း။ မမှန်းဆနိုင်ပါပြီ။

ထိုနေ့က နှုတ်ဆက်ပွဲအဖြစ် ဖြူမတို့အိမ်မှာ ထမင်းလက်ဆုံစားကြသည်။ စာမေးပွဲလည်း ပြီးပြီ၊ မိဘတွေနှင့်လည်း တွေ့ရတော့မည်မို့ ဖြူမအသံ စီစီညံနေသလောက် နွယ်ကမူ တိတ်ဆိတ်ငေးမောနေမိသည်။ ဘာကြောင့်များ ဖြူမလို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နှင့် ပညာချည်းသက်သက် မသင်ယူခဲ့မိပါလိမ့်ဟုလည်း နွယ့်ကိုယ်နွယ် အပြစ်တင်မိသည်။

မောင်နှင့်နွယ်တို့ တွေ့ရသည်မှာ တစ်နှစ်ပင် မပြည့်တတ်သေး။ သို့သော် နွယ့်ရင်မှာတော့ အနှစ်နှစ်အလလ ချစ်ခဲ့ရသူလို သံယောဇဉ်

တွေ ကြီးမားနေမိသည်။ အိမ်အပြန်တွင် ချစ်တတ်သည့်နှလုံးသားကိုပါ ပိုက်သွားသည်ကို မေမေသိပါက ခွင့်လွှတ်နိုင်ပါ့မလား။

မောင်ကမူ နွယ့်ကို ပြုံးရယ်စေရန် ကြိုးစားဖြေဖျော်နေ၏။ နွယ့်အနှစ်သက်ဆုံး သီချင်းတစ်ပုဒ်ကိုဆိုကာ နွယ့်ကို နှုတ်ဆက်သည်။ မောင့်ကိုကြည့်ရသည်မှာ နွယ့်လို လေးလေးနက်နက် မရှိသည်မှာတော့ အမှန်ပါပဲ။ တက္ကသိုလ်နယ်မြေမှာ ကျင်လည်နေသော၊ ရုပ်လည်းချောသော၊နာမည်လည်း ကျော်ကြားစပြုသော မောင့်လို ယောကျ်ားလေးတစ်ယောက်ကို ဘာကြောင့်များ လွယ်လွယ်နှင့် ယုံကြည်စွဲလမ်းမိပါလိမ့်။ လူ့ဘဝကိုခြေဆန့်ကြည့်မိကာစ တွေ့ကြုံရတတ်မြဲဖြစ်သောအမှားမျိုးကို ကျူးလွန်မိခဲ့ချေပြီထင်၏။ ယခုမှာတော့ ခြေလှမ်းကို ဆုတ်သော်လည်း အကြောင်းထူးမည်မထင်။

'ဘာတွေတွေးနေလဲ နွယ်၊ ကျောင်းဖွင့်လို့ နွယ်ပြန်ရောက်ရင် ရှေ့လျှောက် ပျော်ဖို့ချည်းပဲ မဟုတ်လား၊ နွယ် စာမေးပွဲလဲ ဖြေနိုင်တယ်ဆို ဒီလောက် မမှိုင်ပါနဲ့ နွယ်ရာ'

မောင်ကမူ အမျှားရှေ့မှာမို့ ခါတိုင်းလို နွယ့်ဆံပင်ရှည်လေးများကို ပွတ်သပ်မပေးနိုင်ဘဲ နှုတ်ဖြင့် ဖြေသိမ့်လိုက်ရသည်။

'ဟုတ်သားပဲ နွယ်ကလဲ၊ ကျောင်းဖွင့်ရင် ပျော်ဖို့ကို ကြိုတွေးထားစမ်းပါ'

ဖြူမကမူ တက္ကသိုလ်နယ်မြေ၏ အငွေ့အသက်ကို ကြိုတင်ရှူရှိုက်ရင်း အနာဂတ်ကိုတွေးကာ ပျော်နေလေသည်။

'မဟုတ်ဘူး ဖြူမရယ်၊ နွယ်လေ သိပ်စိတ်လေးတာပဲ၊ နွယ် ပြန်မှ ပြန်လာရပါ့မလား မသိဘူးကွယ်'

'နွယ်က စိုးရိမ်ကြီးတာပါကွယ်၊ နွယ် စာမေးပွဲလဲမကျနိုင်ပါဘူး၊ စာမေးပွဲအောင်ရင် နွယ်ကျောင်းဆက်တက်နေရမှာ သေချာရဲ့သားနဲ့ အလကားတွေးပူတယ်ကွယ် နွယ်က'

ထိုနေ့က ဖြူမတို့လို နွယ် မပျော်နိုင်သည်ကတော့ အမှန်ပင် ဖြစ်သည်။ ကြီးကြီးမြဆီ ခွင့်ပန်လာသည်မို့ နွယ်တို့ ရုပ်ရှင် ကြည့်ကြသေးသည်။ ညစာကိုလည်း အပြင်မှာစားကြသည်။ ဖြူမတို့ မောင်နှမက အိမ်အရောက် လိုက်ပို့တော့ မောင်က လမ်းထိပ်မှာ ဆင်းလို့ ချန်နေရစ်သည်။

အိမ်ရောက်လျှင် ဆူညံငြင်းခုန်၍ ပျော်ပျော်ရွှင်ရွှင် နေမြဲ ဖြစ်သော နွယ့်ကို ကြည့်ကာ ကြီးကြီးမြကပင် အကဲခတ်လေပြီ။ ဘာပဲဖြစ်ဖြစ်လေ သူလည်း ငယ်ရွယ်တော့တာမှမဟုတ်ဘဲ။ နောက်နှစ် ဆိုရင် သူ့ကိုယ်သူ ထိန်းသိမ်းနေရတော့မှာဟု ကြီးကြီးမြက ဖြေသိမ့် သည်။ သို့သော် ပြန်ခါနီး လက်အုပ်ချီရင်း ချော်လဲရောထိုင်ကာ မျက်ရည်ဖြိုင်ဖြိုင် ကျသွားသော တူမဖြစ်သူကိုမူ နားမလည်စွာ ငေးမောကြည့်နေမိလေသည်။

ငယ်ရွယ်သူတို့ရဲ့ ပျံ့လွင့်ထွေပြားသော စိတ်သဘောပေပဲ။

\+ + +

တစ်အိမ်လုံးသည် ဆူညံစွာ သက်ဝင်လှုပ်ရှားလာလေသည်။ ညီမငယ် တို့၏ စူးစမ်း မေးမြန်းသံ၊ ပြန်လည် တိုင်တောသံ၊ ကွဲကွာနေရစဉ် အတွင်း ဖြစ်ပျက် ပြောင်းလဲသမျှ ပြန်လည်ပြောပြသံတို့ဖြင့် ညံစီ၍ နေသည်။ ဖေဖေ မေမေတို့သည်လည်း ကြည်နူးနှစ်သိမ့်သော အပြုံး ဖြင့် ပီတိဖုံး၍ နေကြလေသည်။ ကျက်သရေမင်္ဂလာရှိသော နွယ်တို့ရဲ့ ဘုံရိပ်သာလေးပါပဲ။ တစ်ဒင်္ဂတော့ မောင့်ကို မေ့သွားပြန်သည်။ တွေ့ဆုံရစဉ်ခဏ စိတ်လှုပ်ရှား ညွှတ်ပြောင်းခဲ့သည် ထင်ရဲ့။ သည် အကြောင်းတွေကို ဖေဖေ မေမေတို့မသိအောင် မေ့မေ့ပျောက်ပျောက် နေပစ်ရပေမည်။ မောင့်ကို ကဏ္ဍခြား၍ ထားရပေဦးမည်။

တစ်အိမ်လုံးသည် နွယ့်အဆင်အပြင် အမွမ်းအမံတို့ဖြင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ လာသည်။ အပြောအဆို အနေအထိုင်ကအစ ပြောင်းလဲလာသော နွယ့်ကို မေမေပင် အံ့သြစ ပြုလာလေသည်။ ညီမငယ်တို့ကို ဆက်ဆံရာတွင်ပင် နွယ့်အသံသည် လူကြီးဆန်၍ နေလေပြီ။ သည်တော့လည်း မေမေသည် နွယ့်ကို လူရာသူရာ သွင်းကာ တိုးတိုးဖော်အဖြစ် အားကိုးစပြုလာသည်။

'သမီးဖေဖေ လစာနဲ့ အိမ်စရိတ်နဲ့က ကာမိရုံလေးရှိတယ် သမီး၊ သမီးတို့ပညာရေးကိုတော့ မေမေ မဖြစ်ဖြစ်တဲ့နည်းနဲ့ အားပေးရမှာပဲ၊ မေမေ အလုပ် လုပ်ထားတာလေးတွေ ရှိတယ်လေ၊ သမီးကလဲ အစစအရာရာ လိမ္မာရေးခြားရှိပြီး ညီမလေးတွေကို ဦးဆောင်ဖို့ လိုတယ်'

ယခင်ကလို ထိပ်မပုတ် ခေါင်းမခေါက်ဘဲ နွယ့်ကို အားကိုးတကြီး တိုင်ပင်လာ၍ နွယ် တစ်အား တက်ရပြန်သည်။ နွယ်တို့မှာ သမီး မိန်းကလေးချည်းဆိုတော့ မေမေ စိုးရိမ်သင့်သည်သာ။ ယခုတော့ မေမေ့အပူသည် နွယ့်ဆီသို့ တစ်စိတ်တစ်ဒေသ ရောက်လာလေသည်။ ပြီးတော့ တော်ရုံပြဿနာကို ခင်ပွန်းသည်ဖြစ်သူကို နားမပူဘဲ ဒိုင်ခံဖြေရှင်းတတ်သော မေမေ့အရည်အချင်းကိုလည်း သိနားလည်ခဲ့ရသည်။

'သွား သမီး၊ ဒီနေ့ အောင်ဇေယျဆိုက်တယ်၊ မေမေမှာတဲ့ ပစ္စည်းတွေပါရဲ့လားလို့ မသန်းခင်ကို သွားမေး၊ ငွေပေါ်ရင် တစ်ဝက်ပြန်ပေးဖို့လဲ မှာလိုက်တယ်လို့'

မြိတ်မြို့မှာတော့ တစ်ဘက်တစ်လမ်းမှ ဝင်ငွေရှာမည်ဆိုလျှင် မှောင်ခိုနှင့် ကင်းနိုင်သူမရှိ။ လူက ကင်းသည့်တိုင် ငွေက မကင်း။ ငွေများများ ကိုင်နိုင်သူက အရင်းအနှီးများများ ဆုပ်ကာ လုပ်နိုင်သည်။

ငွေနည်းနည်းရှိသူကလည်း အလကားမနေ။ ခေါက်ပြန်ကြေးပေးလျှင် ၁၀၀ ကို ၄၀ ရနိုင်သည်။ လိုအပ်တာလေးတွေလည်း မှာလိုက မှာနိုင်သေးသည်။

နွယ်တို့ကို မေမေက မညှိုးမနွမ်းစေအောင် ဝတ်စေ၊ စားစေ၊ သုံးစေနိုင်သည်မှာလည်း မေမေ့ တစ်ဘက်တစ်လမ်းမှ ဝင်ငွေကြောင့် ပင် ဖြစ်ပေမည်။ မေမေသည် အရာရာကို ဖေဖေ့အား အသိမပေး ကောင်းဟု ယူဆကာ သူတစ်ယောက်တည်း ကျိတ်၍ ရှာလေသည်။ ယခုတော့ နွယ့်ကို တိုင်ပင်၍ရပေပြီ။

'ရေနံဆီက မသုံးလောက်ဘူးသမီး၊ ဌာနတွင်းက ရတဲ့ ရေနံ ဆီကို ပြန်ရောင်းလိုက်၊ မီးသွေးတစ်အိတ် ပြန်ဝယ်ထား'

မေမေသည် အရာရာကို နွယ့်ကိုလွှဲနေပေပြီ။ မထင်မှတ်သော ကြမ္မာဆိုးဝင်ခဲ့မည်ကိုသာ ကြိုတင်သိလျှင် သည့်ထက်မကများ နွယ့်ကို ပုံအပ်သွားလေမလားမသိ။

တွေးလိုက်လျှင် မေ့ရက်စရာမရှိ။

မေမေသည် ဖြူဝင်းစိုပြည်ကာ အရွယ်တင်လွန်းသဖြင့် နွယ် တို့နှင့် ရောထိုင်နေလျှင် ညီအစ်မတစ်တွေလားဟု ထင်မှတ်မှားကြ ရသည်။ ပြီး မေမေ့တွင် ရောဂါ ထူးထူးထွေထွေ မရှိ။ တစ်ခါတစ်ရံ မောတတ်တာလေးပဲ ဆိုစရာရှိသည်။

စဉ်းစားလေလေ ဖြေနိုင်စရာ မရှိလေလေ။

ကြမ္မာဆိုးဝင်သောနေ့ကို လူ့ဘဝမှာ ဖယ်ရှား၍ရလျှင် ဖယ်ရှား ပစ်ချင်သည်။ ထိုနေ့က မေမေသည် ဖေဖေ ထမင်းပြန်စားသည်ကို စောင့်ရင်း ပြုနေကျဝတ္တရားအတိုင်း ဖိနပ်ကို ကိုယ်တိုင်ချွတ်ပေးသည်။ ဦးထုပ်နှင့် ဖိုင်တွဲကို ယူကာ နေရာတကျ သိမ်းသည်။ အသင့်ပြင်

ထားသော ထမင်းပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ခူးခပ် ကျွေးသည်။ ဖေဖေ ရုံးသို့ ပြန်ထွက်သွားချိန်တွင်မှ 'ရင်ဘတ်ထဲက အောင့်လိုက်တာ' ဟု ဆိုကာ အိပ်ခန်းထဲ ဝင်သွားလေသည်။

ကျောင်းပိတ်ရက်မို့ ညီအစ်မတစ်တွေ စုံစုံလင်လင် ရှိနေလေသည်။အကြော်ပူပူနှင့်ပအုန်းရည်ကိုတို့ကာ ဝိုင်းဖွဲ့စားသောက်နေကြဆဲ ညီမထွေးလေး သီတာက 'မေမေ့ကို အကြော်စားရအောင် သွားခေါ်ဦးမယ်' ဆိုကာ အခန်းထဲ ဝင်သွားသည်။ အခန်းထဲမှ ပြန်ထွက်လာသော ညီမငယ်၏မျက်နှာသည် ဖြူဖျော့နေလေသည်။

'မမ မေမေ ဘာဖြစ်နေလဲ မသိဘူး၊ ခေါ်လို့လဲမရဘူး'

နွယ်တို့တစ်တွေ အခန်းထဲ ပြေးလွှားဝင်ရောက်သွားချိန်တွင် မေမေသည် ဝေဒနာတစ်ရပ်ကို ခံစားနေရဟန် မိန်းမောနေလေပြီ။ နွယ်တို့အိမ်မှာ မြို့နှင့် အလှမ်းဝေးသဖြင့် ဖေဖေ့ဆီ ဖုန်းဆက်ရသေးသည်။ ကားပါလာမှ မေမေ့ကို ဆေးရုံပို့ရသည်။ ဗျာများလိုက်ကြသည်မှာ ဆိုဖွယ်မရှိ။ မိန်းကလေးတွေ ချည်းမို့ ကြံရာမရတိုင်း ငိုလို့ချည်းသာနေမိကြသည်။

လျှပ်တစ်ပြက်အတွင်းမှာ နွယ်တို့ကို မေမေခွဲခွာသွားသည်မှာ ဘယ်လိုမှ ယုံရက်စရာမရှိ။ လူ့ဘဝတွင် သည်မျှ မြန်ဆန်သော ပြောင်းလဲမှုမျိုး ရှိတတ်သည်ကိုလည်း နွယ် မသိခဲ့သေး။ မေမေ ရုတ်တရက် သေဆုံးသွားသည်ဆိုသည်မှာ နွယ်တို့ ညီအစ်မတစ်တွေ အတွက် ထမင်းလုံးတစ္ဆေခြောက်သည့်နှယ် ဖြစ်နေလေသည်။

မေမေ့အလောင်းကို မြေချရစဉ်က ညီမငယ်တွေကို ထွေးပိုက်နေရသဖြင့် နွယ် လွတ်လပ်စွာ ငိုကြွေးခြင်းပင် မပြုနိုင်။ ညီမအထွေးလေး၏လက်ကို မေမေ့အလောင်းမှ ခွာချလိုက်တိုင်း ပုံ၍ ပုံ၍ လဲသွားသဖြင့် တစ်မြို့လုံးက စုတ်သပ်မဆုံးကြ။

မေမေ့အတွက် ရက်လည်ဆွမ်းသွတ်ရန် မေမေ့ ကိုယ်စား နွယ် ကိုယ်တိုင် စီမံရသည့်အခါတွင်မှ သောကဝေဒနာသည် နွယ့်ကို တမြည့်မြည့်လောင်ကျွမ်းစ ပြုလေသည်။

မေမေသည် မိသားစုတစ်ခုလုံး၏ ဘဝကို နွယ့်ဆီတွင် ပုံအပ်ခဲ့ လေပြီတကား။

\+ \+ \+

တစ်အိမ်လုံးသည် ကန္တာရလွင်ပြင်ကြီးပမာ ခြောက်ချားစွာ ရပ်တည် နေလေသည်။ ရယ်သံ မောသံ စကားပြောသံတို့သည် တစ်စတစ်စ မှေးမှိန်ပျောက်ကွယ်သွားသည်။ တစ်ချိန်တည်းမှာပင် လောကကြီး၏ အမိပ္ပါယ်ကင်းမဲ့ပုံသည် ပေါ်လွင်ထင်ရှား၍ လာလေသည်။

စောစာက လောကဝတ်အရ လာရောက် စားသောက်သွား သော လူတို့သည် တဖြည်းဖြည်း ပြန်လည် ထွက်ခွာသွားခဲ့လေပြီ။ တကယ်တမ်းကျတော့ ကိုယ့်ဘဝဒုက္ခကို ကိုယ်သာ ခံစားကြစတမ်း ဟူသည့်သဘောပင်။နှမြောတသစွာ လာရောက်သတင်းမေးမြန်းသူတို့ သည်လည်း ကိုယ့်အရေး ကိုယ့်ကိစ္စဖြင့် လုံးပန်းလှုပ်ရှား နေကြရော့ မည်။ ကိုယ့်ဘဝကို မည်သူကမျှ မျှဝေခံစားနိုင်သည် မဟုတ်။ လောကဝတ်အရ ခေတ္တခဏ ဖြေသိမ့်အားပေးရုံမျှလွဲ၍ တစ်ယောက် ဘဝကို တစ်ယောက်က မည်သို့လျှင် ကူညီထမ်းပိုးနိုင်မည်လဲ။

'သမီး'

ဖေဖေက ပြတင်းဝတွင် အားလျော့စွာ မှီတွယ်နေသော နွယ့် ကို တိုးတိတ်ညင်သာစွာ ခေါ်လိုက်သည်။ တစ်ပတ်အတွင်းမှာပင် ဖေဖေ့ရုပ်သွင်သည် အလွန်အမင်း အိုစာသွားလေပြီကော။ နောက်ဖေး မီးဖိုဆောင်မှ ဆွေဆွေ၏ အိုးခွက် ပန်းကန်များ ဆေးနေသံကို

တလှုပ်လှုပ်ကြားနေရသည်။ ညီမအငယ်နှစ်ယောက်သည် မောမောနှင့် အိပ်ပျော်နေကြပြီ။ တစ်ခုခုလိုနေသည်မှာ မည်သို့မျှ ဖုံးကွယ်၍မရ။

'သမီး'

'ရှင် ဖေဖေ'

နွယ့်အသံသည် ရှိုက်သံနှင့် ရောထွက်သွားသည်။

'သမီး မငိုနဲ့တော့လေ'

ဖြေသိမ့်သူကပင် အသံတွေတုန်နေလေသည်။ ဖေဖေ့မျက်ဝန်းမှ မျက်ရည်စက်တို့ကို မမြင်လို၍ ပြတင်းဝသို့ ပြန်လှည့်မိပြန်သည်။

'အားမငယ်နဲ့သမီး၊ သမီးမေမေ မရှိပေမယ့် ဖေဖေရှိတယ်၊ ဖေဖေ့သမီးတွေ မညှိုးငယ်ရအောင် ဖေဖေ ထားပါ့မယ်ကွယ်၊ ပြီးတော့ သမီး ကျောင်းဆက်တက်ဖို့လဲ ဖေဖေတာဝန်ယူတယ်သမီး'

နွယ့်ခေါင်းသည် ဖေဖေ့ဘက်သို့ ဆတ်ခနဲ ပြန်လှည့်လာလေသည်။

'အို ဖေဖေ၊ သမီးအတွက် မစဉ်းစားပါနဲ့၊ မစဉ်းစားနဲ့၊ ညီမလေးတွေအတွက်သာ စဉ်းစားပါ၊ မေမေ့ကိုယ်စား ညီမလေးတွေ တာဝန်ကို သမီးယူပါ့မယ်၊ လစ်လပ်သွားတဲ့ မေမေ့နေရာက နေပြီး အိမ့်တာဝန်ကို သမီးယူပါ့မယ်၊ သမီး တစ်ကိုယ်ကောင်းမဆန်ပါဘူး ဖေဖေ၊ သမီး ဆုံးဖြတ်ပြီးပါပြီ'

နွယ်သည် ဖေဖေ့ရင်ခွင်တွင် ခေါင်းအပ်ကာ မေမေဆုံးသည့်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စိတ်ရှိလက်ရှိ ငိုချလိုက်လေသည်။

နွယ့်ဘဝတစ်ဆစ်ချိုးသည် စောစီးစွာပင် ဝင်ရောက်လာခဲ့ချေ၏။

\+ \+ \+

'ဖြစ်ရလေ နွယ်ရယ်၊ မောင့်ဆီကို ဘာလို့ အကြောင်းမကြားတာလဲ'

မျှော်လင့်သော အချိန်သို့ကား ရောက်ခဲ့ပါ၏။ သို့သော် ရောက်လာရသည့် အခြေအနေက မျှော်လင့်ခဲ့သလို မဟုတ်တော့။ တက္ကသိုလ်မှ ကံ့ကော်ရိပ်သည် နွယ့်ဘဝအတွင်းသို့ ဝင်ရောက်မလာခဲ့ပါချေ။ နွယ်သည်သာ မောင့်ကို တွေ့ဆုံရန် ခေတ္တ အလည်လာခဲ့ရသည်။ မောင်ကမူ နွယ့်ကို မျှော်လင့်နေဆဲတည်း။

'နွယ် အောင်စာရင်းထွက်ထွက်ချင်း ရောက်လာမယ်လို့ မောင် ထင်ခဲ့တာ၊ ဒါပေမယ့် နောက်မကျသေးပါဘူး၊ နွယ်ကျောင်းဆက်တက်မယ် မဟုတ်လားဟင်'

နွယ်က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းသည်။

'ကျောင်းတွေ ဖွင့်နေပြီပဲ မောင်ရယ်၊ နွယ် ဘယ်တက္ကသိုလ်ကိုမှ လျှောက်လွှာမတင်ခဲ့ပါဘူး၊ နွယ် မောင့်ကိုနှုတ်ဆက်ဖို့လာခဲ့တာ'

'အို မဟုတ်တာပဲ နွယ်ရယ်၊ မောင် ခု နောက်ဆုံးနှစ်ရောက်ပြီ၊ မောင့်မှာ ဖေဖေတို့ပေးတဲ့ ငွေအပြင် အပိုဝင်ငွေလဲ ရှိပါတယ်၊ နွယ့်ကို မောင် တာဝန်ယူမယ်၊ နွယ် ကျောင်းဆက်တက်ပါကွယ်'

မောင်သည် နွယ့်ဆံပင်လေးများကို ပွတ်သပ် ချော့မြူရင်း နွယ့်ကို အားပေးစကားဆိုလာသည်။

'မောင့်ကို သိပ်ကျေးဇူးတင်ပါတယ်မောင်၊ မှန်တာပြောရရင် မောင့်ကို နွယ် ချစ်သာချစ်ခဲ့ရတယ် မောင့်အချစ်ကိုတော့ မယုံမရဲဘဲ၊ နွယ့်တာဝန်ကို မောင်ယူမယ်ဆိုတော့ မောင့်စေတနာကို နွယ်လေးစားပါတယ် အားလဲကိုးပါတယ်မောင်၊ ဒါပေမယ့် မောင်ရယ် နွယ့်ဘဝမှာ နွယ်တစ်ယောက်တည်း ရုန်းထွက်လို့မှ မရဘဲမောင်ရယ်'

ကံ့ကော်ရိပ်သည် ချစ်သူတို့အတွက် အေးချမ်းမှုကို မဆောင်ကြဉ်းနိုင်တော့။ နွယ်တို့နှစ်ဦး၏ ရင်သည် ခွဲခွာခြင်း အတိတ်နိမိတ်ကြောင့် ပူလောင်၍လာလေသည်။

'ဒီလိုဆို နွယ့်ကို မောင်ဘယ်တော့ လက်ထပ်ရမှာလဲနွယ်'

'မောင် နွယ့်ကို စောင့်နိုင်မယ်လားဟင်၊ အို နွယ့်ကို စောင့်ခိုင်းရင် နွယ် ဘယ်တရားပဲ့မလဲကွယ်'

'ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ နွယ်'

'ညီမလေးဆွေဆွေဗို ဘွဲ့ရတဲ့အထိလေ'

မောင့်အပြုံးသည် အားတက်စဖွယ် ပေါ်ပေါက်၍ လာလေသည်။

'နွယ့်ကို မောင် သိပ်သနားတယ် အချစ်ရယ်၊ ဟိုတုန်းကတော့ ချစ်စရာလေးဆိုပြီး ချစ်ခဲ့ရတယ်၊ ခုတော့ သနားစရာမို့ သနားရပြန်ပြီ၊ နွယ့်ကို မောင်စောင့်ပါ့မယ်ကွယ်၊ စောင့်ပါ့မယ် အချစ်ရယ်'

ချစ်သူတို့၏ အားပေးစကားသည် တစ်လောကလုံးကို ပြေး၍ ရင်ဆိုင်ဝံ့သော သတ္တိကိုပင် ပေးခဲ့လေပြီ။ မောင့်ကတိနှင့် မောင့်သစ္စာစကားကို နွယ် အကြွင်းမဲ့ပင် ယုံကြည်ခဲ့မိ ပါလေသည်။ မောင် တစ်ယောက်လုံး နွယ့်နောက်မှာ ရှိနေမှတော့ လောကကြီးသည် နွယ် ထင်သလောက် အားလျော့စရာ မကောင်းသေးပါလားဟု ကျေနပ်နှစ်သိမ့်မိလေသည်။

*

# ၃

လေယာဉ်သည် တိမ်လွှာတိမ်တိုက်အတွင်းသို့ တိုးဝင်ပျံသန်းလာသကဲ့သို့ပင် နွယ်သည်လည်း လူ့ဘဝ၏ အခက်အခဲ တိမ်ထုအတွင်းသို့ ထိုးဖောက်ဝင်ရောက်ခဲ့ရလေပြီ။ အတိတ်၏ ကာလသည် ရွေ့လျားကျန်ရစ်သော တိမ်ခိုးမျှင်များနှင့်အတူ တစ်စတစ်စ ဝေးခဲ့လေပြီ။

စိမ်းမြသော ပင်လယ်ပြင်ကြီးအတွင်း ကျွန်းစု ကျွန်းငယ်များကို စတင် မြင်တွေ့ရလျှင်ပင် မြိတ်မြို့ကို ရောက်တော့မည်ဟု သတိပြန်ဝင်လာရသည်။ ရေပတ်လည် ဝိုင်းနေသော သည်မြို့လေးသို့ ဖေဖေ တာဝန်အရ ပြောင်းလာရသည်မှာ သုံးနှစ်ခန့်ရှိပြီ။ သည်ကျွန်းပေါ်တွင် မေမေ့အလောင်းကို မြှုပ်နှံထားခဲ့ရပြီကို တွေးမိတော့ ရင်ထဲတွင် မချိ။

ရာဘာတောများလွန်လာပြီး အောင်သိဒ္ဓိဘုရားကို ဖူးမြော်ရသည်။ လေယာဉ်ဆင်းတော့မည်ပဲ။ ဆူညံစွာ မြည်ဟည်းလာသော စက်သံများအကြားမှ ‘နွယ့်ကိုသနားတယ်’ ဟူသော မောင့်အသံကို ကြားယောင်ရင်း မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

လေယာဉ်ပေါ်မှ ဖြည်းလေးစွာ ဆင်းလာခဲ့မိ၏။ ဖေဖေနှင့်အတူ ညီမထွေးလေးကိုမြင်လိုက်ရတော့ နွယ်သည် မောင့်ထံပါးမှအပြီးအပိုင် ထွက်ခွာလိုက်မိပြန်သည်။ နွယ့်ဘဝကို နွယ် မပိုင်ချေတကား။

သမီးကို လာကြိုရသည့်တိုင် ဖေဖေသည် ညှိုးညှိုးနွမ်းနွမ်း ရှိလှချေသည်။သူ့သမီးကြီးသည် အခွင့်အရေးဟူသမျှကိုအဆုံးရှုံးခံကာ မိသားစုတာဝန်ကို ထမ်းဆောင်ရန် ပြန်လာပါလားဟူသော အသိက ကရုဏာနှင့်တကွ ကြင်နာသနားမှုကို ဖြစ်စေသည်။ ညီမငယ်ကမူ နွယ့်ကို အားကိုးတကြီးဖြင့် ဝမ်းသာအားရ ဖက်တွယ်ထားသည်။ ကိုးနှစ်အရွယ်ဆိုတော့လည်း မိခင်ရင်ခွင်ကို အောက်မေ့မိသည်သာ။

တစ်အိမ်နှင့်တစ်အိမ် အလှမ်းဝေးသော ရဲဌာနဝင်းအတွင်းဝယ် နွယ်တို့အိမ်ကြီးသည် ခြောက်သွေ့စွာ ရပ်နေလေသည်။ စောင့်မျှော် ဆီးကြိုမည့်သူမရှိ၍ သော့ခတ်ထားသော အိမ်ကြီးသည် အထီးကျန် ဆန်လွန်းလှသည်။ အိမ်တံခါးကို ဖွင့်လိုက်လျှင်ပင် ကျောင်းသွားခါနီး ဖြစ်သလိုထားခဲ့ရဟန်တူသော ပစ္စည်းကိရိယာများက ရှုပ်ထွေးနေ သည်ကို တွေ့ရပြန်သည်။ ဖေဖေသည်ပင် နေ့လယ်စာကို တစ်ယောက် တည်း စားခဲ့ရဟန်တူသည်။ စားပွဲပေါ်တွင် လက်စမသတ်သော ပန်းကန်များကို သိမ်းကျုံး၍ အုပ်ဆောင်းဖြင့် အုပ်ထားသည်။ အို တစ်အိမ်လုံး နွယ့်တာဝန်တွေချည်းပါပဲ။ ယနေ့မှစ၍ ခြောက်ခန်း၍ သာယာမှုကင်းမဲ့နေသော အိမ်ကြီးကို အသစ်တစ်ဖန် ပြန်လည်၍ အသက်သွင်းရပေဦးမည်။

နွယ့်အတွက် မရမ်းခြံဘော်ဒါဆောင်သည်လည်းကောင်း၊ မောင် သည်လည်းကောင်း၊ တက္ကသိုလ်နယ်မြေသည်လည်းကောင်း နွယ် လှည်းကျင်းပစ်လိုက်သည့် တံမြက်စည်းအောက်မှ အမှိုက်သရိုက်များ နှင့်အတူလွင့်ပါးပျောက်ကွယ်၍ သွားကြကုန်လေသည်။

\+ \+ \+

တစ်နေ့တာ ယန္တရားသည် အချိန်မှန် လည်ပတ်နေလေသည်။ နံနက်စောစော ဈေးမှပြန်လာကာ နွယ့်လက်ထဲမှ ဆွဲခြင်းကို အလု အယက် ပြေးကြိုကာ ညီအစ်မတစ်တွေက ဝိုင်းဝန်း ချက်ပြုတ်ကြ သည်။ ဖေဖေသည် နံနက်စာကို စားသောက်ပြီး ရုံးသို့ ထွက်သွားလေ သည်။ ညီမငယ်များက ထမင်းဘူး ကိုယ်စီကိုင်ကာ ကျောင်းသို့ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြပြန်သည်။ အိမ်တွင် နွယ်တစ် ယောက်တည်း အထီးကျန်စွာ ကျန်ရစ်သည်။

ကက်ဆက်ကို တိုးတိုးဖွင့်ကာ မောင့်တေးသံကို နားထောင်ရင်း မောင့်ဆီ စာရေးဖို့ ကြိုးစားလိုက်သည်။ တကယ်တမ်းမူ မရေးဖြစ်။ ဖေဖေ နေ့လယ်ပြန်လာလျှင် စားဖို့ ထမင်းပွဲကိုသာ ထ ပြင်ဖြစ်သည်။ ဖေဖေ့ကားသံကို မျှော်ရင်း နွယ် အိပ်ပျော်သွားသည်။ ဖေဖေ့ခြေသံ ကြားမှ အပြေးအလွှားထကာ ဦးထုပ်ကို ဆီးယူလိုက်သည်။ ဖေဖေ့ အပေါ်အင်္ကျီကို စောင့်ယူပြီး ချိတ်တွင် ချိတ်လိုက်သည်။ ဖေဖေ့ မျက်နှာသည် ညှိုးနေလေသည်။ ဖေဖေ မေမေ့ကို သတိရနေပြီပဲ။ နွယ်ထိုးပေးလိုက်သော ကုလားထိုင်ပေါ် ထိုင်ချရင်း နွယ်က ဖိနပ် ချွတ်ပေးသည်ကို ဖေဖေ မျက်နှာလွှဲနေသည်။ နွယ်သည် မျက်လုံး များကို ပုတ်ခတ်ကာ မျက်ရည်စကို သိမ်းပစ်သည်။

နွယ် ခူးခပ်ပေးသော ထမင်းကို ဖေဖေ ငြိမ်သက်စွာ စားသည်။ ပြီးမှ 'သမီးကော စားပြီးပြီလား' ဟု တိုးတိုးမေးသည်။ မစားရသေး သည့်တိုင် ခေါင်းကို ညိတ်ပြမိသည်။ ဖေဖေပြန်ထွက်သွားချိန်တွင် အိမ်သည် ပြန်လည် တိတ်ဆိတ်သွားပြန်လေသည်။

'မောင့်ဆီ စာရေးဦးမယ်'

စာရွက်နှင့် ဖောင်တိန်ကိုကိုင်ကာ စကားလုံးများကို ဖွေရှာမိ၏။

မောင် စာမေးပွဲအောင်တယ်ဆိုလို့ ဝမ်းသာပါတယ်

မောင်၊ နွယ့် ညီမလေးလဲ ဒီနှစ် အောင်တယ်၊ ဒီနှစ်တော့

ဆယ်တန်းပေါ့ မောင်ရယ်၊ ညီမလေး ကြိုးစားတာနဲ့အမျှ နွယ်နဲ့မောင်တို့လဲ မြန်မြန်နီးရမှာနော်၊ နွယ့်ကို စိတ်ရှည်ပါ မောင်ရယ်၊ နွယ်တစ်ယောက် တာဝန်မဲ့လိုက်ရင် အိမ်မှာ အားလုံး ဖရိုဖရဲဖြစ်ကုန်မှာ အမှန်ပဲ၊ စဉ်းစားလေလေ ရှန်း ထွက်လို့ မရလေလေပါပဲ။

မောင် နွယ့်ဆီကို လာချင်တယ်လား၊ မလာပါနဲ့ မောင်ရယ်၊ ပညာသင်ဖို့ သွားတဲ့ သူတို့ရဲ့ အစ်မကြီးက ကျောင်းနေရင်း ရည်းစားထားခဲ့တယ် ဆိုတာ ညီမလေးတွေ သိရင် အတုယူမှားကုန်မှာစိုးလို့ပါ။

ရေးလက်စ စာရွက်ကိုချကာ စိတ်ကူးတစ်မျိုးဖြင့် အိမ်ကို သော့ခတ်ကာ ထွက်လာခဲ့မိသည်။ နေပူကျဲကျဲအောက်မှ ကွင်းပြင်ကို ဖြတ်ပြီး အိမ်တန်းလျားလေးများဆီ ရောက်လာသည်။

'ဟော နွယ်နွယ်ရယ်၊ လာလာ ခရီးရောက်မဆိုက် ပြောရဦး မယ်၊ ဒီတစ်ပတ် ဖမ်းလိုက်တာမှ အရမ်းပဲ၊ နွယ်မှာတဲ့ ခတ်ဘူးလေး တောင် လွတ်အောင် မနည်းယူလာရတယ်၊ ပိုက်ဆံလဲ မကျန်တော့ ဘူး၊ ဒီတစ်ပတ်ဆိုင်းပါဦး၊ နောက်တစ်ပတ်မှ စုယူနော်'

ရောက်ရောက်ချင်း ဆီးပြောလိုက်သံကြောင့် နွယ့် ရင်မှာ မောသွားသည်။ သို့သော် အလျှော့ပေး၍ မဖြစ်။ တစ်ခါတစ်ရံ သူတို့ကလည်း ကြားထဲမှ အကြံအဖန်တွေက များတတ်သည်။

'အကုန်မပေးလဲ တစ်ဝက်တော့ပေး မသန်းခင်ရယ်၊ ကလေး တွေဖို့ စာအုပ်တွေ ဝယ်ရဦးမယ်၊ ဆန်လဲ ဝယ်ရမယ်'

'တကယ် မကျန်လို့ပါဟယ်၊ ကြက်မောက်သီးတွေ စားဖို့ ပါတယ်၊ ယူသွားဦး၊ နောက်တစ်ပတ်ဆို အကုန်ပါရစေ့မယ်၊ လွတ် လာတဲ့ ရာဘာဖိနပ်တွေကလဲ အဝယ်မလိုက်လို့ပါ'

'မေမေ မရှိလို့ မသန်းခင်တို့ကိုပဲ အားကိုးနေရတာကို'

'ဟုတ်ပါတယ် နွယ်နွယ်ရယ်၊ ဒါကြောင့် ပြောတာ၊ နွယ်ကိုယ်တိုင် လိုက်လာလှည့်လို့၊ နွယ်တို့ဆိုရင်တော့ နွယ့်အဖေမျက်နှာနဲ့ တော်ရုံဆို လွတ်မှာ'

'အို ဖေဖေ့ကို ဒါတွေ ဒုက္ခမပေးချင်ဘူး'

နွယ့်နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။ မေမေရှိစဉ်ကပင် ဖေဖေ့ကို အရာရာတွင် အပူမကပ်ခဲ့။ တော်ရုံကိစ္စကို သူတစ်ဦးတည်း ဖြေရှင်းသည်။ ထို့ကြောင့်လည်း ဖေဖေ့မှာ လူရှေ့တွင် မျက်နှာပျက်စရာ၊ ကဲ့ရဲ့စရာမရှိခဲ့။ ဖေဖေ့ကို မေမေလေးစားသလို နွယ်တို့ကလည်း ဖေဖေ့ဂုဏ်သိက္ခာကို ထိန်းရပေမည်။

'အမယ်လေး နွယ်ရယ်၊ ဒီမြို့မှာ ဘာဆန်းတာလိုက်လို့၊ ကပ်စတမ်နဲ့ အပေးအယူလုပ်လိုက်ရင် ပြီးပါသော်ကော၊ နွယ့်အဖေမျက်နှာပြစရာတောင် မလိုပါဘူး၊ နွယ်နွယ်တို့ကို အားလုံးက သိနေကြမင့်ဟာ'

'ကဲ တော်ပါတော့ မသန်းခင်ရယ်၊ နောက်တစ်ပတ်တော့ ဆက်ဆက်နော်'

'စိတ်ချ စိတ်ချ၊ အစ်မပြောသလို နွယ်လဲ တစ်ခေါက်တလေ လိုက်ခဲ့ဦး၊ အလည်ရောက်ဖူးချင်လို့လို့ နွယ့်အဖေကိုပြောပေါ့'

မသန်းခင်ကတော့ အခွင့်သင့်တိုင်း နွယ့်ကို အဖော်ဆွယ်လို့ ချည်းနေသည်။ သူပြောသလိုပင် သူ့အလုပ်မျိုးက ဘာမျှမဆန်းတော့။ သူ့ယောကျ်ားမှာ သာမန်ရဲသားတစ်ယောက်မို့ သူကလေးငါးယောက်နှင့် မည်သို့မျှ မလောက်ငနိုင်။ ယခုတော့ သူ ရှာနိုင် ဖွေနိုင်၍ အိမ်တွင် ကက်ဆက်နှင့်၊ ရေခဲဘူးနှင့်၊ ခေါက်ကုလားထိုင်နှင့် ဟန်ကျပန်ကျ နေနိုင်သည်။ ကလေးတွေကလည်း ယိုးဒယားစပို့ရှပ်နှင့် ဘောင်းဘီနှင့်၊ ပြောင်လို့ရောင်လို့နေသည်။

နွယ်မှာကတော့ငယ်ရွယ်သူမို့ ကိုယ်ထိလက်ရောက်မစွန့်စားဝံ့။ အိမ်စရိတ်မလောက်၍ လက်စလည်း ရှိနေ၍သာ လုပ်နေရသည်။ တစ်ခါတစ်ရံ လိပ်ပြာက မသန့်။ သို့သော် ဖေဖေကလည်း ရိပ်မိနေပြီဖြစ်သည့်တိုင် မသိကျိုးကျွန် ပြုနေတတ်လေပြီဆိုတော့ ညီမငယ်တို့၏ ပညာရေးကို သည်နည်းဖြင့်ပင် ဖြေရှင်းရလေသည်။

အိမ်ပြန်ရောက်လျှင် စားပွဲပေါ်မှ မောင့်ဆီ ရေးလက်စစာများကို သိမ်းလိုက်သည်။ ကျောင်းက ပြန်ရောက်လျှင် မောမောနှင့် ဆာလာကြမည့်ညီမများအတွက် ကြိုတင်ချက်ပြုတ်ထားရန်ပြင်ဆင်သည်။ ဖေဖေ့အကြိုက် ကင်းမွန်ကို ပါးပါးလှီး၍ ချဉ်ပေါင်ရွက်နှင့် ကြော်သည်။ ရုပ်ကို အခွံမခွဲဘဲ ဟင်းချိုချက်သည်။ ဆွေဆွေပြန်ရောက်မှ ငါးပိကို ပုစွန်ခြောက်နိုင်နိုင်ဖြင့် သံပရာရည်ညှစ်ကာ သုပ်ခိုင်းမည်။

ညီအစ်မသုံးယောက် ဆူဆူညံညံဖြင့် ပြန်ရောက်လာသောအခါ အိမ်လေးသည် ပြန်လည်စိုပြည်၍ လာလေသည်။ ဝိုင်းဝန်း ရှင်းလင်းလုပ်ကိုင်ပြီးသောအခါ ဖေဖေ ပြန်ရောက်လာသည်။ ညီအစ်မတတွေက ဖေဖေ့ကို ပြေးကြိုကြ၍ အင်္ကျီချွတ်ပေးသူပေး၊ ဖိနပ်သိမ်းသူသိမ်းနှင့် အလုအယက် လုပ်ပေးကြသည်။ ဖေဖေ့မျက်နှာသည်လည်း နေ့ခင်းကနှင့် မတူဘဲ ပြုံးရွှင်၍ လာသည်။ သားအဖတစ်တွေ ဝိုင်းဝန်းစားသောက်ပြီးသော် ဖေဖေ့ကို နှိပ်ပေးသူက နှိပ်ပေးသည်။ အိပ်ရာပြင်သူက ပြင်ပေးသည်။ ဖေဖေ့အတွက် လစ်လပ်နေသောတစ်နေရာကို မေ့သွားစိမ့်သောငှာ ဖေဖေ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ သမီးများက ပြုစုသည်။ တစ်ဒင်္ဂအားဖြင့်တော့ ဖေဖေ့မျက်နှာတွင် ကြည်နူးနှစ်သိမ့်မှုကို မြင်ရလေသည်။

ညီမငယ်များ စာကျက်ချိန်တွင် နွယ်က အိပ်ရာပေါ် စိတ်ပင်ပန်းစွာ လှဲချလိုက်သည်။

'ရေနံဆီကိုရောင်းပြီးတော့ မီးသွေးတစ်အိတ် ဝယ်ထားရမယ်၊ ဆိုင်ကရတဲ့ မီးဒုံးကို ရောင်း ငကျွဲ ပြန်ဝယ်ရမယ်၊ ဖေဖေက ဆန်မကောင်းရင် ထမင်းမစားနိုင်ဘူး၊ ဒီတစ်ပတ် မသန်းခင်ဆီက ခေါက်ပြန်ကြေး မရသေးဘူး၊ သုံးဖို့မှာလိုက်တဲ့ ခတ်ဘူးကို ပြန်ရောင်းပစ်ရမယ်၊ ဒီလ ပိုက်ဆံမလောက်ဘူး'

အိပ်ရာဝင်သည့်တိုင် နွယ့်ဦးနှောက်က မနားနိုင်သေး။ အိမ်ရှေ့မှ ညီမနှစ်ယောက်၏ စကားပြောသံ တတွတ်တွတ်ကိုလည်း ကြားဖြစ်အောင် ကြားကာ စာကျက်ဖို့ လှမ်းပြောလိုက်သေးသည်။

'သူတို့ကို လွှတ်ထားလို့မဖြစ်ဘူး၊ ဆူစရာရှိဆူ ရိုက်စရာရှိ ရိုက်မှ၊ ဒီကလေးတွေဟာ စိတ်ညစ်လဲ ခဏပဲ၊ အပူအပင်လဲ မရှိဘူး၊ ခက်လိုက်တာနော်'

နွယ့် မျက်လုံးများက အင်္ကျီတစ်ထည်ကို သီချုပ်နေသော ဆွေဆွေ့ဆီသို့ ရောက်သွားပြန်သည်။ ဆွေဆွေသည် နွယ့်အောက်က ညီမမို့ နွယ်နှင့် နှစ်နှစ်ကျော်သာ ကွာသည်။ သို့သော် ဆွေဆွေက ထွားသည်။ ပြီးတော့ လှလည်းလှသည်။

'ဒီကောင်မလေးဟာ အလှအပပဲ စိတ်ဝင်စားနေတာပဲ၊ ရည်းစားတွေ ဘာတွေများ ရှိနေပလား မသိဘူး၊ သူတို့တွေများ မလိမ္မာရင်တော့ ဘုရား ဘုရား'

မျက်စိကို စုံမှိတ်၍ အိပ်ရန် ကြိုးစားပြီးမှ မောင့်ဆီ စာမပြန်ရသေးဘူးဟု သတိရလိုက်သည်။ စာတော့ မှန်မှန်ရေးပါနွယ်၊ စောင့်ရတာ မောလွန်းလို့ပါဟု မောင်ကဆိုသည်။ တာဝန်ကြီးလှသော နွယ့်ကို စောင့်ရသည်မှာ မောင် ပင်ပန်းလှသည်။ နွယ့်ဘက်က မတရားဘူးဟု တွေးကာ မောင့်ကို မေ့ပစ်ဖို့ ကြိုးစားမိပြန်သည်။ သို့သော် နောက်ဆုံး ခွဲခွာရခါနီး မောင့်အလိုလိုက်ကာ တွေ့ခဲ့ရသော

နေ့လေးကို သတိရတော့ ရင်ခုန်မိပြန်သည်။ မောင့်ကို မေ့လို့မရပါဘူး ကွယ်ဟု တမ်းတမိပြန်၏။

ဘဝနှင့် နှလုံးသားသည် လွန်ဆွဲနေကြလေသည်။ နွယ်တစ်ယောက် နှမ်းလျစွာ အိပ်ပျော်သွားချိန်တွင် မောင့်ကို အိပ်မက်ထဲမှာ တွေ့ရလေသည်။

\+ \+ \+

စိုးရိမ်ပူပန်စိတ်တို့သည်နွယ့်ကို လွန်ကဲစွာဖိစီးနှိပ်စက်နေကြလေသည်။ မိသားစုအတွက် သောက ထွေပြားမှုသည် နွယ့်ကို ပြင်းစွာနှိပ်စက်နေကြ၏။ အရာရာကို တွေးတောပူပန်ရလွန်းသဖြင့် ခေါင်းများသည်ပင် မကြည်လင်တော့။

ဖေဖေ့ကျန်းမာရေး ချို့တဲ့လာခြင်းသည် နွယ့်ကို စိုးရိမ်ထိတ်လန့်စေ၏။ ဖေဖေတစ်ယောက်သာ ထပ်၍ လျော့ပါးသွားရလျှင် ရှေ့ရေးကို နွယ် မတွေးဝံ့တော့။ သည်ကြားထဲတွင် ငယ်ရွယ်သူ ညီမငယ်တို့၏ မသိသားဆိုးရွားစွာ ပေါ့ပေါ့ဆဆ နေပုံလေးများကို မြင်ရသောအခါ နွယ့်ရင်သည် ကရုဏာဒေါသဖြင့် ပူလောင်၍ လာပြန်လေသည်။

'ဆန်ရွေးတာ ဒီလောက်ပဲ ဖိတ်ရ စဉ်ရသလား မိသန္တာ၊ ပိုက်ဆံရှာရတာ လွယ်တယ် မှတ်လို့လား'

ညီမလတ် သန္တာဗို၏ မျက်နှာလေး ငယ်သွားသည်ကို မြင်သောအခါ ပြောမိသည်အတွက် နောင်တရမိပြန်၏။ နွယ့်အပြုအမူတို့သည် တစ်နေ့တခြား မိန်းမကြီးဆန်လာသည်နှင့်အမျှ ညီမငယ်တို့နှင့် ကွာဟ၍ လာပေပြီ။ ညီမငယ်တို့သည် နွယ့်ထံပါးမှ ခွဲထွက်ကာ တီးတိုးစကားကို အသံလုံစွာ ပြောစပြုကြ၏။

'မမဆွေလူက သိပ်မိတယ်နော်၊ မော်တော်ဆိုင်ကယ်ကြီးကလဲ အပုံစားပဲ'

ပျော်စေပျက်စေ ပြောကြသည်လား တကယ်လား မသိမီပင် နားစွန်နားဖျား ကြားရသည့် နွယ့်ကိုယ်သည် ဒေါသဖြင့် ဆူဝေလာလေသည်။ မိခင်အုပ်ထိန်းမှုမရှိသော ငယ်ရွယ်လုပသည့် မိန်းကလေးတို့၏ နောင်ရေးသည် ရင်လေးဖွယ်ပင် မဟုတ်လား။ ယခုဆိုဆွေဆွေသည် လုပဖွံ့ဖြိုး၍ ချစ်စဖွယ် မိန်းမငယ်တစ်ယောက်ဖြစ်၍နေပြီ။ ပြီး ဆွေဆွေက သဘောကောင်းသည်။ ကြင်နာသနားတတ်သည်။ မိမိပင်လျှင် တဒင်္ဂ တိုတောင်းသည့် အချိန်လေးမှာ မောင့်ကို လွယ်လွယ်နှင့် ချစ်ခဲ့မိသေးလျှင် ဆွေဆွေတစ်ယောက်သာယာမှုနောက် ပါသွားလျှင် မခက်ပါလား။

စိုးရိမ်သောကဖြင့် ဆွေဆွေ့စားပွဲကို ဖွ၍ ရှာမိသည်။ အလိုဘုရား၊ မိဆွေဆွေ ရည်းစားတွေ ဘာတွေနဲ့ပါလား။

ထိုနေ့က ဆွေဆွေ့ကို ဒေါသဖြင့် စောင့်နေမိကာ ကျောင်းမှပြန်ရောက်ရောက်ချင်း နားရင်းကို နှစ်ချက်မျှ ဆင့်၍ ရိုက်ပစ်မိသည်။ ဆွေဆွေ သည်းထန်စွာ ငိုကြွေးသည်ကို ကြည့်ကာ နွယ့်ရင်မှာ ပူလောင်လာ၏။ အငယ်မနှစ်ယောက်သည် ဆွေဆွေ့ကိုဖက်ကာ ငိုကြလေသည်။

ဖေဖေ ပြန်ရောက်လာသော် သမီးတွေ၏ ပြုံးပြုံးရွှင်ရွှင် ဆီးကြိုသည်ကို မမြင်ရသဖြင့် ဖေဖေလည်း မျက်နှာမကောင်း 'သမီးနွယ် ဘာဖြစ်သလဲ' ဟု မေးသော်လည်း မဖြေကြ။ ဖေဖေက 'ခက်တယ် ခက်တယ်' ဟု တဖွဖွ မြည်တမ်းကာ မေမေ့နာမည်ကို တ၍ ညည်းသည်။ တစ်အိမ်လုံးသည် စိတ်မချမ်းမြေ့ ဖွယ်ရာ ကျက်သရေမင်္ဂလာ ကင်းမဲ့သွားလေသည်။

ထိုနေ့က နွယ် အလျင်လိုစွာ စီရင်ခဲ့မိသော တရားသည် ညီမငယ်တို့အတွက် ဝေဒနာဖြစ်ခဲ့ရသည်ကို နွယ် မသိရှာ။

'မမနွယ်ကလေ သိပ်မတရားတာပဲ၊ မဆွေရည်းစားစာတွေ တွေ့တော့ ရိုက်တယ်၊ မဆွေက ကြိုက်လို့ယူထားတာမှ မဟုတ်တာ နော်၊ သူ့ဟာသူ လာပေးလို့ ယူထားတာကိုပဲ၊ မမနွယ်ကျတော့ ရန်ကုန်မှာ ရည်းစားရှိတယ် သိလား၊ မမနွယ် စာတွေရေးထားတာ တွေ့သားပဲ'

'ဟုတ်တယ် ဟုတ်တယ်၊ ပြီးတော့လေ မမနွယ်က ခုဆိုရင် ဘာလေးပဲဖြစ်ဖြစ် သိပ်ဆူ သိပ်အော်တာပဲ၊ မေမေရှိတုန်းက သီတာ တို့ ဘာလုပ်လုပ် မရိုက်ဘူးနော်'

ညီမတစ်တွေ၏ တီးတိုးစကားတင်း ဆိုသည်ကို ကြားရပြန် သောအခါ နွယ့်ရင်က နာကျင် မိပြန်သည်။ စိုးရိမ်စိတ်ကြောင့် လွန်ကဲမိသော စေတနာသည် ဝေဒနာဖြစ်ရလေပြီတကား။ ယခုတော့ နွယ်သည် ချစ်ဖွယ် အားကိုးဖွယ် ဖြစ်၍ မလာဘဲ ကြောက်ရွံ့ဖွယ် သတ္တဝါ ဖြစ်၍နေချေပြီ။

'ငါ့စေတနာကို သူတို့ နားမလည်တာပဲ၊ ငါစိုးရိမ်လွန်မိလို့ ပြောမိဆိုမိတာတွေဟာ သူတို့အတွက် နာကြည်းစရာ ဖြစ်ကုန်ပြီ၊ မတရားဘူးတဲ့၊ ငါ့ကို မတရားဘူးတဲ့'

နွယ် စွန့်လွှတ်ခဲ့ရ၊ အနစ်နာ ခံခဲ့ရသည်တို့သည် ရေပြင်မှ အရုပ်များနှယ် အရာမထင် ဖြစ်ရချေသည်။ ရှိစေတော့၊ သူတို့လေး တွေသိတတ်လာသည့်အခါ အစ်မကြီးတစ်ယောက်၏ သောကဗျာပါဒ ကို စာနာနိုင်ကြပေလိမ့်မည်။

နွယ်သည် တစ်ဆင့်တိုး၍ စွန့်လွှတ်ရန် ဆုံးဖြတ်မိပြန်၏။ မောင့်ဆီရေးထားသမျှ စာရွက်အပိုင်းအစများကို အားလုံး သိမ်းကျုံး၍ လုံးခြေဖျက်ဆီးလိုက်မိသည်။

နှလုံးသားတွေပါ ကြေမွပျက်စီးကုန်ပြီ ထင်ပါရဲ့။

\+ + +

## နွယ်

မောင် စာအတန်တန် ရေးခဲ့တယ်။ ဘာကြောင့် စာမပြန်တာလဲ နွယ်။ နွယ်ပြောသလို မောင် စိတ်ရှည်ရှည်နဲ့ နွယ့်ကိုစောင့်လျက်ပါ။ ဒါပေမယ့် နွယ်ရယ် နွယ်က ဥပေက္ခာပြုလွန်းတော့ မောင် ဘာကို မျှော်လင့်ပြီး စောင့်စားရပါ့မလဲ။

နောက်ဆုံး မောင်ပြောချင်တယ် နွယ်။ မောင် အခုအလုပ်လည်း ရပါပြီ။ နွယ် မောင့်ဆီကို လာစေချင်တယ်။ နွယ့် ညီမလေးတွေကို အဝေးက ထောက်ပံ့ရင်လည်း ဖြစ်တာပဲ။ ပြီးတော့ နွယ် မကြိုက်ပေမယ့် ပြောရဦးမယ်။ မောင် အခုသီချင်းအသစ်တွေ ထပ်ဆိုတယ်။ မောင့်ကို အဆိုတော်မလုပ်စေချင်ဘူး ဆိုပေမယ့် လောလောဆယ် ဝင်ငွေကောင်းနိုင်တဲ့ အလုပ်တစ်ခုကို အများက တိုက်တွန်းလို့ မောင် လက်ခံလိုက်တယ်။

မောင့်ဆီ အကျိုးအကြောင်း စာပြန်ပါ။ မောင့်ဆီလာနိုင်အောင်လည်း ကြိုးစားပါ။ မျှော်လင့်လျက်ပါပဲနွယ်။

မောင့်ဆီမှ ချစ်စကား နွဲ့နွဲ့လေးများအစား ပြတ်သားတိုတောင်းလာသော စာလေးများကို ရခဲ့သည်မှာ ကြာပါပြီ။ သို့သော် နွယ့်ဒုက္ခနှင့် နွယ် ရှိပါစေတော့။ လွမ်းရေးထက် ဝမ်းရေးခက်ရသည့် နွယ့်ဘဝကို မောင်မှ မသိလေဘဲ။ မောင့်စာလေးများ တစ်စတစ်စနှင့်

ပျောက်ကွယ်သွားတော့မည်ကို သိပါလျက် ဖြစ်လာသမျှကို ရင်ဆိုင်ရန် ကြိုလင့်ရင်း အခြေအနေကို တင်းခံနေမိသည်။

မောင့်တေးသံများ အဆက်မပြတ်အောင်မြင်လာသည်ကိုလည်း သိပါရဲ့။ မောင်တစ်ယောက် မဆန်းပြားလှသော အနုပညာ၏ အောင်မြင်မှု သရဖူကို တဒင်္ဂ ဆောင်းနေရပြီ ဆိုတာကိုလည်း ကြားပါရဲ့။ ပြီးတော့ မောင့်လို ပြေပြစ်ချောမောသော၊ အောင်မြင်ကျော်ကြားသော အနုပညာရှင်တစ်ယောက်နားမှာ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေပြီဆိုတာကိုလည်း ဖြူမဆီမှ စာလေးတွေ မဖတ်ရခင်ကပင် မှန်းဆခဲ့မိပါရဲ့။

သို့သော် တကယ်တမ်း အပြီးအပိုင် စွန့်လွှတ်ရပြီ ဆိုတော့လည်း နွယ် မခံမရပ်နိုင်ရှိချေသည်။ သစ်ရွက်တွေကြွေ၍ လေပြင်းပြင်းတိုက်သော နွေဦးရက် တစ်ရက်တွင်မှ မောင့် မင်္ဂလာသတင်းကို နွယ် မြင်လိုက်ရသည်။

တစ်နေ့တာ၏ အထီးကျန်အဆန်ဆုံး အချိန်တွင်မှ သောက ဝင်လာရသည်ဆိုတော့ နွယ်တစ်ယောက် မခံမရပ်နိုင် ဖြစ်ရလေသည်။

တစ်အိမ်လုံးသည် တိတ်ဆိတ်ခြောက်သွေ့၍ နေ၏။ လေပြင်းတိုက်ခတ်သံသည် ထိတ်လန့်တုန်လှုပ်စဖွယ် မြည်ဟည်း၍ လာသည်။ ပြတင်းတံခါးရွက်နှင့် တံခါးဘောင်တို့ ထိတွေ့ ရိုက်ခတ်သံသည် ထိတ်လန့်စဖွယ် ကျယ်လောင်လှသည်။ သစ်ရွက်ကြွေတို့သည် အိမ်ထဲသို့ ဝေ့ဝဲကျလာလေသည်။

'စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း'

သတင်းစာလေးသည် နွယ့်လက်တွင်းတွင် တဖျပ်ဖျပ် ခါနေလေသည်။ မောင့်ရုပ်သွင်သည် မပီဝိုးဝါး ပေါ်လွင်လာသည်။ 'နွယ့်ကို သနားတယ်' ဟုလည်း တဖွဖွဆိုနေသည်။ ညီမငယ်လေးတွေကမူ သတင်းစာနောက်ကွယ်မှ တီးတိုး ရယ်မောကြကာ 'မမနွယ်

မတရားဘူး မတရားဘူး'ဟုသံပြိုင်ဆိုနေကြလေသည်။ဆူဝေလာသော ဦးခေါင်းထက်ဝယ် ဆံပင်ရှည်ရှည်များသည် ဝဲပျံဖုံးအုပ်ကာ ကျလာကြလေသည်။

'မူးလိုက်တာ'

မျက်စိကို စုံမှိတ်လိုက်၏။ အပြင်တွင် မိုးသည် အခါမဟုတ်ဘဲ ရွာချလိုက်လေသည်။

ထိုနေ့က ညီမငယ်တစ်တွေသည် ဒုတိယအကြိမ် ထိတ် ထိတ် ပျာပျာ ဖြစ်ကြရလေသည်။ သူတို့ ကျောင်းမှ ပြန်လာချိန်တွင် နွယ့်ကို စားပွဲစွန်းပေါ်မှာ ခေါင်းမှီ၍ မှောက်လျက်သား တွေ့ကြရသည်။ မေမေ့လို ဖြစ်ပြန်ပြီလား ဟူသော စိုးရိမ်စိတ်ဖြင့် မျက်ရည်ကျကြရသည်။ ဖေဖေ့ဆီ ဖုန်းဆက်ပြီး ဆရာဝန်ကို အပြေးအလွှားခေါ်ကြသည်။ နွယ်တစ်ယောက် နွမ်းလျပင်ပန်းစွာဖြင့် သတိပြန်ဝင်လာသည့်အခါမှ သက်ပြင်းကို ချနိုင်ကြသည်။

'စိတ်ညစ်စရာတွေ မတွေးနဲ့'ဟု ဆရာဝန်က မှာသည်။

'ဘာကိုမှ စိုးရိမ်ပူပန်စိတ် မထားပါနဲ့ သမီးရယ်'ဟု ဖေဖေက ကရုဏာသက်စွာ ဆိုသည်။

'ဆွေဆွေ့ကို စိတ်ချပါ မမရယ်၊ ဆွေ မမိုက်ပါဘူး'ဟု ညီမငယ်က မျက်ရည်စမ်းစမ်းဖြင့် ကတိပေးသည်။

နွယ့်ရင်တွင်းမှ စွန့်လွှတ်ခြင်းကို မျိုသိပ်ကာ ကျေနပ်ပြုံးကို အားယူ၍ လှစ်လိုက်မိလေသည်။

\+ \+ \+

နွယ်အနစ်နာခံရကျိုး နပ်ခဲ့ပါသည်။ ညီမလေးတွေ၏ အောင်မြင်မှုကို မြင်ရတော့ နွယ့်ဘဝသည် အသက်ရှင်ရကျိုး နပ်သွားသည်။

'ဆွေ ဂုဏ်ထူးနှစ်ဘာသာရတယ် မမရဲ့'

တစ်အိမ်လုံးသည် ဝမ်းသာရွှင်ပြုံး နေကြလေသည်။ ဖေဖေ့နှုတ်ကမူ 'မအေးသစ်သာရှိရင် ဘယ်လောက် ဝမ်းသာလိုက်မလဲ' ဟု ဆိုဖြစ်အောင် ဆိုလိုက်သေးသည်။

'ဆွေ့ကို တက္ကသိုလ်ကို ပို့မယ်မဟုတ်လားဟင်'

'ဘယ့်နှယ်ပြောပါလိမ့် ညီမရယ်၊ ညည်းတို့တတွေ ပညာသင်နိုင်အောင် ငါ ကျောင်းက ထွက်ခဲ့တာပါ'

ဆွေဆွေသည် နွယ့်မျက်နှာကို ဝမ်းနည်းရိပ်ဖြင့် ငေးကြည့်မိလေသည်။ ယခုတော့ နွယ့်စေတနာကို သူတို့နားလည်စပြုပေပြီ။

'မမနွယ်က ဆွေ့အရင် စာမေးပွဲအောင်တာပဲ၊ မမနွယ်ကျောင်းဆက်တက်ပါလားဟင်၊ မမနွယ်အောင်မှ ဆွေ ဆက်နေပါ့မယ်'

'အို မလိုပါဘူး ဆွေဆွေရယ်၊ ကျောင်းကို စိတ်အေးလက်အေးသာ တက်စမ်းပါ၊ ဒါပေမယ့် တစ်ခုတော့ ကတိပေးရမယ် မိဆွေ၊ ညည်း ဘွဲ့ရရင် အငယ်မတွေကို ဆက်ပြီးတာဝန်ယူရမယ်၊ ဒီကြားထဲတော့ ဖောက်မသွားပါနဲ့အေ'

နွယ့် စကားကြောင့် ဆွေဆွေ့ပါးပြင်တွင် မျက်ရည်တို့ စီးကျလာလေသည်။ သူတို့ဘဝသည် အမိမဲ့သား ရေနည်းငါးဘဝ။ မိခင်အုပ်ထိန်းမှုမှ ကင်းလွတ်ခဲ့ပြီမို့ ကိုယ့်ကိုကိုယ် ထိန်းကျောင်းရမည့်ဘဝ။ ယခုတော့လည်း နွယ် ဘာ့ကြောင့် သောကတွေ ဖိစီးနေရသည်ကို ဆွေဆွေ စာနာတတ်လေပြီ။

တစ်အိမ်လုံးသည် ဆွေဆွေ့အတွက် ပြင်ဆင်မှုတို့ဖြင့် စည်ကားဆူညံ၍ လာပြန်ပြီ။ ယခုတော့ ဆွေဆွေ့အလှည့်။ ညီမအားလုံးက ဆွေဆွေ့အတွက် အနစ်နာခံကာ အသုံးအဆောင် ပစ္စည်းဟူသမျှကို ဦးစားပေးကြသည်။ တစ်ချိန်က နွယ့်အတွက် ပြင်ဆင်ခဲ့ရသလိုပင် သူတို့ ဝမ်းမြောက် အားတက်နေကြသည်။ မေမေ မရှိတော့ပြီဖြစ်၍

နွယ်ကပင် လိုအပ်သမျှကို မှာကြားရသည်။ ပြီးတော့ မိခင် တစ်ယောက်လိုဦးဆောင်ကာ ဆွေဆွေ့ကို ကျောင်းသို့ပို့ပေးလေသည်။

ဆိုင်သာဆိုင် မပိုင်လေသော တက္ကသိုလ်နယ်မြေကို နွယ် တစ်ယောက် ခြေချရပြန်သည်။

နုပျိုလန်းဆတ်မှု၊ သာယာလှပမှု၊ ကြည်ရွှင်ချမ်းမြေ့မှုတို့သည် တက္ကသိုလ်နယ်မြေကို လွှမ်းခြုံထားသည်။ စိမ်းစိုလှပသော တက္ကသိုလ် မြေမှ ကံ့ကော်ရိပ် တမာရိပ် တို့သည်လည်း ချစ်တတ် ခင်တတ် စွဲလမ်းတတ်သော နှလုံးသားများကို နိုးကြားစေပေလိမ့်မည်။ သို့သော် ဝန်းကျင်တစ်ဝိုက်မှ အလှအပ အားလုံးသည် နွယ့် စိတ်ကူးယဉ် အိပ်မက်ထဲမှ ခွဲခွာကာ လက်တွေ့ဘဝတွင် နွယ့်ကို စိမ်းစိမ်းသာ ကြည့်နေကြလေသည်။

သည်နယ်မြေမှာ မောင်နှင့် တွေ့ဆုံရန်အကြောင်း မရှိတော့ ပါပဲလျက် တိုက်ဆိုင်မှုက အံ့သြစဖွယ် လာ၍ ဆုံစည်းလေသည်။ စားသောက်ဆိုင်တန်းထဲသို့ မောင် ဝင်လာသည်ကို မြင်ပါလျက် နွယ်က ခေါင်းကို ငုံ့ကာ မုန့်ကို စားနေမိသည်။ မောင့်ဘေးတွင် အဖော်ပါသည်ပဲ။ မောင်သည် ယခင်က မောင် မဟုတ်တော့။ တက္ကသိုလ်နယ်မြေလိုပင် မောင်သည် နွယ်နှင့် မည်သို့မျှမပတ်သက်။ သို့သော် မောင်သည် နွယ့်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် လာကာ နှုတ်ဆက်လေသည်။

'နွယ်'

နွယ်က ယခုမှ ကြားဟန်ဖြင့် ရုတ်တရက် ခေါင်းကို မော့်ကြည့် သည်။

'ဩော်'

ယခုမှ မြင်ဟန်ဖြင့်လည်း လေသံအေးအေးဖြင့် နှုတ်ဆက်သည်။

'နွယ် ဘယ်တုန်းကရောက်နေလဲ'

'မကြာသေးပါဘူး'

မောင်က တစ်ခွန်းမေးမှ နွယ်က တစ်ခွန်းပဲဖြေသည်။ မောင့်ဘေးမှ ဖြူဖြူချောချော ကောင်မလေးက မောင့်ကို နှုတ်ဆက်ပြီး ထွက်သွားသည်။ ဆွေဆွေကလည်း နေရာမှ ထသည်။ မောင်က နွယ့်ဘေးတွင် ဝင်ထိုင်လေသည်။

'မမနွယ်၊ ဆွေ ကလပ်စ်သွားတော့မယ်'

'ကျောင်းဆင်းရင် မနက်က နေရာကို လာခဲ့နော်၊ မမနွယ် စောင့်နေမယ်'

နွယ်သည် ညီမဖြစ်သူကို မျက်စိတစ်ဆုံး လိုက်ကြည့်နေလေသည်။

'တက္ကသိုလ်ကျောင်းသူကြီးတောင် ဖြစ်နေပါပြီ နွယ်ရာ၊ ဒါလောက်လဲ စိတ်ပူမနေပါနဲ့'

'နွယ့်ညီမတွေအတွက် နွယ် အသက်ရှင်နေတာ'

နွယ်က တိုးတိတ်စွာ ပြောလိုက်လေသည်။

'သိပါတယ် နွယ်ရယ်၊ နွယ်ဟာ မြိတ်ကို ပြန်သွားကတည်းက မောင့်အတွက် နွယ်မဟုတ်တော့ဘူးဆိုတာကို'

မောင်က နွယ့်ကို အပြစ်တင်လေပြီတကား။ နွယ့်ရင်ထဲက အသံမထွက်ဘဲ တစ်ချက်ရှိုက်မိသည်။

'နွယ့်ဘဝကို နွယ်မပိုင်ပါဘူး'

နွယ့်မျက်ဝန်းတွင် မျက်ရည်တို့ ဝေလာလေသည်။

'နွယ့်ကို မောင်စောင့်နေခဲ့ပါတယ်နွယ်၊ မောင့်ဆီကို စာလေးတစ်စောင်တောင် ရေးဖော်မရတာကတော့ကွယ်'

'ရေးတော့ ရေးပါတယ် မောင်'

'မောင် တစ်စောင်မှ မရဘူး'

'ဘယ်ရမလဲလေ ထည့်မှ မထည့်ဖြစ်တာပဲ'

သည်တစ်ခါမောင်က သက်ပြင်းတစ်ချက်ရှိုက်လိုက်လေသည်။

'နွယ် ခဏလေး လမ်းလျှောက် လိုက်ခဲ့ပါလားကွယ်၊ မောင် စကားနည်းနည်း ပြောချင်တယ်'

ဆိုင်ထဲတွင် ထိုင်နေရသည်မှာ ကြာလာတော့ နေရာမှ ထရန် ပြင်ကြရသည်။ နွယ်က ငြင်းမည်ကြံပြီးမှ အလိုလိုထရပ်မိသည်။

'ဖြစ်ပါ့မလား၊ မောင့်မိန်းကလေးက'

'ကိစ္စမရှိပါဘူးနွယ်၊ သူက မောင့်ညီမလေးပါ'

ခဏလေးပဲဖြစ်ဖြစ်တော့ မောင်ပြောသမျှကို နားထောင် ကြည့်ချင်သေးသည်။

အင်းလျားလမ်း၏ ကုံကော်ပင်အုပ်ကို နွယ်တို့ ဖြတ်ခဲ့သည်။ မောင်က စကားမဆိုသေး။ လှေလှော်အသင်းဘက် သွားရာ မြေနီလမ်း ရောက်မှ မောင်က သူ့အလွမ်းတေးကို စသည်။

'မောင် နွယ့်ဆီ စာတွေ အတန်တန်ရေးခဲ့တာ နွယ် အသိပါ ကွယ်၊ နွယ့်ဆီက စာတစ်စောင်တစ်လေမှ မရတော့ မောင် စိတ်ပျက်မိတာ အမှန်ပါပဲ၊ ဒါပေမယ့် မောင် နွယ့်အပြင် ဘယ်သူ့ ကိုမှ မချစ်ခဲ့သေးဘူး'

'မောင်က ခေတ်ဟောင်းသီချင်းတွေ ပြန်ဆိုမလို့လားဟင်'

ရှည်လျားသော နွယ့်ဆံပင်တို့သည် တင်ပါးပေါ်တွင် ဝဲနေ ကြလေသည်။ မျက်တောင်ရှည်ရှည် စင်းစင်းလေးများအောက်မှ နွယ့် မျက်လုံးအစုံသည် ထုံးစံအတိုင်း ရီဝေနေသည်။

'ခုတော့ ဆိုရတော့မှာပေါ့ နွယ်ရယ်၊ မောင်နဲ့ ဓေ့စပ်ကြောင်း လမ်းတဲ့ မိန်းကလေးက မောင်နဲ့ မောင်နှမဝမ်းကွဲတော်တယ်'

'ခုနမိန်းကလေးလား'

မောင်က ခေါင်းညိတ်ပြသည်။

'ခေတ်ဟောင်း သီချင်းတင်မကဘူး နွယ်ရေ သီချင်းကြီးလဲ ဆိုပြရဦးမယ်၊လူကြီးတွေက သူတို့သဘောနဲ့စီမံပေမယ့် မောင်တို့ချင်းကတော့ ခုထိ ချစ်စကား မဆိုမိကြသေးဘူး၊ မောင့်စိတ်က လေနေတော့ အကြောက်အကန် မငြင်းဆန်ခဲ့မိတာ အမှန်ပါပဲ၊ ဒါပေမယ့် မောင် နွယ့်ကိုပဲ ချစ်တာ'

'မောင့် သီချင်းကြီးက ရိုးလွန်းလှပါတယ် မောင်၊ ခု နွယ် လိုက်လာတာ မောင့်ဖြေရှင်းချက်တွေ နားထောင်ဖို့ မဟုတ်ပါဘူး၊ နွယ့်ဆုံးဖြတ်ချက်ကို ပြောပြချင်လို့'

မောင်က နွယ့်မျက်ဝန်းကို စေ့စေ့ကြည့်သည်။ မောင့်ဆီတွင် နွယ့်အပေါ် သနားကြင်နာရိပ်ကတော့ ထင်နေဆဲတည်း။

'နွယ် ဘာတွေဆုံးဖြတ်ထားလဲဟင်'

'နွယ် ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူး'

'အို နွယ်ရယ် စကားကို အကုန်မပြောရဘူး'

'အကုန် မပြောရဘူးဆိုရင်တော့ ချန်ပြောပါ့မယ်မောင်၊ နွယ့် ဘဝမှာ နွယ့် ညီမလေးတွေ လူလားမမြောက်မချင်း နွယ် ကိုယ်လွတ်ရုန်းမထွက်ပါဘူး၊ ဒါကြောင့် မောင့်ကိုလဲ အပြစ်မတင်ပါဘူး၊ တစ်ချိန်က စိတ်အလိုလိုက်ပြီး ချစ်ခဲ့တဲ့ နွယ့်ကိုသာ ခွင့်လွှတ်ပါတော့'

နွယ်က ချာကနဲ ပြေးထွက်ခဲ့သည်။ ဆံပင်ရှည်ရှည်လေးများသည် လေတွင်ပျံဝဲကာ ကျန်ခဲ့လေသည်။

အင်းလျားရေပြင်ပေါ်သို့ သစ်ရွက်လေးတစ်ရွက် ကြွေကျသွားလေသည်။

*

# အပိုင်း ၂

# ၁

'နေမကောင်းရင် ရုံးမသွားပါနဲ့ ဖေဖေရယ်၊ ဖေဖေ့ကျန်းမာရေးကို အားမရဘူးလို့ ဆရာဝန်က ပြောပြောနေတယ်၊ ဟိုလေ ဖေဖေ အနားယူလိုက်ပါလား ဟင်'

'ဘာရယ်သမီး'

ဇရာသည် ဖေဖေ့ကို ဖိစီးလေပြီ။ ဖြူစပြုနေသော ဖေဖေ့ဆံပင်တို့သည် တွန့်နေသော ပါးရေများနှင့်အပြိုင် ပျိုမျစ်ခြင်းကိုတွန်းလှန်နေသည်။ မေမေ မရှိသည်မှစ၍ ပိုမိုအိုစာလာသော ဖေဖေ့မှာ သာမန် သွားလာ လှုပ်ရှားရုံမျှနှင့်ပင် မောရှိနေပေပြီ။

ပြောမည်ကြံပြီးမှ နွယ့်နှုတ်က မဝံ့မရဲဖြစ်သွားပြန်လေသည်။

'ဖေဖေ အလုပ်မလုပ်တော့ရင် သမီးတို့ ဘာနဲ့စားကြမလဲ၊ တစ်ခုတော့ ရှိတယ်၊ ဖေဖေ ပင်စင်ယူရင် မန္တလေးကို ပြန်ကြမယ်၊ ဟိုမှာ သမီးတို့ အမျိုးတွေလဲ ရှိတယ်၊ ဒါပေမယ့် ဒီနေရာ မအေးသစ်ခေါင်းချသွားတဲ့နေရာ'

ဖေဖေ့အသံ တိမ်ဝင်၍ သွားလေသည်။

'အို ဖေဖေပျော်ရာမှာ နေပါ ဖေဖေရယ်၊ သမီးတို့အတွက် မပူပါနဲ့'

ပြောသာ ပြောရသည်၊ ဖေဖေသည် တစ်ကောင်ကြွက် ကိုယ့်ဒူးကိုယ်ချွန်သမား။ တကယ်တမ်းကျတော့ မည်သည့်ဆွေမျိုးကိုမျှ အားကိုး၍ ရမည်မဟုတ်။ ဒါကို ဖေဖေလည်း အသိ၊ နွယ်တို့လည်း သိသည်ပင်။ ဖေဖေ့တွင် အရင်းနှီးဆုံးဆို၍ ရန်ကုန်မှ တစ်ဝမ်းကွဲညီမကြီးကြီးမြတစ်ယောက်သာ ရှိသည်။ ပြီးတော့ ဖေဖေ့နည်းတူ မေမေသည်လည်း ဥတစ်လုံးတစ်ကောင်ကြွက်။ မေမေကမြစ်ဝကျွန်းပေါ်သူ။ ဖေဖေ မအူပင်တွင် တာဝန်ကျစဉ်က မေမေနှင့် တွေ့၍ အိမ်ထောင်ကျခဲ့ကြသည်။ ဖေဖေနှင့် မေမေတို့ဘဝတွင် မည်သည့် ဆွေမျိုးကိုမျှ အားကိုးခဲ့ရသည်ဟု မကြားဖူးခဲ့။

ထို့ကြောင့်လည်း မိသားစု၏တာဝန်သည် ဖေဖေနှင့် နွယ်တို့ ပခုံးပေါ်မှာ လုံးလုံး ပုံကျနေလေသည်။ ဖေဖေသည် သူအလုပ်မှ အနားယူ၍ မဖြစ်သေးဟု ကောင်းစွာ သဘောပေါက်ထားသည်။ နွယ်ကမူ ဖေဖေ့ကို အလုပ်မလုပ်စေချင်တော့။ ဖေဖေ ပင်စင်ယူရမည့်နှစ်မှာလည်း မဝေးတော့သည့်အတူတူ ဖေဖေ့ကို ကျန်းမာရေးမချို့တဲ့မီ အနားယူစေချင်သည်။ ဖေဖေ့ဝင်ငွေ တစ်ပြားမျှ မရှိချင်နေပါစေ။ သမီးတွေအတွက် ဖခင်တစ်ယောက် မားမားမတ်မတ် ရှိနေလျှင်ပင် အရာရာ တင့်တယ်ပြီ မဟုတ်ပါလား။

သို့သော် ဖေဖေသည် အသက်အရွယ်ကြီးရင့်သူတို့၏ ထုံးစံအတိုင်း သူတို့ကို လောကတွင် လူပိုကြီးတွေအဖြစ် သတ်မှတ်ပစ်မှာ အလွန်စိုးလေသည်။

'သမီး ဒါထက် ဒီလ ဆွေဆွေ့ဆီ ငွေပို့ပြီးပလား'

'ဟုတ်ကဲ့ ပို့ပြီးပါပြီ ဖေဖေ၊ ဒီလ စာမေးပွဲကြေးတွေပါ သွင်းစရာ ရှိတယ်ဆိုလို့ ပိုပို့လိုက်တယ်'

ဆွေဆွေ့ကို ကျောင်းပို့ပြီးမှ ငွေက အမြဲ လိုငွေပြသည်။ ခေါက်ပြန်ကြေး ပေးထားသော ငွေကလည်း မှန်မှန်မရ။ ဖေဖေ့လခ

သည် မေမေရှိစဉ်ကပင် မလောက်ငခဲ့သည်မို့ တစ်နေ့တခြား မြင့်တက်လာသော ကုန်ဈေးနှုန်း နှင့်အတူ အိမ်စရိတ်ပင် အလျင်မမီဖြစ်၍လာသည်။ ဖေဖေ့ကျန်းမာရေး စရိတ်ကပင် လခ၏ သုံးပုံတစ်ပုံ ခန့် ရှိနေလေသည်။

'ဖေဖေ အိုဗာတင်းပူပူလေး သောက်လိုက်ပါဦး'

ဘာပဲဖြစ်နေနေ ဖေဖေ့ကို ဂရုစိုက်ရမည်။ ဤသည်ကိုတော့ နွယ် ကောင်းစွာ နားလည်ထား၏။ ဖေဖေကမှ 'ငါ့သမီးတွေ လူလား မမြောက်ခင် ဖေဖေ မသေသေးပါဘူးကွာ' ဟု ကြွေးကြော်သည်။ သို့သော် မထင်မှတ်သော လူ့ဘဝ အပြောင်းအလဲကို ကြုံဖူးပြီမို့ ကံကြမ္မာကို နွယ် မကိုးစားဝံ့တော့။

အလုပ်မှပြန်လာတိုင်း 'ပင်ပန်းလိုက်တာကွာ' ဟု အမှတ်မထင် ညည်းညူတတ်လာသော ဖေဖေ့ကျန်းမာရေးကို တွေးပူနေသည့်ကြားမှ ပင်ဖေဖေ့မှာ'သွေးတိုးရှိတယ်' ဟု ဆရာဝန်ကသတိပေးလာလေသည်။

ဖေဖေသည်လည်း သူ့ကိုယ်သူ မဟန်နိုင်လွန်းမှ တွေဝေစပြုလာလေသည်။ တစ်ညနေတွင်တော့ ဖေဖေက ဟန်မဆောင်နိုင်ဘဲ နွယ့်ကို အရေးတကြီး ပြောလာသည်။

'သမီး ဒေါက်တာမြင့်ထူးဆီ ဖုန်းဆက်လိုက်စမ်း မြန်မြန်၊ ဖေဖေ ခေါင်းသိပ်မူးတယ်'

အမြဲတမ်း အားတင်းဟန် ဆောင်ထားသော ဖေဖေ့နှုတ်မှ တုန်တုန်ယင်ယင် ထွက်လာသောအသံကြောင့် အားလုံး ပျာယာခတ် ကြရပြန်သည်။

'ဒါကြောင့် ဖေဖေ့ကို ပြောတာပေါ့၊ ဖေဖေ့အလုပ်က ဦးနှောက် မအား လူမအားနဲ့ ပင်စင်ယူလိုက်ပါတော့ ဖေဖေရယ်၊ ဖေဖေ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ ဖေဖေရဲ့'

နွယ်သည် ကရုဏာဒေါသဖြင့် ဖခင်ဖြစ်သူကို လွှတ်ခနဲ ပြောချလိုက်ပြီးမှ ဖေဖေများ အားငယ်သွားမလားဟု စိုးရိမ်မိပြန်သည်။

'လူဆိုတာ ဘယ်ပြောနိုင်မလဲ သမီးရယ်၊ ဖေဖေ ဘာမှမလုပ်ဘဲ အိပ်ရာပေါ် လဲ့နေတော့ကော မသေဘူးလို့ ပြောနိုင်မလား'

'ဒီလိုလဲ ဘယ်ဟုတ်မလဲ ဦး၊ ကျွန်တော် ရှင်းရှင်းပြောမယ်၊ ကလေးတွေလဲ စိုးရိမ်မှာစိုးလို့ ကျွန်တော် မပြောတာ၊ ဦးမှာ နှလုံးရောဂါလဲ ရှိနေတယ်၊ ဒီတော့ ဦးအလုပ်ကလဲ ပင်ပန်းတဲ့အလုပ်ဆိုတော့ ပင်စင်ယူလိုက်တာ ကောင်းပါတယ်ဗျာ'

နွယ်သည် ဖေဖေ့လက်မောင်းကို ဆုပ်ကိုင်ကာ ရှိုက်သံတစ်ဝက်ဖြင့် ပြောချလိုက်သည်။

'ကဲ ကြားပြီ မဟုတ်လား ဖေဖေ အလုပ် မလုပ်ပါနဲ့တော့ ဖေဖေရယ်၊ လုပ်လဲ နောက် နှစ်နှစ် သုံးနှစ်ပဲ လုပ်ရတော့မှာ၊ ဒီ့ပြင် ဝင်ငွေရတဲ့အလုပ်တွေ ရှိပါတယ် ဖေဖေရဲ့၊ သမီးလဲ လုပ်တတ်ပါတယ်၊ ဖေဖေ အသက်ရှည်အောင် နေစမ်းပါ'

ဖေဖေသည် ဝမ်းပန်းတနည်း ငိုချလိုက်သော နွယ့်ကျောပြင်ကို သပ်ကာ သက်ပြင်းကို တိုးညင်းစွာချလိုက်လေသည်။

'သားအဖတစ်တွေ အေးအေးဆေးဆေး တိုင်ပင်ကြနော၊ ဦးလဲ နေကောင်းအောင် ကြိုးစားနေပါ၊ ကျွန်တော် တစ်နေ့တစ်ခါ လာကြည့်ပေးမယ်'

အိမ်သားတစ်ဦးရှိစဉ်က ဘာမျှ မသိသာသော်လည်း လျော့ပါးသွားသည့်အခါ သိသိသာသာ ပြောင်းလဲတတ်သည်မို့ နောက်ထပ် ဖေဖေ့ကို မလျော့ပါးသွားစေရန် ဂရုစိုက်ရပေမည်။ ယခုတော့လည်း ဖေဖေသည် သမီးငယ်တို့၏ ဆန္ဒအတိုင်း သံယောဇဉ်ကြီးမားလှသော သူ့အလုပ်ကို အချိန်မတိုင်မီ စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ရလေသည်။

*

## ၂

ဆွေဆွေ ရုတ်တရက် ကျောင်းပိတ်၍ အိမ်ပြန်ရောက်လာသည်ကိုပင် ခပ်ကောင်းကောင်းဟု နွယ် တွေးနေမိသည်။ နွယ့် အစီအစဉ်တစ်ခု ကို အကောင်အထည်ဖော်ရပေတော့မည်။

ယခုတော့ ဖေဖေသည်လည်း စိတ်ကိုလျှော့ကာ အလုပ်မှ အနားယူလိုက်ရပေပြီ။ အအိပ်အစားမှန်၍ အလုပ်သောကမှ ကင်းလွတ် သဖြင့် ဖေဖေ့အခြေအနေ ကောင်းလာသည်ကို မြင်ရသည့်အတွက် နွယ် ကျေနပ်မိသည်။ ဖေဖေတစ်ယောက် ထီးထီးမားမား ရှိနေလျှင် ပင် မိသားစုအတွက် စိတ်အေးရသည် မဟုတ်ပါလား။

ဖေဖေ့ကို အမှန်အတိုင်း အသိမပေးဘဲ ထိမ်ချန်ထားမိသည် တော့ ရှိလေသည်။ မေမေဆုံးစဉ်က နွယ်တို့အိမ်တွင်းမှာ ငွေနှစ်ထောင် ခန့်သာ ကျန်ရှိသည်။ ဤသည်မှာလည်း မေမေ ကျစ်ကျစ်လျစ်လျစ် စုဆောင်း၍ တစ်ဘက် တစ်လမ်းမှ တိုးပွားအောင် ဆောင်ရွက်မှု ကြောင့်ပင်။ မေမေ့ရျာပနကို ဖေဖေ့စိတ်ကြိုက် လှလှပပ ပြင်ဆင် ပေးလိုက်ရပြီး ဆွမ်းသွတ် ကျွေးမွေးရသည်နှင့် ငွေတစ်ထောင်က

လျော့ပါးသွားသည်။ ကျန်ငွေလေးနှင့် ခေါက်ပြန်ကြေးပေးကာ အိမ်စရိတ်ဖြည့်ရ၏။ ဆေးဖိုးဝါးခ ခြေစောင့်လက်စောင့် ထားရသည်။ နောက် ဆွေဆွေ့ကျောင်းစရိတ် ပို့ရသည်။ ဖေဖေ့ကိုမူ မေမေသည် ငွေသုံးထောင်လောက် ထားခဲ့ပါသည်ဟု မုသာဝါဒ သုံးမိလေသည်။ ဖေဖေတစ်ယောက် ပူပင်သောကမရောက်စေရန် မေမေ ဂရုစိုက်ခဲ့သလို နွယ် ဂရုစိုက်၏။

ယခုတော့ တစ်စတစ်စ လျော့ပါးလာသော ငွေလေးအတွက် နွယ် ရင်လေးမိသည်။ သည်တော့လည်း တစ်ခုခုလုပ်ရန် နွယ် ကြံစည်မိ၏။ လမ်းစကလည်း မြင်နေရသည်။ ပြီးတော့ အဝေးကြီး မဟုတ်၊ အနီးကလေး။ ခက်ခက်ခဲခဲ မဟုတ်၊ လွယ်လွယ်ကလေး၊ တစ်ယောက်တည်းမဟုတ်၊ အများလုပ်နေသော အလုပ်။ သည်တော့လည်း မသန်းခင်ပြောသမျှ နွယ် နားယောင်ခဲ့ရလေသည်။

'ကိုယ် ကျွမ်းပြီးသား နယ်ပဲအေ၊ အများတကာတွေ ဒီလို လုပ်နေကြတာ၊ နွယ် တစ်ခေါက်တည်းလိုက်ခဲ့စမ်းပါ၊ နွယ်တို့ဆိုရင် ဘယ်သူကမှလဲ စစ်စစ်ပေါက်ပေါက် လိုက်ရှာမှာ မဟုတ်၊ ခုတော့ နွယ်က ငွေတစ်ထောင်ပေးလိုက်လဲ တို့က တစ်ထောင်ဖိုးမဝယ်ရဲတော့ တစ်လတစ်လ ဘာမှ မကျန်ဘူးပေါ့၊ လိုက်ခဲ့စမ်းပါ နွယ်ရယ်၊ တကယ် ရစေချင်လို့ပါ'

မသန်းခင်ကမူ နွယ့်ကို ဖွဲကောင်းကောင်းနှင့် ဆွယ်နေလေသည်။ နွယ်ကိုယ်တိုင်ကလည်း ယိမ်းယိုင်၍နေပြီကို သိ၏။

'ဆွေဆွေကျောင်းပိတ်လို့ ပြန်လာရင်တော့ တစ်ခေါက်လိုက်ခဲ့မယ်လေ၊ ဖေဖေ့အနားမှာလဲ ပြုစုမယ့်သူရှိဦးမှ'

'အမယ်လေး နွယ်ရယ်၊ နွယ် ခေါ်လိုက်ရင် နွယ့်အိမ်မှာ အောက်ခြေသိမ်း လုပ်ပေးမယ့် လူတွေ တစ်ပုံကြီးပါ၊ ဘယ်သူ့ အပ်ထားခဲ့ အပ်ထားခဲ့ ရပါတယ်၊ နွယ် စိတ်အေးလက်အေး လိုက်ခဲ့စမ်းပါ၊

များများမလိုက်နဲ့ တစ်လကို နှစ်ခေါက်လောက်ပဲ လိုက်ကြည့်၊ နွယ့် ညီမတွေကို စိန်နားကပ်တောင် ဆင်နိုင်မယ်'

'တော်စမ်းပါ မသန်းခင်ရယ်၊ တစ်ခေါက်တောင် မနည်းစွန့်စားရမှာ'

ယခုတော့လည်း နွယ်သည် ပြတ်ပြတ်သားသား ဆုံးဖြတ်မိပေပြီ။ ဖေဖေ့ကိုတော့ အလည်လိုက်သွားချင်သည်ဟု ပူဆာရသည်။ ဆွေဆွေလည်း ပြန်ရောက်လာပြီမို့ ဖေဖေက လွယ်လွယ်ကူကူ ခေါင်းညိတ်သည်။ နွယ် စိတ်ပြေလက်ပျောက် ရှိပါစေတော့ဟု ဖေဖေ သဘောထားပုံရလေသည်။

နွယ်တို့လို မြို့ခံလူအဖို့တော့ မြိတ်မှ ကော့သောင်ကို ကူးရန်မှာ သိပ်မခဲယဉ်းလှ။ ကော့သောင်မှာက ဖေဖေ့မိတ်ဆွေများလည်း ရှိနေ၍ နေရေးထိုင်ရေး အဆင်ပြေသည်။ ညီမငယ်တို့ကပင် လိုက်ချင်၍ ဟန်တပြင်ပြင် ဖြစ်နေသည်။ နွယ့်မှာက အကြံအစည်နှင့်မို့ မပျော်နိုင်။

'အောင်ဇေယျကို မစောင့်ကြစို့နဲ့နွယ်ရယ်၊ သင်္ဘောဆိုက်ရင် ကော့သောင်မှာ ဘတ်ဈေးတက်မယ်၊ ဝယ်ရခြမ်းရတာလဲ ဈေးကြီးမယ်၊ ဒီတစ်ပတ် အောင်တိုးဝင်းနဲ့ပဲ လိုက်ကြရအောင်၊ စာရင်းထဲပါအောင် နွယ့်ဖေဖေကို ပြောချေပါ'

ယခုအချိန်မှာတော့ မသန်းခင်သည် ဒါရိုက်တာ။ သူ့ထံ သွားဖန်များ၍ အကြောင်းစုံ သိနေပြီ။ အောင်ဇေယျသင်္ဘောက ကော့သောင်မှ ပြန်လာပြီး ရန်ကုန် တက်သွားသည်။ ရန်ကုန်မှ ပြန်ဆင်းလာအောင် စောင့်လျှင် တစ်ပတ်ခန့် ကြာပေမည်။ ပြီးတော့ အောင်ဇေယျဆိုလျှင် ကပ်စတမ် (အကောက်ခွန်) က မဲသည်။ သူ့အဆက်အသွယ်နှင့်သူ နားလည်မှုရှိထားမှ။ ကော့သောင်ရောက်တော့လည်း ကုန်သည်ကများသည်မို့ မြန်မာငွေနှင့် ထိုင်းငွေလဲရသည်မှာ ပိုမိုနစ်နာသည်ဟု မသန်းခင်က ဆိုလိုခြင်းဖြစ်၏။

ကော့သောင်ဘက် ကူးမည့်သူများက ကောင်စီရုံးမှာ စာရင်းပေးကြရလေသည်။ သည်စက်လှေတွင် စာရင်းမပါက နောက်စက်လှေကို စောင့်ရတတ်သည်။ သည်အတွက်တော့ လွယ်သည်။ ဖေဖေကို ပြောလိုက်လျှင် ရသည်။ ခက်ခက်ခဲခဲလည်း မဟုတ်၊ အခွင့်ထူးလည်း မဆိုနိုင်၍ ဖေဖေက လွယ်လွယ်ပြောပေးလိုက်သည်။ နွယ့် အကြံအစည်ကို ဖေဖေ မသိရှာ။ ဖေဖေ့ အမှုထမ်းသက်တမ်းတစ်လျှောက်တွင် မဟုတ်မတရားမလုပ်ဖူးခဲ့ဟု ဖေဖေက သူ့သိက္ခာကို အမြဲဂုဏ်ယူသည်။ ထို့ကြောင့်လည်း ဖေဖေနှင့်တကွ ညီမများက လိုချင်သည့် ပစ္စည်းများကို ဝိုင်း၍ မှာကြလေသည်။

'ဟိုရောက်ရင် မောင်ဘခင်တို့ဆီမှာတည်း၊ ဖေဖေ့တပည့်တွေပဲ၊ အားလုံး ကူညီကြလိမ့်မယ်၊ ပစ္စည်းတွေတော့ သိပ်သယ်မလာနဲ့ သမီးရေ၊ အဖမ်းအဆီးနဲ့တိုးနေရင် မှောင်ခိုတွေနဲ့ ကိုယ်ပါ ရောပါနေဦးမယ်'

နွယ့်ရင်ထဲက ဒိန်းခနဲ ဖြစ်သွားလေသည်။ မှောင်ခိုတွေနဲ့တဲ့၊ ဘုရား ဘုရား၊ ငါ အဖမ်းခံရရင်တော့ ဖေဖေ ရှက်လို့ သေရချည့်။ သို့သော် ဆုံးဖြတ်မိမှတော့ မထူးတော့ပြီ။ အခြေအနေမဟန်လျှင်လည်း သည်တစ်ခေါက်ပဲလေ။ ကိစ္စမရှိနိုင်ပါဘူး။

'နွယ်ရေ မနက်ကို စောစော ဆင်းမယ်နော်၊ တော်ကြာ နေရာမရဘဲနေမယ်၊ ဩော် ဒါထက် နွယ်ဘာတွေဝယ်ထားသေးလဲ'

မသန်းခင်က ဖေဖေမကြားအောင် တိုးတိုးမေးလေသည်။

'ဘာဝယ်ထားရမှာလဲ မသန်းခင်ရဲ့၊ လမ်းမှာစားဖို့ သောက်ဖို့ပေါ့၊ အမဲသားကြော်တယ်၊ ငါးပိကြော်တယ်'

'အို ဒါကိုပြောတာ မဟုတ်ဘူး နွယ်ရဲ့၊ ဒီလိုဆို ကျွန်မကို ငွေနည်းနည်းပေး၊ ဒီတစ်ပတ် ငရုတ် ဈေးကောင်းတယ် ပြောတယ်၊ ငရုတ် ဝယ်သွားမယ်'

'အို မသန်းခင်ရယ် ဖြစ်ပါ့မလား'

'ဖြစ်ပါတယ် နွယ်ရဲ့၊ ဒီလိုပဲသယ်နေကြတာပဲ၊ ဒါမှ ဟိုကျတော့ များများသုံးရတာပေါ့၊ သူများတွေဆို ပဲတွေ၊ ငရုတ်တွေ အိတ်လိုက် သယ်နေတာ၊ ကိုယ်က အနည်းအကျဉ်းပဲဟာ ရပါတယ်၊ နွယ် ဘာမှ မလုပ်ရပါဘူး၊ လက်နဲ့တောင် ဝင်မကိုင်နဲ့၊ အားလုံး ကျွန်မတာဝန် ထားစမ်းပါ'

နွယ်က တထိတ်ထိတ်ခုန်နေသော ရင်ဖြင့် မသန်းခက်လက်ထဲ သို့ ငွေ ငါးရာကျပ်ကို တိုးတိုးကျိတ်ကျိတ် ထည့်ပေးလိုက်ရသည်။ ခရီးမစခင်ကပင် ရင်မောလှပြီ။

တစ်ညလုံး နွယ် အိပ်မရ။

ကျောင်းသူဘဝတုန်းက ရန်ကုန်သွားခါနီး ရင်ခုန်ခဲ့ရသည့် ညကို သတိရမိသည်။ လူ့ဘဝ အပြောင်းအလဲကား မြန်ဆန်လှချေ၏။ ဘဝတစ်ခုမှတစ်ခုသို့ကူးပြောင်းလိုက်ရသည်မှာ ရုပ်ရှင်အခန်းကူးသည့် နှယ် မြန်ပါဘိခြင်း။ ရှေ့တွင် ဘာတွေ ဖြစ်လာဦးမည် မသိ။ အနာဂတ်သည် မရေရာလှ။

မျက်စိကို စုံမှိတ်၍ အိပ်ရန် ကြိုးစားနေရသည်။ ဆွေဆွေက တစ်ခါတုန်းကလိုပင် နွယ့်ခြင်ထောင်ဆီသို့ ခေါင်းပြူ၍ ကူးလာသည်။

'မမနွယ်၊ စားပွဲတင်နာရီလေးတစ်လုံး ဝယ်ခဲ့စမ်းပါ၊ အဆောင် မှာသုံးဖို့၊ ပြီးတော့ ဟို ပင်ဆယ်လ်ကေ့စ်လေးရယ်၊ မိတ်ကပ်ဆက် ရယ်၊ ဟဲယားစပရေးရယ်လဲ ဝယ်ခဲ့ပါ မမနွယ်ရဲ့'

'တယ် ဒီကောင်မလေးဟာ လုဖို့ပဲ စိတ်ကူးနေ၊ ဒီမှာဖြင့် ဘာဖြစ်နေတယ် မသိဘူး'

ဆွေဆွေသည် လျှာလေးထုတ်ကာ ခြင်ထောင်ထဲ ပြန်ဝင်သွား လေသည်။ 'ဟင်း မသိသား ဆိုးရွားလိုက်တဲ့ ကောင်မလေးတွေ၊

ဒီမှာ နင်တို့အစ်မတော့ မှောင်ခိုမယ် ဖြစ်တော့မယ်ဟဲ့ သိရဲ့လား’ နှယ် စိတ်တွင်းမှ ကျိတ်၍ ရေရွတ်မိကာ မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

အမျိုးအမည် ခွဲခြား၍မရသော မျက်ရည်တစ်စက်က မျက်တောင်ရှည်များအကြား ခိုဝင်လာလေသည်။

*

# ၃

မသန်းခင်၏ ဝီရိယကြောင့် စက်လှေပေါ်သို့ ဓာစီးစွာ ရောက်လာကြသည်။ သူတို့ထက် ဝီရိယ ကောင်းသူတွေက ပစ္စည်းတွေပင် နေရာချ၍ ပြီးနေပြီ။ စက်လှေဝမ်းဗိုက်ထဲသို့ ပစ်၍ပစ်၍ ချလိုက်သော အထုပ်ကြီး အထုပ်ငယ်၊ ခြင်းကြီး ခြင်းငယ်များကို ကြည့်ကာ နွယ် အံ့သြနေမိသည်။ များပြားလှဘိခြင်း။ ဒါတွေသည် ကော့သောင် တစ်မြို့လုံးပင် စားသုံး၍ ကုန်နိုင်ဖွယ် မရှိ။ မြန်မာပြည်ထဲတွင် စားသုံးဖို့မှ ဟုတ်ပါလေစ။ ကလေးတွေး တွေးနေမိလေသည်။

သက်ဆိုင်ရာပုဂ္ဂိုလ်များက ဆွဲဖယ်ပစ်ချလိုက်သည့် ငရုတ်တောင်းတွေမှာလည်း ဆိပ်ခံဇောပေါ်တွင် မြင်မကောင်းအောင် ပုံ၍နေသည်။ မသန်းခင်ကတော့ လျင်သည့်နေရာတွင် နှစ်ယောက်မရှိ။ သူပြောသလိုပင် နွယ့်ကို လက်နှင့်မျှမတို့စေရ။ သို့သော် 'လာလာ'ဟု တွင်တွင်ခေါ်ကာ နွယ့်ကို သူ့ဘေးမှ ထက်ကြပ်ပါစေသည်။ ဖေဖေ ကိုယ်တိုင်က နွယ့်ကို လှေဆိပ်သို့ လိုက်ပို့သည်ဆိုတော့ နွယ်တို့အတွက်က အန္တရာယ်ကင်းသည်။ မသန်းခင်ကလည်း ဤအခွင့်

အရေးကို လက်လွတ်မခံ။ သွက်သွက်လက်လက်ဖြင့် ပစ္စည်းများကို ကိုယ်တိုင် သယ်ချသည်။ တစ်ချက်တစ်ချက် နွယ့်ဘက်သို့လည်း လှည့်ကာ စကားပြောသည်။ ဖေဖေကပင် 'မသန်းခင် ပစ္စည်းတွေ များလှချည်လား' ဟု မသိမသာဆို၏။ နွယ့်စိတ်တွင်းမှာတော့ သူတို့ ငရုတ်ခြင်းတွေ ဘယ်တော့ ဆွဲချခံရမလဲဟု တွေးကာ လက်ဖျားများ အေးနေမိလေသည်။

'ပထမဆုံးပြန်မယ့်စက်လှေနဲ့ ပြန်လိုက်ခဲ့သမီး၊ မောင်ဘခင်တို့ ကူညီလိမ့်မယ်'

'ဟုတ်ကဲ့ ဖေဖေ'

'ပြောစရာ ရှိရင်လဲ ရုံးကို သတင်းပို့ခိုင်းလိုက်၊ ဖေဖေ့ကို လာပြောပေးမှာ'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

နွယ်တို့ကို နေရာချပေးကာ ဖေဖေ ပြန်သွားသည်။ နေရာ အတွက်လည်း နွယ်တို့ အဆင်ပြေသည်။ သို့သော်လည်း စက်လှေ တစ်စင်းလုံး ကျပ်ညပ်နေသည်မို့ နွယ်တို့နေရာလည်း ချမ်းသာရာမရ။ စက်လှေမထွက်ခင်ကပင် ထိုင်စရာနေရာက ကျဉ်းကျပ်လာသည်။

'သိပ်မတိုးနဲ့ရှင်၊ ကျွန်မတို့ကို ဆိပ်ကမ်းရဲကနေရာပေးသွားတာ'

'အိုး၊ ကျုပ်တို့ကိုလဲ ကောင်စီက ထားပေးသွားတာ'

နေရာအတွက် စကားများစ ပြုကြလေပြီ။ မြိတ်သံဝဲဝဲနှင့် စကားသံတို့သည် ဆူညံ၍ နေ၏။ လူများသည် စက်လှေ၏ နံရံဘေးတွင်ပါ ကျပ်တည်းစွာ ထိုင်ချကြရသည်။ ပဲ့ပိုင်းမှာလည်း မီးသွေးအိတ်၊ ငါးခြောက်အိတ်များ ပြည့်နေသည်။ မီးသွေးအိတ်များ ပေါ်တွင် လူတွေ တိုးဝှေ့ထိုင်နေကြသည်။ နွယ်တို့ဘေးတွင် ကြက် သုံးကောင်ခန့်ကို ပူးတွဲချည်ကာ ချထားသဖြင့် ပိုမို ဆူညံ၍ နေလေ သည်။

'ကော့သောင်ကျတော့ သားငါးရှားတယ်၊ ဒါကြောင့် ယူသွားကြတာ'

မသန်းခင်က ပြောပြသည်။ နွယ်ကတော့ ခုကတည်းကပင် စိတ်ညစ်လှပြီ။ စက်လှေကလည်း ထွက်ခဲလှသည်။ ထွက်ခါနီးကောင်စီက လူစာရင်း စစ်နေသေးသည်။ ပိုင်ရှင်နှင့် စကားပြောနေသေးသည်။ ဘာတွေမှန်းမသိ။ သည်ခရီးကို ၂၄ နာရီ သွားရမည်ဆိုတော့ မသေးလှသည့် ဒုက္ခပါလား။ ထွက်လာမိတာမှားပြီထင်ပါရဲ့။ လူတွေကလည်း သပ်သပ်ရပ်ရပ်သန့်သန့်ရှင်းရှင်းမရှိလှ၍ အသက်ရှူရကျပ်နေမိလေသည်။

သဘော်ဦးပိုင်းကို တာရပတ်ကြီး အုပ်ချလိုက်လေသည်။ မိုးက မကုန်တတ်သေး။ လေငြိမ်စပြုပြီဖြစ်သော်လည်း တစ်ခါတစ်ရံ အဆင်မသင့်လျှင် တစ်နာရီ မိုင် ၄၀ တွေ ၆၀ တွေ ဖြစ်ချင်ဖြစ်လာတတ်လေသည်။ တွေးရင်း ရင်လေးစပြုလာလေသည်။

'ဘုရား ဘုရား၊ အိမ်ကထွက်ခါနီး ဘုရားတော့ ရှိခိုးခဲ့ပါရဲ့၊ ဆွမ်းတော်ကလေးမှ မကပ်ခဲ့ရ၊ မိဘ ညီအစ်ကို မောင်နှမ မိသားစုကို လုပ်ကျွေးရသောကျေးဇူးကြောင့် ဘုရားတပည့်တော်မ ဘေးရန်အပေါင်းမှ ကင်းပါစေဘုရား'

နွယ့် နှုတ်ခမ်းလေးများ တရွရွ လှုပ်နေသည်ကို ကြည့်၍ မသန်းခင်က 'နွယ် ကြောက်နေလား' ဟု ဆိုကာ ရယ်နေလေသည်။ သူကမူ သည်တစ်ခေါက် နွယ်ပါလာသည့်အတွက် အထူးပျော်နေသည်။ သည်တစ်ခါတော့ ခပ်မြက်မြက်လေးရအောင် လုပ်လိုက်မှဟု တွေးနေပုံရသည်။

'ဟော စက်လှေထွက်တော့မယ်၊ ဘယ်နှစ်နာရီရှိပလဲ နွယ်ရေ'

'ရှစ်နာရီကျော်နေပြီ'

'အင်း နက်ဖြန်နေ့လယ်လောက်တော့ ရောက်မှာပါ'

နွယ်က သက်ပြင်းကို မသိမသာ ချမိပြန်သည်။ မနီးလှသည့် ခရီးပါလား။ အိပ်စရာနေရာလည်း မမြင်။ ယခုလောက် ထိုင်နေရသည်ကပင် ညောင်းလှပြီ။ ရေကလည်း တစ်စက်မျှ မကူးတတ်။ လှိုင်းတွေများ ကြီးလာလျှင် ဘယ်လိုလုပ်ရပါ့။

အတွေးပေါင်းစုံတွေးကာ အားငယ်နေမိစဉ်မှာပင် စက်လှေက ကမ်းမှခွာသည်။ ပထော်၊ ပထက် ကျွန်းညီနောင်သည် တရွေ့ရွေ့ ကျန်ခဲ့စပြုသည်။ ပထက်ကျွန်းပေါ်မှ ရွှေသာလျောင်းဘုရားကြီးကို လက်အုပ်ချီကာ ရှိခိုးမိသည်။ မြိတ်တွင် နေခဲ့သော်လည်း ပင်လယ်ခရီးကို နွယ် မထွက်ခဲ့ဖူး။ သို့သော် တော်ပါသေးသည်။ စက်လှေက ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးမှ မသွား။ ကမ်းရိုးတန်း ကျွန်းကြို ကျွန်းကြားမှ သွားသည်။ တစ်လက်မစာမျှ ရေမကူးတတ်သည့်တိုင် ကုန်းမြေနှင့်တူသည်ကို လှမ်းမြင်နေရ၍ စိတ်သက်သာရာရသည်။ ကျွန်းပေါင်း ၈၀၀ ကျော် စုစည်းနေသည်ဆိုသော မြိတ်ကျွန်းစု၏ အလှကိုလည်း ခံစားနိုင်၏။

မြိတ်မြို့တည်ရာ ကျွန်းကြီးသည် တစ်စတစ်စ ဝေးကျန်ခဲ့လေသည်။ ကျွန်းစပ်ကမ်းခြေမှ တံငါများ ချထားသော စန္ဒားများကို လှမ်း၍ မြင်ရ၏။ ပင်လယ်ကဗွီးပင်များသည် အစီအရီ ပေါက်နေကြလေသည်။ ကျွန်းတိုင်း၏ တောင်ထိပ်ဖျားတွင် ဘုရားတစ်ဆူစီကို လှမ်းမြင်ရသည်။

'နွယ် ပျော်ရဲ့လား'

မသန်းခင်က ပတ်ဝန်းကျင်ကို ငေးကာနေသော နွယ့်ကို မေးလေသည်။

'မပျော်ပါဘူး မသန်းခင်ရယ်၊ ဖေဖေနဲ့ ညီမလေးတွေ အိမ်မှာ ဖြစ်မှဖြစ်ပါ့မလားမသိဘူး၊ ဆွေဆွေက ခပ်အအရယ်'

'နွယ်ကလဲလေ အဘွားကြီး ကျနေတာပဲ၊ ပူမနေစမ်းပါနဲ့၊ ရနေခင်းရောက်တော့ နွယ်ပျော်မှာပါ၊ မရောက်ဖူးတဲ့ ခရီးပဲ၊ အသစ်အဆန်းပေါ့'

မသန်းခင်သည်လည်း နွယ်တို့လိုပင် မြိတ်သူမဟုတ်။ တစ်ရပ်တစ်ရွာ ပြောင်းရွှေ့ရင်း မြိတ်တွင် အခြေစိုက် မိနေသူ ဖြစ်သည်။ ယခုတော့ သူ့စီးပွားနှင့်သူ အဆင်ပြေနေ၍ မြိတ်က မခွာတော့။ သူ့ယောကျ်ား လစာကိုလည်း သူက မမှုတော့။ အမှုထမ်းတန်းလျားတွင်တော့ သူက အပြောင်ရောင်ဆုံး ဖြစ်လေသည်။

'နွယ် ညောင်းနေမယ် လှဲနေပါလား၊ ခုထဲက အိပ်စရာ နေရာလုပ်ထားမှ၊ တော်ကြာ အိပ်မရဘဲ ဖြစ်နေမယ်'

နွယ်က ဒုတိယအကြိမ် သက်ပြင်းကို ချကာ ခြေကို ဆန့်ထုတ်ထားမိလေသည်။ နွယ်တို့က လှေဝမ်းဗိုက် အဖုံးပေါ်မှာဖြစ်၍ နွယ်တို့ ခြေအောက်တွင် လူများ ထိုင်နေကြသဖြင့် အားနာလှသည်။ သို့သော် မတတ်နိုင်။ ကိုယ်ကို ဆန့်ထုတ်လိုက်မှ ပင်လယ်ပြင်မှ လှိုင်းများကို ပိုမိုမြင်ရသည်။ သာမန်လှိုင်းငယ်ပင် ဖြစ်သော်လည်း လှိုင်းလုံးက ကြီးသည်။

စက်လှေဦးပိုင်းတွင် အိုးသူကြီးသည် ထမင်းဟင်းအတွက် ပြင်ဆင်နေပေပြီ။ ငါးခြောက်ရိုးများကို ခုတ်ထစ်ကာ ခရမ်းသီး၊ ရုံးပတီသီး၊ ချဉ်ပေါင်ရွက်တို့ဖြင့် ရောနှောချက်ရန် ဟန်ပြင်နေ၏။ ထမင်းအိုးကြီးကို မီးဖိုပေါ်တွင် တင်ထားပြီးပြီ။ ရေကို စည်နှင့် အပြည့်ထည့်၍ လာသည်။ သောက်ရေကိုလည်း ရေစည်ထဲမှပင် ခပ်သောက်ကြရသည်။

'နွယ် ထမင်းဆာပလား'

'မဆာပါဘူး မသန်းခင်ရယ်၊ အိမ်က မုန့်စားလာတယ်၊ နွယ်တော့ ခုကတည်းက ခါးတွေညောင်းလာပြီ'

'ဒါကြောင့် လှဲနေလို့ ပြောတာ နွယ်ရဲ့၊ အပြင်ကိုချည်း ကြည့်နေရင် တော်ကြာ လှိုင်းမူးလိမ့်မယ်'

နွယ်သည် စောင်ခေါက်ကို ခေါင်းအောက်ထိုးသွင်းကာ လှဲချလိုက်သည်။ ကောင်းကင်ပြာပြာကို လှမ်းမြင်ရလေသည်။ လေငြိမ်နေသဖြင့် စက်လှေသည် မှန်မှန် ခုတ်မောင်းနေ၏။ ကျွန်းများနှင့်ဝေးသွားသည့်အခါ အပြောကျယ်သော ပင်လယ်ပြင်ကို လှမ်းမြင်ရသည်။ ထိုအခါ အတွေးများ ပျံ့လွင့်စပြုလာသည်။

တစ်ချိန်ကတော့ ကောင်းကင်ပြာပြာကိုကြည့်ပြီး မျက်ရည်ကျခဲ့ရဖူး၏။ ယခု ပင်လယ်ပြာပြာကို မြင်ရပြန်ပြီ။ လူ့ဘဝကား အပြောင်းအလဲ မြန်လှချေသည်။ ကျောင်းသူဘဝ စိတ်လှုပ်ရှားတတ်သည့် သဘာဝလေးများသည် တစ်စတစ်စ ကျန်ရစ်လေပြီ။ ပြန်တွေးလျှင် တစ်ဘဝစီလားပင် အောက်မေ့ရသည်။ ယခင်ကတော့ နွယ့်ဘဝဝန်းကျင်သည် နုပျိုလန်းဆတ်သော ပန်းပွင့်လေးများနှယ် သာယာချမ်းမြေ့ဖွယ် ရှိပေ၏။ ဆယ်ကျော်သက်ရွယ် ပျိုမျစ်နုနယ်သူလေးများ ပျော်စံရာ မရမ်းခြံရိပ်ဝယ် သောက ကင်းဝေးစွာ နေခဲ့ရဖူး၏။ အနာဂတ်ကို မျှော်မှန်းကြည့်တော့လည်း ပျော်စရာ။ ဘယ်လောက်များ စိတ်လွတ်ကိုယ်လွတ် နေခဲ့မိကြသလဲ။ တွေးကြည့်လျှင် ရယ်စရာလေးများကိုပင် သတိရလာသည်။

နွယ်တို့ ကျောင်းရှေ့လမ်းသည် ဦးဝိစာရလမ်းဖြစ်၍ အသုဘယာဉ်များသည် ထိုလမ်းမှ သွားကြကုန်၏။ တစ်ခါက အသုဘတစ်ခုမှ ပန်းခွေတစ်ခွေ ကျကျန်ခဲ့သည်ကို နွယ်တို့သူငယ်ချင်းတစ်သိုက်က ကောက်ကာ အသုဘချပာန်ပြု၍ ကစားကြသည်။ ငိုသူကလည်း သဏ္ဍာန်လုပ် သရုပ်တူအောင် ရင်ဘတ်စည်တီး ငိုကြွေးသည်။ ဆရာမကြီးသိသော် နွယ်တို့ကို ဆူလိုက်သည်မှာ ရစရာမရှိ။

လုပ်ကောင်းသည် မလုပ်ကောင်းသည်ဟူ၍ မသိ။ လူသေသည်ကို မည်မျှအတိုင်းအတာအထိ ဝမ်းနည်းပူဆွေးရမည်ကိုလည်း ကိုယ်တွေ့ မကြုံ၍ မခံစားတတ်သေး။ သည်တုန်းကတော့ အရာရာသည် ပျော်စရာ ဟားစရာချည်းဖြစ်၍နေသည်။

ယခုတော့ နွယ့်ဝန်းကျင်သည် ထိုသို့ မဟုတ်တော့။ နွယ့် မျက်စိရှေ့မှ လူများသည် လူ့ဘဝကို ပျော်ရွှင်စွာ ဟားစရာအဖြစ် မြင်နိုင်စွမ်း မရှိကြတော့။ ပင်လယ်ပြင်မှ လှိုင်းများနှယ် သူတို့ဘဝ တွင် တလိမ့်လိမ့်တလူးလူး နေခဲ့ရ၍ မျက်နှာများကလည်း ဘဝဒဏ်ကို ခါးစည်း၍ ခံထားဟန်၊ တင်းထားဟန်၊ စိတ်ပျက်ဟန်၊ လက်လျှော့ ဟန်၊ အရာရာကို ရင်ဆိုင်ရန် အသင့်ရှိနေဟန်တို့သည် ရောထွေး ယှက်တင်၍ နေကြလေသည်။

ပင်လယ်လေနှင့် ယဉ်ပါး၍ ညိုပြောင်သော အသားအရေများ သည် ငါးလိပ်ကျောက်၏ကျောပြင်နှယ် တင်းမာ၍နေကြလေသည်။ နေရာတစ်နေရာစာအတွက် လုယက်တိုးဝှေ့ထိုင်ရင်း ပါလာသည့် အစားအစာများကို ဘေးလူကို ဂရုမစိုက်ဘဲ စားသောက်နေကြလေ သည်။ ကိုယ့်ဘဝ ကိုယ့်တာဝန်ဟူသည့် သဘောပေတကား။

'နွယ်ရေ ထမင်းစားလိုက်၊ တော်ကြာ လှိုင်းမူးရင် မစားနိုင်ဘဲ နေမယ်၊ ကျွန်မတော့ ဟင်းသွားယူလိုက်ဦးမယ်'

အတွေးလွန်နေသော နွယ့်ကို မသန်းခင်က သတိပေးသည်။

'သွားယူမနေပါနဲ့၊ ပါတာနဲ့ စားကြတာပေါ့'

'ကော့သောင်ကျတော့ စားစရာရှားတယ်နွယ်ရဲ့၊ ချန်ထားပါ'

မသန်းခင်သည် ပြောပြောဆိုဆို သူ့တွင်ပါသော ချိုင့်လွတ်ကို ဆွဲကာ အိုးသူကြီးဆီမှ ထမင်းနှင့် ဟင်းကို သွားယူလေသည်။ ဒန်အိုးကြီးထဲမှ အငွေ့ တထောင်းထောင်းထသော ထမင်းပူပူနှင့်

ကုလားဟင်းကျဲကျဲသည် ချိုင့်ထဲတွင် ဘောင်ဘင်ခတ်၍ ပါလာသည်။ နွယ့်ဆီမှ ပါလာသော ဟင်းများနှင့် ထမင်းစားကြ၏။ မြိန်ပေသားပဲ။ အခုမှ တကယ့် လူ့ဘဝထဲ ရောက်လာတာဟု နွယ် တွေးမိသည်။

စက်လှေပွဲပိုင်း အပေါ်ထပ်မှ လူများသည် လှေနံဘောင်မှ တစ်ဆင့် ကျွမ်းကျင်စွာ ဆင်းလာကြသည်။ သူတို့သည် မီးဖိုချောင်သို့ ဆင်းကာ ကြက်ဥပြုတ်နှင့် ကြက်သားကြော်များကို ယူလေသည်။ စက်လှေပိုင်ရှင်တွေ ထင်ပါရဲ့ဟု နွယ်က တွေးမိ၏။ စပို့ရှပ် နက်ပြာ၊ ရှမ်းဘောင်းဘီနှင့် လူတစ်ယောက်သည် နွယ့်ကို ခပ်စိမ်းစိမ်း ကြည့်နေလေသည်။ နွယ်က မျက်လွှာကိုချ၍ ထမင်းကိုငုံ့စားနေသည်။ သူက နွယ်တို့အနားသို့ လျှောက်၍လာ၏။

'မနွယ် ကော့သောင်သွားမလို့လား'

နွယ့်နာမည်ကိုခေါ်၍ နှုတ်ဆက်လာသော ထိုလူ့ကို နွယ်က ဇဝေဇဝါ ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

'ဆွေဆွေကော မပါဘူးလား'

နွယ်က မျက်နှာကို ချက်ချင်း တည်ပစ်လိုက်ကာ ခေါင်းကို ရမ်းပြလိုက်သည်။ လက်စသပ်တော့ ကိုယ်တော်ချောကိုး။ မော်တော် ဆိုင်ကယ်တစ်စီးဖြင့် ဆွေဆွေ့နောက်ကို တကောက်ကောက်လိုက်ကာ ပိုးပန်းနေလေသူပဲ။

'မနွယ်တို့ ဒီမှာကျပ်ရင် အပေါ်ပြောင်းစီးပါလားဗျာ'

'အို ကိစ္စမရှိပါဘူးရှင့် ရပါတယ်'

ကျေးဇူးတင်စကားပင် မဆိုမိ။ ရိုင်းသွားလေမလား ဟုပင် မတွေးနိုင်။ မသန်းခင်ကတော့ သူ့ကိုကြည့်ကာပြုံးလို့ချည်းပြနေသည်။

'လိုတာရှိရင် ပြောပါနော်၊ ကျွန်တော်တို့ အပေါ်မှာရှိတယ်'

သူသည် နွယ့်အပါးမှခွာကာ စက်လှေအပေါ်ထပ်သို့ ကျွမ်းကျင်စွာ တက်သွားလေသည်။

'အဲဒါ စက်လှေပိုင်ရှင်သားပေါ့ နွယ်ရဲ့'

'အို ဘယ်သူဖြစ်ဖြစ်'

နွယ်က စိတ်တိုတိုဖြင့် အော်ပစ်မိသည်။ စားလက်စ ထမင်းကိုပင် လက်စသိမ်းလိုက်မိ၏။ ယခင်ကတော့ ယောကျာ်းလေးတစ်ယောက်ကို ကြည့်မရဘူးဟေ့ဆိုလျှင် မျက်နှာချင်း စေ့စေ့ဆိုင်ရလျှင်သော်မှ စကားပြောချင်မှ ပြောမည်။ ငယ်စိတ် ငယ်သွေးနှင့် မာနလေးတွေ လွှမ်းခဲ့စဖြဲ။ အစစအရာရာ အလိုက်အထိုက် ဆက်ဆံရမည့် အခြေအနေမျိုး ရောက်လာရသည်ကို ရုတ်တရက်တော့ သည်းမခံနိုင်ဖြစ်မိသည်။

မသန်းခင်သည် စားပြီးသည့်ပန်းကန်ခွက်ယောက်များကိုယူငင်ကာ ရေစည်နားတွင် သွား၍ ဆေးကြောနေလေသည်။ စက်လှေမီးဖိုချောင်မှ ထမင်းအိုးကြီးလည်း တစ်စတစ်စ လျော့၍ လျော့၍သွားလေသည်။ ထမင်းစားပြီးသော် လုပ်စရာအလုပ်က မရှိပြီ။ နေရာတွင်ပင် ပြန်လည် လဲလျောင်းဖို့သာ ရှိတော့၏။ အချို့က စက်လှေပေါ်တွင်ရောင်းသော အချဉ်ထုပ်လေးများနှင့် ရုပ်သီများကဝယ်၍စားကြသည်။ ရုပ်ကို အခြောက်လှမ်း၍ တုတ်ချောင်းလေးများဖြင့် သီထားသည်။ မီးကင်ထားဟန်တူသော ရုပ်သားလေးများသည် စပျစ်သီးခြောက်လေးများ အရွယ်သာ ရှိလေသည်။ စားလိုက်လျှင် သဲအနည်းငယ် ရုပ်ချင်သည်မို့ နွယ်ကတော့မကြိုက်။ အချဉ်ထုပ်များကို ဝါးကာ ကျောကို ပြန်ဆန့်မိသည်။ ကျွန်းညို့ညို့များကို လှမ်း၍ မြင်ရပြန်လေသည်။

အချို့ ကျွန်းကလေးများပေါ်တွင် လူနေအိမ်ခြေများ ရှိဟန်တူသော်လည်း အချို့မှာကား ကျွန်းထီးထီးပင် ဖြစ်တော့သည်။ ထူထပ်သော သစ်ပင်စိမ်းညို့ညို့များကသာ ဖုံးအုပ်၍ ထားသည်။ ကျွန်းထိပ်

ပေါ်တွင် စေတီငယ်လေး တစ်ဆူပင် မမြင်ရ။ မိုးကောင်းကင်မှ ကြည့်လျှင် ပင်လယ်ပြင်တွင်းဝယ် အစက်အပြောက်များပမာ ရှိပေလိမ့်မည်။ တစ်ခါတစ်ရံ တံငါလှေလေးများကို လှမ်း၍မြင်ရလေသည်။

မှေးခနဲ ပျော်သွားမည် ရှိပြီးမှ ရေစက်ရေပေါက်လေးများ ပက်ဖျန်းလိုက်သလို ခံစားရ၍ လန့်နိုးလာသည်။

'မိုးရွာတော့မယ် နွယ်ရေ၊ ဒီနေရာတော့ စောင်ကာလိုက်မှ ဖြစ်မယ်၊ မဟုတ်ရင်တော့ စိုကုန်မှာပဲ'

လှေတစ်စင်းလုံးသည် မိုးကို ကာကွယ်ရန် အလုပ်ရှုပ်နေလေသည်။ တာရပတ်များ၊ မိုးကာများကို ဆုတ်ကာ ချည်နှောင်ကာရံနေကြဆဲမှာပင် မိုးက သည်း၍ လာသည်။ လှေသည်လည်း ရှေ့နောက်ခေါင်းမော့ကာ လူးစပြုလာလေသည်။

'အမယ်လေး မသန်းခင်ရယ် လှိုင်းလုံးကြီးတွေ မနည်းပါလား'

ရေပြင်ကိုကြည့်လိုက်ကာမှ နွယ့်မျက်လုံးလေးများ ပြူးဝိုင်းသွားရသည်။ ရေပြင်သည် လှိုင်းကြက်ခွပ်လေးများမှနေ၍ လှိုင်းတံပိုးကြီးများအဖြစ် ထန်လာလေပြီ။ လှိုင်းလုံးတစ်လုံးကို ကျော်လိုက်တိုင်း လှေ၏ဦးပိုင်းသည် မော့၍သွားကာ ပြန်အကျတွင် ဝုန်းခနဲ မြုပ်သွားလေသည်။ လှိုင်းကြီးလှေအောက် ဆိုသော်လည်း လှိုင်းကြားတွင် လှေသည် ရှေ့နောက် ဘယ်ညာ ယိမ်းထိုးစပြုလေသည်။

'အမယ်လေး မူးလိုက်တာ မသန်းခင်ရယ်၊ ကြောက်လဲကြောက်တယ်၊ ဒုက္ခပဲ ဒုက္ခပဲ၊ ဘုရား ဘုရား'

'နွယ် အပြင်ကိုမကြည့်နဲ့ အိပ်နေလေ၊ ဒီလောက်က ကြောက်စရာမရှိပါဘူး'

လှေဝမ်းတစ်ခုလုံး လှိုင်းသံမှလွဲ၍ လူသံသူသံ စကားပြောသံ မကြားရပြီ။ စောင်ကို တင်းတင်းခြုံကာ အိပ်စက်စ ပြုကြလေသည်။

အထိတ်တလန့် ဖြစ်ပုံမျိုးတော့ တစ်ယောက်မျှ မမြင်ရ။ သူတို့အဖို့တော့ ပင်လယ်ခရီးသည် ရိုး၍နေပြီထင်၏။ နွယ့်မှာတော့ ထွက်လာမိတာ မှားပြီလားဟုပင် တွေးတောစပြုလာသည်။ စက်လှေ့နစ်သည့်သတင်းတွေ မကြာမကြာ ကြားဖူးသည်ကိုလည်း မတွေးမိအောင်နေသည့်ကြားမှ သတိရ၍ လာသည်။

'အမယ်လေး သေပါပြီ'

စိုးရိမ်ထိတ်လန့်နေဆဲ၊ လှိုင်းလုံးကြီးတစ်လုံးကို ကျော်လိုက်ရဟန်တူသော လှေဦးပိုင်းမှ ဝုန်းခနဲ မြည်ဟည်းသံနှင့်အတူ နွယ်သည်ရုတ်တရက် လဲသွားသည်။

'ဩော် နွယ်ရယ် အိပ်နေပါလို့ဆိုမှ၊ အသာလေး အိပ်ပြီးမျက်စိမှိတ်ထားလိုက်'

ယခုမှတော့ ဖြစ်သမျှအကြောင်း အကောင်းပဲသာ အောက်မေ့ကာ နွယ်သည် စောင်ကို ခေါင်းထိ တင်းတင်းခြုံ၍ မျက်စိကို စုံမှိတ်ထားလိုက်သည်။ သံဗုဒ္ဓေဂါထာကိုလည်း မမှားရအောင် သတိကြီးစွာဖြင့် ရွတ်နေမိလေသည်။

\+ \+ \+

မိုးသည် ပို၍ သည်းလာလေသည်။ ကျားကန်၍ ချည်ထားသောမိုးကာများသည် တဖျပ်ဖျပ်နှင့် ရုန်းထွက်နေကြသည်။ မိုးစက်များသည် နွယ်တို့ခြေထောက်များကို လာရောက်ထိခတ်နေကြလေသည်။ အိပ်ပျော်ရန် ကြိုးစားသော်လည်း ခေါင်းက မူးလာသဖြင့် အိပ်၍မရ။ မိုးကျနေ၍သာ မှောင်နေသည်၊ ညနေပင် စောင်းသေးသည် မဟုတ်။ သည်လိုသာ မိုးရောလေပါ ကျနေလျှင်ဖြင့် သည်တစ်ညကို ဘယ်လိုကုန်ဆုံးစေရပါ့။

အို လွယ်ပါသည်လေ။ ပစ္စုပ္ပန်က အခြေအနေကို မေ့အောင် အတိတ်ကို ပြန်တွေးနေရလျှင်ကော။ ကြည်နူးစရာလေးတွေ တွေးရလျှင် ကောင်းအံ့ထင်၏။ ပျော်စရာအဖြစ်များကို ပြန်လည်ခေါ်ယူပြီး ဆိုလျှင် မောင့်ကို ချန်လှပ်ထား၍ မဖြစ်တော့။

မောင်နှင့် သုံးလေးခါတွေ့ပြီး ဖြူမဆီက တစ်ဆင့် မောင့်စာလေးကို ဖတ်ရသည်က စရမည် ထင်သည်။ တိုပင်တိုသော်လည်း နှလုံးတုန် ရင်ခုန်စေသော စာလေးကို အကြိမ်ပေါင်းများစွာ ဖတ်မိ၏။ အခန်းထဲမှာ မဖတ်ဝံ့၍ အကျီကြားထဲ လိမ်ကာ အိမ်သာသွားရာတွင် ယူ၍ ဖတ်မိသည်အထိလည်း ရူးခဲ့ရသည်။ စာပြန်ချင်သော်လည်း ဘယ်လိုရေးရမည်မသိ၍ ပြန်စာမရေးဖြစ်။ ညေ့ခန်းမှာ မောင်တစ်ယောက်တည်း လာတွေ့စဉ်မှ 'စာရလား' မေးလျှင် ခေါင်းညိတ်ပြမိ၏။ 'ဘာလို့စာမပြန်တာလဲ' မေးသော် ဘာဖြေရမည်မသိ။ 'မချစ်လို့လား' ဆိုလျှင် ခေါင်းကို တွင်တွင် ခါမိလေသည်။ နွယ့် အမူအရာသည် အပြစ်ကင်းစင်၍ သနားစရာ ရယ်စရာ ဖြစ်နေသည်ဟု မောင်က ကြည်နူးစွာ ဆိုဖူးလေသည်။

မိဘမောင်ဖွားနှင့်ဆိုလျှင် နွယ်တို့တစ်တွေ ကျောင်းပိတ်ရက်များတွင် အပြင် ထွက်ရတတ်၏။ နွယ်ကတော့ ကြီးကြီးမြဆီ တိုးတိုးခွင့်ပန်ကာ ဖြူမတို့ကို အရောင်ပြ၍ လိုက်သွားတတ်သည်။ များသောအားဖြင့်တော့ ဖြူမတို့ မောင်နှမတစ်တွေနှင့် ဝိုင်းဖွဲ့ပျော်ခဲ့ကြသည်သာ။

မောင်နှင့် နှစ်ယောက်တည်းဆို၍ တစ်ခါသာ တွေ့ဖူးသည်။ သည်တုန်းကလည်း ဖြူမတို့အိမ်မှာပဲ ဖြစ်၏။ ဖြူမတို့အိမ်သားတွေလည်း မရှိခိုက်၊ ဖြူမတို့ကလည်း ရုပ်ရှင်သွားမည်ဟု ပြင်ဆင်ခိုက်၊ မောင်က နွယ့်လက်ကို တင်းတင်းဆုပ်ထားကာ 'နွယ် လိုက်မသွားနဲ့' ဟု ဆိုသည်။ 'တော်ကြာနေ ဖြူမတို့ ပြန်လာမှာပဲ ခဏလေးစကား

ပြောရအောင်’ ဟုလည်း တိုးတိုးဆိုသည်။ ‘ပြောနေရသားပဲ’ ဟု နွယ်က အကြောင်းပြပါသေး၏။မောင်ကတော့ နွယ့်ကို ရိုးသားလှသည်ဆိုကာ သနားသည်တဲ့။ ဒါပေမယ့် နွယ် မောင့်အလို လိုက်ခဲ့မိသည်ကို နွယ့် ကိုယ်နွယ် သိသည်။

သည်တုန်းက မောင်သည် နွယ့်အပေါ် ကြင်လည်း ကြင်နာ၍ ယုလည်း ယုယခဲ့လေ၏။ နွယ့်ဆံပင် ရှည်ရှည်လေးများကို ပွတ်သပ် ချော့မြူကာ အေးချမ်းသော အနမ်းမြမြကိုသာ ပေးခဲ့လေသည်။ သည် အတွက်လည်း မောင့်ကို ကျေးဇူးတင်မိရသေး၏။ မိန်းကလေး တို့၏ ဘဝသည် ချစ်သူနှင့် တွေ့လျှင် ထိန်းသိမ်းရ ခက်ခဲပါဘိ။ အနာဂတ်ဘဝကို တစ်ခဏတွင် ဖျက်ဆီးတတ်သူမျိုးနှင့်တွေ့က မခက်ပါလား။

‘နွယ် ဘာမှ အားမငယ်နဲ့နော်၊ နွယ့်ဘက်က မောင်အမြဲရှိနေ မယ်၊ နွယ့်ကို တွေ့တွေ့ချင်း ချစ်စရာလေးဆိုပြီး ချစ်ခဲ့ပေမယ့် နောက်တော့ နွယ့်အမူအရာလေးတွေ ကြည့်ခဲ့ရတာ မောင် သိပ်သနား တယ်ကွယ်၊ ဒါကြောင့် ချစ်ခဲ့မိတာပါ’

မောင် ဘာတွေပဲပြောပြော နွယ်ကတော့ အကြွင်းမဲ့ ယုံကြည် ပြီးသားပင် ဖြစ်လေသည်။

ယခုတိုင် ပြန်တွေးလျှင် မောင့်ဘက်က အလွန်မရှိဟု မဲပေးမိဆဲပင်ဖြစ်၏။ တစ်နှစ်ကျော်ကျော် အဆက်အသွယ်မပြုဘဲ ထားခဲ့မိသည်ဆိုတော့လည်း မောင်တစ်ယောက် မျှော်လင့်ချက်မရှိ သော အရာကို စောင့်နေသလို ဖြစ်ခဲ့ရပေမည်။ အို အဲသည်တုန်းက မောင့်ဆီကို စာတွေ ရေးရေးပြီး ဘာ့ကြောင့် မထည့်ခဲ့မိပါလိမ့်၊ ဘာကြောင့် မထည့်ခဲ့မိပါလိမ့်။

‘မူးလိုက်တာ မူးလိုက်တာ မသန်းခင်ရယ်’

မောင့်အကြောင်း တွေးရ၍ မူးသည်လား၊ လှိုင်းကြောင့်ပင် မူးသည်လားတော့ မသိ။ စက်လှေကမူ လှိုင်းလုံးကြီးများ အကြား တိုးဝင်နေဆဲဖြစ်သည်။

'ဟင် မသန်းခင်၊ ကျွန်းတွေလဲ မမြင်တော့ပါလား၊ ပင်လယ်ပြင် ကြီး ဖြစ်သွားပြီနော်'

'မကြောက်ပါနဲ့ နွယ်ရဲ့၊ ပင်လယ်ပြင်ကြီးထဲက သွားတာ မဟုတ်ပါဘူး၊ သဘော်နဲ့မှ ပင်လယ်ထဲက သွားတာ၊ အဲဒါဆို ကမ်း မမြင်လမ်းမမြင်ကြီး သွားရတာ'

'လှိုင်းသာ မမူးဘူးဆိုရင်တော့ ပျော်စရာကြီးနေမှာနော်'

တကယ်တော့ လူ့ဘဝလည်း ဒီလိုပါပဲ၊ ခက်ခဲကြမ်းတမ်းမှုသာ မရှိလျှင် ဘယ်လောက် နေချင်စရာအတိ ဖြစ်လာမလဲ။ မိုးသည် ပါးချည်တစ်ခါ သည်းချည်တစ်လှည့်ဖြင့် ကလူကျီစယ်နေလေသည်။ လှေဝမ်းထဲတွင်မူ ချမ်းချမ်းနှင့် ကွေးနေကြသဖြင့် တုတ်တုတ်မျှ မလှုပ်ကြ။ တစ်ခါတစ်ရံ စက်လှေနံဘောင်ကို မှီကာ သီချင်းဟစ်လာ သော လူငယ်အချို့၏ အသံကိုသာ ကြားရမည်။ မိုးကြားလေကြား မှပင် အိုးသူကြီးသည် ညစာထမင်းချက်ရန် ပြင်ဆင်ပြန်လေပြီ။

မည်သို့သော အခြေအနေကို ရောက်ရောက် ခရီးဆုံးအောင် တော့ ဆက်ရဦးမည်သာ။

*

# ၄

ကောင်းကင်ပြင်သည် တစ်စတစ်စ မှောင်၍လာ၏။ စက်လှေတွင်း ဝယ် နီကျင်သော မီးသီးများကို ထွန်းစပြုသည်။ ပြင်ပကမ္ဘာကို အမှောင်ထု ကြီးစိုးလေပြီ။ ပြာသော ကောင်းကင်နှင့် လှိုင်းတို့ဖြင့် ပြည့်နှက်နေသော ရေပြင်သည် အမှောင်ထုဝယ် မှေးပျောက်စပြု၏။ လှိုင်းရိုက်သံတို့သည် ပိုမိုကျယ်လောင်စွာ မြည်ဟည်းလာကြသည်။ ညသည် တိတ်ဆိတ် လာသည်နှင့်အမျှ မိုးသံနှင့် လှိုင်းသံတို့သာ တဖြည်းဖြည်း လွှမ်းမိုးလာလေသည်။ လှေဦးက လှိုင်းကို ကျော်လိုက်ပြီး ပြန်ကျသည့်အခါ ဝုန်းခနဲ မြည်သွားပြီး ရေများ ဖွာထွက်သွားသံသည် ရှဲခနဲ မြည်သွားလေသည်။ ညဥ့်မှောင်လာသည်နှင့်အမျှ လှေနားမှ ရေလှိုင်းရေပွားများသည် ဖွေးခနဲ ဖွေးခနဲ ဖြစ်သွားလေသည်။

လှိုင်းမူး၍ ညစာမစားနိုင်သဖြင့် ရင်သည် တလှပ်လှပ်တုန်၍ လာသည်။ ချမ်းစိမ့်လာသဖြင့် စောင်ကို တင်းတင်းခြုံထားသော်လည်း အအေးဒဏ်ကို မခုခံနိုင်။ အိပ်ပျော်အောင် ကြိုးစားသော်လည်း မရ။ အမိုးပေါ်သို့ မိုးစက်များ ကျသံသည်လည်း စည်းဝါးမှန်မှန်

မြည်ဟည်း၍နေသည်။ တစ်ညတာကား ကုန်လွန်ခဲ့ပါဘိ။ မိုးလင်းပြီ ထင်၍ နာရီ ကြည့်လိုက်တိုင်း တစ်နာရီပင် မကုန်သေးသည်ကို တွေ့တွေ့နေရသည်။ အချိန်သည် ကုန်စေချင်လေ ကုန်ခဲလေဖြစ်၍ နေလေသည်။

'မသန်းခင်ရယ် ဒီလိုပဲ အမြဲသွားနေတာ မကြောက်ဘူးလား ဟင်၊ ဒီလိုမှန်းသာသိရင် နွယ် မလိုက်ခဲ့ဘူး'

'သွားနေကျတော့လဲ ဘယ်ကြောက်တော့မလဲကွယ်၊ ကြောက်လို့လဲ မထူးဘူးလေ၊ ကိုယ့်အလုပ် ဖြစ်နေပြီပဲဟာ'

'နွယ်တော့ အပြန်မှာ ဒီခရီးကြီးကို ပြန်လာရမှာတောင် ကြိုတွေးပြီး စိတ်ညစ်တယ်'

'လေယာဉ်လမ်း ဖွင့်ရင်တော့လဲ အကောင်းသား'

ကော့သောင်သို့ လေယာဉ်မဆင်းသည်မှာ ကြာပြီ။ ဖေဖေတို့ တာဝန်အရ ရောက်ဖူးစဉ်ကတော့ လေယာဉ်နှင့် သွားခဲ့ရပေသည်။ ထို့ကြောင့်လည်း ဖေဖေက စက်လှေခရီးကြမ်းကို မမှန်းမိဘဲ နွယ့်ကို လွှတ်လိုက်ခြင်းဖြစ်ရာ၏။ သည်လိုသာ မိုးထဲလေထဲ သွားရမည်ကို သိလျှင် ဖေဖေ စိတ်ပူပေမည်။ အမိအဖ ညီအစ်ကို မောင်နှမတို့၏ မေတ္တာကြောင့် ဘေးမသီ ရန်မခ ရောက်ရပါလို၏ဟု စိတ်တွင်းမှ ဆုတောင်းရင်း အိပ်ပျော်ရန်ကြိုးစားမိပြန်သည်။ အိပ်မပျော်သော်လည်း မျက်စိကို မဖွင့်တမ်း မှိတ်ထားလိုက်လေသည်။

စက်လှေပေါ်တွင် ဟင်းစားအလို့ငှာ ချည်လာသော ကြက်များက သဘာဝကို မလွန်ဆန်နိုင်ဘဲ တွန်လိုက်ကြ လေသည်။ အပြင်ကို လှမ်းကြည့်မိသော် နေရောင်ခြည်ပျို့ပျို့ကို ဝမ်းမြောက်စဖွယ် မြင်ရသည်။

'မိုးလင်းတော့မယ်နော် မသန်းခင်၊ ဘယ်အချိန်ရောက်မှာလဲ ဟင်'

'ဆယ့်တစ်နာရီလောက်ဆို ရောက်မှာပါ'

'အမယ်လေး အဝေးကြီးလိုပါသေးလား'

မိုးစဲသော်လည်း လှိုင်းက လျော့မသွား။ လှေသည် လူးမြဲ လူးလျက်သာ။ စက်လှေဦးပိုင်းမှ နံနက်စာ လက်ဖက်ရည်ကို ဝေနေလေသည်။

'နွယ် လက်ဖက်ရည်သောက်မလား'

'ဘာမှ မစားချင်ပါဘူး မသန်းခင်ရယ်၊ အန်ချင်လွန်းလို့'

တကယ်ပင် မူးလွန်း၍ နွယ်သည် အန်ချပစ်လိုက်ရသည်။

'ဟော မနွယ် လှိုင်းမူးနေပြီလား၊ ကျွန်တော်တို့ဆီမှာ ဆေးပါတယ်၊ သောက်လိုက်ပါလား'

မနေ့ကတွေ့သော စက်လှေပိုင်ရှင်သား ဆိုသူသည် လှေအပေါ်ထပ်မှ ဆင်းလာကာ နွယ့်ကို ဂရုတစိုက် မေးလာသည်။

'နေပါစေရှင်'

မသန်းခင်ကမူ မနေနိုင်၍ 'ရှိရင်ပေးစမ်းပါရှင်' ဟု ကြားမှ ဝင်ပြောလိုက်သည်။ နွယ်ကမူ မျက်ရည်စလေးများဝဲလျက် နေရာတွင် အသာပြန်လှဲနေမိသည်။ လှိုင်းများကား တဝုန်းဝုန်း ခုံနေဆဲတည်း။

'နွယ်ရေ ရှူဆေးလေး ရှူလိုက်ဦး၊ ရောက်တော့မှာပါ၊ လှမ်းမြင်နေရပြီ'

မသန်းခင်၏ အားပေးစကားကြောင့် မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ ရောက်တော့မှာပါ ဆိုသော်လည်း ဘယ်ဆီဘယ်ဝယ် မျှော်မှန်း၍ မရသေး။

'နွယ် သက်သာပြီလား'

ပိုင်ရှင်အုပ်စုသည် လှေဖိုးငွေတောင်းရန် ရောက်လာကြလေသည်။ သူတို့တွင် အမည်စာရင်းပါသည်မို့ စက်လှေခ တစ်ယောက်

ငါးဆယ်ကျပ်ကိုယူပြီး စာရင်းမှတ်နေကြသည်။ နွယ်နှင့် မသန်းခင်ကိုမူ သူတို့က ကျော်၍သွားသည်။

'မသန်းခင် ပိုက်ဆံပေးလိုက်လေ'

ထိုသူက လက်ကာ၍ ပြသွားလေသည်။ မသန်းခင်ကမူ ငွေတစ်ရာသက်သာလည်း နည်းလားဟု သဘောထားပုံဖြင့် ကျေးဇူးတင်စကားပင် ပြောလိုက်လေသည်။

'တကယ်ရောက်တော့မယ် နွယ်ရေ့၊ မြင်နေရပြီ'

မြန်မာပြည်၏ တောင်ဘက်အစွန်ဆုံးမြို့အဖြစ် နာမည်ထင်ရှားသော ကော့သောင်ဆိပ်ကမ်းကို လှမ်း၍ မြင်ရစပြု၏။ ကုန်းပြင်မို့မို့၏ ကမ်းခြေဘက်တွင် လှေငယ်များ ဆိုက်ကပ်ထားသည်။ စက်လှေဆိုက်ခါနီးမို့ လာကြိုသူများနှင့် အလုပ်သမားများ ဆင်း၍စောင့်နေကြလေသည်။

လှေဦးသည် တရွေ့ရွေ့ ကမ်းသို့ ကပ်လာ၏။ စက်လှေပေါ်မှ မိုးထားသော အမိုးကို ခွာချလိုက်သည်။ နေခြည်နွေးနွေးက ကျရောက်လာသည်။ လှေပေါ်မှ လူများသည် ပင်ပန်း နွမ်းနယ်နေကြသဖြင့် မျက်နှာပြင်တွင် အဆီတဝင်းဝင်း ဖြစ်၍နေလေသည်။ ကမ်းပေါ်သို့ တက်သည်နှင့် ကိုယ့်ပစ္စည်းများကို ကိုယ်သယ်ချကြသည်။ မသန်းခင်က နွယ့်အဝတ်အိတ်ကိုဆွဲကာ နွယ့်ကို တွဲ၍ခေါ်သည်။

'မသန်းခင် ငရုတ်ခြင်းတွေကကော'

နွယ်က ပူပင်စွာ မေးမိ၏။

'နောက်မှ ဖြည်းဖြည်းချတာပေါ့နွယ်၊ လာလာ'

ဆိပ်ကမ်းမှနေ၍ မြေနီလမ်းအတိုင်း ကုန်းမြင့်မြင့်ဆီသို့ အားယူ တက်ခဲ့ပေသည်။

ဤမှာဘက်ကား မြန်မာပြည်၏ ပိုင်နက်ပေတကား။

\+ \+ \+

ပိတောက်ပင်ကြီးများသည် အေးမြသောအရိပ်ကို မိုးပေးလျက် ရှိလေသည်။ ရာသီဥတုသည် နေကောင်းရုံမျှ အေးမြမြ ဖြစ်၍ နေသည်။ မိုးသေးမိုးဖွဲလေးများ တစ်ခါတစ်ရံ ကျရောက်လာတတ်သည်။ မြေနီလမ်းလေးသည် သိပ်သည်းကျစ်လျစ်လျက်ရှိသည်။ မြို့အသွင်သည် အေးချမ်းဆိတ်ငြိမ်၍ နေလေသည်။ တစ်ခုတည်းသောလမ်းမကြီးသည် ကုန်းမြင့်ဆင်ခြေလျှောအတိုင်း မြို့ကိုပတ်၍ ထားသည်။ ဘတ်စ်ကားများ ပြေးလျက်ရှိသည်။

ကော့သောင်ဈေးသည် တစ်ဘက်ကမ်းမှလာသော အဝတ်အထည်၊ ပစ္စည်းကိရိယာတို့ဖြင့် စည်ကား၍နေလေသည်။ ဟင်းသီးဟင်းရွက် သားငါးကမူ ရှားပါးလှသည်။ တစ်ဘက်ကမ်းသို့ ကူးသောလှေဆိပ်တွင် ကူးတို့ပွဲချိတ် စက်လှေများ စောင့်ဆိုင်း၍နေသည်။

'နွယ်ရေ၊ ငွေသွားလဲရအောင်'

မသန်းခင်က သူတို့တွင် ပါသမျှငွေများကို ထိုင်းဘတ်ငွေနှင့် လဲလှယ်ရန် ယူဆောင်သွားသည်။ သည်ဘက်ကမ်းမှာတော့ ငွေ လဲစားသူကပင် စီးပွားဖြစ်၍ နေသည်။ ငွေလဲလှယ်နှုန်း ကလည်း တက်ဈေးကျဈေး ရှိသည်။ သည်ဘက်မှ စားသောက်ကုန်နှင့် ပဲလို၊ ရာဘာလိုပစ္စည်းများ တစ်ဘက်သို့ အရောက်များလျှင် ဘတ်ဈေးကျသည်တဲ့။ ပစ္စည်းအရောက်နည်းလျှင် ဘတ်ဈေးတတ်သည်တဲ့။ တကယ်တော့ ကိုယ့်ဘက်မှ သဘာဝထွက်ကုန် ပစ္စည်းများနှင့် သူတို့ဆီမှ လူသုံးကုန် အဝတ်အထည်များကို လဲယူရခြင်းဖြစ်၏။ ငွေကို တရားဝင်ထက် မတန်တဆ တိုး၍ပေးကာ လဲရသဖြင့် ကိုယ့်နိုင်ငံဘက်ကပင် နစ်နာရပေသည်။

'အင်း မှောင်ခိုဆိုတာ တိုင်းပြည်နစ်နာတာပဲနော်'

နွယ့်စိတ်မှ မရဲတရဲ တွေးကြည့်သည်။ ရဲရဲတွေးလျှင်တော့ ကိုယ်သည်လည်း တရားခံတစ်ယောက်ပင် မဟုတ်ပါလား။ သို့သော်

စိတ်ကို ကြိုးစား၍ ဖြေကြည့်သည်။ နွယ်တို့မသိသော မှောင်ခိုလုပ်ငန်းကြီးများသည် သည်နယ်တစ်ဝိုက်တွင် ဝါးမျိုလျက် ရှိလေသည်။

'၁၂၇ ကျပ်ဈေး ပေးခဲ့ရတယ် နွယ်ရေ'

အစိတ်တန်တစ်ထုပ်ကြီးကိုင်သွားသော မသန်းခင်တစ်ယောက် သိပ်သည်းကျစ်လျစ်သော ထိုင်းငွေ အနည်းငယ်ကို ကိုင်ကာ ပြန်လာသည်။ သူတို့ငွေ ၁၀၀ ကို မြန်မာငွေ ၁၂၇ ကျပ်ပေးကာ လဲခဲ့ရသည်။ ထိုင်းဘုရင့်ရုပ်ပုံလွှာပါသော ငွေစက္ကူလေးများကား ငါးရာတန်၊ တစ်ရာတန်၊ ငါးဆယ်တန် စသည်ဖြင့် အမျိုးစုံလှသည်။

'ကဲ နွယ်ရေ၊ ဟိုဘက်ကူးဖို့ လက်မှတ်ရပြီ လာ'

နွယ်တို့တည်းခိုသောအိမ်မှ အစစအရာရာ ကူညီဆောင်ရွက်ပေးသဖြင့် အဆင်ပြေ၍ နေသည်။ တစ်ဘက်ကမ်း၊ သူတို့အခေါ် ရှမ်းကမ်းဘက်ကူးဖို့ ပုံစံဖြည့်ရသည်။ နေ့ချင်းပြန်အလည်အပတ်သွားမည်ဆိုလျှင် သွားခွင့်ရှိသည်။ နွယ်တို့ လှေဆိပ်သို့ ဆင်းလာချိန်တွင် မိုးသားကင်း၍ သာယာလျက် ရှိလေသည်။ ရနောင်းဘက်ကမ်းကို လှမ်း၍ မြင်နေရသည်။ သဘာဝအားဖြင့်တော့ တိုင်းပြည်တစ်ပြည်နှင့် တစ်ပြည်သည် ရေချင်းမြေချင်း ဆက်နေကြသည်သာ။

'မြန်မာငွေလား ရှမ်းငွေလား'

ကူးတို့လှေသမားက မေးသည်။ အသားညို၍ ရှမ်းဘောင်းဘီရှည်ကို ဝတ်ထားသော သူ့အသွင်သည် မြန်မာနှင့် ဆင်သော်လည်း သူသည် မြန်မာမဟုတ်၊ ထိုင်းရှမ်းသာ ဖြစ်၏။ မျက်နှာထားက ချို၍ ခင်မင်ဖွယ် အပြုံးကို ဆောင်ထားသည်။

'ရှမ်းငွေပေးမယ်လေ၊ အပြန်လဲ စောင့်ခေါ်'

တစ်ယောက်လျှင် ထိုင်းငွေတစ်ဆယ်နှုန်းဖြင့် လှေပေါ်တွင် လူပြည့်အောင် စောင့်သည်။ တစ်ဘက်ကမ်းသို့ စထွက်ချိန်တွင်

နေထွက်၍ နေပြီ။ နေရောင်ခြည်အောက်တွင် ရေလှိုင်းများလူးလွန့်နေပုံမှာ ရှုချင့်စဖွယ် ပန်းချီကားတစ်ချပ်ပမာ ဖြစ်၍နေလေသည်။

'သည်ဘက်က ကျွန်းတွေက မြန်မာပိုင်ပဲ၊ ဟိုမှာ မြင်ရတဲ့ ကျောက်တိုင်လေးဟာ ဝိတိုရိယအငူပေါ့၊ ဟိုးရှေ့က မြင်ရတဲ့ ကျွန်းကိုတော့ မြန်မာတစ်ဝက် ထိုင်းတစ်ဝက်ပိုင်တယ်'

လှေပေါ်တွင် ပါလာသော မြို့ခံ လူတစ်ဦးက ရှင်းပြသည်။ သည်မှာဘက်တွင်တော့ နှစ်ပြည့်တစ်ပြည် ကူးလူး၍ နေကြသည်။ ဟိုဘက်ကမ်းမှာ ဈေးသွားဝယ်သည်၊ ရုပ်ရှင်ကြည့်သည်၊ ညကလပ်သွားသည်၊ အရက်သောက်သည်။ သည်ဘက်မှာ ဆိတ်ငြိမ်သမျှ ဟိုမှာဘက်တွင် ပျော်စရာ ရွှင်စရာစုံသည်။ စည်ကားသည်။

ပဲ့ချိတ်လှေသည် လှိုင်းအိမ်များကြားတွင် အလိုက်သင့် မြောက်ကာ မြောက်ကာ ပြေးလွှားနေသည်။ လှေသည် တိမ်းလုလု။ နွယ်က ကြောက်၍ လှေနံကို တင်းတင်းဆုပ်ကာ မျက်နှာလေးငယ်နေသမျှ လှေသမားလေးက သဘောကျစွာ ရယ်နေသည်။ အေးအေးဆေးဆေး လေကလေးပင် ချွန်နေသေးတော့။ 'ဘာမှ မဖြစ်ရ' ဟု အားပေးသည်။

တစ်ဘက်ကမ်း ရောက်အောင် ပင်လယ်လှိုင်းများကြားတွင် နာရီဝက်မျှ ကူးလာခဲ့ရလေသည်။ ရနောင်းမြို့လေးနား နီးလာလျှင်ပင် စိုပြည် လန်းဆန်းသော ပန်းမန်လေးများဖြင့် ချစ်စဖွယ် အိမ်လေးများကို မြင်ရသည်။ လှေဆိပ်မရောက်ခင် လူဝင်လူထွက် ဌာနသို့ လှေဆိုက်ကာ သတင်းပေးကြရသည်။ မြို့ဝင်ကြေး တစ်ဆယ်ကိုလည်း ပေးကြရလေသည်။

ရနောင်းဆိပ်ကမ်းတွင် လှေကြီးလှေငယ်တို့ စုဝေးဆိုက်ကပ်လျက်ရှိသည်။ မြန်မာပြည်နှင့် ပတ်သက်၍ သူတို့ဘက်မှာ စီးပွားဖြစ်ထွန်းလျက်ရှိဟန်တူပေသည်။ လှေဆိပ်မှမြို့တွင်းသို့ ပြေးဆွဲလျက်

ရှိသော ဒတ်ဆန်းဘတ်စ်ကားလေးများက အဆက်မပြတ် ရှိနေသည်။ စီးမည့်သူကိုလည်း စိတ်ရှည်စွာ စောင့်၍ ခေါ်ကြသည်။ ဘတ်ငွေငါးမူးမျှဖြင့် မြို့တွင်းသို့ သက်သက်သာသာ သွားရသည့်အတွက်တော့ ကျေနပ်သလိုလိုဖြစ်ရသည်။ မြန်မာနှင့်ဆင်သော ရှမ်းအမျိုးသမီးများသည် ထဘီနှင့် ဘလောက်စ်အင်္ကျီကို ဝတ်ဆင်ကာ မော်တော်ဆိုင်ကယ်ကိုလည်း စီးလေ့ရှိကြလေသည်။

နယ်စပ်မြို့လေးဆိုသော်လည်း ကတ္တရာလမ်းမကြီးက ဖြောင့်ဖြူး၍ နေလေသည်။ နွယ့်အတွက်တော့ မရောက်ဖူးသည့် ဒေသဖြစ်၍ တဒင်္ဂမျှ အသစ်အဆန်းများကြားဝယ် ပျော်မွေ့၍သွားသည်။ ရနောင်းမြို့၏ ဈေးတန်းသည်လည်း စည်ကားလှပါဘိ။ လမ်းမတစ်ဘက်တစ်ချက်ဝယ် ဆိုင်ခန်းများက စီတန်း၍ နေသည်။ အထည်ဆိုင်၊ နာရီဆိုင်၊ ပရိဘောဂဆိုင်၊ အိုးခွက်ကိရိယာဆိုင် စသည်ဖြင့် သီးသန့်ဆိုင်ခန်းကြီးများ ဖွင့်ထားလေသည်။ ရုပ်ရှင်ရုံနှင့် စားသောက်ဆိုင်များကလည်း အတူတကွ ရှိနေသည်။

မသန်းခင်က နွယ့်ကို ရှေ့မှ ဦးဆောင် ခေါ်သွားလေသည်။ သူ့ဖောက်သည် ဆိုင်တစ်ဆိုင် အတွင်းသို့ ဝင်သွားတော့ နွယ်မှာ အံ့သြရသည်။ ဆိုင်နာမည်က မြန်မာနာမည်။ ဆိုင်ရှင်ကလည်း မြန်မာ။ မြန်မာပြည်မှ လာရောက်ဆိုင်ဖွင့်နေသည်ဆိုပဲ။ သူ့ဆိုင်မှာတော့ ကလေးအင်္ကျီ၊ ပါတိတ်လုံချည်နှင့် ခြင်ထောင် အိပ်ရာခင်းများ အစုံရနိုင်လေသည်။

'လေယာဉ်မောင်က ဈေးကောင်းတယ်၊ လေယာဉ်မောင်များများဝယ်သွားမှကိုက်မယ်'

လေယာဉ်မောင်ပိတ်များကို အလိပ်လိုက်ထောင်ကာ ရောင်းနေသူကား မြန်မာစကား ကျွမ်းကျင်သော အိန္ဒိယအမျိုးသား တစ်

ယောက်ဖြစ်ပေသည်။ သူ့ဆီတွင် မြန်မာငွေနှင့်ဝယ်လျှင်လည်း ရသည်။ သူက ဈေးတော့ နည်းနည်းပိုယူမည်။

လေယာဉ်မောင်ရောင်စုံပိတ်အုပ်ကြီးများကား မြန်မာအမျိုးသမီးတို့အတွက် သီးခြား ထုတ်လုပ်ထားဟန်ပင် ရှိတော့သည်။ ရောင်စုံကို စိတ်ကြိုက် အုပ်လိုက်လိုသမျှ ဝယ်နိုင်သည်။ ဈေးကလည်း ရန်ကုန်ဈေးနှင့်ဆိုလျှင် နှစ်ဆမက သက်သာသည်။ နွယ်က ကြိုက်သည့်အရောင်ကို လက်ညှိုးထိုးကာ ပြနေမိသည်။

'အရောင်ရင့်က ဈေးကောင်းတယ် နွယ်ရဲ့၊ ဟောဒီ ကရိလာရောင်ဆိုတာ အခု ရန်ကုန်မှာ လူကြိုက်များလို့ ဈေးကောင်းရတယ်၊ တစ်ရောင်ကို တစ်လိပ်စီယူ၊ ပါတိတ်ဝယ်ဖို့လဲ ချန်ထားမှ'

လိုချင်သည့်အရောင်ကို ပြောထားခဲ့၊ သူတို့ ထုပ်ပိုးထားလိုက်မည်ဟု ဆိုသည်။ ဈေးတန်းတစ်လျှောက် ထွက်လာတော့ ပါတိတ်လုံချည် ရောင်းသည့်ဆိုင်ကြီးကို ရောက်ပြန်သည်။ ပါတိတ်များကို ဆယ်ထည်စီတွဲကာ ချည်နှောင်၍ ထားလေသည်။

'တစ်ထည်ချင်းတော့ ရွေးလို့မရဘူး၊ အစည်းလိုက်ယူ'

သည်မျှ များပြားသော အဝတ်အထည်တွေသည် သူတို့မြို့လေးအတွက်မဟုတ်။ မြန်မာပြည်အတွက် သီးသန့်ရည်ရွယ်ကာ ဖွင့်ထားခြင်း ဖြစ်ရပေမည်။ ဗန်ကောက်မြို့မှ ကားဖြင့် မပြတ်သယ်ဆောင်လာသော အထည်စများသည် မြန်မာပြည်အနှံ့သို့ပင် ရောက်စေသည်တကား။

အထည်အလိပ်များကိုဖြေကာ စနစ်တကျ ခေါက်ပြီး စက္ကူပုံးများတွင် သိုသိပ်စွာ ထည့်၍ ပေးသည်။ ပစ္စည်းကိရိယာ စုံလှသော ဈေးတန်းတစ်လျှောက်ကို လျှောက်၍ပင် အားမရချင်။ ညီမငယ်များမှာသော ပစ္စည်းလေးများကို အနည်းအကျဉ်း မျှတရုံ ဝယ်သည်။ အရေးကြီးသည်က ရောင်းဖို့နှင့် အမြတ်များများရဖို့။

တစ်ခေါက်ရောက်သွားလျှင်တော့ လောဘဇောကို သတ်နိုင်ဖို့ မလွယ်ချေ။ နိုင်သမျှဝယ်ပြီးချိန်တွင် ညနေပင်စောင်း၍နေပြီ။

'ကဲ သဘောကျနေပြီလား နွယ်၊ နောက်နေ့မှ တစ်ခေါက်ကူးတာပေ့ါ၊ တော်ကြာ ရေကျသွားရင် သောင်တင်နေမယ်ပြန်ကြစို့'

ပစ္စည်းဇောကပ်နေသော နွယ့်ကို မသန်းခင်က ပြန်ခေါ်နေရပေပြီ။ သည်အတိုင်းဆိုလျှင် ပါလာသည့် ငွေနှင့် လောက်မည်မထင်။ ကော့သောင်တွင် ငွေတိုးပေး၍ ဆွဲသင့်က ဆွဲရဦးမည်။ သည်တစ်ခေါက်တည်းနှင့်ပင် အိမ်အတွက် အတော်စုမိဆောင်းမိနိုင်ကောင်း၏။ ဖေဖေ့အတွက် ဆေးဝါးလည်း ဝယ်သွားရမည်။ မောင်နှင့်သာ အဆင်ပြေကြဆဲဆိုပါက မောင့်ဖို့ တစ်ခုခုတော့ဝယ်မိမည်ပင်။

အပြန်၌ လှေတစ်စင်းလုံး နွယ်တို့ ပစ္စည်းဖြင့်ပင် ပြည့်လေသည်။ အပြန်ခရီးကား ရေကျလာသဖြင့် လှိုင်းပို၍ ကြီး၏။ ယခုတော့ အနာဂတ်အတွက် လောဘဇောတက်နေသဖြင့် လှိုင်းကိုပင် မကြောက်နိုင်။ ဖြစ်လာနိုင်သည့် အန္တရာယ်ဟူသမျှကို ခေတ္တအားဖြင့်တော့ မေ့သွားမိလေသည်။

\+ \+ \+

လေယာဉ်မောင်ပိတ်များကို ၁၀ ကိုက်စီဖြတ်၍ အခြားပစ္စည်းများနှင့် ရောနှောထည့်ရသည်။ အချို့ကို အိပ်ရာလိပ်ထဲ ထည့်၍ ယူရန် စီစဉ်ရသည်။ ပလတ်စတစ်ပစ္စည်းနှင့် ရေကူးဘောင်းဘီများ၊ ရာဘာဖိနပ်များကတော့ ကိစ္စမရှိ။ အဖမ်းအဆီးရှိလျှင် အထည်များကိုသာ ဖိ၍ဖမ်းတတ်သည်။ ပါတိတ်လုံချည်များကို အထက်ဆင် တပ်သည်ကို တပ်၍ ကွင်းလိုက် ချုပ်သည်ကို ချုပ်ရ၏။ အမြန်ဆုံး ပြန်ထွက်မည့် စက်လှေနှင့် လိုက်နိုင်ရန် ပြင်ဆင်ရလေသည်။

'ဝယ်တာကတော့ ဟုတ်ပါရဲ့ မသန်းခင်ရေ၊ မြိတ်အတက်မှာ ကပ်စတမ်ကရှာရင် ဘယ်လိုလုပ်ရပါ့'

'ကိုယ်က မျက်နှာစိမ်းပဲ နွယ်ရယ်၊ တစ်ခေါက် တလေ အလည်လာရင်း ဝယ်လာတာပါလို့ ပြောပေါ့၊ သူတို့က ကုန်သည် တွေမှန်းသိမှ ပိုရှာတာပါ'

'ရင်ထိတ်စရာပါပဲ မသန်းခင်ရယ်'

အပြန်ခရီးအတွက် တွေးကာ ကြိုတင် ရင်လေးနေမိလေသည်။ ဈေးငှားသည့်ငွေနှင့်ဆိုလျှင် ငွေ လေးထောင်ဖိုးခန့် ဝယ်ပြီး ခြမ်းပြီး ဖြစ်နေသည်။ မတော်တဆများ မိသွားလျှင် ခက်ရချည့်။

'ပူမနေပါနဲ့ နွယ်ရယ်၊ ကိုယ်က နည်းနည်းပါးပါးလုပ်တဲ့ဥစ္စာ'

'အို၊ မသန်းခင်ကလဲ ကိုက်နှစ်ရာလောက်ပါတာ နည်းလား'

မသန်းခင်က နွယ့်ကိုကြည့်ကာ ရယ်သည်။

'သူများတွေဆို ထောင်နဲ့ချီပြီး သယ်နေကြတာ နွယ်ရဲ့'

'ဟင် ဘယ်လိုလုပ် သယ်ကြသလဲ၊ ကပ်စတမ်က မဖမ်းဘူး လား'

'ကပ်စတမ်က စက်လှေဆိုက်ဆိုက်ချင်း တက်လာတဲ့သူတွေကို ရှာတာပဲ၊ စက်လှေထဲက မချဘဲ ဖြည်းဖြည်းမှ ထုတ်ယူတဲ့ လူတွေ ရှိတာပေါ့ နွယ်ရယ်'

'အဲဒီလို ယူတော့ကော မတွေ့ဘူးလား'

'ဒီလောက်တော့ မီးသေအောင် လုပ်ထားတာပေါ့ နွယ်ရာ၊ ခက်ပါသော်ကော'

နွယ့်မှာကတော့ ဝယ်ပြီးခါမှ ရင်တုန်ပန်းတုန် ဖြစ်လှပြီ။ မြတ်လိုဇောဖြင့် ဝယ်ပြီးကာမှ တစ်စုံတစ်ခုများ ဖြစ်လျှင် ရှက်စရာ ကောင်းလှချည့်ရဲ့ဟု တွေးပူမိသည်။ ဖေဖေသိလျှင်လည်း ကြိုက်မည် မဟုတ်။ သို့သော် တွက်ကြည့်တော့လည်း ငွေက မက်စရာ။

လေယာဉ်မောင်က တစ်ကိုက်ကို သည်မှာ ၁၅ ကျပ်လောက်ပဲ ကျသည်။ မြိတ်ရောက်လျှင် အားလုံး ဖောက်သည်ဈေးနှင့် ပေးဦးတော့ အနည်းဆုံး ၂၅ ကျပ်လောက်ရမည်။ ငွေနှစ်ထောင်လောက် မြတ်မည်။ ပါတိတ်လုံချည်ကလည်း မြတ်ဦးမည်။ အခြားပစ္စည်းအတို အထွာလေးတွေလည်း ပါသေးသည်။ သည်တော့လည်း မက်စရာ။

ပထမဆုံးပြန်ထွက်မည့် စက်လှေနှင့် ထွက်နိုင်ရန် ကြိုးစားရပြန်သည်။ ကော့သောင်တွင် ကြာကြာသောင်တင်နေ၍ မဖြစ်။ ကံကောင်းထောက်မ၍ နှစ်ညသာအိပ်ရပြီး ပြန်ထွက်မည့် စက်လှေနှင့် ကြုံသည်။ ပြန်မည့်ညကလည်း လမ်းခရီးအတွက် စိုးရိမ်စိတ်ဖြင့်အိပ်မပျော်ပြန်ပေ။

'နွယ်သာ မှောင်ခိုအမြဲလုပ်စားရင် ရူးမှာပဲ'

သို့သော် ဖြစ်ရာဘဝတွင် ဖြစ်သလို လုပ်စားရသူတွေ အကြောင်း နွယ် မသိသေး။

ကော့သောင်မှ ပြန်ထွက်သည့် စက်လှေသည် အလာတုန်းကထက် ကျပ်တည်းလှကာ ခြေချစရာပင် မရှိ ဖြစ်၍နေလေသည်။ လှေတစ်စင်းလုံး မှောင်ခိုပစ္စည်းတို့ဖြင့် ပြည့်နှက်၍ နေတော့သည်။ လှေဝမ်းထဲမှာရော အမိုးပေါ်မှာပါ ကြိုးများဖြင့် ဆွဲကာ တွဲလောင်းချည်ကာဖြင့် ဖြစ်သလို တင်ကြလေသည်။ အမိုး တာရပတ်တွင် ကြိုးတန်း၍ တွဲလောင်းချည်ထားသော ပစ္စည်းများပါ လှေလှုပ်သွားတိုင်း ယိမ်းထိုးလှုပ်ရှား၍ နေလေသည်။ လူတစ်နေရာစာ အတွက် မနည်း ရအောင် ကတ်သတ်၍ ထိုင်ရတော့သည်။

မှောင်ခိုလှေကြီးကား ကော့သောင်မှ တစ်စတစ်စ ခွာလာ၏။ မြန်မာ့မြေမှ သဘာဝ စားသောက်ကုန်နှင့် သယံဇာတပစ္စည်းများကို တစ်ဘက်နိုင်ငံသို့ ပို့ဆောင်ကာ မြန်မာပြည်အတွက် သီးသန့် ခပ်ပေါပေါ ပြုလုပ်ထားသော ပစ္စည်း အတိုအထွာလေးများကို

သယ်ဆောင်၍ ပြန်လည် ထွက်ခွာလာလေသည်။ မြန်မာအမျိုးသမီး အမျိုးသားတို့အတွက် အဝတ်အထည်ပစ္စည်းများမှာလည်း ပင်လယ်ကို ဆန်၍ တရွေ့ရွေ့ တက်လာခဲ့လေပြီ။ တိုင်းပြည်အတွက် မည်ရွေ့ မည်မျှ နစ်နာသည်ကို မတွေးအားတော့။ ပစ္စည်းစာရင်းကို စိတ်တွင်းမှ စိစစ်ကာ အမြတ်ငွေကိုသာ တွက်ချက်၍ နေမိလေသည်။

+ + +

အပြန်ခရီးကား ရာသီဥတုကြည်လင်လျက်ရှိလေသည်။ လေငြိမ်သဖြင့် လှိုင်းမထန်တော့။ မိုးသား မိုးရိပ်ကင်းသဖြင့် ပင်လယ်ပြင်သည် စိမ်းမြနေသည်။ ကျွန်းညို့ညို့လေးများသည် ပြာပြာလွင်လွင် ကောင်းကင်အောက်တွင် ငြိမ်သက်စွာ ဝပ်တွားနေကြသည်။ လှေဝမ်းသည် ပစ္စည်းများ အလေးချိန်ဖြင့် ရေပြင်တွင် တွား၍ တိုးဝင်နေရဟန် ရှိလေသည်။

ကျပ်တည်းလှသော တစ်ကိုယ်စာနေရာလေးများတွင် မလူးသာ မလွန့်သာ လဲလျောင်းရင်း ကောင်းကင်ပြင်ကို လှမ်းမျှော်ကြည့်ကာ အတွေးနယ်ချဲ့မိပြန်သည်။ အကယ်၍သည်တစ်ခေါက်သာ လွတ်လွတ် ကျွတ်ကျွတ်ဖြစ်လျှင် ညီမငယ်တွေ ကျောင်းစရိတ်အတွက် အနည်းငယ် စိတ်အေးရပြီ။ ဖေဖေ့ ဆေးဝါးခလည်း မပူရတော့။ နောက် အခေါက်တွေအတွက် ကိုယ်တိုင် လိုက်စရာမလို။ ခေါက်ပြန်ကြေး ပေးလိုက်လျှင် တစ်လစာစီတော့ ဖူလုံသည်။ အဆင်ပြေလျှင် လေးငါးခေါက်မှာမှ တစ်ခေါက်လိုက်ရုံသာ။ 'သည်တစ်ခေါက်တည်း' ဟု အစက ရည်ရွယ်ခဲ့သော်လည်း ယခုတော့ လမ်းစကို မြင်လာ သဖြင့် စိတ်က ပါချင်ချင်ဖြစ်လာသည်။

ကျောင်းသူဘဝကို ပြန်တွေးကြည့်တော့လည်း ယခုလို အဖြစ်မျိုးကို ယောင်၍မျှပင် စိတ်မကူးမိခဲ့။ မှောင်ခိုကုန်သည်ဟူသည်မှာ ချိုနဲ့လား၊ ကြောက်စရာပင်လား၊ ဆိုးသွမ်းညစ်ညမ်းနေသူတွေချည်းပဲ လားဟု မှတ်ထင်ခဲ့ဖူးသည်။ ယခုတော့လည်း သူလို ကိုယ်လို ငွေလို၍ လုပ်ကြရသူတွေပါလားဟု သဘောပေါက်လာရလေသည်။ ကိုယ်ချင်းစာနာမိရလေသည်။ နွယ့်အဖြစ်ကို မောင်သာသိလျှင်တော့ မည်သို့ မှတ်ချက်ချမည် မသိ။ အလွန်တရာ ကြောက်လည်း ကြောက်တတ်သော၊ စိုးရိမ်ပူပန်လည်း ကြီးတတ်သော၊ စိတ်ထားလည်း နုနယ်ထိခိုက်လွယ်သော နွယ့်လို မိန်းကလေးတစ်ယောက်က စွန့်စွန့်စားစား ပင်လယ်ခရီးကို မှောင်ခိုပစ္စည်းတွေနှင့် ကူးလာခဲ့သည်ကို မောင် ယုံမှ ယုံပါ့မလားမသိ။

ယခုဆိုလျှင် မောင် တကယ် မချစ်ပါဘူးဆိုသော မောင့်မိန်းကလေးနှင့် လက်ထပ်ပြီးကြပြီလား မသိ။ တကယ်တော့ နွယ့်စိတ်က ဆုံးဖြတ်ချက် ချပြီးပါပြီ ဆိုပေမယ့် မောင့်ရုပ်ပုံလွှာသည် နွယ့် နှလုံးသားတွင် အမြဲရှိနေလေသည်။ နွယ့် အတွေးတွင် မောင် အမြဲရှိနေလေသည်။

စက်လှေပေါ်တွင် လူအားလုံးသည် ငိုက်မြည်း၍ ပါလာလေသည်။ နွယ့်လိုပင် အနာဂတ်အတွက် တွက်ချက်၍ နေကြလေမည်ထင်၏။ အတိတ်ကို လွမ်းဆွေးနေမည့် သူကတော့ ရာခိုင်နှုန်း နည်းပေမည်။ သူတို့သည် လက်ရှိဘဝတွင် အဆင်ပြေအောင် နေရသူကများပေသည်။

ပတ်ဝန်းကျင်သည် သာယာနေ၍ ခရီးပန်းလှသည်ဟု မထင်။ နောက်နေ့ နံနက်စောစောတွင် မြိတ်မြို့ဆိပ်ကမ်းသို့ ကပ်လေ၏။ လှေပေါ်ရှိ လူအားလုံးသည် လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ ကမ်းပေါ်မှ

ဆီးကြိုသူများကလည်း များပြားလှ၏။ များသောအားဖြင့်တော့ မြိတ်မြို့ပေါ်မှ ကုန်သည်ကြီးများပင် ဖြစ်လေသည်။

'ဘုရား ဘုရား ရင်တွေခုန်လိုက်တာ မသန်းခင်ရယ်'

'နွယ့်ဖေဖေဆီ သတင်းပို့ထားတယ် မဟုတ်လား၊ မကြောက်ပါနဲ့ နွယ်ရဲ့၊ ဟော ဟော ဟိုမှာ နွယ်တို့ဖေဖေရယ်'

ဖေဖေ့ကို လှမ်းမြင်ရခါမှ ရင်က ပို၍ ပူလာသည်။ ဖေဖေ့ ရှေ့မှာ ပစ္စည်းတွေနှင့်များ အမိခံလိုက်ရလျှင် ဟူသော အတွေးသည် နွယ့်ကို ဂနာမငြိမ် ဖြစ်စေသည်။

အကောက်ခွန်ဘက်မှလူများသည် ကမ်းသို့တက်သည့်တံတား ပေါ်တွင် ခုံတန်းနှစ်ခုကို ဆက်ကာ လူသွားလမ်းလေး ချန်လျက် စောင့်နေကြပေသည်။

'နွယ့်အဝတ်အစား သေတ္တာကိုသာ ဆွဲပြီးတက်နှင့်၊ ဒီခြင်းကို ကျွန်မ ဆွဲခဲ့မယ်၊ အိပ်ရာလိပ်ကို နောက်တစ်ခေါက်မှ သယ်မယ်'

ပစ္စည်းအားလုံးတွင် လေယာဉ်မောင် ပိတ်စတွေက ပြည့်နေသည်။ နွယ့်ရင်သည် တဒိန်းဒိန်း ခုန်လာလေသည်။ လုပ်မိတာ မှားပြီဟုလည်း နောင်တကြီးစွာ ရမိ၏။

စက်လှေပေါ်မှ လှမ်းအတက်တွင် ဆိပ်ခံဇောတံတားပေါ်မှ ဆီးကြိုသူများက သက်ဆိုင်သူများကို စောင့်၍ ကြိုကြသည်။ ပစ္စည်းများကို သယ်ပေးကြသည်။ လာကြိုသူ အချို့သည် အကောက်ခွန် စားပွဲတွင် ချသည်ဆိုရုံမျှ ချပြကာ သယ်သွားကြလေသည်။

'အဖမ်းအဆီး သိပ်မရှိဘူး ထင်ပါရဲ့'

နွယ့်စိတ်က အနည်းငယ် သက်သာသွားသည်။

'ဟော ဟိုမိန်းမကြီး ခြင်းတောင်းကိုတော့ ဓားနဲ့ ဖြတ်ချနေပါပကော'

ရှေ့ဆက်မတိုးဝံ့သေးဘဲနွယ့်ခြေလှမ်းများတုံ့ဆိုင်းနေလေသည်။

'မနွယ် ဘာပစ္စည်းတွေပါလို့လဲ ကျွန်တော့်ပေးလေ'

ရုတ်တရက်မို့ ဖျတ်ခနဲပင် လန့်သွားမိသည်။ နွယ့်အမူအရာ သိပ်ပျက်နေပြီ ထင်ပါရဲ့။ မသန်းခင်သည် ပစ္စည်းအချို့ကို နွယ့်ဘေးတွင် ချထားခဲ့ကာ ကျန်သောခြင်းများကို ပြေးသယ်နေလေသည်။ မေးလာသူကို နွယ်က ထိတ်လန့်စွာ မော့ကြည့်မိ၏။ မြိတ်ဈေးထဲမှ ဈေးသည်တစ်ဦးပင်။

'ဟို အဲ အဝတ်အစားတွေပါ၊ နေပါစေရှင်'

ပြောမယ့်သာ ပြောရသည်၊ ကူသယ်ပေးပါစေဟု စိတ်ထဲမှ ဆုတောင်းနေဆဲ ထိုသူက ဖျတ်လတ်စွာပင် နွယ့်လက်ထဲမှ ပစ္စည်းကို ဆွဲထုတ်သွားသည်။

'နွယ့်ဖေဖေ ဟိုစားပွဲနားမှာ စောင့်နေတယ်၊ သွားလေနွယ်၊ ပစ္စည်းကို လှမ်းပေးလိုက်'

မသန်းခင်က သတိပေးမှ နွယ် ရှေ့တိုးသွားမိသည်။ အကောက်ခွန် စားပွဲဘေးတွင် ရပ်နေသော ဖေဖေ့နား ကပ်သွားသည့်တိုင် ဒူးက တုန်လျက်။ ဖေဖေက 'ပေးပေး သမီး' ဟု ဆိုကာ နွယ့်ဆီမှ ကြိမ်ခြင်းကို လှမ်းယူသည်။

'နွယ်နွယ် ပြန်လာသလား၊ ဘာတွေ ဝယ်လာလဲ'

အကောက်ခွန်အရာရှိက ရိုးရိုးတန်းတန်း နှုတ်ဆက်သည်ကိုပင် နွယ့်မှာ မလုံမလဲဖြစ်ကာ ရင်တုန်နေသည်။

'အိမ် အိမ်သုံးဖို့ နည်းနည်းပါးပါးပါ'

မသန်းခင်ကတော့ လျင်သည်။ ပစ္စည်းများကို ပြေးသယ်ကာ နွယ့်လက်ထဲသို့တစ်ဆင့်ထည့်ပြီးမှ ရှေ့သို့ ခပ်တွန်းတွန်းလေးပို့လိုက်သည်။ နွယ်တစ်ယောက် စားပွဲကြားမှ လွတ်မြောက်သွားသည်။

'မသန်းခင် ဒါ ဘာတွေလဲဗျ'

နွယ့်ရင်ထဲက အေးခနဲ ဖြစ်သွားပြန်လေသည်။

'အို ရာဘာဖိနပ်တွေနဲ့ ဘောင်းဘီတွေပါ ဒီမလေ'

မသန်းခင်က အပေါ်ယံမှ ပစ္စည်းများကို သွက်သွက်လက်လက် ဖြဲ၍ပြလိုက်သည်။ ဂုန်နီကြိုးနှင့် တုပ်နှောင်လာသည်မို့ အောက်ခြေထိ နှိုက်ကြည့်ဖို့မလွယ်။ သေသေချာချာ ကြည့်လျှင်တော့ နောက်ဆုံးတွင် လေယာဉ်မောင် ကိုက်နှစ်ဆယ်ခန့် တွေ့မည်ပင်။

'ကဲ ကဲ သွား သွား'

ရင်ထဲမှ အလုံးကြီး ကျသွားလေသည်။ ပစ္စည်းအားလုံး လွတ်လွတ်ကျွတ်ကျွတ်ဖြင့် အပြင်သို့ ရောက်သွားသည်။

'ကျွန်တော်သွားမယ် မနွယ်'

စောစောက ပစ္စည်းကူသယ်ပေးသူ လူရွယ်က နှုတ်ဆက်သည်။

'မောင်ထွန်းမြင့်ရေ ညနေကျ အစ်မတို့အိမ်လျှောက်ခဲ့ပါဦး'

မသန်းခင်တစ်ယောက်က စေတနာပိုလွန်းသည်ဟု နွယ်အပြစ်တင်မိပါသည်။ သို့သော် နွယ် မသိသော အချက်များက ရှိနေသည်။

အိမ်ရှေ့ရောက်၍ ပစ္စည်းများ ချပြီးသည်အထိ နွယ့်ရင်တွေက ခုန်နေဆဲ။ အခက်အခဲ ပြေးပွဲတစ်ခုကို ကျော်လွှားပြေးခဲ့ရသလို မောလိုက်၍နေသည်။

'ဆွေဆွေရေ မမကို သံပရာရည်တစ်ခွက် ဖျော်ပေးစမ်းပါ၊ မူးလိုက်တာ'

\+ \+ \+

ကိုထွန်းမြင့်သည် လေယာဉ်မောင်ပိတ်များကို ကိုက်တံဖြင့် ကျွမ်းကျင်စွာ တိုင်းထွာ၍ နေလေသည်။ နွယ်ကတော့ သူနှင့် မသန်းခင် အရောင်းအဝယ်လုပ်နေပုံကို ဘေးမှ ငေးမောကြည့်နေမိသည်။

သက်ဆိုင်ရာဖောက်သည်များသည်မသန်းခင်၏အိမ်သို့တဖွဲဖွဲ ရောက်လာကြလေသည်။ ယခုတစ်ပတ် ပစ္စည်းစုံ၍ မသန်းခင်ဆီမှာ လူစုံသည်။

ကိုထွန်းမြင့်တို့လို ဈေးသည်များက သဘော်ဆိုက်ချိန်၊ စက်လှေဆိုက်ချိန်ဆိုလျှင် လှေဆိပ်သို့ဆင်းကာ ကိုယ့်ဖောက်သည်ကို ကိုယ်ကြိုကြသည်။ အကောက်ဌာနမှ အဖမ်းအဆီး ကင်းလွတ်အောင် သူတို့ကပင် တာဝန်ယူသည်။ သူတို့ အပေးအယူ အချိတ်အဆက်နှင့် ဆိုတော့လည်း ချောချောမောမောရှိသည်သာ။

ငွေဆိုသည်မှာ လက်ထဲရောက်လာတော့လည်း မက်မောဖွယ် မရှိ။ ရင်မောရသည်က မသက်သာ။ သို့သော်လည်း ခရီးစရိတ်နှင့် တကွ ညီမငယ်များ အတွက်ပါ လုံချည် ရောင်စုံ တစ်ဝတ်စာစီ ဆင်နိုင်သည့်အပြင် အိမ်စရိတ်ပါ ကာမိသည်ဆိုတော့ လုပ်မိသည့် အလုပ်သည် ဆိုးလှသည်ဟု မဆိုနိုင်တော့။

ရသမျှငွေကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ကွင်းပြင်ကျယ်ကို ဖြတ်၍ အိမ်သို့ ပြန်ခဲ့သည်။ ဆံပင်ရှည်များသည် လေထဲတွင် ဝေ့ဝဲနေသည်။ နွယ့် ဘဝသည် ကွင်းပြင်ကျယ်ကို ဖြတ်ခဲ့ပြီ။ ရှေ့ကို မည်သို့ခရီးဆက်ရဦးမည် မသိသေး။

ညီမငယ်တို့ကမူ မသိသားဆိုးရွားစွာဖြင့် ပိတ်စများကို အလုအယက် ယူငင်ကာ ပျော်၍ နေကြလေသည်။

\+ \+ \+

ကျောင်းများ ပြန်ဖွင့်ချိန်တွင် အိမ်သည် ပြန်လည် တိတ်ဆိတ်၍ သွားပြန်လေသည်။ ယခုနှစ်တွင် သန္တာသည် ရှစ်တန်းသို့ ရောက်လာသည်။ သီတာကလည်း ငါးတန်း ရောက်ပြီ။ သူတို့အတွက်

အဝတ်အစားဖိုး၊ စာအုပ်ဖိုးကို နွယ်က မပြတ်သော လုံ့လဖြင့် ရှာပေးနေရသည်။ စိတ်ဆောင်၍သာ ထူထူထောင်ထောင် ရှိခဲ့သော ဖေဖေသည် ယခုတော့ အိပ်ရာထက်တွင် အနားယူရသည့်အဆင့်သို့ ရောက်ခဲ့ပေပြီ။

မိုက်မဲသည်ဟုပင်ဆိုလေမလား၊ လိမ္မာသည်ဟုပင် ချီးကျူးလေမည်လားတော့ မသိ။ ယခုတော့ နွယ်သည် တစ်စုံတစ်ရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရလေပြီ။ မဆုံးဖြတ်၍လည်း မဖြစ်တော့။ နွယ်မှ အကြံအဖန် မလုပ်လျှင် အိမ်တွင် ဆီတို့ ဆန်တို့က အစ ပြတ်သွားတတ်သည်။ ဖေဖေ့ ပင်စင်လစာသည် မပြောပလောက်။ ထို့ထက် ယခင်အိမ်ကို ပြန်အပ်လိုက်ရပြီဖြစ်၍ ကံဖျားရပ်မှာပင် အိမ်တစ်လုံး ထပ်ငှားရသည်။ သည်တော့လည်း အိမ်လခက အစ တာဝန်တက်လာသည်။ 'ငါ့သမီးတော့ သိပ်ပင်ပန်းနေပြီ' ဟု ဖေဖေက ညည်းသော်လည်း လမ်းလျှောက်ရုံနှင့်ပင် မောနေတတ်သော ဖေဖေ့ အဖို့ ဘာမျှ မတတ်နိုင်တော့။ သားယောကျ်ားလေးတစ်ယောက်မျှ ပါမလာသော အဖြစ်ကိုပင် ဝမ်းနည်းမိရသည်။ လူ့ဘဝက ပေးသမျှ ရယူကြရသည်ပဲ။

ယခုတော့လည်း နွယ် တောင်းပန်ဖန်များ၍ နွယ့်ကို မတားတော့။ 'သုံးလ တစ်ခေါက်လောက်ပါပဲ ဖေဖေရယ်' ဟု နွယ်က လေချိုသွေးသည်။ တစ်ခေါက်ဆိုလျှင် နှစ်လ သုံးလတော့ ထိုင်စားနိုင်သည်။ ပြီးတော့ နွယ်ကိုယ်တိုင်ကလည်း လောဘတက်၍ နေလေပြီ။ မသန်းခင်ကလည်း နွယ့်ကိုမှီ၍ စီးပွား ပိုဖြစ်လာသည်ဆိုတော့ နွယ် စိတ်ပါအောင် တရားဟောကောင်းသည်။

'စုမိဆောင်းမိရှိတဲ့အခါ ကျတော့လဲ ဒီပြင်အလုပ် လုပ်စားကြတာပေါ့ နွယ်ရယ်၊ ရှာတာလဲရှာ စုသင့်တာလဲ စုထားပေါ့၊ ရှာလို့ ရတုန်း ရှာရတာ၊ ခုဆို လမ်းကလဲ ချောင်နေတယ်၊ တော်ကြာ

အခြေအနေ ပြောင်းသွားရင် လုပ်ချင်လို့တောင် လုပ်ခွင့်ရှိမှာ မဟုတ်ဘူး'

သည်လိုနှင့်ပင် ပင်လယ်ခရီးနှင့် နွယ် ယဉ်ပါးခဲ့ရလေသည်။ ပင်လယ်ခရီးနှင့်သာမက စက်လှေပိုင်ရှင်နှင့်ရော အကောက်ခွန်နှင့်ရော ရနောင်းမြို့မှ ဖောက်သည်များနှင့်ပါ နွယ် ယဉ်ပါးလာခဲ့ရလေသည်။ ဘဝက နွယ့်ကို သင်လေပြီ။ သူ့နေရာနှင့်သူ အထိုက်အလျောက် ဆက်ဆံတတ်အောင်လည်းဆုံးမလေသည်။ နွယ်သည် ယခင်ကထက် ပို၍ ရင့်ကျက်လာလေသည်။ ကျောင်းသူလေး နွယ် မဟုတ်တော့။ ငေးငေးငိုင်ငိုင်နေတတ်သော နွယ် မဟုတ်တော့။ ဖျတ်လတ်ရဲတင်းသော၊ သွက်လျက်ချက်ချာသော နွယ် ဖြစ်၍လာခဲ့ရလေသည်။

'ဒီတစ်ခေါက်တော့ ကြက်မောက်သီးပဲပါတယ် ကိုအောင်သိန်းကြီးရေ့၊ နောက်တစ်ခါသွားမှ ကိုအောင်သိန်းမှာတဲ့ စီးကရက်ဝယ်ခဲ့မယ်နော်'

ဤသို့သော စကားအပို ကလေးများကိုလည်း ပြောတတ်လာပေပြီ။

'စက်လှေခတော့ ယူပါရှင့်၊ မြိတ်ရောက်ရင်သာ လှေဝမ်းထဲမှာ ပစ္စည်းတချို့ ထားခဲ့ချင်တယ်'

'စိတ်ချ၊ အိမ်အရောက်လာပို့ပေးမယ်'

တစ်ချိန်က ကြည့်မရပါဆိုသူကိုလည်း အဖက်လုပ်၍ စကားပြောလာရပြီ။ ကိုယ်အမူအရာ နှုတ်အမူအရာအားလုံးသည် တစ်စတစ်စပြောင်းလဲလာကြလေ၏။ သည့်အတွက် နွယ့်ပတ်ဝန်းကျင်သည် ဆီးတားမည့်သူ မရှိ။ နွယ့်ဝန်းကျင်သည် သူလိုကိုယ်လို လုပ်ကိုင်စားနေသူများသာဖြစ်လေသည်။ နွယ့်တွင် ထိန်းသိမ်းပြုပြင်တတ်သည့် ညဉ်ကလေးဖြင့်သာ 'ပျက်စီးခြင်း' ဟူသောအဖြစ်မျိုးမရောက်အောင် ဆီးတား၍ ထားရလေသည်။

'မနွယ့်ညီမကတော့ အချောပဲဗျ၊ မနွယ်ကတော့ တစ်မျိုး ယဉ်တာပေါ့လေ၊ ကျွန်တော်တို့ကိုတော့ မနွယ်တို့က ဂရုစိုက်ရ ကောင်းစေ မအောက်မေ့ပါဘူးနော်'

'အို ကိုကျော်ဟိုးတို့က သူဌေးတွေပဲရှင်၊ ဂရုစိုက်သူတွေ ပေါပါတယ်'

မထိတထိ စလာတတ်သော အနှောင့်အသွားမလွတ် စကားများ ကိုလည်း ပါးနပ်စွာ ရှောင်ရှားရလေ၏။ ဘာပဲဖြစ်ဖြစ် နွယ့်အတွက် တော့ ကော့သောင်နှင့်မြိတ် ခရီးသည် တစ်စတစ်စ နီး၍ လာခဲ့ရ သည်။

ပင်လယ်ပြင်မှ လှိုင်းတံပိုးတို့သည် နွယ့်ဘဝတွင်းသို့ လေပြည် လေညင်းပမာ လိုမ့်၍ ဝင်လာကြလေသည်။

\+ \+ \+

နွယ့်ဘဝတွင် ဖြစ်ချင်သည့်အရာ အားလုံးသည် ဖြစ်မလာခဲ့။ ဖြစ်လည်း မဖြစ်ချင်တော့။ မျှော်လည်း မမျှော်လင့်သော အရာတို့သာ ဖြစ်ခဲ့ရလေသည်။

ယခုတော့ မှောင်ခိုအလုပ်သည် နွယ့် အသက်မွေးဝမ်းကျောင်း အလုပ် ဖြစ်ခဲ့ရပြီ။ တစ်နေ့တခြား ကျန်းမာရေး ချို့တဲ့လာသော ဖေဖေကလည်းမတားသာတော့။ သမီးမိန်းကလေးချည်းစုစည်းခဲ့သော နွယ့်မိသားစုတွင် နွယ်သာလျှင် ဦးစီးရှေ့ဆောင် ဖြစ်လာရပြီဆိုတော့ နွယ့်မှာက မရဲသော်လည်း ပြေးခဲစေဆိုသလို ကြုံလာသမျှ အကောင်း အဆိုးပြဿနာကို ရင်ဆိုင်ရန်သာ ရှိ၏။ ဘဝက ပေးလာသည့် အခြေအနေတွင် မူတည်၍ စားဝတ်နေရေးပြဿနာကို ဖြေရှင်းရပေ

တော့မည်။ မေမေသာ ရှိလျှင်တော့ မေမေပင် ဦးဆောင်ပေမည်။ ယခုတော့ နွယ့်အဆုံးအဖြတ်နှင့် နွယ် အလွယ်ဆုံးနှင့် အဆင်အပြေဆုံး လမ်းကို ရွေးလိုက်ရပေ၏။

ယခုတစ်ခေါက်တော့ ဝန်လည်း ကျဉ်းသော အမြတ်အစွန်း လည်းများသော အရာတို့ကို ပြောင်း၍ သယ်လာခဲ့သည်။ ဟိုမှာ ဘက်ကမ်းတွင် ဆေးဝါးအစုံအလင် ရနိုင်၏။ ကော့သောင်မြို့ပေါ်က လူများဆိုလျှင် မြန်မာပြည်ဘက်က ဆေးဝါးကို အားမကိုးတော့။ တစ်ဘက်ကမ်းမှ ဆေးကိုသာ မှီဝဲတော့သည်။ တစ်ခါတစ်ရံ အရေး ကြုံလျှင်လည်း တစ်ဘက်ကမ်းသို့ကူး၍ ဆေးကုကြသည်။ ဆေးသည် သယ်ရသက်သာသည်နှင့်အမျှ ငွေလည်း ရလွယ်၏။ သို့သော် အန္တရာယ်ကား ပိုကြီးလေသည်။

ဆေးအချို့ကို တိုလီမိုလီပစ္စည်းများနှင့် ရော၍ အဝတ်ခြင်းထဲ ထည့်လိုက်သည်။ အချို့ကို ရေခဲဘူးထဲ အသံမမြည်အောင် ထည့် သည်။ အချို့ကိုကား ကြက်မောက်သီးနှင့် ပေါင်မုန့်များကြား ဝှက်၍ ထည့်ခဲ့လေသည်။

မိုးသားမိုးရိပ်တို့ကင်းစင်၍ ပင်လယ်ပြင်သည် သာသာယာယာ ရှိနေလေသည်။ ယခုတစ်ပတ် မသန်းခင် နေမကောင်း၍ လိုက်မလာ နိုင်ခဲ့။ နွယ်တစ်ယောက်တည်း စက်လှေအပေါ်ထပ်တွင်ပါ၍လာသည်။ နွယ်နှင့်အတူ အထူးဦးစားပေး ပုဂ္ဂိုလ်များနှင့် သားသမီးများသာ အပေါ်ထပ်တွင် နေရာရကြလေ၏။ လှေဝမ်းထဲတွင်ကား ထုံးစံ အတိုင်း မှောင်ခိုပစ္စည်းတို့ဖြင့် ပြည့်နှက်နေသည်။ လှေပေါ်ရှိ လူ အားလုံးလိုလိုသည် မနေ့တစ်နေ့က ပြန်တက်သွားသော အောင်ဇေယျ သင်္ဘော သတင်းကို ပြောနေကြလေသည်။ မြိတ်ဆိပ်ကမ်းတွင် အကောက်ခွန် အရာရှိသစ်များရောက်၍ တင်းတင်းကျပ်ကျပ် အဖမ်း အဆီး အစစ်အဆေး ပြုလုပ်ရာ မှောင်ခိုပစ္စည်း အတော်များများ

အမိခံလိုက်ရလေသည်။ စက်လှေပေါ်မှ လူများသည် စိုးရိမ်ပူပန်နေကြသည်။ ပြီးတော့ရှေ့ကတက်သွားသောစက်လှေတစ်စင်း ဓားပြတိုက်ခံရသည့် သတင်းလည်း ပါသည်။ ဆားလှေတစ်စင်း မှောက်သည့် သတင်းလည်း ပါသည်။ ကြားရသမျှ စိတ်မချမ်းသာဖွယ် ဖြစ်နေလေသည်။

သည်တစ်ပတ်မှာမှ မသန်းခင်ကလည်း မပါ။ ဆေးပစ္စည်းကလည်း ယူလာမိသည်။ ပစ္စည်းအားလုံး ဝယ်ပြီးမှ သတင်းကြားရသည်ဆိုတော့ဘာမျှမတတ်နိုင်တော့။ဖြစ်သည့်နည်းနှင့်သယ်လာရသည်သာ။

စက်လှေပေါ်မှ လူအားလုံးသည် ဘာမျှမတတ်နိုင်။ ဖြစ်သမျှရင်ဆိုင်ရန် အသင့်ဖြစ်နေကြလေသည်။

'သိပ်လဲ စိတ်ပူမနေပါနဲ့ မနွယ်ရာ'

စက်လှေပိုင်ရှင်သား ကိုကျော်ဟိုးက နွယ့်ကို အားပေးသည်။ ယခင်က ကြည့်မရပါဆိုသော်လည်း ယခုတော့ အကြောင်းအပေါင်းသင့်၍ ကောင်းကောင်းမွန်မွန် ဆက်ဆံနေရပေပြီ။ အထူးသဖြင့် ကော့သောင်မှ အပြန်ခရီးကို သူ့စက်လှေနှင့် ကြုံအောင် တွက်၍ လိုက်ရသည်။ သို့မှလည်း တော်ရုံပစ္စည်းကို စိတ်ချလက်ချ သယ်ဝံ့ပေသည်။

'ရှိစုမဲ့စုလေးဆိုတော့ စိတ်ပူရတယ်ရှင့်၊ ကိုကျော်ဟိုးတို့လို အချိုကြီးသမားတွေကတော့ တစ်ခါတလေ အမိခံရလဲ မထောင်းသာဘူးပေါ့'

'ဟာ မဟုတ်တာဗျာ၊ သူများကြားလို့ အဟုတ်မှတ်နေပါ့မယ်၊ ကျွန်တော် ရိုးရိုးသားသား လှေထိုးစားနေတာကိုဗျာ'

'မသိရင်ခက်မယ်ရှင့်'

ကိုကျော်ဟိုးသည် တရုတ်ကပြား ဖြစ်သော်လည်း စကားအပြောအဆိုက သွက်လက်လေသည်။

ခေတ်ပညာတတ်ပင် ဖြစ်သော်လည်း စီးပွားရေးဘက်တွင် ခြေစုံပစ်ဝင်နေသူ ဖြစ်သည်။ သူတို့အဖို့တော့ ငွေကိုလည်း ရေလို သုံးနိုင်သည်။ မြိတ်မြို့ပေါ်မှ နာမည်ကြီးသူ သူဌေးစာရင်းတွင် ပါဝင်ပေသည်။ ရုပ်ရည်က မိန်းကလေးကြိုက် မဟုတ်သော်လည်း အသားဖြူ၍ အရပ်မြင့်သဖြင့် ကြည့်ပျော်ရှုပျော်ရှိသည်။ လှေပေါ်တွင်တော့ သူ့ကို ရှမ်းဘောင်းဘီဖြင့် အမြဲတွေ့ရသည်။ မြို့ပေါ်တွင်မူ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ရှိုးက အတော်ဖြောင့်သည်။ ပေါင်းတော့လည်း ရော်ဘာခြံပိုင်ရှင် သူဌေးသားများနှင့်သာ။

'ကပ်စတမ်က အသစ်ဆိုတော့ အတော်ပေါင်းယူရဦးမယ်ဗျာ၊ ရောက်ရောက်ချင်းတော့ ပညာပြဦးမှာပဲ'

'ကြောက်ပါတယ်ဆိုမှရှင်'

'ကိစ္စမရှိပါဘူး၊ မနွယ် လက်လွတ်သာဆင်းသွားပါ၊ ကျွန်တော်ကြည့်လုပ်ထားပါ့မယ်'

မည်သို့ဆိုစေ နွယ့်ရင်ကတော့ ပူနေမိ၏။ သည်တစ်ချီ အမိခံလိုက်ရလျှင် ငွေရင်းလေးငါးထောင် ပြုတ်ပေမည်။ အခြေအနေ မကောင်းသေးလျှင် တော်တော်နှင့် ပြန်ထွက်နိုင်ဦးမည် မဟုတ်။ သို့သော် သူပြောသလို ပစ္စည်းကိုတော့ ထားခဲ့မှ ပိုသင့်မည်။ ထိုးဆေးတွေလည်း ပါသည်ဆိုတော့ လူအတွက်လည်း အန္တရာယ်မကင်း။

ကောင်းကင်တွင် မိုးသားမိုးရိပ်တို့ကို မြင်နေရသည်။ ယမန်နေ့က မိုးလေဝသ သတင်းက တစ်နာရီ မိုင် ၄၀ နှုန်း ကြေညာထား၍ အမိုးတာရပတ်ကို ခိုင်ခိုင်ချည်ထားကြလေသည်။

'အင်း ဒီတစ်ခေါက်ပြီးရင်တော့ နားဦးမှပဲ'

စိတ်တွင်းမှ တီးတိုးရေရွတ်လိုက်သည်။ သို့သော် ဤသည်မှာ အခေါက်တိုင်း ရွတ်နေကျ။ မြိတ်ပြန်ရောက်၍ ပစ္စည်းများမှ ငွေ

ဖြစ်လာသောအခါ ထိုအတွေးသည် ငွေစက္ကူများကြားတွင် ပျောက်သွားပြန်လေသည်။ အိမ်စရိတ်ဖွဲ့သုံး၍ တစ်စတစ်စ လျော့ပါးလာပြီ ဆိုလျှင်မူ နွယ့်ခြေလှမ်းများသည် ပင်လယ်ဘက်သို့ အလိုလို ဦးလှည့်မိပြန်သည်။ ပင်လယ်ပြင်မှ လှိုင်းတံပိုးများသည် နွယ့်ကို အစဉ် ဖိတ်ခေါ်၍ နေခဲ့လေပြီ။

'မိုးရွာတော့မယ် မနွယ်'

ကိုကျော်ဟိုးက ကောင်းကင်ကိုမော့်ကြည့်၍ ပြောလိုက်လေသည်။ နွယ်သည် သူ့စက်လှေအပြန်ခေါက်ကို မှန်း၍ အမြဲလိုက်ခဲ့ရာ ယခုတော့ သူနှင့် နွယ်သည် ရင်းနှီးကျွမ်းဝင်၍ နေလေပြီ။ သူသည်လည်း နွယ့်ကို မောင်နှမလို စောင့်ရှောက်လိုပါသည်ဟု အကြောင်းပြကာ နွယ့်အနားမှာ ရစ်ဝဲလို့ နေတတ်ခဲ့သည်။ ဆွေဆွေ့အကြောင်းကို သူ မမေးတော့။ သူနှင့် နီးစပ်လာသော နွယ့်ကိုသာ စိတ်ဝင်စားဟန်ပြလာသည်။ နွယ်ကမူ သူ့ကို ဘာကြောင့်မှန်းမသိ၊ ခင်မင်လိုစိတ် သိပ်မရှိလှ။ နွယ့်ဘဝတွင် မောင်တစ်ယောက်ကလွဲ၍လည်း အခြားယောကျ်ားလေးများကို စိတ်ဝင်စားမှုက နည်းပါးခဲ့သည်။ ပြီးတော့ မိန်းကလေးများကို ညို့ငင်ဆွဲယူကြည့်တတ်သည်ချင်းတူတူ မောင့်မျက်လုံးမျိုးက ရင်ခုန်စရာကောင်း၍ ကိုကျော်ဟိုးတို့ မျက်လုံးမျိုးက ရင်ကို လှုပ်ရှားစေခြင်းမရှိလှဟု ထင်မိသည်။ ကုန်သည်မျက်လုံးဟုသာ နွယ်က လွယ်လွယ်နာမည်ပေးမိသည်။

'အခုတော့ မနွယ် လှိုင်းမူးမှာ မကြောက်တော့ဘူးနော်'

'ဘဝက သင်လာပြီပဲရှင်'

'မနွယ်က စကားပြောတာ တစ်မျိုးဘဲနော်၊ ပြီးတော့လဲ မနွယ်ကို ကြည့်ရတာတစ်မျိုးပဲ၊ တစ်ခုခုကို အမြဲစဉ်းစားနေသလိုပဲ၊ တစ်ခုခုကိုလဲ မကျေနပ်နေသလိုပဲ'

တစ်ခုခုကို စဉ်းစားနေသလိုပဲ ဆိုသည်ကိုတော့ နွယ်လက်ခံမိ၏။ တစ်ခုခုကို မကျေနပ်သလိုပဲ ဆိုသည်ကိုတော့ ယခုမှပင် တွေးမိလေသည်။ တကယ်ပဲ နွယ်သည် တစ်စုံတစ်ရာကို မကျေမနပ် ဖြစ်နေလေသလား။ မကျေနပ်ဘူးဆိုလျှင်တော့ ဖေဖေနှင့်ညီမလေးတွေကိုတော့ ဟုတ်မည် မထင်။ အဆင်မပြေသည့် လူ့ဘဝကိုသာ ဖြစ်ပေမည်။

ကိုကျော်ဟိုးသည် အောက်ဘက်ဆင်းသွားကာ ထမင်းနှင့်ဟင်းကို ယူလာလေသည်။ သူ့အတွက် သီးသန့် စီမံထားသော ကြက်သားကြော်နှင့် ကြက်ဥပြုတ်လည်း ပါ၍လာသည်။ နွယ့်ကို အတင်းတိုက်တွန်း၍ ကျွေးသော်လည်း စားလိုစိတ်ကား သိပ်မရှိလှ။ မရိုင်းပြရုံသက်သက် အနည်းငယ်တော့ ယူစားဖြစ်သည်။

'စားပါ နွယ်ရဲ့'

သူကတော့ စေတနာဗလဝနှင့် နွယ့်ကိုထည့်၍ ကျွေးနေလေသည်။ အနီးပတ်ဝန်းကျင်က ဝေ့ဝဲလာသော မျက်လုံးများကို နွယ်ရှောင်၍မရပေ။ အထင်သေးစွာ ကြည့်လာမည်လားဟုလည်း နှုတ်ခမ်းကို စေ့ကာ မျက်နှာထားကို တည်တည်ထားမိသည်။ မှောင်ခိုလုပ်၍ ပျက်စီးတတ်သော မိန်းကလေးတို့ထဲတွင် ပါသွားမည်ကိုလည်း စိုးရိမ်လှပေသည်။

မိုးစက်မိုးပေါက်တို့ ဝေ့ဝဲ၍ ကျလာသည်။ နွယ်က စားလက်စချိုင့်များကို ဆင့်ကာ သိမ်းလိုက်သည်။ စက်လှေပေါ်မှ လူများလည်း စားသောက်ပြီးစီး၍ ငိုက်မြည်းစပြုလာကြသည်။ စောစောက ပြောဆိုခဲ့ကြသော စိုးရိမ်စရာ သတင်းစကားများလည်း တိတ်ဆိတ်၍ သွားကြလေသည်။

ကောင်းကင်ပြင်တွင် မိုးစက်မိုးပေါက်တို့ဖြင့် ပြည့်မှောင်၍ လာလေသည်။

\+ \+ \+

အဝတ်အစား အနည်းငယ်နှင့် ကြက်မောက်သီးခြင်းကို ဆွဲကာ တက်လာခဲ့သည့်တိုင် နွယ့်ရင်သည် ခုန်၍ နေလေသည်။ အကောက်ခွန် အရာရှိသစ်များနှင့် ဆိပ်ကမ်းရဲများသည် တံတားကို ကန့်လန့်ဖြတ်၍ ရင်ပေါင်တန်းကာ စောင့်နေကြလေသည်။ ပစ္စည်းများတင်၍ စစ်ဆေးသော စားပွဲပေါ်တွင် ကြိမ်ခြင်းများ၊ ဂုန်နီအိတ်များကို တဝုန်းဝုန်း ပစ်တင်ကြသည်။ အရာရှိတစ်ယောက်က တုပ်နှောင်လာသော ကြိုးများကို မောင်းချခားငယ်ဖြင့် ဖြတ်၍ ဖြတ်၍ ချနေသည်။

'ပေါင်ဒါဘူးတွေ များလှချည်လား'

'အိမ်သုံးဖို့နဲ့ သူများမှာတာတွေပါရှင်၊ ရောင်းဖို့မဟုတ်ပါဘူး'

အလှကုန်ပစ္စည်းများ သယ်လေ့ရှိသော ဒေါ်အေးတင် တစ်ယောက် ချွေးပေါက်ပေါက်ကျ၍ နေလေပြီ။

'မိတ်ကပ်ဘူးတွေလဲ အများကြီး'

'ဟို အဲ'

'ဒီမှာလဲ ရေမွှေးပုလင်းတွေ'

'အဲ အဲဒါတော့'

'ခင်ဗျားသုံးဖို့ဆိုရင် တစ်ဘူးစီယူသွား၊ ကျန်တာတွေထားခဲ့'

ဒေါ်အေးတင်မျက်နှာသည် ဆီးရွက်ခန့် ငယ်သွားလေသည်။ မျက်ရည်များ ရစ်ဝဲလျက်က အရာရှိဖြစ်သူကို တောင်းပန်တိုးလျှိုးစွာ မော့်၍ ကြည့်နေသည်။ သူ့မှာလည်း အရင်းအနှီး ရှိလှသည်မဟုတ်။ ခေါက်ပြန်ကြေးနှင့် ဆွဲလာခြင်းသာဖြစ်သည်။ ပေါင်ဒါဘူးနှင့် မိတ်ကပ်

ဘူးတွေက အမြတ်မများလှသော်လည်း ရေသူမရေမွှေးကတော့ နမြောဖို့ကောင်းလှသည်။ သူ့ကိုကြည့်ကာ နောက်မှ တန်းစီစောင့်နေရသော နွယ်ပင် ငိုချင်လာသည်။ ကျန်လူများလည်း မျက်နှာပျက်၍နေလေပြီ။

'ကဲ ကဲ သွား သွား'

ကောင်းသော သွားရခြင်းတော့ မဟုတ်ပေ။ ဒေါ်အေးတင်သည် သူ့ဘက်တွန်း၍ ချန်ထားခဲ့သော ပေါင်ဒါဘူးနှစ်ဘူး၊ မိတ်ကပ်သုံးဘူးနှင့် ရေမွှေးတစ်ပုလင်းကို ကြည့်ကာ ငိုချလိုက်တော့မည်ကဲ့သို့ ရှိနေသည်။

'ဒီမှာရှင် ဒီမှာ ကျန်တာတွေတော့ အကုန်ယူချင်ယူပါရှင်၊ အဲဒီ ရေမွှေးပုလင်းလေးတွေတော့ ချမ်းသာပေးပါ၊ ကျွန်မ ကျွန်မ အဲဒါတွေ သိမ်းသွားရင် ထမင်းငတ်ပါလိမ့်မယ်'

ဒေါ်အေးတင်သည် ရေမွှေးပုလင်းများ ယူသွားသော အရာရှိ၏လက်ကို ဖမ်းဆွဲထားလေသည်။

'နောက်မှာ အလုပ်တွေ အများကြီးရှိသေးတယ်ဗျာ၊ ဖယ်ပါအဒေါ်ကြီး'

'ကဲဗျာ သိမ်းစမ်းပါစေ၊ ထွက်ချည်တော့ ဒေါ်အေးတင်'

နောက်မှ အသားညိုညို အရပ်မြင့်မြင့် အဆီပြန်နေသော မျက်နှာနှင့် လူကြီးက စိတ်မရှည်ဟန် တွန်းလွှတ်လိုက်သဖြင့် ဒေါ်အေးတင်တစ်ယောက် စားပွဲနှစ်ခုကြားမှ ထွက်သွားရသည်။ ထိုလူကြီးကသူ့ကြိမ်ခြင်းကို စားပွဲပေါ်ပစ်တင်ကာ 'ကလေးဦးထုပ်တွေဗျို့၊ ရောင်းဖို့ယူလာတာပဲ၊ သိမ်းချင်လဲ သိမ်းလိုက်' ဟု ထိုးပေးလိုက်သည်။ အကောက်ခွန်အရာရှိ အနည်းငယ် အံ့ဩသလိုဖြစ်သွားသည်။ သူ့ခြင်းကို ဖြတ်ချလိုက်သောအခါ တကယ်ပင် ကလေးဦးထုပ်လှလှ

လေးများ ထွက်လာသည်။ လေးငါးလုံးခန့်ချန်ကာ ကျန်တာတွေကို သိမ်းယူလိုက်ပြန်သည်။

နွယ့်ရင်သည် တုန်၍ ခေါင်းထဲတွင် မူးဝေလာလေသည်။ ယခုတော့ နွယ်တို့ကို ကယ်မည့်သူ မရှိ။ ဆိပ်ကမ်းရဲများလည်း ရပ်၍သာ ကြည့်နေကြသည်။ ဘာမျှ မပြောကြ။ အရာရှိသစ်များသည် စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲ၍ နေကြလေသည်။ ကျန်လူများလည်း ပါလာသမျှကို ထိုးအပ်၍ နေကြလေပြီ။

'ငါ နောက်ကို ဘယ်တော့မှ မသွားတော့ဘူး'

အကြိမ်ပေါင်းများစွာ အနက်မှ နောက်ဆုံးအကြိမ် ရေရွတ်မိပြန်လေသည်။ စားပွဲရှေ့ကို ရောက်ချိန်တွင် နွယ့် နဖူးပြင်တွင် ချွေးများစို့၍ နှုတ်ခမ်းများလည်း ဖြူဖျော့နေချေပြီ။

'ကလေးမ နေမကောင်းဘူးလား'

နွယ့်ကိုသိသော ဆိပ်ကမ်းရဲတစ်ဦးက အမည်မခေါ်ဘဲ မေးလိုက်သည်။အမည်ခေါ်လိုက်လျှင် ကုန်ကူးနေကျဈေးသည်ဟု သိသွားပေမည်။ သည်အတိုင်းဆိုလျှင် အများထဲတွင် နွယ့်မှာ ငယ်လည်း ငယ်ရွယ်၊ မိန်းကလေးလည်း ဖြစ်၊ ရုပ်ရည်လည်း သန့်သဖြင့် အလည်အပတ်သွားသူဟုသာ ထင်စရာရှိသည်။

'လှိုင်းမူးလာလို့ပါရှင်'

နွယ်ကရော၍ ချလိုက်ရသည်။ အကောက်ခွန်အရာရှိက နွယ့်ကို ကြည့်ကာ နွယ့်လက်ထဲမှ ပစ္စည်းများကို ကြည့်သည်။ နွယ်က ဘာပစ္စည်းမှမပါသော အဝတ်အစားအိတ်လေးကို မသယ်ချင့်သယ်ချင်ဟန်ဖြင့် စားပွဲပေါ်တင်လိုက်သည်။ ဘေးမှတစ်ယောက်က ဆွဲဖွင့်ကာ တစ်ချက်မျှလှန်လှောကြည့်လိုက်သည်။ ပြီးတော့ နွယ့်ဆီသို့ ပြန်တွန်းလိုက်သည်။

နွယ်က အဝတ်အိတ်နှင့် ကြက်မောက်သီးခြင်းကို ရောထွေး၍ ကိုင်ကာ စားပွဲကြားမှ မြန်မြန်တိုးထွက်လိုက်သည်။ ကြက်မောက်သီး ခြင်းကသေး၍ မှောင်ခိုပစ္စည်းပါမည်ဟု ရုတ်တရက် ထင်စရာ မရှိ။ စားပွဲမှလွတ်မြောက်လာသည့်တိုင် နွယ့်ဒူးများ တဆတ်ဆတ် တုန်နေလေသည်။

ဆိပ်ကမ်းရုံးခန်းသို့ဝင်၍ ရေကို အမောတကော သောက်ချလိုက်သည်။

'ဟော မနွယ် ဘာတွေပါသွားသေးလဲ'

မျက်နှာသိတစ်ဦးက လာနှုတ်ဆက်၍ နွယ်က ခေါင်းကို ခါယမ်းပြလိုက်သည်။ လှေဆိပ်ဂိတ်ပေါက်ဝတွင် လှေပေါ်မှ ဆင်းလာသူများနှင့် သတင်းမေးသူများ ရှုပ်နေကြလေသည်။ ငိုသူငို၍ မဲ့သူမဲ့လေပြီ။

နွယ့်ကို လာကြိုသူမရှိ။ ဈေးသည်များလည်း ဆိပ်ကမ်းသို့ ဆင်းမလာကြတော့။ နွယ်က ဈေးထိပ်လမ်းဆုံအထိ နွမ်းလျစွာ လျှောက်လာခဲ့သည်။ အငှားကားတစ်စီးကို လက်ရပ်၍ ခေါ်လိုက်၏။

'ကံဖျားရပ်ကိုသာ မောင်းပါရှင်'

မျက်စိအစုံကို မှိတ်ချလိုက်သည်။ ဘာမျှ မဖြစ်ပါဘဲနှင့် မျက်ရည်ပူပူများက ပါးပြင်ပေါ်သို့ စီးကျလာကြလေသည်။

\+ \+ \+

'လှေတစ်စင်းလုံးကိုတက်ပြီး မွှေသွားတာပဲဗျာ၊ ရေခဲဘူးတော့ တစ်ဘူး တည်းမို့ အိမ်သုံးဖို့ဆိုတာနဲ့ ပြန်ပေးတယ်၊ အထဲကအသံမမြည်အောင် ထည့်ထားတာ မနွယ် တော်တယ်ဗျာ၊ ဖွင့်ကြည့်ဖို့တော့ သတိမရလို့ သာပေါ့'

'ဟို ကျန်တဲ့ဟာတွေကော'

'စိတ်မကောင်းမဖြစ်ပါနဲ့ မနွယ်ရာ၊ ကျွန်တော် အလုံခြုံဆုံး ထားတာပဲ၊ သူတို့က စစ်စစ်ပေါက်ပေါက် ရှာတာဆိုတော့'

'အင်းပေါ့လေ'

မတတ်သာ၍ စိတ်လျှော့လိုက်ရသော်လည်း စိတ်ထဲက မကောင်းလှ။ အများထက်စာလျှင် တော်သေးရဲ့ဟု ဖြေလိုက်ရသည်။ ဘာပဲပြောပြော အရင်းတော့ ပြန်ရမည်ပင်။ ပစ္စည်းအဝင်နည်း၍ ဈေးပိုရဖွယ် ရှိသေးသည်။

'ဩော် ဒါနဲ့ ကိုကျော်ဟိုးတို့ကော'

ကိုယ့်ကိစ္စပြီးမှ မေးဖို့ သတိရသည်။ သို့သော် ကိုကျော်ဟိုးက အပြုံးမပျက်။ နွယ် ဧည့်ခံသော အိုဗာတင်းကို ခပ်အေးအေးသောက်ကာ အရေးမကြီးသလို ပြန်ပြောသည်။

'ဒီလိုပေါ့ဗျာ၊ အလုပ်လုပ်တယ်ဆိုတာ အမြဲတမ်းတော့ ဘယ် အဆင်ပြေနေမလဲ'

သူတို့အဖို့တော့ ဟုတ်ပေမည်။ ငွေလေး မဖြစ်စလောက်နှင့် စားရသောက်ရဖို့အရေး ပြေးလွှား လုပ်ကိုင်နေရသူတွေမှာတော့ ဆောက်တည်ရာ မရှိ ဖြစ်ရချေ၏။ ထားဝယ်စုမှ မဆယ်ဆိုသူ မိန်းမကြီးဆိုလျှင် အိမ်ပြန်ရောက်သည်နှင့် တငိုငို တရယ်ရယ် ဖြစ်၍ နေသည်။ သည်တစ်ခေါက်မှ အဖော်ကောင်း၍ လိုက်သွားပြီး ရှိစုမဲ့စု ငွေလေးဖြင့် ပါတိတ်လုံချည် အသယ်ကောင်း၍ ယခုတော့ ထမင်းစားစရာပင် မကျန်တော့။ အစက သူ့ဟာသူ ထဘီရင်လျားဖြင့် စန္ဒားထဲမှ ငါးဖမ်း၍ ရောင်းနေရသည်ကမှ ဟုတ်သေးတော့။

'မနွယ်လဲ နားချင်နားဦးပေါ့ဗျာ၊ နောက်တော့ ပြန်အဆင်ပြေ လာမှာပေါ့'

'နွယ် ဒီအလုပ်ကို အစကတည်းက မလုပ်ချင်ပါဘူး၊ ဒါပေမယ့် လေ ဘယ်လိုက ဘယ်လိုဖြစ်သွားတယ် မသိပါဘူး၊ အင်း ကုသိုလ် ပေါ့လေ'

ကိုကျော်ဟိုးသည် ဆံပင်ကို ခပ်လျော့လျော့ချည်၍ချထားသော နွယ့်မျက်နှာ နွမ်းနွမ်းလေးကို ခေတ္တမျှ ငေးစိုက်ကြည့်နေမိလေသည်။

'သိပ်လဲ စိတ်မပျက်ပါနဲ့ဗျာ၊ မနွယ်ကို ကျွန်တော်တို့ကတော့ ချီးကျူးပါတယ်၊ မိဘနဲ့ ညီမလေးတွေကို လုပ်ကျွေးနေတာပဲ၊ ကျွန်တော့်ကိုတော့ ဘာမဆို အကူအညီလိုရင် ပြောပါဗျာ၊ ဆွေဆွေတို့ ကိုလဲ ညီမလေးတွေလိုပဲ ခင်ပါတယ်'

စကားပြောရင်းမှ ကိုကျော်ဟိုးသည် အိမ်တွင်းဘက်သို့မျက်လုံး ဝေ့ကာ အကဲခတ်သလို ကြည့်လိုက်လေသည်။ ပြီးမှ 'အန်ကယ်ကော မမြင်ပါလား' ဟု တိုးတိုးမေးသည်။

'ဖေဖေရှိပါတယ်၊ နေမကောင်းလို့ အိပ်နေတယ်'

'အင်း အန်ကယ့်ကျန်းမာရေးလဲ ဂရုစိုက်ပါ၊ မနွယ်တို့မေမေ မရှိကတည်းက အန်ကယ် ချူချာတယ်နော်၊ ကဲ ကျွန်တော် ပြန်ဦး မယ်၊ သုံးရက်လောက်နေပြီးရင် ကော့သောင်ပြန်ထွက်မယ်၊ ဘာမှာ ဦးမလဲ'

'ဟင်းဟင်း တော်ပါပြီရှင်'

'ဒီလိုပဲပေါ့ဗျ၊ ကဲ ကျွန်တော် သွားမယ်'

ကိုကျော်ဟိုးသည် စားပွဲပေါ်မှ သူ့မီးခြစ်နှင့် စီးကရက်ဘူးကို ကောက်ကာ ဘောင်းဘီအိတ်ထဲထည့်ရင်း အိမ်ပေါ်မှ ဆင်းသွား လေသည်။ မော်တော်ဆိုင်ကယ်နောက်မှ ကျောက်ခဲစလေးများ ခုန် ပေါက်၍ ကျန်ခဲ့ကြသည်။

'ဘယ်သူလဲ သမီး'

ဖေဖေက အခန်းရှေ့မှဖြတ်သွားသောနွယ့်ကို လှမ်း၍မေးသည်။

'ဟို အောင်တိုးဝင်း စက်လှေက ကိုကျော်ဟိုးပါ ဖေဖေ၊ သမီးရေခဲဘူး လာပို့တာ'

နွယ်က ခန်းဆီးစကို ဖယ်၍ ဖေဖေ့ ခုတင်သို့ လှမ်းကြည့်ရင်း ပြောလိုက်သည်။

'သူတို့တွေက အင်မတန် စီးပွားရေးသောင်းကျန်းသူတွေကွယ့်၊ ပိုက်ဆံကတော့ ချမ်းသာတာမပြောနဲ့၊ ဒါပေမယ့် သမီး၊ အပေါင်းအသင်းလဲ ကြည့်ပေါင်းပေါ့ကွယ်'

ဖေဖေက စားပွဲပေါ်မှ ရေကရားကို လှမ်းယူရင်း ပြောလေသည်။ နွယ်က အခန်းတွင်းဝင်သွားပြီး ဖေဖေ့ကို ရေတစ်ခွက် ငှဲ့ပေးလိုက်သည်။

'သမီးသိပါတယ် ဖေဖေ၊ သမီးလဲ သိပ်အရောမဝင်ပါဘူး'

'လူဆိုတာ အထိုက်အလျောက်တော့ ပေါင်းရတာပေါ့ သမီးရယ်၊ အင်း ငါ့သမီးလဲ ပင်ပန်းတယ်၊ အငယ်တွေကလဲ မိန်းကလေးတွေချည်း၊ ဖေဖေကလဲ နေမကောင်းတော့ သိပ်ဒုက္ခရောက်တာပဲကွယ်'

ဖေဖေ့ပါးပြင်တွင် ပါးရေများ တွန့်စပြုနေလေသည်။ ဖေဖေ့ထံမှ အားငယ်စိတ်ပျက်သည့်စကား နွယ် မကြားချင်။

'သမီးလဲ နောက်ဆို မသွားတော့ပါဘူး၊ ဒီမှာနေပြီး ငွေပေးလိုက်လဲ ဖြစ်ပါတယ်၊ ဆွေဆွေက နောက်နှစ်ဆို ကျောင်းကပြီးတော့မှာ'

'ဟုတ်တယ် သမီး၊ အငယ်တွေ ဆယ်တန်းအောင်ရင်တော့ သူတို့ကိုကျောင်းပို့ပြီး ဖေဖေတို့ ဘာပဲဖြစ်ဖြစ်အညာပြန်ကြမယ်ကွယ်'

ယခုတော့ ဖေဖေသည် မေမေခေါင်းချရာ မြိတ်ကျွန်းမြေကိုပင် သံယောဇဉ်ဖြတ်ရန် စဉ်းစားလေပြီ။ နွယ်သည် ဖေဖေမမြင်အောင်

ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်ဖြင့် ခတ်၍ သွင်းလိုက်သည်။

'ဒေါက်တာမြင့်တူး ဆေးလာထိုးဦးမှာ ဖေဖေ၊ တစ်ခုခု စားပါဦးလား၊ သမီး သွားယူလိုက်မယ်'

အခန်းတွင်းမှ ညင်သာစွာ လှမ်းထွက်ခဲ့သည်။ အပြင်တွင် မိုးသက်ငွေ့ငွေ့ဖြင့် သာယာလျက်ရှိသည်။ သန္တာတို့ ညီအစ်မနှစ်ယောက် လွယ်အိတ်ကိုယ်စီဖြင့် လမ်းလျှောက်၍ လာနေကြလေသည်။

\+ + +

'အခါတော်မပေးနဲ့တော့ မသန်းခင်ရေ၊ နွယ်တော့ လန့်သွားပြီ၊ ကပ်စတမ်က လူတွေရှေ့မှာ နွယ့်ဒူးတွေတုန်နေတာ မနည်းထိန်းထားရတယ်'

'တစ်ခါတစ်လေ ကြုံရတာများ နွယ်ရယ်၊ ကျွန်မနဲ့လုပ်လာတာ အခေါက်ပေါင်း မနည်းတော့ပါဘူး၊ တစ်ခါတစ်လေတော့လဲ ဒီလိုပေါ့၊ လူသစ်ဆိုတာ အစတော့ ဒီလိုပဲ'

'ဒါပေမယ့် စိတ်ကုန်ပါပြီ မသန်းခင်ရယ်'

'နွယ်ကလဲ စိတ်ပျက်လွယ်လိုက်တာ၊ ကျွန်မ ပြောသလိုသာ လုပ်စမ်းပါ၊ အခု ကုန်သည်တွေနဲ့ အပေးအယူ မတည့်တုန်းခဏ ရှောင်နေလိုက်၊ ရန်ကုန်ဘက် လှည့်ရအောင်ပါ'

'ရန်ကုန်တစ်ခေါက်မှ မသွားဖူးဘဲနဲ့ ကြောက်တယ် မသန်းခင်ရယ်'

'မကြောက်ပါနဲ့ နွယ်ရဲ့၊ ရန်ကုန်က အသွားကော အပြန်ကော အလုပ်ဖြစ်တယ်၊ လုံချည်တွေကို ဒီကနေချုပ်သွား၊ ကော့သောင်

လုံချည်တင်မကဘူး၊ ပီနန်ဘက်ကဟာတွေပါ သယ်သွား၊ ပိုတောင် လူကြိုက်များသေး၊ ဟော အပြန်ကျတော့ ဘာမှ မသယ်ချင်နေ၊ ဒူးယားသာ သယ်လာခဲ့၊ ဘယ်လောက် သယ်သယ် အဖမ်းအဆီး မရှိဘူး၊ ငရုတ်လေး အသီးအနှံလေးလဲ အိမ်ဖို့ သယ်လာနိုင်သေးတယ်'

နွယ့်ဘဝသည် ပင်လယ်ပြင်မှ ကောင်းကင်ဆီသို့ ဦးတည်နေ ပြန်လေပြီ။ ကော့သောင်မသွားဘဲ နှစ်လခန့် ထိုင်စားလိုက်သည် ဆိုလျှင်ပင် ငွေက သိသိသာသာ လျော့သွားသည်။ ဖေဖေကလည်း စိတ်ရောလူပါကျကာ အိပ်ရာထဲ ဘုံးဘုံးလဲနေချေပြီ။ နွယ်ထိုင်နေ၍ မဖြစ်၊ တစ်ခုခု လုပ်မှ ဖြစ်မည်။ မိုးမပြိုဘူး ပြိုခဲ့သော်။ ဖေဖေ တစ်ခုခု ဖြစ်သွားလျှင်တောင်မှ ငွေတစ်ပြားမျှမရှိလျှင် သောင်ပြင်လွတ် သည့်ခွေးလို ဖြစ်ရမည်။ ရတုန်းရခိုက် ရှာထားမှ တော်ကာကျပေမည်။

'ရန်ကုန်ကို ဘာတွေသယ်သွားရမှာလဲ မသန်းခင်ရယ်'

မသန်းခင်ကိုပင် ဒုတိယအကြိမ် ဆရာတင်မိပြန်၏။

'ကိုဖိုးရင်ညီမ မအေးလှဆိုရင် တစ်ပတ်ကို နှစ်ခေါက်လောက် ကူးနေတာသိလား၊ ကော့သောင်ထက်တောင် တွက်ခြေကိုက်သေး၊ ပြီးတော့ ရန်ကုန်က ဈေးလဲပိုရတယ်၊ ပစ္စည်းလဲ အစုံယူလို့ရတယ်၊ ဘာယူသွားသွား မြတ်တာပဲ၊ ဒီနေ့ လေယာဉ်ပျံနဲ့လိုက်သွား၊ ဟို ရောက်တာနဲ့ ပစ္စည်းသွင်းပြီး ပြန်လာ၊ ဒီရောက်ရင် ပစ္စည်းဝယ်ပြီး ပြန်သွား'

'မသန်းခင် အပြောကတော့လွယ်ပါပေ့၊ လေယာဉ်လက်မှတ်က လွယ်လို့လား'

မသန်းခင်က အနည်းငယ် စဉ်းစားလိုက်သည်။

'သူကတော့ သူ့ယောကျ်ားက ရန်ကုန်မှာဆိုတော့ သူထွက် လာတာနဲ့ နောက်တစ်စောင် ဝယ်ထားလိုက်တာပဲ၊ နေဦး၊ လက်မှတ် တန်းစီတဲ့လူတွေကို ပိုက်ဆံပေးပြီး ဝယ်ခိုင်းရတယ်ဆိုလား'

စိတ်အားထက်သန်စွာ ပြောနေသော မသန်းခင်၏ မျက်နှာကို နွယ် ငေး၍ ကြည့်နေမိသည်။ နဂိုက အသားဖြူခဲ့ဟန် တူသော်လည်း မသန်းခင်၏ မျက်နှာသည် ပင်လယ်လေ၏ အငွေ့ဖြင့် ညိုပြာရောင် သမ်းနေချေပြီ။ ကလေးများသည် စပို့ရှပ်အင်္ကျီအနွမ်းလေးများကို ဝတ်ကာ အိမ်ရှေ့တွင် ပြေးလွှားဆော့ကစားနေကြသည်။ အငယ်ဆုံး ကောင်မလေးသည် သူ့အမေနားတွင် ကပ်ကာ ယိုးဒယားသကြားလုံး တစ်လုံးကို ဝါး၍ စားနေသည်။

'မသန်းခင်စုံစမ်းထားလိုက်လေ၊ နွယ်လဲ ဈေးထဲမှာ ပစ္စည်းဈေး စုံစမ်းဦးမယ်'

'အင်း အင်း၊ ရှေ့အပတ်ထဲလောက် သွားကြရအောင်နော်၊ ကျွန်မမှာလဲ ပိုက်ဆံမရှိတော့ဘူး ဟဲ ဟဲ'

လေးကန်သော ခြေလှမ်းများဖြင့် ထ၍ ပြန်လာခဲ့ကြသည်။ အတွေးပေါင်းစုံသည် ရင်မှာ ပြည့်ငြိ၍လာပြန်၏။ ဆံပင်ရှည်များကို ခေါင်းလျှော်ပြီး ဖြန့်ချထားသဖြင့် လေတွင် ဝဲနေသည်။ ရေသူမ ခေါင်းလိမ်းဆီနံ့သည် သင်းပျံ့၍နေ၏။

'ဒီကနေ လေယာဉ်လက်မှတ်ဝယ်တာလွယ်ပါတယ်၊ လေယာဉ် ရုံးမှာ အသိတွေရှိနေတာပဲ၊ ပစ္စည်းသယ်လို့လဲဖြစ်ပါတယ်၊ လေဆိပ်က လူတွေက ခင်နေတာ၊ ခက်တာက ရန်ကုန်အဝင်ပဲ၊ ရန်ကုန်မှာ ခါတိုင်းတော့ လက်မှတ်ဝယ်လို့ရတယ်၊ ဒီတုန်းက ကျောင်းသူကိုး၊ အင်း ခုတော့ ငါက ကုန်သည်ဖြစ်နေပြီ၊ မှောင်ခိုကုန်သည် ဖြစ်နေပြီ ဆိုတော့၊ အင်း မှောင်ခို မှောင်ခိုကုန်သည်'

*

# ၅

လေဟုန်ကိုစီး၍ ခရီးဆန့်ခဲ့ရပြန်လေ၏။

လှိုင်းထန်သော ပင်လယ်ပြင်မှသည် တိမ်ထူသောကောင်းကင်ပြင်သို့ ထိုးဖောက်ဝင်ရောက်ခဲ့ရပြန်သည်။ အနာဂတ်ဘဝကား မရေရာသေး။ မိုးပေါ်မှ ငုံ့ကြည့်လျှင် ပင်လယ်ပြင်သည် စိမ်းလဲ့၍ နေ၏။ ပင်လယ်ပြင်မှ မော့်ကြည့်ခဲ့စဉ်ကမူ ကောင်းကင်ပြင်သည် ပြာစင်၍နေသည်။ လူ့ဘဝကား အရောင်အမျိုးမျိုး ပြောင်းလဲ၍နေလေသည်။

သည်နေရာကို ပြန်လာရခြင်းသည် အတိတ်ခြေရာကို ပြန်၍ကောက်မိသလို ရှိချေသည်။ သို့သော် ဘဝချင်းကား များစွာ ကွာခြားခဲ့ပြီ။ ယခင်က ကျောင်းသူလေး နွယ်။ နှလုံးသား လှုပ်ရှားတတ်ခါစ၊ ချစ်တတ်စွဲလမ်းတတ်ခါစ၊ ပျော်တတ် လွမ်းတတ်ခါစ၊ လူ့ဘဝ၏ ခရီးအစတွင် ရှိသော နွယ်။ ယခုတော့ ဘဝကို အတွေးအခေါ် တစ်မျိုးဖြင့် ဝင်တိုးနေသည့် လူ့ဘဝအလယ်မှ နွယ်။

ဝေးကွာသော ခရီးကို မြေကြောရှုံ့လိုက်သဖြင့် အချိန်သည် တိုတောင်းသွားသည်။ ရင်ခုန်ရသည့် အချိန်သည် တစ်နာရီခန့်သာ

ကြာသည်။ လာနေကျခရီးကိုပင် ယခုတော့ စိုးရိမ်ထိတ်လန့်မှုဖြင့် ခြေချရပေသည်။လေယာဉ်မှနေ၍ လေဆိပ်အဆောက်အအုံထိလျှောက်ရသည့်လမ်းကို ပင်ပန်းကြီးစွာ လှမ်းခဲ့ရသည်။ အေးမြသောခန်းမသည် နွယ့်ရင်ကို ငြိမ်းအေးအောင် မပြုနိုင်ပါပေ။

ဆိုဖာထိုင်ခုံပေါ်တွင် ပစ်၍မှီကာ ပစ္စည်းများ သယ်လာမည့် တွန်းလှည်းလေးကို စောင့်နေမိပါ၏။ ပါလာသည့် ပစ္စည်းများကို လည်း စိတ်တွင်းမှ မရဲတရဲ ရေတွက်လိုက်သည်။

'လုံချည်က ဆယ်ထည်၊ ချုပ်ပြီးသားတွေပဲ ကိစ္စမရှိပါဘူး၊ ဘော်လီက ခြောက်ထည်၊ ဒါလဲ ကိုယ်ဝတ်ဖို့လို့ပြောရင် ရတာပဲ၊ မိန်းကလေးပစ္စည်းပဲဟာ၊ ပေါင်ဒါက နှစ်ဘူး၊ ဟဲယားစပရေးက တစ်ဘူး၊ ရေသူမက နှစ်ပုလင်း၊ ကရင်းပပ်ဖ်သုံးဘူး၊ ကလေးအင်္ကျီ သုံးထည်၊ နည်းနည်းစီပဲလေ၊ ခက်တာက ဟိုပိတ်ဆယ်ကိုက်'

နွယ် တွေးနေစဉ်မှာပင် ပစ္စည်းတွန်းလှည်းက ရောက်လာသည်။ ကိုယ်တွင်လွယ်လာသော သားရေအိတ်ကို ယူသွားရ ကောင်းနိုးနိုး ချထားခဲ့ရကောင်းနိုးနိုး ဖြစ်နေသည်။ ထားခဲ့ရအောင်လည်း စိတ်မချ။ အကောက်အရာရှိက နွယ့်ကို လှမ်းကြည့်နေသည်။ ယူသွားမှ ဖြစ်တော့မည်။

ပစ္စည်းစစ်သည့် ကောင်တာပေါ်သို့ မရဲတရဲ တင်လိုက်သည်။ မျက်နှာကိုမူ ကြန္တေဆယ်၍ ထားရသည်။ ပြီးတော့ နွယ့် သားရေ သေတ္တာကို လက်ညှိုးထိုးပြီး လှမ်းဆွဲလိုက်သည်။ သားရေအိတ်ဆီသို့ အာရုံမရောက်မီ သေတ္တာကို ဦးစွာ သွက်သွက်လက်လက် ဖွင့်ပြလိုက်သည်။

'အဝတ်အစားတွေပါ'

ပါးစပ်ကလည်းသွက်သွက်ပြောလိုက်သည်။ အကောက်အရာရှိက ခေါင်းညိတ်သည်။ ခပ်သွက်သွက်ပင် သေတ္တာကို ပြန်ပိတ်လိုက်

ရသည်။ အောက်ဆုံးမှ ထည့်လာသော ပိတ်ဆယ်ကိုက်အတွက်တော့ အေးရပြီ။

'သားရေအိတ်ထဲက ဘာတွေလဲ'

ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြန်လေသည်။ ဟန်မပျက် ဖွင့်၍ ပြရပြန်သည်။

'မိန်းမအသုံးအဆောင်တွေပါ'

အပေါ်ယံကို ခပ်သွက်သွက် လှန်လှော၍ ပြရပြန်သည်။ သူ ဘာမျှမပြောခင် ပြန်ပိတ်လိုက်ရသည်။ အရေးထဲတွင် သားရေဇစ်က ထစ်နေလေသည်။ အကောက်အရာရှိက ဘေးလူဆီ အာရုံရောက်သွားသည်။

လေဆိပ်ခန်းမထဲက ထွက်မှပင် ရင်ထဲက အေးသွားသည်။ အပြင်တွင် နေသည် ခြစ်ခြစ်တောက် ပူလျက်ပင်ရှိချေ၏။

\+ \+ \+

မြိတ်မြို့၏ ပွဲရုံငယ် ကလေးဟုပင် ခေါ်ဆိုထိုက်ပေ၏။ ၁၂ ပေ အခန်းကျဉ်းလေးထဲဝယ် အရောင်းအဝယ်က အကြီးကျယ်ဖြစ်နေသည်။ မသန်းခင်ညွှန်လိုက်သည့်အတိုင်း လာသာလာရသည်၊ ဟုတ်မှ ဟုတ်ပါ့မလားဟု စိတ်ထဲက တထင့်ထင့်။ သည်ရောက်တော့ မြိတ်မြို့မှ မျက်နှာသိများ၊ လေယာဉ်ပေါ်တွင် အတူပါလာသူများနှင့် လာဆုံနေသည်။ အိမ်ရှင်အမျိုးသမီးကြီးသည် မြိတ်သူပင် ဖြစ်၏။ စကားကဝဲသည်။အသားကဖြူသည်။ မျက်နှာကချိုသည်။ စိန်နားကပ်က ဝင်းသည်။

သည်နေရာတွင် နွယ်တစ်ယောက်တည်း လူသစ်။ ကျန်လူများကတော့ အပတ်စဉ်လာနေကျများ ဖြစ်ကြလေသည်။

'ဒါပဲလား ကလေးရဲ့၊ ပစ္စည်းကလဲ နည်းလှချေလား'

အိမ်ရှင်အမျိုးသမီးက ပိတ်များကို ကိုက်တံဖြင့် ကျင်လည်စွာ ဆွဲရင်း ပြောလိုက်သည်။ သူ့ခေါင်းလှည့်တိုင်း စိန်နားကပ်က ဝင်း၍ ဝင်း၍ သွားသည်။

'ဒါတောင် ကြောက်လွန်းလို့ရှင်'

သူတို့က နွယ့်ကို ပြုံးကြသည်။ သူတို့မှာတော့ ဘယ်လို သယ်လာသည်မသိ။ အရောင်ကောင်းပေ့ဆိုသော လေယာဉ်မောင် ပိတ်ကချည်း မနည်းလှ။ ကရင်ပပ်ဖ်ဘူး တွေကလည်း ဒါဇင်လိုက်။ ရေကူးဘောင်းဘီတွေက အထပ်လိုက်။ ဘောလ်ပင်တွေကလည်း မနည်း။ ဘော်လီတွေဆိုလျှင် ဒါဇင်လိုက်ရှိနေသည်။ နွယ့်မှာတော့ ခရီးစရိတ်ကျော်ရုံပင်ရှိလေသည်။ မသန်းခင်ကလည်းလိုက်မလာနိုင်၍ တစ်ယောက်တည်း အစမ်းသဘောမျိုးစွန့်၍ ထွက်ခဲ့ရသည်။ သူများ ငွေချေနေသည်ကို ကြည့်ကာ စိတ်အားထက်သန်၍လာသည်။ အစိတ်တန် အသစ်စက်စက်များကိုကြည့်ကာ လောဘဇောက တက်လာ လေသည်။ နောက်တစ်ခေါက် ဆိုရင်တော့ မသန်းခင်ကို ခေါ်ပြီး များများ သယ်လာမှပဲဟု တွေးနေမိသည်။

ပွဲရုံငယ်များ၊ တိုက်ခန်းငယ်များ ပြည့်နေသော လမ်းကြားထဲမှ ထွက်ကာ မဟာဗန္ဓုလလမ်းဘက် ထွက်ခဲ့သည်။ သုံးဘီးအလွတ်များကို မျက်စိက စောင့်ကြည့်နေသော်လည်း ဘယ်ကိုသွားရမည် မသိသေး။ ကြီးကြီးမြတို့ဆီ အလျင်သွားရကောင်းမလား၊ ဆွေဆွေဆီ သွားတွေ့ရ ကောင်းမလား။ ပြေး၍ သွားတွေ့လိုက်ချင်သည်ကတော့ ဖြူမ။ ချစ်သောသူငယ်ချင်း ဖြူမတစ်ယောက် အလုပ်နှင့် အကိုင်နှင့် ဖြစ် နေရှာမည်။ ဘာပဲပြောပြော ခုတော့ သူလည်း လူကြီးတစ်ယောက် ဖြစ်နေမည်ပင်။ ဖြူမကို တွေ့လျှင် ပြောစရာစကားတွေ အများကြီးရှိနေ ၏။ ပြီးတော့ ထိုပြောစရာထဲတွင် သူ့အကြောင်း ပါတော့မည်။

မောင့် အကြောင်းကို ပြောမိကြလျှင် နွယ့်ရင်သည် ခံနိုင်ရည် ရှိပါဦးမလား။

စိတ်တွင်းမှ လေးကန်နေစေကာမူ နှုတ်ကမူ ဖြူမရှိရာသို့သာ ညွှန်လိုက်မိလေသည်။ နွယ့်ဘဝတွင် စိတ်ကို အလိုမလိုက်ခဲ့သည်မှာ ကြာခဲ့ပြီပဲ။ ဖြူမတို့ အိမ်တံခါးဝကိုရောက်မှ တစ်ယောက်သောသူနှင့် ဆုံလေမလားဟု တွေးကာ ရင်ထဲ နွေးသွားမိပြန်လေသည်။

'ဟယ် နွယ် ၊ အမလေး နွယ်ရယ်၊ ဘယ်လိုက ဘယ်လို ရောက်လာတာလဲ'

ဖြူမသည် ကလေးဆန်ဆဲပင်။ သံတံခါးကို ဆွဲမဖွင့်မီကပင် ခုန်ပေါက် မြူးတူး၍ နေသည်။ နွယ့်လက်ကို တင်းတင်းဆုပ်၍ သူတို့တစ်တွေ ထိုင်နေကျ ထမင်းစားခန်းဆီသို့ ခေါ်သွားသည်။ သည်နေရာရောက်တော့ နွယ့်မျက်နှာက သိသိသာသာ ညှိုးလျလာသည်။

'နွယ်ရယ် စာလေးတစ်စောင်တောင်မှ ရေးဖော် မရဘူးနော်၊ ခု နွယ် အလည်လာတာလားဟင်'

နွယ်က ယခင် သူထိုင်နေကျ နေရာလေးမှာ ထိုင်လိုက်သည်။ ဟိုတုန်းကတော့ မောင်က နွယ့်ဘေးမှာ ရှိခဲ့သည်။

'အလည်မလာနိုင်ပါဘူး ဖြူမရယ်၊ နွယ် မှောင်ခိုကုန်ကူး လာတာ'

'ကြည့် ပြောရော့မယ်'

ဖြူမက နွယ့်အတွက် စားစရာကို ပြင်ဆင်ပေးသည်။ သူတို့ နှစ်ယောက်သည် တစ်စုံတစ်ယောက်အကြောင်းကို ပြောရန် သတိ ရပါလျက် မေ့ဟန်ဆောင်နေကြလေသည်။

'တို့က နွယ် အိမ်ထောင်များကျနေပြီလားလို့ ဟင်း ဟင်း'

ဖြူမက ဟန်လုပ်၍ ရယ်သွမ်းသွေးလေသည်။

'တကယ်ပြောတာ ဖြူမ မယုံဘူးလား၊ တို့ မှောင်ခိုကုန်ကူးနေတယ်ဆိုတာကိုလေ'

'ဒါတော့ဟာ မြိတ်ကလာတာပဲ၊ နည်းနည်းပါးပါးတော့ ပါမှာပေါ့၊ ဖြူမဖို့ရော ဘာပါလဲ'

နွယ်က ယခုမှ သတိရဟန်ဖြင့် ခေါင်းစည်းပဝါလေးတစ်ထည် ထုတ်ပေးသည်။

'သေသေချာချာနားထောင် ဖြူမရယ်၊ တို့ဘဝက အရင်လို မဟုတ်တော့ဘူး၊ တို့လေ ကော့သောင်နဲ့ မြိတ်ကို ကုန်ကူးနေတာ၊ ခု အဖမ်းအဆီးများနေလို့ ရန်ကုန်ဘက် လှည့်လာတာ သိလား၊ သိလား ဖြူမ၊ တို့ တကယ်ပြောတာ'

အရင်းနှီးရဆုံး သူငယ်ချင်းကို တွေ့ခါမှ မိခင်ကို တွေ့ရသည့် ကလေးငယ်လို နွယ်တစ်ယောက် ဝမ်းနည်းပန်းနည်း ဖြစ်လာသည်။ သူ့ဘဝကို ပြောပြရင်း အလိုလို အားငယ်လာသည်။ မျက်ရည်စများက မျက်တောင် ရှည်ရှည်စင်းစင်းများတွင် ခိုဝင်လာကြလေသည်။

ယခုမှပင် ဖြူမ ထိတ်ထိတ်ပျာပျာ ဖြစ်ရတော့သည်။

'ဟယ် နွယ်ရယ် မငိုပါနဲ့၊ တကယ် ကုန်ကူးနေတော့ကော ဘာဖြစ်လဲ၊ တို့တောင် အလုပ်မရှိလို့ ဘာလုပ်ရမလဲ စဉ်းစားနေတာ၊ နွယ်နဲ့လိုက်လာရင် အတော်ပဲ'

ဖြူမနှင့်တွေ့လျှင် အရာရာသည် ပေါ့ပေါ့တန်တန် ဖြစ်သွားရမြဲပင်။ နွယ့်အပေါ် နှစ်သိမ့်တတ်သော စိတ်ကတော့ သူငယ်ချင်း ဖြူမတွင် အစဉ်ရှိခဲ့သည်။ အထူးသဖြင့် မောင်နဲ့ တွေ့ပြီးမှ ဆိုပါတော့။

'နွယ့်ညီမလေး ကျောင်းမှာမဟုတ်လား ဟင်၊ သူ ဘယ်နှစ်ရောက်နေပြီလဲ၊ ဘယ်အဆောင်မှာလဲ'

'တတိယနှစ်မှာ၊ အင်းလျားမှာလေ'

နွယ့်မျက်ရည်စတွေ ပျောက်သွားအောင် ဖြူမက အခြား အကြောင်းအရာများကို ရှာသည်။ ကက်ဆက်ရှိရာ ထသွားပြီးမှ ရုတ်တရက် သတိရသလို ရပ်တန့်သွားကာ နွယ့်ဆီ မသိမသာ လှည့်ကြည့်သည်။ နွယ်က မချိပြုံးပြုံးရင်း ဖြူမဆီ ထလာသည်။

'တို့တွေ မျိုသိပ်မထားဘဲ သူ့အကြောင်း ပြောရအောင်နော်၊ သူ အခု လက်ထပ်သွားပြီလား ဟင်၊ သီချင်း အသစ်တွေကော ဆိုသေးလား၊ နွယ်တော့ သီချင်းနားမထောင်ရတာ ကြာပြီ၊ အိမ်က ကက်ဆက်လဲ ရောင်းလိုက်ပြီလေ၊ ကဲ ဖွင့်ပါ ဖြူမရယ်၊ သူ့သီချင်းပဲ ဖွင့်ပါ'

ဖြူမသည် သက်ပြင်းတစ်ချက်ကိုမရှိုက်စဖူးရှိုက်ကာကက်ဆက် ခလုတ်ကို နှိပ်လိုက်သည်။ သူ့ သီချင်းဟောင်းတွေပင် ဖြစ်၏။

'သူ လက်မထပ်သေးဘူးနွယ်၊ သူ ဖြူမတို့အိမ် ခဏခဏ လာပါတယ်၊ ကိုကိုနဲ့ တွဲတုန်းပဲ၊ သူလာရင် နွယ့်အကြောင်း အမြဲ ပြောတာပဲ'

'ညီမလေးကို ကျောင်းလာပို့တော့ သူနဲ့တွေ့တယ်'

'ပြောတယ်၊ နွယ်က သံယောဇဉ်ဖြတ်ဖို့ အပြတ်ပြောတယ်ဆို၊ ပြီးတော့ ပြောသေးတယ်'

'ဘာတဲ့လဲ'

'နွယ့်ကို သနားတယ်တဲ့'

'ဒါ သူပြောနေကျပဲ'

နှစ်ယောက်လုံး တိတ်ဆိတ်သွားကြလေသည်။ သူတို့ နှစ်ယောက် စားပွဲရှေ့တွင် မျက်နှာချင်းဆိုင်လိုက်ကြသည်။ အခြေအနေသည် တစ်မျိုးဖြစ်နေလေသည်။

ယခင်ကအနေအထားမျိုးကို ဘယ်လိုမှ ပြန်မရတော့ပါချေ။

\+ \+ \+

'ပစ္စည်းတွေက ကိုယ်က ရောင်းတော့ တစ်ဈေး၊ ပြန်ဝယ်တော့ တစ်ဈေးနော် မသန်းခင်၊ နွယ်တော့ ကော့သောင်နဲ့ရန်ကုန် တိုက်ရိုက် လေယာဉ်ပျံရှိရင် တစ်ခါတည်းသာ ကူးရောင်းလိုက်ချင်တော့တယ်'

မသန်းခင်က နွယ့်အပြောကို သဘောကျစွာ ရယ်သည်။

'ဩော် နွယ်နွယ်ရယ်၊ခုတော့လဲ လောဘရှိနေလိုက်တာ၊တကယ့် ကုန်သည်မကြီးကို ဖြစ်လို့'

'အခြေအနေက ဒီလိုပဲဖြစ်လာတာကိုး၊ ခုဆိုရင် ဖေဖေက အိပ်ရာထဲမှာ လုံးလုံးလဲသလောက် ရှိနေပြီ၊ ဆေးပေါတဲ့ အရပ်မှာ နေလို့ တော်သေးရဲ့၊ အားရှိတဲ့ အစားအစာလဲ ကျွေးနေရသေးတယ်၊ ကောင်မလေးတွေကလဲ အပြိုင်းအရိုင်း အပျိုတွေ ဖြစ်နေကြပြီလေ၊ နွယ်မှ မရှာရင် ဘယ်သူရှာမလဲ မသန်းခင်'

'အားကိုးအားထားရှာလိုက်ပါလား နွယ်ရဲ့'

ပထမတော့ မသန်းခင်၏ မျက်နှာပေးကိုမကြည့်ဘဲ သဘောရိုး ထင်ကာ ပြုံး၍နေလိုက်သည်။

'အားကိုးအားထားရှာလဲ နွယ့်တစ်ယောက်ပဲ အားကိုးလို့ရမှာ ပေါ့ မသန်းခင်၊ နွယ့်မိသားစုကို ဘယ်သူက တာဝန်ယူမှာလဲ'

'အမယ်လေး နွယ်ရယ်၊ တာဝန်ယူချင်တဲ့သူက ယူချင်လွန်းလို့ ကျွန်မကို လာလာ နားပူနေတာ၊ ဟင်းဟင်း နွယ့်ကို မပြောရဲလို့'

နွယ့်မျက်နှာသည် ရုတ်ချည်း တင်းမာ၍သွားလေသည်။

'တော် မသန်းခင်၊ နွယ့်ကို ဒီစကားမျိုး မပြောနဲ့ နွယ်မကြိုက် ဘူး၊ နွယ် ငွေလိုချင်လို့ မှောင်ခိုလုပ်ပေမယ့် ကိုယ့်ကိုကိုယ်တော့ အနစ်မွှန်းမခံနိုင်ဘူး'

တင်းမာလှသော နွယ့်စကားကြောင့် မသန်းခင် မျက်နှာပျက်၍ သွားသည်။ နွယ့်ကိုလည်း ပြုံးပြုံးပျာပျာ တောင်းပန်ရသည်။

'အို အလကားနောက်တာပါ နွယ်ရယ်၊ သူက ရိုးရိုးလာပြော တာပါ၊ နွယ် ရန်ကုန်ဘက် ကူးနေတယ်ဆိုတော့ ပစ္စည်းတွေ ဒီမှာ ဝယ်ရတာ ဈေးနာမှာပေါ့တဲ့၊ လိုတာကို သူ့ဆီမှာဖို့ ပြောတာပါ၊ တခြား ဘာမှ မပြောပါဘူး၊ အဲဒါ ပြောမလို့ နွယ်ရယ်၊ ကျွန်မ နောက်တာ စိတ်မဆိုးနဲ့နော်'

တောင်းတောင်းပန်ပန် ပြောနေသော မသန်းခင်၏ စကား ကြောင့် နွယ့်မျက်နှာမှာ အနည်းငယ် ပြေလျော့သွားသည်။ ပြီးတော့ လည်း သူ့စကားကို အမှန်ပင် စိတ်ဝင်စားသွားသည်။

'သူတို့ကို ကပ်စတမ်က မရှာတော့ဘူးလား'

'အရင်တစ်ခါ စက်လှေတစ်စင်းလုံး မြွေနှောက်သွားတာ တော် တော်ပါသွားတယ်လေ၊ ဒါပေမယ့် ကုန်သည်တွေပဲကွယ်၊ ဘယ် အလျှော့ပေးမလဲ၊ ဖြစ်အောင်လုပ်တာပေါ့'

'မသန်းခင်နဲ့ ဘယ်မှာတွေ့လဲ'

'ဈေးမှာ'

နွယ်က ခပ်ငေးငေးလေး တွေးတောစပြု၏။ မြိတ်မှာ ပစ္စည်း ဝယ်ရသည်က ကော့သောင်ဈေးနှင့် ကွာသည်။ အမြတ် နည်းသည်။ ကော့သောင်ကို ပစ္စည်းမှာ၍ ရလျှင်တော့ ခေါက်ချိုးမြတ်နိုင်သည်။ နွယ်မှာလျှင် ကိုကျော်ဟိုးက ငြင်းမည်မဟုတ်။ အားလုံး မဟုတ်သည့် တိုင် မြိတ်မှာ ဈေးကောင်းသော ပစ္စည်းအချို့ကို မှာနိုင်သည်။ အချို့ကို မြိတ်မှာပင်ဝယ်မည်။ ယခုဆိုလျှင် ရန်ကုန်ခရီးကိုလည်း လမ်းပွင့်နေပြီ။ ရန်ကုန်ရောက်လျှင် ဖောက်သည်ဆီ သွားသွင်းလိုက်ရုံ

သာ။ အပင်ပန်းခံပြီး တစ်နေရာစီ သွားစရာ မလို။ လေယာဉ်ဆိုတော့ လူလည်းသက်သာသည်။ အချိန်ကုန်လည်း သက်သာသည်။ အပြန်တွင်လည်း ရန်ကုန်က ပစ္စည်းကို သယ်လာနိုင်သေးသည်။

'နွယ်မှာချင်ရင် ကျွန်မ သွားပြောလိုက်မယ်လေ၊ ကျွန်မကို ပိုက်ဆံပေးလိုက်၊ နွယ်ကိုယ်တိုင် သွားတော့လဲ ပိုကောင်းတာပေါ့၊ သေသေချာချာမှာနိုင်တာပေါ့'

မသန်းခင်က မရဲတရဲ ပြောလိုက်သည်။

'အင်းလေ သွားတာပေါ့၊ မသန်းခင်လဲ သုံးစရာမရှိဘူး မဟုတ်လား၊ ရော့'

နွယ်က ငွေအချို့ကို ပေးကာ ပြန်ခဲ့သည်။ ယခင်အပတ်က မသန်းခင်ကို ရန်ကုန် အဖော်ခေါ်သွားရသည်။ သူ့မှာ ငွေရင်း မစိုက်နိုင်၍ နွယ်ကပင် ငွေစိုက်ကာ ပစ္စည်းဝယ်စေသည်။ နှစ်ယောက် သယ်ရသည်ဆိုတော့ ပစ္စည်းပိုရသည်။ လေယာဉ်က ပေါင်ချိန်အကန့်အသတ်ရှိ၍ တစ်ယောက်တည်း သယ်ချင်တိုင်း သယ်၍မရ။ ပြီးတော့ မသန်းခင်က မြိတ်မှ လူများနှင့် ပိုရင်းနှီး၍ ပစ္စည်း သယ်ပုံ ယူပုံ၊ လွတ်အောင် လုပ်ရပုံများကို မေးမြန်းစုံစမ်းပေးသည်။ ပေးရကမ်းရမည့်သူကိုလည်း သိရသည်။ ခရီးသွားဖော်ရှိ၍ အားလည်း ကိုးရသည်။ သည့်အတွက် နွယ်က သူ့ကို ကရဏာကြေးပေးရသည်။

နွယ့်အတွေးများသည် တစ်စတစ်စ ပိုမိုကျယ်ပြန့်၍ လာ၏။ နွယ်ကိုယ်တိုင် ခြေစမ်း၍ ချရုံချကြည့်ခဲ့သော နယ်မြေတွင် ကျွံမှန်းမသိ ကျွံလာလေသည်။

မှောင်ရီပျိုး၍ နေပေပြီ။ တစ်ယောက်တည်း တွေး၍ လမ်းလျှောက်သည့် အကျင့်ကို ရခဲ့သည်မှာလည်း ကြာပြီ။ ရဲဌာနဝင်းကို ကျော်ဖြတ်ခဲ့သည်။ အိမ်ဟောင်းဆီသို့ မျက်လုံးဝေ့၍ ကြည့်လိုက်

သည်။ လူသစ်များ ရောက်၍နေသည်။ တစ်ချိန်က မေမေနှင့်အတူ မိသားစု ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသည်များကို မြင်ယောင်၍လာသည်။ မျက်စိကို ပြန်လွှဲလိုက်၏။

လမ်းမပေါ်တွင် နွယ်တစ်ယောက်တည်း ရှိနေလေသည်။

\+ \+ \+

မော်တော်ဆိုင်ကယ်တစ်စီး နွယ့်ဘေးမှ ကပ်၍ ဖြတ်သွားသည်။ ဒေါသဖြင့် လှည့်ကြည့်မည်ကြံဆဲ မော်တော်ဆိုင်ကယ်က ရှေ့မှ ပြန်ကွေ့လာသည်။ နွယ့်နားတွင် ပြန်၍ ရပ်လိုက်သည်။

'တစ်ယောက်တည်းလား မနွယ်၊ ဘယ်သွားမလို့လဲ'

'ဒီ ကံဖျားဈေးတင်ပါပဲ ကိုကျော်ဟိုး၊ ကိုကျော်ဟိုးကော'

'ကျွန်တော့် ဒီဘက်က အသိတစ်ယောက်ဆီလာတာ၊ မနက်ဖြန် စက်လှေပြန်ထွက်မယ်၊ မနွယ် ဘာမှာမလဲ'

မနေ့က မသန်းခင်နဲ့ ပြောထားသည်ကို သတိရလိုက်သည်။ ပြီးတော့ 'နောက်တာပါ' ဆိုတော့ လက်ဦးစကားကိုလည်း သတိရ သွားသည်။ မျက်နှာမထားတတ်သလို ဖြစ်သွားပြီးမှ ဣန္ဒြေဆယ် လိုက်ရ၏။ကိုကျော်ဟိုးသည်ဆိုက်ကယ်ကိုအေးအေးဆေးဆေးရပ်ကာ ဆင်းပြီး မတ်တတ်ရပ်လိုက်သည်။ သူတို့နှစ်ယောက် နီးနီးကပ်ကပ် ဖြစ်သွားလေသည်။ နွယ်က မသိမသာ နောက်ကိုဆုတ်သည်။

'နွယ်မှာချင်တာ နည်းနည်းတော့ရှိတယ်'

'နည်းနည်း မဟုတ်ပါဘူး များများမှာပါဗျာ အားမနာနဲ့၊ အရင် ဆေးတွေတုန်းကလို ပါသွားရင်တော့လဲ ကျွန်တော့်အပေါ် မယုံမရှိနဲ့နော်'

'ဒီလောက် အသေးအဖွဲလေးနဲ့တော့ နာမည်ပျက်မခံဘူးဆိုတာ သိပါတယ်ရှင်၊ ဖော့ကပ်လုံချည်လေး နည်းနည်းမှာချင်လို့ပါ၊ တစ်ဒါဇင်လောက်ပေါ့၊ အခု ရန်ကုန်မှာ ဈေးကောင်းနေတယ်၊ ကိုကျော်ဟိုး အပန်းမကြီးပါဘူးနော်'

'ဒီ့ထက်မက မှာချင် မှာပါဗျာ၊ ကျွန်တော် မနွယ်အပေါ် ကူညီချင်ပါတယ်၊ ပြီးတော့'

'ရှင်'

နွယ့်စိတ်က ထင့်ကနဲ ဖြစ်သွားသည်။ သည်တော့မှလည်း သူ့ မျက်နှာကို အကဲခတ်သလို ကြည့်မိသည်။ မျက်လုံးများက စူးစူးရဲရဲနိုင်လှသည်။

'မနွယ်က ညီမလေးတွေနဲ့ အဖေအပေါ် သိပ်စေတနာထားတယ်နော်၊ မနွယ်ကို ကျွန်တော် ချီးကျူးပါတယ်၊ ဒါကြောင့် ကူလဲ ကူညီချင်တယ်'

သူ့စကားက ယဉ်ကျေး၍ တော်ပေသေးသည်။ သို့သော် သူ့ အမူအရာကိုမူ သိပ်ပြီး မနှစ်သက်လှ။ မျက်နှာသိ လမ်းသွားလမ်းလာများက မသိမသာ စောင်းငဲ့၍ ကြည့်သွားကြသည်။ နွယ့်ကိုများ အထင်သေးသွားကြလေမလားဟု နွယ့်စိတ်က စိုးရိမ်မိသည်။ မိခင်မရှိတော့သည့် နောက်ပိုင်း သမီးမိန်းကလေးများချည်း နေထိုင်ကြပြီး မှောင်ခိုကုန်ကူးနေသည်ဆိုတော့ တစ်မျိုးတစ်မည် အထင်သေးမည်ဆိုလျှင် သေးနိုင်သည်။ ပြီးတော့ ကိုကျော်ဟိုးလို သူဌေးသားနှင့် ဆက်ဆံနေသည်ဆိုတော့ ပိုသတိထားရသည်။ သို့သော် သူ့ကို ချက်ချင်းတော့ စကား စဖြတ်ပစ်၍ မဖြစ်။

'ပိုက်ဆံကို ကျွန်မ မသန်းခင်ကို ပေးခိုင်းလိုက်ပါ့မယ်၊ ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်'

'ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ၊ ပိုက်ဆံလဲ ပြန်လာမှပေးပါ၊ ကဲ သွားမယ် မနွယ်'

သူက ပြောပြောဆိုဆို မော်တော်ဆိုင်ကယ်ပေါ် လွှားခနဲ တက်ကာ ထွက်ခွာသွားသည်။ မီးခိုးငွေ့များ ဝေ့ဝဲကာ ကျန်ခဲ့သည်။

ဘာကြောင့်မှန်းတော့ မသိ။ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိလေသည်။

*

# ၆

ဆွေဆွေသည် နုံးညံ့ညင်သာစွာ လှုပ်ရှား သွားလာနေသည်။ နွယ် မနိုင်၍ ပစ်ထားရသော အလုပ်များကို ရှာဖွေ၍ သိမ်းကျုံးလုပ်သည်။ ညီမငယ်တို့ လုံးထွေးပစ်ထားသော အဝတ်ဟောင်းများကို လျှော်သည်။ စာကြည့်စားပွဲများကို ရှင်းသည်။ ကျပ်ခိုးများကို လှည်းချသည်။ ဖေဖေ့အခန်းကို သန့်ရှင်းရေးလုပ်သည်။ မီးဖိုဆောင်ကို သန့်ရှင်းရေးလုပ်သည်။ ဧည့်ခန်းကို အလှဆင်သည်။ အိမ်သည် တစ်မျိုးတစ်ဖုံသာယာ၍ လာသည်။ ဆွေဆွေ့အသံကား တိုးတိတ်ညင်သာလှ၏။ ယခင်ကလို ကျောင်းမှ အတွေ့အကြုံများကို ညံ့ညံ့စီစီ ပြောသံမကြားရတော့။ ညီမငယ်များနှင့် ရောထွေး၍ ခိုးခိုးခစ်ခစ် ရယ်မောခြင်းကို မပြုတော့။ နွယ့်ကွယ်ရာမှာလည်း နွယ့်ကို မေးငေါ့ကာ လျှာထုတ်ပြခြင်းမျိုး မပြုတော့။ ဆွေဆွေ့ အမူအရာများသည် ရင့်ကျက်တည်ငြိမ်၍ လာလေသည်။

သာမန်အားဖြင့် ကြည့်လျှင်တော့ ကျေနပ်အားရဖွယ်ပင်။ သို့သော် နွယ့်ရင်ထဲမှာမူ ဘဝင်မကျ။ ဆွေဆွေ့ကို ယခင်ကလိုပင်

ရယ်ကာမောကာ ပျော်ကာရွှင်ကာနှင့် မြင်လို၏။ အပြုအမူများ ပြောင်းလဲလာခြင်းသည် စိတ်ထား ပြောင်းလဲလာခြင်း ဖြစ်နိုင်သည်။ ကိုယ့်စိတ်နှင့်နှိုင်းကာ ပူပန်မိလေသည်။

ဆွေဆွေ ချစ်သူတွေ့လာပြီ ထင်ပါရဲ့။

ညီမငယ်၏ နှလုံးသားပြဿနာကို မချုပ်ချယ်လို။ သို့သော် မိသားစု အခြေအနေကို ဆွေဆွေ အသိဖြစ်၏။ ဆွေဆွေသည် ဒုတိယနေရာတွင် ပါဝင်ရပ်တည်နေရသည် ဆိုသည်ကိုလည်း ငြင်းကွယ်၍မရ။ ဆွေဆွေတစ်ယောက် ကိုယ်လွတ်ရုန်းကာ အချစ်ရေးကို ဦးစားပေးလျှင် နွယ် ရင်ကျိုးရပေမည်။ သို့သော် နွယ့်လိုပင် နှလုံးသားကို အထိခိုက်ခံကာ ကိုယ်ကျိုးကို စွန့်နိုင်လောက်အောင် ဆွေဆွေ ခံနိုင်ရည် ရှိပါ့မလား။ သည်လို အဖြစ်မျိုးကိုလည်း ရင်မဆိုင်စေချင်။

နွယ်တိုင်ပင်သမျှကို ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေသော်လည်း ကြည့်ရသည်မှာ အားမရှိလှ။ ဆွေဆွေ့မျက်လုံးများ အဝေးတစ်နေရာသို့ လွင့်ပါးနေပြီကို နွယ် အတပ်သိ၏။ နှုတ်ကမူ ဖွင့်မမေးချင်၊ ဖွင့်မမေးရက်။

ဆွေဆွေ့ မျက်လုံးများသည် နွယ့်မျက်လုံးများထက် ပိုမိုတောက်ပကာ မျက်တောင်များသည် အောက်သို့ ငိုက်ဆင်းမနေ၊ ကော့ပျံ၍ နေကြ၏။ ပါးလျားစုချွန်သော နှုတ်ခမ်းလေးများနှင့် ကိုယ်ဟန်နွဲ့နွဲ့ကိုလည်း ပိုင်ဆိုင်ထားသည်။ အသားက ဖြူသည်၊ ဝါသည်။ တက္ကသိုလ်နယ်မြေကို သည်လိုမိန်းမလှလေးတစ်ယောက် ရောက်ခဲ့ပါလျက် အဘယ်မည်သော ယောကျ်ားသားသည် လျစ်လျူရှု နေပါမည်နည်း။ မိန်းမသားတို့၏ နှလုံးသားကိုကော မည်သို့သော အသိတရားများက ချုပ်ကိုင်ထားနိုင်စွမ်း ရှိပါမည်နည်း။

'မမနွယ်'

ဆွေဆွေ့မျက်လုံးများသည် ရီဝေနေ၏။ လ တစ်ခြမ်းပဲ့လေးသည် တိမ်တို့၏ တွန်းထိုးကျီစယ်မှုကြောင့် ဟိုသည် ရွေ့လျားနေသည်။ သခင်ပန်းနံ့သည် သင်းပျံ့၍ နေ၏။ အိမ်ရှေ့ဝရန်တာတွင် ညီမနှစ်ယောက် ထိုင်မိကြသည်။ နွယ်က အတွေးနယ်ကျယ်နေမိဆဲ ဆွေဆွေ့ခေါ်သံကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ တစ်ခုခု ပြောလို၍ ခေါ်သည့်အသံမျိုး။ တန်တော့ 'ဆွေ့မှာ ချစ်သူရှိနေပြီ' ဟု ပြောတော့မည် ထင်ပါရဲ့။

'ဘာလဲ မိဆွေ'

အရွယ်ကလည်း မီလာပြီ၊ အသိဉာဏ်ကလည်း ယှဉ်လာပြီဆိုတော့ ယခင်လို နင်ပဲငဆပြော၍ မဖြစ်တော့။ ရိုက်နှက်ဆုံးမ၍လည်း မဖြစ်နိုင်တော့။ တန်းတူထားကာ အလေးပေး ဆွေးနွေးရပေမည်။ အစ်မကြီးလေသံဖြင့် ထူးလိုက်သည့်တိုင် ကြောင့်ကြမှုကြောင့် အသံက တုန်သွားသည်။

'ဖေဖေ့အခြေအနေကို ဆရာဝန်က ဘာပြောသေးလဲ မမနွယ်၊ ဆွေအရင်တစ်ခေါက် ပြန်လာတာနဲ့တောင် မတူတော့ဘူး၊ သိပ်ကျတာပဲနော်'

နွယ်က ခေါင်းကို ညိတ်လိုက်သည်။

'ဟုတ်တယ်၊ အားမရစရာပဲ၊ ဖေဖေ စိတ်ဓာတ်လဲ သိပ်ကျနေတယ်၊ သူ ဘာမှ မစွမ်းတော့ဘူးဆိုပြီး စိတ်လျှော့ထားတာပဲ၊ ငါ့ကိုလဲ ဘာမှ မေးလားမြန်းလား မလုပ်တော့ဘူး၊ မေးလဲ မမေးရက်တော့ဘူးလား မသိဘူး၊ ဒါပေမယ့် မိဆွေ၊ ဖေဖေ တို့နားမှာ အသက်ရှင်နေသေးသရွေ့ တို့နေရတာ တင့်တယ်သေးတယ်၊ ဖေဖေ ဘာမှ မလုပ်နိုင်ချင် နေပစေ၊ ဖေဖေ အသက်ရှည်နေဖို့ တို့ အစွမ်းကုန် ကြိုးစားရမယ်'

နွယ့်အသံကလှိုက်လှဲလာသည်။ ဆွေဆွေသည် အစ်မဖြစ်သူ၏ မျက်နှာကို ငေးမောကြည့်ရှုနေသည်။

'မမနွယ်ကို ဆွေ သိပ်အားနာတာပဲ၊ မမနွယ်တစ်ယောက်တည်း တစ်အိမ်လုံး တာဝန်ယူနေရတယ်၊ ဆွေလဲ ကြိုးစားနေပါတယ် မမ နွယ်၊ မမနွယ်ကို ဆွေ တစ်ခုပဲ တောင်းပန်ချင်တယ်'

ရင်ထဲတွင် ပူခနဲဖြစ်သွားပြန်သည်။ ဘာမျှပြန်မပြောမိ။

'ဆွေ ကျောင်းဆက်တက်ချင်တယ်'

'ဟင်'

နွယ်က နားမလည်သလို မေးလိုက်သည်။

'ဆွေ ဒီနှစ် ကွာလီဖိုင်းဖြစ်အောင် ဖြေမယ် မမနွယ်၊ ဆွေ အမ်အက်စီ ဆက်တက်ချင်တယ်၊ ဒါမှလဲ အလုပ်ရဖို့ ပိုလွယ်မှာ၊ အဲဒါ မမနွယ်က ကျောင်းမနေဘဲ တစ်အိမ်လုံးတာဝန် ယူနေတဲ့အချိန် မှာ ဆွေက ကျောင်းချည်းပဲ တက်နေတော့ တရားပါ့မလားလို့'

ဆွေဆွေ့အသံသည် တိုးညှင်းသွား၏။ ပြီးတော့ မျက်တောင် ကော့များကြားတွင် မျက်ရည်တွေ ဝေ့ဝဲလာသည်။

'နိုင်ငံခြားထိ သွားချင်သွားစမ်းပါ မိဆွေရယ်၊ ငါ အခုမှ ကျောင်းပြန်နေလို့လဲ ဖြစ်တော့တာ မဟုတ်ပါဘူး၊ ဒီအတွက် နောက်ဆံမတင်းနဲ့၊ တကယ်တော့ မေမေသာရှိရင် တို့တွေ ဒီလောက် ဒုက္ခမရောက်ပါဘူး၊ အို အခုလဲ ဒုက္ခမရောက်ပါဘူးလေ၊ တစ်နေ့ ကျရင် တို့မိသားစု ဖေဖေပြောသလို အညာပြန်ပြီး အေးအေးချမ်းချမ်း နေနိုင်မှာပဲ၊ အငယ်တွေပါ အောင်မြင်မှု ရတဲ့အထိ စောင့်ကြရဦးမယ်၊ အားလုံးကြိုးစားလေ ငါ ဝမ်းသာလေပဲ'

နွယ့်မျက်လုံးတွင် မျက်ရည်များ ခိုမှီလာကြပြန်သည်။ ညီအစ်မ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ဝံ့ကြ။

မျက်နှာချင်းသာ ဆိုင်လိုက်မိလျှင် နှစ်ယောက်သားဖက်ခါ ချုံးချ၍ ငိုမိကြပေမည်။

နွယ်က ထ၍ ဝရန်တာတွင် မတ်တတ်ရပ်လိုက်သည်။ ဆွေဆွေသည် နေရာတွင်ပင်ထိုင်ကာ မျက်နှာကို လက်မောင်းပေါ် အပ်ထားသည်။ ညီမငယ်နှစ်ယောက်၏ စာကျက်ရင်း ငြင်းခုံနေသံသဲ့သဲ့ကို ကြားရသည်။

လတစ်ခြမ်းပဲ့လေးသည် တိမ်များကြားတွင် ပြေးလွှားနေရဆဲ ရှိလေသည်။

\+ + +

'မမနွယ် အိမ်ရှေ့မှာ ကိုကျော်ဟိုးရောက်နေတယ်'

ရေချိုးခန်း အပြင်ဘက်မှ လှမ်းပြောလိုက်သံကြောင့် ရေအလောင်းရပ်ကာ နားစွင့်လိုက်သည်။

'အေး ငါအခုလာမယ်လို့ ပြောလိုက်၊ နင် နည်းနည်းစကားပြောထားလိုက် မိဆွေ'

ရေကို နှစ်ခွက်သုံးခွက် ဆင့်၍ လောင်းပြီး ကမန်းကတန်းထွက်လာခဲ့သည်။ သနပ်ခါးမလိမ်းတော့ဘဲ မျက်နှာကို တို့ပတ်ဖြင့်လျှောက်ပွတ်ကာ တွေ့ရာအင်္ကျီကို ဆွဲဝတ်သည်။ အခန်းအပြင်ဘက်ထွက်မည်ပြုစဉ် အပေါက်ဝတွင် ငုတ်တုတ်ထိုင်နေသော ဆွေဆွေ့ကို ခလုတ်တိုက်မိလေသည်။

'ဟဲ့ ဒီမှာ ဘာထိုင်လုပ်နေတာလဲ၊ ကိုကျော်ဟိုးကို နည်းနည်းပါးပါး ဧည့်မခံထားဘူးလား၊ ငါမှာထားတဲ့ ပစ္စည်းတွေ လာပို့တာ'

ဆွေဆွေသည် နွယ့်ကို အံ့သြသလို ကြည့်နေသည်။

'ဆွေမှ သူ့ကို ကြည့်လို့မရတာ'

တင်းမာသော မျက်နှာထားနှင့် ဆွေဆွေ့ အပြောကြောင့် ရင်ထဲတွင် စူးကနဲ ဖြစ်သွားလေသည်။ ဘာမျှမပြောဘဲ အိမ်ရှေ့သို့ ထွက်ခဲ့ရသည်။ ကိုကျော်ဟိုးသည် အိမ်ရှေ့တွင် တစ်ယောက်တည်း ငေါင်းစင်းစင်း ထိုင်နေလေသည်။ နွယ်ထွက်သွားမှ အဟဲကနဲ ရယ်ကာ အတွင်းဘက်သို့ လှမ်း၍ကြည့်သည်။

'ကျွန်တော့်ကိုတွေ့တာဗျာ မနွယ်ညီမက အစိမ်းသရဲတွေ့တာ ကျနေတာပဲ၊ ပြန်တောင် လှည့်ပြေးရတော့မလားလို့၊ ကျွန်တော် အရင်တုန်းကလို သူ့ကို မနှောင့်ယှက်တော့ပါဘူး၊ မနွယ် သိပါတယ်နော်'

နွယ်က ဘာမျှ ပြန်မပြောဖြစ်။ ကိုကျော်ဟိုး ယူလာသော ပစ္စည်းများဆီသာ မျက်စိရောက်သွားသည်။

'လုံချည်ရယ်၊ ကလေးစပို့ရှပ်ရယ်၊ ကရင်ပပ်ဖ်ဘူးတွေရယ်၊ ဒါပဲမဟုတ်လား၊ ဒီမှာ စာရင်းစာရွက်'

'ဩော် ဟုတ်ကဲ့၊ ဆွေဆွေရေ အိုဗာတင်းတစ်ခွက် ဖျော်ခဲ့ဟေ့'

နွယ်က စာရင်းစာရွက်ကို ကြည့်ကာ အတွင်းဘက်သို့ လှမ်းအော်ပြောလိုက်သည်။

'အားလုံး ခုနစ်ရာကျော် ကျတယ်နော်'

'ဟုတ်တယ် မနွယ်၊ ရန်ကုန်ကပြန်လာမှ ပေးချင်ပေးပေါ့'

'နွယ် တစ်ဝက်ပေးနှင့်မယ် ကိုကျော်ဟိုး၊ ကျန်တာတော့ ပြန်လာမှပဲယူပါ၊ နွယ်လဲ သိပ်မကြာပါဘူး'

'ကိစ္စမရှိပါဘူးဗျာ၊ ပြောရမယ့်သူတွေမှ မဟုတ်ဘဲ'

'ဩော် မိဆွေရေ'

'ဖျော်ပြီးပြီ မမ'

ဆွေဆွေကား ထွက်မလာ။ နွယ်က အထည်များရေနေရာမှ ထသွားသည်။ အိုဗာတင်းခွက်ကိုယူကာ ကိုကျော်ဟိုးကို ဧည့်ဝတ်

ပြုရသည်။ အင်္ကျီများ ရေတွက်နေသော နွယ့်လက်သည် တုန်နေလေသည်။

ကိုကျော်ဟိုးက အိုဗာတင်းကို နှစ်ငုံမျှငုံကာ ပြန်ချလိုက်သည်။

'ကျွန်တော် ပြန်ဦးမယ် မနွယ်၊ ငွေကို အလောမကြီးပါနဲ့၊ အေးအေးဆေးဆေးမှပဲပေးပါ၊ ဆွေဆွေ့ကိုလဲ ပြောလိုက်ပါ၊ ကျွန်တော် ဒီတစ်ခါ ကော့သောင်ကပြန်လာရင် အိုဗာတင်းတစ်ဘူး လက်ဆောင်ဝယ်ခဲ့ပါမယ်လို့'

နွယ်တို့ဘက်မှာ ဟောလစ်တို့ အိုဗာတင်းတို့ ပေါပါလျက် ကျဲတောက်တောက် ဖျော်ထားသော အိုဗာတင်းခွက်ကို ကြည့်ကာ ကိုကျော်ဟိုးက ခနဲ့သွားသည်။ နွယ်က ရယ်ချင်သော်လည်း ပြုံးရုံပြုံးပြလိုက်သည်။ မျက်နှာလည်း အနည်းငယ်ပူသွားသည်။

မော်တော်ဆိုင်ကယ်သံ ပျောက်လုနီးမှ ဆွေဆွေ အခန်းထဲမှ ထွက်လာသည်။ နွယ့် လက်ထဲမှ ပစ္စည်းများကို မမြင်ဖူးသလို ကြည့်နေလေသည်။

'မိဆွေ ညည်း တော်တော်ရိုင်းတယ်၊ ငါ ပစ္စည်းမှာထားလို့ လာပို့တဲ့လူကို စိတ်ထဲက မပါတောင်မှ နည်းနည်းပါးပါး ဟန်လုပ်ဖို့ ကောင်းတယ်'

နွယ်က မကျေမနပ် ပြောလိုက်သည်။

'ဒီလူကို အစကတည်းက ကြည့်လို့မှမရတာ၊ ဒီလိုလူမျိုးနဲ့ မဆက်ဆံချင်ဘူး မမနွယ်'

မသိသားဆိုးရွားလေခြင်း။ နွယ့်ရင်ထဲက မျက်ခနဲ ဖြစ်သွားပြန်လေသည်။

'မိဆွေ ညည်းဟာ တော်တော်သိတတ်လာပြီလို့ ငါအောက်မေ့နေတာ၊ ခုတော့ ညည်းစိတ်ထဲမှာ မာနလေးတွေ ရှိနေပါပကော၊

အေး ငါ ညည်းလို မာနထားချင်ပေမယ့် မထားနိုင်ဘူး၊ ထားလို့ မရဘူး၊ အဲဒါ ဘာကြောင့်လဲဆိုတာတော့ မပြောဘဲနဲ့ နားလည်ဖို့ကောင်းတယ်'

နွယ်သည် ရေလက်စ အထည်များကို ပစ်ချကာ အခန်းထဲ ဝင်ခဲ့လေသည်။ အိပ်ရာပေါ်တွင် မှောက်ချလိုက်ကာ ကာလအတန်ကြာ အောင့်အည်းထားခဲ့သော မျက်ရည်များကို သွန်ချလိုက်သည်။

ဆွေဆွေသည် နွယ့်ဘေးသို့ ညင်သာစွာ လှမ်းလာလေသည်။

'မမနွယ် ဆွေ မှားသွားပါတယ်၊ ဆွေ့ကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ မမနွယ်ရယ်'

\+ \+ \+

ဝယ်ခြမ်းပြီးသမျှ ပစ္စည်းများကို ဆွေဆွေက သူ့သေတ္တာထဲသို့သာ သိပ်၍ ထည့်နေလေသည်။ သည်အခေါက်တော့ ဆွေဆွေလည်း ကျောင်းသို့ပြန်ရမည်ဆိုတော့ နွယ် အဖော်ရသွားသည်။ ပစ္စည်းများကလည်း များသည်။ ကော့သောင်မှ တိုက်ရိုက်မှာထားရသည်ဆိုတော့ ငွေအရင်းက နည်းသော်လည်း အမြတ်ပိုရမည်။ လောဘဇောဖြင့် နွယ့်မျက်လုံးများ တောက်ပြောင်နေသည်။

'သိပ်မထည့်နဲ့ မိဆွေ၊ တော်ကြာ ငါအဖမ်းမခံရဘဲ ညည်းပါသွားလို့ ဟုတ်ပေ့ဖြစ်နေမယ်'

'ထည့်သာထည့်ပါ မမနွယ်ရဲ့၊ ဆွေတို့ ကျောင်းသူတွေဆို သိပ်မရှာပါဘူး၊ ကျောင်းသားလက်မှတ်ပြမှာပေါ့'

ပစ္စည်းက များနေ၍ လေယာဉ်ပျံရုံးတွင် ပေါင်ချိန်ရာ၌ နည်းနည်း နုတ်ထားလိုက်သည်။ လေဆိပ်ကို ယူသွားမှ လမ်းတွင် ပြန်ဖြည့်ကြသည်။လက်ဆွဲတစ်အိတ်သာဆွဲရမည်ဆိုသော်လည်း နှစ်အိတ်

ဆွဲကာ မသိမသာ ဆင်းကြသည်။ ပြီးတော့ လေးသော်လည်း မလေးသည့်ဟန်၊ ပေါ့ပေါ့ပါးပါး လွယ်ဟန်ပြကာ လေယာဉ်ပေါ်တက်ကြရသည်။ သို့မဟုတ်ပါက လက်ဆွဲတန်ဆာ အလေးချိန်များသည် ဆိုကာ တားမြစ်ခြင်းကို ခံကြရပေမည်။

ဆွေဆွေပါ၍ ပစ္စည်းများများ သယ်နိုင်သော်လည်း နွယ့်စိတ်က ကျေနပ်အားရခြင်းကြီးစွာ မဖြစ်မိ။ ညီမငယ်တို့အပေါ် အစွန်းအထင်း မခံစေချင်။ ဖြစ်သမျှကို နွယ်သာ ခံယူလို၏။ ထို့ကြောင့်လည်း အကောက်အရာရှိက စစ်ဆေးစဉ် ဆွေဆွေ့နာမည်ထိုးထားသော သေတ္တာကိုသာ စိုးရိမ်ကြီးစွာ ကြည့်မိသည်။

'ကျွန်မ ကျောင်းသူပါ၊ ကျွန်မအဝတ်အစားတွေပါ'

ဆွေဆွေက သွက်သွက်လက်လက် ပြောသည်။ နွယ့်ဆီမှ ပစ္စည်းအချို့ကိုမူ မျက်နှာသိအလုပ်သမားတချို့က ဂရုတစိုက်သယ်ယူကာ အငှားကားပေါ် အရောက်ပို့ပေးသည်။

'မမနွယ် အလုပ်က အန္တရာယ်များပါတယ် မမနွယ်၊ ဆွေ အလုပ်ရှာမယ်၊ ရရင် ကျောင်းဆက်မတက်တော့ဘူး၊ ရန်ကုန်ကို ပြောင်းပြီး တစ်ခုခုလုပ်စားကြရင် မကောင်းဘူးလား မမနွယ်'

ဆွေဆွေက ကားပေါ်တွင် တွေးတွေးဆဆ ပြောလာလေသည်။

'ရန်ကုန်လိုနေရာမျိုးကို လုပ်ရအောင် ငွေမှ မလုံလောက်ဘဲ မိဆွေ၊ လုပ်ကိုင်စားလို့ရတယ်ပဲထား၊ နေစရာက ဘယ်လိုရှာမလဲ'

'ရပ်ကွက်တစ်ခုမှာ အိမ်ခန်းလေးငှားပြီး နေတာပေါ့ မမနွယ်ရယ်၊ ဆွေလဲ အလုပ်ရရင်လေ'

ဆွေဆွေတစ်ယောက် ရန်ကုန်ကို ခင်တွယ်လေပြီလားဟု သံသယဝင်မိပြန်လေသည်။ နွယ့်အနေဖြင့်မူ ရန်ကုန်မြေကို ခြေချရန် တစ်ခါမျှ စိတ်မကူးမိခဲ့။

'သန္တာ ဆယ်တန်းအောင်ရင်တော့ တစ်မျိုး စဉ်းစားကြတာ ပေါ့လေ၊ ဖေဖေကတော့ အညာကိုသာ ပြန်ချင်တာ၊ ရန်ကုန်အကြောင်း သိပ်စကားမစဘူး၊ အမျိုးတွေကိုလဲ စိတ်နာတယ် ထင်ပါရဲ့'

'တကယ်တော့ ဘယ်သူ့မှစိတ်နာလို့မဖြစ်ဘူးမမနွယ်၊တကယ် အရေးကျရင် ကိုယ့်ဟာကိုယ် ရုန်းကန် ကြရမှာပဲ၊ သူတို့မှာလဲ သူတို့ အခက်အခဲနဲ့ သူတို့လေ'

ကားသည် ပြည်လမ်းပေါ်မှ ဘယ်ဘက်သို့ ကွေ့ကာ ဦးဝိစာရ လမ်းထဲ ဝင်ခဲ့သည်။ နွယ်က မရမ်းခြံဘော်ဒါဆောင်ကို လှမ်းမျှော် ငေးကြည့်မိသေးသည်။ မြေနုလမ်းဘက်သို့ ချိုးဝင်ခဲ့လေသည်။

'ဟော မိနွယ်ပါလာပြန်ပြီ၊ လာစမ်း ညီအစ်မ နှစ်ယောက် ပေါင်းပြီး ဘာတွေသယ်ခဲ့ပြန်ပြီလဲ'

ကြီးကြီးမြက ဆီးကြိုနှုတ်ဆက်ရင်း နွယ်တို့ပစ္စည်းလေးတွေကို နေရာချပေးသည်။ များသောအားဖြင့်တော့ နွယ်က ကြီးကြီးမြတို့ အိမ်သို့ အလျင်ဝင်လေ့မရှိ။ ပစ္စည်းများကို ဖောက်သည်ဆီ တစ်ခါ တည်း သွင်းပြီးမှ လာတတ်သည်။ ထို့ကြောင့် နွယ်သယ်လာသမျှ ပစ္စည်းကို ကြီးကြီးမြ အကုန်မမြင်ဖူးသေး။ ထို့ကြောင့်လည်း နွယ် တို့က ရောင်းမည့်ပစ္စည်းများကို ထုတ်သောအခါ ကြီးကြီးမြ မျက်လုံး ပြူးသွားသည်။

'ဟဲ့ အမယ်လေး များလှချည်လား၊ သိပ်လဲ အရဲမကိုးနဲ့ မိနွယ်၊ တော်ကြာ ဒုက္ခရောက်နေမယ်'

ကြီးကြီးမြက နွယ့်သတ္တိကို ရင်သပ်ရှုမော ဖြစ်နေလေသည်။

'မလုပ်လို့ မဖြစ်ဘူး ကြီးကြီးမြရေ့၊ နွယ်မှ ဒီလို မရှာရင် ဘယ်လို နေကြမလဲ'

'ဒါတော့ ဒါပေါ့ နွယ်ရယ်၊ ဒါပေမယ့် ဒါမျိုးဆိုတာ တစ်ခေါက် မမိ တစ်ခေါက်မိတတ်တာ၊ ပြီးတော့ ငါ့တူမက ငယ်ငယ်ရွယ်ရွယ်နဲ့'

တကယ်တော့လည်းနွယ်တို့မိသားစုက မည်သည့်ဆွေမျိုးကိုမျှ အားမကိုးခဲ့သည်မှာ အမှန်။ ယခု နွယ်က ဦးဆောင်၍ ရုန်းကန်လှုပ်ရှားနေရသည့်တိုင်လည်း ကိုယ့်ပြဿနာ ကိုယ်သာ ရှင်းခဲ့သည်။ တော်ရုံကိစ္စနှင့်ပင် ကြီးကြီးမြတို့ကို အပူမကပ်ခဲ့။ တစ်လလျှင် နှစ်ခါမျှ လာရောက်တည်းခိုရ၊ ညီမငယ် ဆွေဆွေ့ကို စောင့်ရှောက်ကူညီဖော်ရသည်ကိုပင် ကျေးဇူးတင်လှပြီ။

'ဩော် ဒါနဲ့ နွယ့်သူငယ်ချင်းဖြူမဆိုတာ လာတယ်၊ ဒီတစ်ခါ နွယ်လာရင် သူ့ဆီ လာခဲ့ပါဦးတဲ့၊ မှာသွားတယ်'

ဖြူမလာသည်ဆိုပါလား။ ဖြူမဆီ မကြာမကြာ ရောက်သော်လည်း နောက်ပိုင်း မရောက်သည်မှာ ကြာပြီ။ ပစ္စည်းတွေ သွင်းပြီး ဆွေဆွေ့ကိုလည်း အဆောင်ပို့ပြီးလျှင် ဖြူမဆီ တစ်ညလောက်တော့ သွားအိပ်ဦးမည်ဟု စိတ်ကူးရလေသည်။ ဘာပဲပြောပြော ဖြူမနှင့် တွေ့ရသည့်တစ်ခဏတွင်တော့ ငယ်စဉ်ဘဝလေးကို ပြန်ရတတ်သည်ပင်။ ထို့ကြောင့်လည်း ဖြူမဆီကို လှမ်း၍ ဖုန်းဆက်လိုက်၏။ ဖြူမက ဆက်ဆက်လာနော်၊ ဖြူမစောင့်နေမယ်ဟု တရရ မှာနေလေသည်။

ဖြူမမှာသည့် အကြောင်းရင်းကို ဖြူမဆီ ရောက်မှပင် သိရတော့သည်။

မမျှော်လင့်ဘဲ တွေ့ရသည်ဆိုပေမင့် မောင့်ကို တွေ့ရတော့ အံ့ဩခြင်းကြီးစွာ မဖြစ်မိ။ တစ်ခုပဲ အံ့ဩရသည်။ မောင်က နွယ့်ကို တွေ့ချင်သည်ဆိုခြင်းကိုပင်။ နွယ့်အနေဖြင့်မူ မောင်သည် နွယ့်ရင်မှာ ထာဝစဉ် ခိုအောင်းခဲ့သူမို့ အထူးတလည် တွေ့လိုစိတ် မရှိခဲ့။ တွေ့တော့လည်း အကြောင်းထူးမည် မထင်။ ပြီးတော့ နွယ့်မှာက လွမ်းရေးထက် ဝမ်းရေးခက်နေသူ မဟုတ်လား။

မောင်ကမူ နုဆဲ လှဆဲ၊ နှစ်လိုဖွယ်အပြုံးကို ဆောင်ထားဆဲ။

'နွယ့်အကြောင်းကို ဖြူမက ပြောပြောပြနေတော့ သိပ်တွေ့ချင်တာပဲ နွယ်၊ အရင်တုန်းကလို ခင်ခင်မင်မင်နဲ့ ပြန်တွေ့ကြရအောင်လို့'

နွယ်လည်း မောင့်အသံကို ကက်ဆက်တွေမှတစ်ဆင့် ကြားရတိုင်း မောင့်ကို တွေ့ချင်ခဲ့မိသား။ ဒါပေမယ့် အခြေအနေချင်းက တစ်ခြားစီဖြစ်နေကြပြီပဲ။

'အရင်တုန်းကလို ခင်ခင်မင်မင်နေရအောင် အရင်တုန်းကနဲ့မှ မတူတော့တာပဲ'

ဖြူမကတော့ စားစရာများကို ဝမ်းသာအားရ ခင်းကျင်းကာ တစ်ခါကလိုပင် ဝိုင်းဖွဲ့ရန် ပြင်ဆင်နေလေသည်။

'နွယ့်ကို တောင်းပန်ချင်တာ အဲဒါပဲ၊ ခုလို နွယ်က ကိုယ့်ဘဝကို ရုန်းကန်လှုပ်ရှားနေတယ်ဆိုတော့ မောင်ဟာ ယောကျ်ားဖြစ်ပြီး ဘာမှ လှုပ်ရှားရုန်းကန်မှုမရှိတဲ့ ဘဝထဲမှာ အသက်သာခိုနေခဲ့မိတာကို တွေးပြီး ရှက်မိတယ်'

'ကိုယ့်ဘဝအကျိုးပေးနဲ့ ကိုယ်ပဲလေ'

ဖြူမသည် လိမ္မော်သီးစိတ်များကို လာချပေးလေသည်။ နွယ်က မောင့်ရှေ့သို့ တိုးပေးလိုက်သည်။ ယခင်ကလိုတော့ အခွံပါးလေးတွေကို တယုတယ နွှင်မပေးလိုတော့။

'နွယ် စားလေ' ဟုဆိုကာ မောင်က နွယ့်ကို စေ့စေ့ကြည့်သည်။

'ကိုယ့်ဘဝ အကျိုးပေးကောင်းလို့ ကိုယ်သက်သာတာတော့ မှန်ပါတယ် နွယ်ရယ်၊ ဒါပေမယ့် တစ်ချိန်တုန်းကတော့ နွယ်ဟာ မောင့်ချစ်သူပဲ၊ နွယ့် ဒုက္ခကို မောင် မျှဝေခံစားခဲ့ဖို့ ကောင်းတယ်၊ လူဆိုတာ ကိုယ့်တစ်ယောက်တည်းအတွက်ချည်း မကြည့်ဘဲ ကိုယ့်ပတ်ဝန်းကျင်အတွက် အများကောင်းကျိုးအတွက်ပါ ကြည့်သင့်တာပေါ့လေ၊ ဝေးဝေးမကြည့်နိုင်အောင် နီးစပ်ရာလေးတော့ ဖေးကူသင့်တာပေါ့'

မောင်တစ်ယောက် ဘဝဆန်သော စကားမျိုးတောင် ပြောတတ်နေပြီပဲ။ သည့်အတွက်တော့ ကျေနပ်မိသလိုလိုရှိ၏။

'ဖြူမတော့ နွယ့်ဘဝကို အားကျတယ်၊ ဖြူမတို့မှာ အစစအရာရာပြည့်စုံလို့ အလုပ်မရှိလဲ ထိုင်စားနေနိုင်ပေမယ့် အဓိပ္ပာယ်မရှိပါဘူး၊ နွယ်ကမှ ကိုယ့်မိသားစုကို ရှာဖွေကျွေးနေတာ ပညာသင်ပေးနေတာ၊ နွယ်က ဖြူမတို့ထက်သာတယ်'

ဖြူမက သစ်သီးစုံဖျော်ရည်နှင့် ငှက်ပျောသီးများကို ချကာ သူကိုယ်တိုင်လည်း ပလုတ်ပလောင်းစားရင်းက ပြောလိုက်လေသည်။

'ဒါပေမယ့် ဖြူမရယ်၊ နွယ့်အလုပ်က'

'နွယ့်အလုပ်က မှောင်ခိုဖြစ်နေလို့လား၊ ဘယ်တတ်နိုင်မလဲ ကွယ်၊ နီးစပ်ရာ လုပ်ရတာကိုး၊ တဖြည်းဖြည်းတော့ အဆင်ပြေလာမှာပေါ့ နွယ်ရယ်၊ နွယ်တို့ ရန်ကုန်ပြောင်းလာပြီး ဆိုင်လေးတစ်ဆိုင်ဖွင့်ပါလား၊ နွယ်က ရောင်းတတ်ဝယ်တတ်နေပြီပဲ'

နွယ်က သက်ပြင်းကိုသာ အသာရှူက်လိုက်သည်။

'မထူးပါဘူး နွယ်ရာ၊ မောင်တို့ ဝတ်နေတာတွေလဲ မှောင်ခိုအဝတ်တွေပါပဲ၊ တခြားလူတွေလဲ မှောင်ခိုပဲ ဝတ်နေတာပဲ၊ ဝတ်တဲ့လူရှိလို့ရောင်း၊ ရောင်းတဲ့လူရှိလို့ဝတ်၊ သံသရာကို ဆုံးမှာမဟုတ်ဘူး၊ ဒီကိစ္စက အမြစ်က စဖြိုမှဖြစ်မှာ'

'ပြီးတော့ တိုင်းပြည်မှာ ဝတ်စရာ အဝတ်အထည် ကောင်းကောင်း ထုတ်ဖို့လိုတယ်၊ ချိတ်လုံချည်တွေ၊ မာဆရိုက်လုံချည်တွေကလဲ ဈေးကြီးလိုက်တာ လွန်ရော၊ အင်္ကျီစကျတော့လဲ ကောင်းကောင်းဝတ်စရာမရှိဘူး'

ဖြူမကပါ ဣန္ဒြေရရ ဝင်ဆွေးနွေးလာသည်။ တစ်ဒင်္ဂအားဖြင့်တော့ နွယ်တို့ဝိုင်းလေးသည် စိုပြည်၍လာ၏။ ဖြူမ၏ အစ်ကိုသည်

အိမ်ထောင်ကျသွား၍ အိမ်တွင်မရှိ။ ရုံးအားရက်မို့ ဖြူမ၏ ဦးလေးတို့လည်း ထုံးစံအတိုင်း အပြင်ထွက်နေကြသည်။ ဖြူမက ပန်းကန်အချို့ကိုယူကာ နောက်ဖေးဘက် ဝင်သွားသည်။

'မောင် အခု ဘာလုပ်နေလဲ'

နွယ်က မရဲတရဲ ခေါ်၍ မေးလိုက်သည်။ မောင်ဟု ခေါ်သည်ကို ရှက်လည်းရှက်ကာ မျက်နှာလည်း ပူသွားသည်။ ခေါ်နေကျစကားလုံးမို့ နှုတ်က သည်လိုပဲ ခေါ်ချင်သည်ကတော့ အမှန်ပင်။

'ဝန်ကြီးများရုံးမှာ လုပ်နေပြီ၊ ဒါပေမယ့် မောင် သီချင်းပဲဆိုချင်တော့တယ်၊ တခြားအလုပ် မလုပ်ချင်တော့ဘူး'

'အစကတော့ သီချင်းဆိုစားဖို့ စိတ်မကူးဘူးဆို'

'ဟုတ်တယ် ခုတော့ သီချင်းပဲ ဆိုချင်နေတယ်'

'အင်းပေါ့လေ လောကမှာ ကိုယ်လုပ်ချင်တာ လုပ်နေရတာစိတ်ချမ်းသာတာပဲ'

'နွယ်'

မောင်က နွယ့်ကို ကြင်နာ တိုးတိတ်စွာ ခေါ်လေသည်။ နွယ်က မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် မော့်ကြည့်သည်။

'နွယ့်ဘဝကို နွယ် စိတ်မချမ်းသာဘူး မဟုတ်လား၊ မောင် နွယ့်အတွက် ဘာလုပ်ပေးရမလဲဟင်၊ မောင် နွယ့်အပေါ်မှာ တာဝန်ပျက်ခဲ့တဲ့အတွက် မောင် တတ်နိုင်တာ ဘာမဆို ကူညီပါရစေ'

နွယ်က ခေါင်းကို ခါယမ်းပြသည်။

'ခု မောင် နွယ့်ကို လာတွေ့တာတောင် လွန်လှပြီ မဟုတ်လား၊ တကယ်တော့ မောင်နဲ့ နွယ်တို့ တွေ့စရာအကြောင်း မရှိတော့ဘူး၊

ခုလို မောင်လို့ ခေါ်ဖို့လဲ မသင့်တော့ဘူး၊ အထူးသဖြင့် နွယ့်အနေနဲ့ ဆင်ခြင်သင့်ပြီ၊ နောက်ထပ်တွေ့ဖို့ မကြိုးစားပါနဲ့တော့နော်'

'မောင့်စိတ်ထဲမှာ နွယ့်အပေါ် သံယောဇဉ်မဖြတ်နိုင်ဘူး'

'ဒီစကားတွေပြောတာ မောင့်မှာရော နွယ့်မှာပါ အပြစ်ရှိပါတယ် မောင်ရယ်'

နှစ်ယောက်လုံး တိတ်ဆိတ် သွားကြလေသည်။ ဖြူမသည် စားစရာတစ်မျိုး ထပ်၍ယူလာသည်။ နွယ်က နေရာမှ ဖြည်းညင်းစွာ ထလိုက်သည်။

'ဟင် နွယ်ပြန်တော့မလို့လား'

'နွယ်ပြန်တော့မယ် ဖြူမ၊ နွယ့်အတွက် ဖြူမတို့ ဂရုစိုက်တာ သိပ်ကျေးဇူးတင်တယ်၊ နောက်ကို နွယ့်အတွက် ဒုက္ခမရှာပါနဲ့ ကွယ်၊ ဖြူမ ပြောသလိုပဲ နွယ့်ဘဝကို နွယ် ကျေနပ်ပါတယ်၊ နွယ် သွားမယ်'

မောင်သည် နွယ့်ကို ငေး၍ ကြည့်နေလေသည်။ သူ့တွင် နွယ့်ကို ပြောစရာ စကားတွေရှိနေသော်လည်း တကယ် လက်တွေ့တွင် ဘာမျှ မပြောဖြစ်ခဲ့။

'နွယ် သွားမယ်နော်'

မောင်က ခေါင်းသာညိတ်ပြလိုက်သည်။ ဖြူမက နွယ့်နောက်ကို တံခါးဝအထိ အပြေးကလေးလိုက်လာသည်။

'နွယ်ကလဲ သူ့ကို ဘာလို့ စကားကောင်းကောင်း မပြောတာ လဲ၊ သူက နွယ့်ကို ပြောစရာ ရှိတယ်ဆိုလို့ ခေါ်ပေးတာ၊ ဟို မိန်းကလေးနဲ့သူ့နဲ့လဲ အဆင်မပြေပါဘူး၊ ဖြူမတော့ နွယ်တို့ နှစ် ယောက် ပြန်ပြီး ပြေလည်စေချင်တယ်'

'မဖြစ်နိုင်တာတွေ ဖြူမရယ်၊ တို့တစ်တွေက စိတ်ကူးယဉ်ရမယ့် အရွယ်တွေမှ မဟုတ်တော့တာ၊ တကယ့်တကယ် သူ့စိတ်လဲ

မပြတ်သားပါဘူး၊ နောက်ကို နွယ့်ကို သူနဲ့တွေ့ရအောင် မခေါ်နဲ့ ကွယ်၊ နွယ် နောက်ထပ် အသည်းမကွဲချင်ဘူး၊ သွားတော့မယ် သိလား’

နွယ်က တံခါးကို ပြန်စေ့ပေးခဲ့သည်။

နောက်ဆုံးတော့ နွယ်တစ်ယောက်တည်း လာသောလမ်းကို တစ်ယောက်တည်းပင် ပြန်ရပေမည်။

*

## ၇

အနယ်ထိုင်နေသော နွယ့်ဘဝထဲကို မြူမှုန်ထအောင် လာရောက်လှုပ်ခတ်သွားသည့်အတွက် ဒေါသ မဖြစ်သော်လည်း နာတော့ နာကြည်းမိသည်။ ယောကျ်ားတွေဟာ အချစ်နဲ့ကင်းကွာပြီးမနေနိုင်ဘူး ထင်ပါရဲ့။ ခုတော့ မောင်တစ်ယောက် မိန်းမလှလေးတွေနဲ့ တွဲနေတတ်ပြီဟု ဖြူမက ပြောလာသည်။ သြော် သူ့မိန်းကလေးနဲ့ အဆင်မပြေလို့ ဖြေဖျောက်ရာ ရှာတယ်ထင်ပါရဲ့။ ဒါကြောင့်လည်း နွယ့်ကို သံယောဇဉ်စကားတွေ ခေါ်ပြောတာ ဖြစ်နိုင်ပေသည်။

နောက်ဆုံးတော့ နွယ်တစ်ယောက် ကိုယ့်ဘဝထဲမှာ ကိုယ်ပြန်လည်ကျင်လည်ရပြန်သည်။ ရယ်စရာတော့ အကောင်းသား။ သီချင်းပဲ ဆိုနေချင်တယ် ဆိုတဲ့ နှလုံးသားနှသူ ယောကျ်ား တစ်ယောက်က နွယ့်ဘဝကို ကူချင်သေးသတဲ့။ ဘာမျှား တတ်နိုင်မှာမို့လဲကွယ်။

နွယ့်ဘဝတွင် အနုနှင့်အကြမ်းက ထာဝစဉ် ယှဉ်တွဲနေသည်။ နွယ့် နှလုံးသားက နုသည်။ နွယ့်ဘဝက ကြမ်းသည်။ မောင်နှင့်

တွေ့ခဲ့ရ၍ နှလုံးသားလှုပ်ခတ်နေဆဲ ပင်လယ်လှိုင်းများ ကြားသို့ ဆင်းခဲ့ရပြန်လေသည်။

ပစ္စည်းမှာရသည်မှာ အားမရ၍ ကိုယ်တိုင်တစ်ခေါက် သွားလိုက်ဦးမည်ဟု စိတ်ကူးရလာသည်။ သည်တစ်ခေါက် များများသယ်လာပြီး မြိတ်မှာ နေဦးမည်။ ပြီးမှ ရန်ကုန်ကို အေးအေးဆေးဆေး တစ်ခေါက်ချင်းသယ်မည်။ ကော့သောင်မှ မြိတ်ကိုရောက်အောင် အစစ တာဝန်ယူမည်ဟု ကိုကျော်ဟိုးက ကတိပေးထားသည်။ သူ့စက်လှေက သွားနှင့်ပြီ။ ပစ္စည်းအချို့ကို ဝယ်နှင့်ပြီး လှေဝမ်းထဲ ထည့်ထားမည်။ နွယ်လာမှ တချို့ ထပ်ဝယ်ရမည်။ အပြန်တွင် အတူတူပြန်မည်။ အားလုံးအဆင်ပြေအောင် သူစီစဉ်ထားသည်ဟု ဆိုသည်။ နွယ်က သည်တစ်ခေါက်ကို ကော့သောင်သို့ နောက်ဆုံး အခေါက်ဟု သဘောထားကာ လက်ခံသဘောတူခဲ့သည်။

ပင်လယ်လှိုင်းများကို ဖြတ်၍ ခရီးနှင်ခဲ့ရပြန်လေသည်။ မိုးဦး အငွေ့အသက်ကြောင့် အေးမြ၍နေသည်။ လေပြင်းအလာတွင် လှိုင်းလုံးကြီးများ အိဆင်းလာကြသည်။ မိုးကျလာလျှင် သည်ခရီးက အန္တရာယ်များလှသည်။ ရောင်း၍ ဝယ်၍လည်း သိပ်မကောင်းတော့။ သည်တစ်ခေါက်တွင် တတ်နိုင်သမျှ စုမိဆောင်းမိအောင် လုပ်ထားရပေမည်။

ကိုကျော်ဟိုးက ကော့သောင်ဆိပ်ကမ်းမှ ကြိုနေလေသည်။ ယခုအချိန်ထိတော့ သူ့ကို အန္တရာယ်ရှိသော သတ္တဝါတစ်ကောင်ဟု မမှတ်ယူမိသေး။ တကယ်တမ်းကျတော့လည်း သူလို လူမျိုးဆီက အကူအညီကိုပင် မယူမဖြစ် ယူနေရသေးသည် မဟုတ်လား။ မောင်တို့လို ဘဝမျိုးနှင့်ကျတော့ မည်သို့လျှင် အဆက်အစပ် ရှိနိုင်ပါမည်နည်း။ ဘဝချင်းတူမှလည်း ကူနိုင်ပေမည်။

'စားပွဲ ကုလားထိုင်တွေတော့ ဝယ်ပြီးပြီနွယ်၊ လှေဝမ်းထဲ ချထားပြီ၊ ပလတ်စတစ်ပစ္စည်းတွေ ဈေးကျတယ်၊ အထည်တွေတော့ ဈေးတက်တယ်၊ ဘတ်ဈေးလဲ တက်တယ်'

ရောက်ရောက်ချင်း ကိုကျော်ဟိုးကသတင်းပေးသည်။ နွယ့်ထံမှ ပါလာသော ပစ္စည်းများကို ကူသယ်၍ နွယ်တည်းသည့် အိမ် အရောက်ပို့ပေးသည်။

'မနက်ဖြန် ဟိုဘက်ကမ်း ဘယ်အချိန်ကူးမလဲ'

'ဆယ်နာရီလောက်ပါ'

'ကျွန်တော် လာခေါ်မယ်နော်'

ခေါင်းညိတ်ပြလိုက်ရလေသည်။

သည်တစ်ခေါက် နောက်ဆုံး အခေါက်ပဲလေ၊ နောင်လည်း သူနဲ့ဆက်ဆံဖို့အကြောင်းမရှိတော့ပါဘူးဟု နွယ့်စိတ်က ဖြေလိုက်လေ သည်။ နွယ့်ဘဝက ဆွေဆွေ့လိုမှ မဟုတ်ဘဲ။ ညီအစ်မအရင်းပေမင့် ဆွေဆွေက မဆက်ဆံချင်သူကို မဆက်ဆံဘဲ နေလို့ရပြီး နွယ်က မဆက်ဆံလိုသူပေမယ့် ဆက်ဆံ၍ နေရပေ၏။

မိုးရနံ့ကြောင့် မြေနီလမ်းလေးသည် သိပ်သည်း၍ နေ၏။ ပိတောက်တို့ ဖူး၍နေကြလေသည်။ မိုးဖြိုင်ဖြိုင်ရွာလျှင် ပိတောက်တို့ ပွင့်ကြတော့မည်။ ကုန်းမြင့်ပေါ်မှလှမ်းမျှော်ကြည့်လျှင် ဟိုဘက်ကမ်းကို မှိုင်းမှိုင်းပျပျ လှမ်းလို့ မြင်ရ၏။ ပင်လယ်ပြင်သည် ကမ်းစပ်တွင် ညိုညစ်၍နေကာခပ်ဝေးဝေးဆီတွင် ပြာလွင်၍သွား၏။ ကျွန်းများသည် ပြားဝပ်တည်ငြိမ်နေကြဟန် ရှိသည်။ ကမ်းစပ်တွင် ရေကျသွားသဖြင့် ကူးတို့လှေများ မျော၍ နေကြလေသည်။

ရေကျလေလေ လှိုင်းက ထန်လေလေတည်း။

\+ \+ \+

ဈေးတန်းသည် ပို၍ စည်ကားနေ၏။ ရန်ကုန်တွင် ခေတ်စားနေသော အထည်များကို လှိုင်လှိုင်တွေ့နေရသည်။ ရန်ကုန်မြို့တွင် လူကြိုက်များသော ပစ္စည်းများကို သည်ဘက်ကလိုက်၍ လှိုင်လှိုင်ထုတ်ပေးနေသည်။ နောက်တစ်မျိုး ခေတ်စားလျှင် နောက်တစ်မျိုးလိုက်၍ ထုတ်ကြသည်။ မှောင်ခိုမဟုတ်ဘဲ လွတ်လပ်စွာ သယ်ယူခွင့်ရလျှင် သည်နေရာမှာပင် စက်ရုံတည်ထားပေမည်လားမသိ။

သည်တစ်ခေါက်တော့ နောက်ဆုံးပိတ် အိတ်နှင့် လွယ်ရပေမည်။ အဝတ်အထည်က အစ၊ အသုံးအဆောင်ပစ္စည်းများ အလယ်၊ စားပွဲကုလားထိုင် ဆက်တီအဆုံး သိမ်းကျုံး၍ ဝယ်လိုက်သည်။ စားပွဲကုလားထိုင်များကို ရန်ကုန်အရောက် စက်လှေနှင့် သယ်သွားနိုင်လျှင် ဈေးကောင်းရပေမည်။ ရန်ကုန်အထိ စက်လှေပြောင်းသယ်ရန် ကိုကျော်ဟိုးကိုပင် တာဝန်ပေးရမည်။ သည်တစ်ခေါက်ပြီးလျှင် သူ့ဆီက အကူအညီလည်း ယူရန် သိပ်မလိုတော့။ အလွန်ဆုံး ပစ္စည်းမှာရုံသာ။

သူကမူ နွယ့်ဘေးတွင် လိုက်ပါလျက် ပစ္စည်းများကို လိုက်လံဝယ်ပေးသည်။

'နွယ် ရုပ်ရှင်ကြည့်မလား'

သည်ဘက်ကမ်းကို အခေါက်ပေါင်းများစွာ ရောက်ခဲ့သော်လည်း ရုပ်ရှင်ရုံတွေရှေ့မှာ လူးလာခေါက်တုံ့ လျှောက်ခဲ့သည့်တိုင် တစ်ခါမျှ စိတ်မဝင်စားခဲ့။ နွယ်က ခေါင်းကို ခါယမ်းပြသည်။ ကိုကျော်ဟိုးနှင့်လည်း ရုပ်ရှင်တွဲ၍ မကြည့်လို။ မည်မျှ ဣန္ဒြေသိက္ခာစောင့်ထိန်းပါသည်ဆိုသော်လည်း ဆက်ဆံပါများတော့ အတင့်ရဲ၍ လာလေသည်။

'ကျွန်တော်တော့ နောက်တစ်ခေါက်ဆို ဗန်ကောက်ထိ တက်ကြည့်မလားလို့'

နွယ်ကတော့ ဗန်ကောက်ကိုလည်း စိတ်မဝင်စားနိုင်။ ဆွေဆွေ့ အတွက် လက်ပတ်နာရီလေးတစ်လုံးကို ဝယ်ရန် ရွေးနေသည်။

'မနွယ်အတွက်လဲ တစ်လုံးယူပါ၊ ကျွန်တော် ဝယ်ပေးပါရစေ'

'အို ဟင့်အင်း နေပါစေ ကိုကျော်ဟိုး၊ နွယ် လက်ဆောင် မလိုချင်ပါဘူး'

နွယ်က ခေါင်းခါခါ လည်ခါခါနှင့် ငြင်းလိုက်သည်။ နွယ့် အပေါ်တွင် အထင်သေးနေပြီ ထင်၏။

'ကျွန်တော်က စေတနာရိုးနဲ့ပါဗျာ၊ ကဲပါလေ စားစရာတစ်ခုခု တော့ စားပါ၊ ကျွန်တော်လဲ ဗိုက်ဆာနေလို့ပါ'

သည်တစ်ခါတော့ နွယ့်ဝမ်းကလည်း ဆာလာပြီမို့ မငြင်းသာ တော့။ သူနှင့်အတူ စားသောက်ဆိုင်တစ်ဆိုင်တွင်းသို့ ဝင်ပြီး နာမည် ကြီးသော ရနောင်း ခေါက်ဆွဲကြော်ကို စားကြသည်။ မြိတ်မှ မျက်နှာသိ ကုန်သည်အချို့က နွယ်တို့ကို စူးစူးဝါးဝါး ကြည့်နေလေသည်။ သံသယမျက်လုံးများအောက်မှ အထင်သေးလိုမှုကို လိုက်လံဖြေရှင်း၍ မရနိုင်ပါချေ။

'နွယ် သိပ်လဲ မစားပါလား၊ ကျွန်တော်ကျွေးတာမို့ မစားချင် တော့ဘူးနဲ့ တူပါတယ်ဗျာ'

'ဒီလိုလဲ မဟုတ်ပါဘူးရှင်'

'မနွယ်တို့ ညီအစ်မတစ်တွေဟာ အမေ မရှိပေမယ့် ကိုယ့်ကို ကိုယ် ထိန်းနိုင်တာ ကျွန်တော်ချီးကျူးပါတယ်၊ ဒါပေမယ့် မာနတော့ နည်းနည်းကြီးလွန်းတယ် ထင်တယ်ဗျာ'

'မာနဆိုတာ ထားသင့်တဲ့ နေရာတော့လဲ ထားရတာပေါ့ရှင်၊ ဒါပေမယ့် နွယ့်မှာတော့ မာနထားနိုင်တဲ့ အင်အားတောင် မရှိတော့ပါဘူး'

ပြောပြီးကာမှ အလျော့ပေးသလိုများ ဖြစ်သွားလေသလားဟု စိုးရိမ်လိုက်မိသေးသည်။ ရနောင်းမှ ပြန်ကြတော့ နေပင် အတော်စောင်းနေပေပြီ။ ရေကျသွားသဖြင့် ဆိပ်ကမ်းမှ သစ်သားတံတားကြီး၏ အောက်ခြေများပင် ပေါ်၍ နေပြီ။ ပဲ့ချိတ်ပေါ်သို့ ပစ္စည်းများကို မြန်မြန်တင်ပြီး လှေကို အလျင်စလို ထွက်စေရသည်။ လှေပေါ်တွင် နွယ်တို့နှစ်ယောက်တည်းသာ ပါတော့သည်။ နွယ်တို့ ငှားနေကျ ရှမ်းလှေသမားလေးသည် နွယ်တို့ကို ကြည့်ကာ သီချင်းတစ်ပုဒ်ကို လေချွန်လိုက်လေသည်။ ရေစဉ်လျှင် ဖုံးအုပ်ထားရန် ပလတ်စတစ်ကို နွယ့်ဆီပစ်ပေးကာ လှေကို အသော့နှင်တော့သည်။

မိုးဖွဲလေးများ အနည်းငယ် ကျလာလေသည်။ နွယ်က ခေါင်းကို ပဝါဖြင့် တင်းတင်းစည်းသည်။ ကိုကျော်ဟိုးသည် နွယ့်နောက်မှ ထိုင်၍ လိုက်လာသည်။ ကောင်းကင်သည် ညိုပြာ၍ နေ၏။ ကျွန်းငယ်များသည် အုပ်အုပ်ဆိုင်းဆိုင်း ရှိနေလေသည်။ ကျရေဖြစ်သဖြင့် လှိုင်းလုံးကြီးများ လိမ့်ဆင်းလာကြသည်။ လှေသည် လှိုင်းပေါ်တွင် အသင့်မြောက်၍မြောက်၍ ပါသွားသည်။ လှိုင်းပေါ်မှ ပြန်အကျတွင် ရင်ထဲ အေးခနဲ စိမ့်ခနဲ ဖြစ်သွားစေလေသည်။ တစ်ချီတွင် လှေသည် လှိုင်းပေါ်မှအကျ ငဲ့စောင်း၍ သွားသည်။ နွယ်က ငယ်သံပါအောင် အော်ကာ နောက်မှ လှမ်းကိုင်လိုက်သော ကိုကျော်ဟိုး၏ လက်ကို ဖမ်းဆုပ်လိုက်သည်။လှေသမားလေးက သဘောကျစွာပြုံးလိုက်သည်။

ပင်လယ်လှိုင်းများကမူ မသိကျိုးကျွန်ပြုနေကြလေသည်။

\+ + +

အခက်အခဲကို အဆင့်ဆင့်ကို ကျော်လွှား၍ လာခဲ့ရလေသည်။ ပစ္စည်းအချို့ကို အဆုံးခံလိုက်ရသော်လည်း တွက်ကြည့်လျှင်တော့ ကိုယ့်အတွက် အတော်များများ ကျန်နေသေး၍ ကျေနပ်လောက်သည်ဟု ဆိုရမည်။ ပစ္စည်းများကို ဈေးဆွဲထားကာ ချက်ချင်းမရောင်းသေး။ ရန်ကုန်ကို တစ်ခေါက်ချင်း သယ်၍ ရောင်းလျှင် အားလုံးခေါက်ချိုးမြတ်နိုင်သည်။ အလုပ်လုပ်ရင်းနှင့်လောဘတက်လာသည်ကို ထိန်းချုပ်နိုင်စွမ်းမရှိတော့။

စက်လှေပေါ်မှာ ပစ္စည်းအချို့ ကျန်သေးသည်။ အချို့ပစ္စည်းများကို ရန်ကုန်ထွက်မည့် စက်လှေပေါ်သို့ ပြောင်းတင်ရမည်။ ကိုယ်တိုင်စစ်ဆေး ပြောင်းရွှေ့ပေးရပေမည်။

စက်လှေပေါ်တွင် ကျန်ခဲ့သည့် ပစ္စည်းများအတွက် စိတ်စောနေဆဲ ကိုကျော်ဟိုးက ရောက်လာသည်။

'မနွယ်၊ ပစ္စည်းတွေပြောင်းရအောင် လိုက်ကြည့်ဦးမလားလို့'

'ဟုတ်တယ် ကိုကျော်ဟိုး၊ နွယ်လဲ ခုပဲ လာတော့မလို့၊ ကိုကျော်ဟိုး သွားနှင့်ပါ၊ နွယ် ကားနဲ့ လိုက်ခဲ့မယ်'

သူနှင့်တော့ မော်တော်ဆိုင်ကယ် တွဲစီး၍မဖြစ်။ တော်ကြာ နွယ့်ကို ပျက်စီးခြင်းငါးပါး ဆိုက်နေပြီဟု ထင်ကုန်မှာ စိုးရသည်။

ကိုကျော်ဟိုးက ခေါင်းညိတ်၍ ပြန်ထွက်သွားသည်။

'ဘယ်သွားဦးမလို့လဲ သမီး'

ဖေဖေက အခန်းဝမှ မတ်တတ်ရပ်၍ လှမ်းမေးလေသည်။ သည်သမီးအတွက် ဖေဖေ စိတ်ဖြောင့်ဟန်မတူ။ အသံသဲ့သဲ့ကြားတိုင်း ထွက်ကြည့်တတ်လေသည်။ နွယ်က နောက်ဆုံးအခေါက်ပါဆို၍သာ ကော့သောင်ကို ယခုတစ်ပတ် လွှတ်လိုက်သည်။ နောက်မသွားရတော့ဟု ဖေဖေကိုယ်တိုင်က တားမြစ်လိုက်လေပြီ။

'ပစ္စည်းတွေကျန်တာ သွားယူမလို့ ဖေဖေ၊ တချို့ကို ရန်ကုန် ထွက်မယ့်လှေပေါ် ပြောင်းပေးရမယ်'

'နေတောင် အတော်စောင်းနေပြီ၊ မသန်းခင်ကို အဖော်ခေါ်သွား'

'ဟုတ်ကဲ့ ဖေဖေ၊ မကြာပါဘူး၊ ခဏလေးပါ'

နွယ်က မသန်းခင်တို့ အိမ်ဘက်သို့ ဦးစွာ ထွက်ခဲ့သည်။ သို့သော် အိမ်တွင် မည်သူမျှ မရှိ။ သူ့ကလေးနှစ်ယောက်သာ အိမ်ရှေ့တွင် ကစားနေကြသည်။

'အမေ မရှိ'

ကလေးတွေက လက်ခါပြသည်။

'ဘယ်သွားလဲ'

'မသိ'

ခေါင်းကို တွင်တွင်ခါကြသည်။ နွယ်က အိမ်ရှေ့မှ လှည့်ထွက်ခဲ့လေသည်။ တော်ကြာ သည်ထက်မိုးချုပ်သွားလျှင် ပစ္စည်းပြောင်းရ ရွှေ့ရခက်ပေမည်။ သုံးဘီးတစ်စီးငှားကာ ဆိပ်ကမ်းသို့ လိုက်ခဲ့ရသည်။

ကိုကျော်ဟိုးသည် လှေဆိပ်ကမ်းပါးမှ မော်တော်ဆိုင်ကယ် ရပ်ကာ စောင့်နေလေသည်။

'ဟင် လှေက ရေလယ်မှာလား ကိုကျော်ဟိုး'

'ဟုတ်တယ်လေ၊ ကမ်းစပ်မှာမှ ထားလို့မရတာ'

စက်လှေသည် ခပ်ဝေးဝေးရေလယ်တွင် ကျောက်ချ၍ထားလေသည်။ ကိုကျော်ဟိုးက ကူးတို့လှေတစ်စင်းကို ခေါ်သည်။

'လာ မနွယ် ကူးကြမယ်'

ရောက်လာမှတော့ မထူးပြီ။ လှေပေါ်တက်၍ စက်လှေဆီ ကူးကြရသည်။ ကမ်းစပ်တွင် လှေငယ်များ ဆိုက်ကပ်ထားလေသည်။

ပတ်ဝန်းကျင်တွင် လူမပြတ်သေး။ တံငါလှေများ၊ ကုန်သည်လှေများလည်း အတင်အချ ပြုနေကြဆဲ ရှိသည်။

ပထော် ပထက် ကျွန်းညီနောင်သည်မူ တိတ်ဆိတ်ငြိမ်ဝပ်လျက်ရှိပြီ။ ပထက်ကျွန်းပေါ်မှ ရွှေသာလျောင်း ဘုရားကြီးသည် ကျနေအောက်တွင် သပ္ပါယ်၍ နေလေသည်။ လှေငယ်က စက်လှေနားသို့ အသာကပ်ပေးသည်။

'မနွယ် ဖြည်းဖြည်းတက်'

လှေပေါ်မှနေ၍ စက်လှေပေါ်သို့ တွယ်တက်ရသည်။ လှေပေါ်တွင် လူအချို့ ရှိနေလေသည်။ သူတို့က နွယ်နှင့် မျက်နှာသိများဖြစ်နေ၍ ပြုံးပြကြသည်။

'မနွယ် ပစ္စည်းတွေလာယူတာလား၊ မုန့်ကျွေးရမယ်နော်'

'ကျွေးပါတယ်ရှင်'

ပစ္စည်းအချို့ကို ကိုကျော်ဟိုးက လုံခြုံစွာ သိမ်းထားလေသည်။ ကုလားထိုင်များကိုမူ လှေဝမ်းထဲမှ ထုတ်ယူရသည်။ ပစ္စည်းများကို သယ်ပြီး လှေငယ်ပေါ် ချနေရသည်ကပင် အချိန်အတော် ကြာသွားသည်။

'နွယ်တော့ ဒီတစ်ခေါက် နောက်ဆုံးပဲ ကိုကျော်ဟိုး၊ ရန်ကုန်ဘက်ပဲ နိုင်သလောက် လုပ်တော့မယ်၊ လောဘမကြီးတော့ဘူး'

'ဒီလိုဆို မနွယ်နဲ့ နောက်မတွေ့ရတော့ဘူးပေါ့'

နွယ်က လှေဝမ်းပိုင်းကို ငုံ့ကြည့်သည်။ သူတို့နှစ်ယောက်အပေါ်ထပ်အခန်းထဲတွင် ရှိနေကြလေသည်။ လှေသမားအချို့က အောက်တွင် အလုပ်ရှုပ်နေကြသည်။ အချို့က လှေဖြင့် ကမ်းသို့ကူးရန် ပြင်နေကြသည်။ နွယ်က သူ့စကားကို မကြားဟန်ဖြင့် အောက်ဆင်းရန် ပြင်လိုက်လေသည်။

'မနွယ်'

သူ့အသံက မူမမှန်တော့ဟု ထင်သည်။ နွယ်က စိုးရိမ်ထိတ်လန့်မှုဖြင့် သူ့ကို လှည့်မကြည့်။ နွယ်ကိုကလည်း ကြွေပျက်သွားသည်။ ခါတိုင်းလို မသိဟန်ဆောင်ကာ အလိုက်အထိုက် ပြန်ပြောလိုက်လျှင် အခြေအနေသည် တစ်မျိုးဖြစ်မည်။

'မနွယ် နေပါဦး'

သူက နွယ့်လက်မောင်းကို လှမ်းဆွဲထားလေသည်။

'အို ဖယ် ကိုကျော်ဟိုး၊ နွယ်အောက်ဆင်းတော့မယ်၊ နွယ့်ကို မဟားဒယား လုပ်မယ် မကြံနဲ့၊ နွယ် အရှက်ကွဲမခံဘူး သိလား အသက် အသေခံချင်ခံမယ်'

သူက နွယ့်လက်ကို လွှတ်လိုက်လေသည်။ သို့သော် နွယ့်ကို ရှေ့မှ ဆီးကာထားသည်။

'မနွယ်ကို ဘာမှမလုပ်ပါဘူး၊ ကျွန်တော် စကားပြောချင်တာ မနွယ်ဆင်းသွားမှာစိုးလို့ လှမ်းဆွဲလိုက်တာပါ'

အစိုးရိမ်လွန်မိသည့်အတွက်လည်း နွယ့်ကိုယ်နွယ် ရှက်သွားသည်။

'ပြောစရာရှိ အောက်ရောက်မှပြော၊ အောက်က လူတွေက တစ်မျိုးထင်နေမယ်'

'ခဏလေးပါ နွယ်၊ ကျွန်တော်ပြောချင်တာ တစ်ခွန်းတည်းပါ၊ ကျွန်တော်မနွယ်ကိုလက်ထပ်ပါရစေလို့၊ ကျွန်တော်တို့နှစ်ယောက်လုံး လွတ်လပ်သူတွေပဲ၊ ဒီလောက်လေးပြောတာ မရိုင်းပါဘူးနော်'

သူကပေမင့် အလာကြီးပဲ၊ သို့သော် သူ့ကို ကြာကြာလက်ခံ စကားပြော၍ မဖြစ်။ အခြေအနေတစ်မျိုး ပြောင်းသွားလျှင် မခက်လား။

'ဒါပဲပြောမှာ မဟုတ်လား ကိုကျော်ဟိုး၊ ပြောပြီးရင် အောက် ဆင်းပါရစေ'

'မနွယ်သဘော မသိရဘူးလား'

'ကျွန်မသဘောကတော့ ကိုကျော်ဟိုးကို လက်မထပ်နိုင်ဘူးရှင်၊ ကိုကျော်ဟိုးဆီက အကူအညီတွေ ယူခဲ့ရတဲ့ အတွက် နွယ့်အပေါ် အပိုင်တွက်ထားရင်တော့ ဝမ်းနည်းပါတယ်'

'ကျွန်တော် ဒီလိုမဟုတ်ပါဘူး၊ မနွယ်အပေါ် တကယ်ချစ်လို့ ပါ၊ ဒီလို ပြတ်ပြတ်တောင်းတောင်းတော့ မပြောပါနဲ့ မနွယ်၊ စဉ်းစားပါဦး'

'စဉ်းစားပါဦး ဆိုရင်တော့ ကျွန်မ ပြန်လို့ရပြီနော်၊ ချက်ချင်း စဉ်းစားလို့ ဖြစ်တာမှမဟုတ်တာ'

'ဒီလောက်တောင် သွားချင်လဲ သွားပါဗျာ၊ စဉ်းစားမယ် ဆိုရင်တော့ ဝမ်းသာပါတယ်'

သူက ရှေ့မှ ဖယ်ပေးလိုက်သည်။ နွယ်က အောက်သို့ အလျင် အမြန် ဆင်းလာသည်။ လှေသမားအချို့က နွယ့်ကို နှုတ်မဆက်ဘဲ နှုတ်ဆိတ်သောအကြည့်တစ်မျိုးဖြင့် ကြည့်ကြလေသည်။

ကူးတို့လှေသမားက စက်လှေနားမှ ခွာသည်။ ကမ်းစပ်တွင် လူရှင်းစပြုပြီ။ ပတ်ဝန်းကျင်သည် ပြာမှိုင်းလာသည်။

မှောင်စမပျိုးမီ အိမ်ပြန်ရောက်မှ ဖြစ်ပေမည်။

\+ + +

'ကိုယ်က ဘယ်လောက်ပဲ အနေမှန်တယ်ပြောပြော ပတ်ဝန်းကျင်က မြင်တော့ တစ်မျိုးမြင်တာ၊ ဖေဖေ အိပ်ရာထဲက မထပေမယ့်

အားလုံးသိတယ် သမီး၊ ဒီတော့ ဖေဖေပြောမယ် သမီး ဒီအလုပ်ကို ရပ်လိုက်တော့'

နွယ်သည် ကြမ်းပေါ်တွင် ထိုင်ကာ ဒူးနှစ်ဘက်ကြားတွင် ခေါင်းကို ငုံ့ထားသည်။ ဖေဖေကမူ နွယ့်ရှေ့တွင် ဟိုမှသည်မှ လမ်းလျှောက်ရင်း စကားပြောနေသည်။ မိခင် မရှိတော့လည်း ဖအေနှင့်သမီးသည် မျက်နှာချင်းဆိုင် မပြောလိုသော စကားကို ပြောနေကြရလေသည်။

'သမီး ဒီတစ်ခေါက် နောက်ဆုံးအခေါက်ပဲလို့ ပြောတဲ့အတိုင်း နောက်မသွားတော့ပါဘူး ဖေဖေ'

'မသွားတော့တာတင်မကဘူး သမီး၊ ဖေဖေပြောတာ သမီး အသွားအလာအနေအထိုင်၊ သမီးဆက်ဆံနေတဲ့သူတွေ'

နွယ့်ခေါင်းသည် ငုံ့ဆင်းသွားပြန်၏။

'ခုဆို ဘယ်လောက်အတင့်ရဲသလဲ သမီး၊ လူတွေက သမီးတို့ ယူတော့မလားလို့တောင် မသိမသာ စူးစမ်းလာတဲ့အထိ ဖြစ်လာပြီ၊ သူတို့ဟာသူတို့ချမ်းသာတာချမ်းသာတာတခြား၊ အစကဒီကောင်တွေ ဖေဖေတို့ကို မရိုမသေ ဆက်ဆံရဲတာ မဟုတ်ဘူး၊ ငွေတွေ ဘယ်လောက်ပေါပေါ ဖေဖေတို့ကလဲ ဂရုစိုက်ခဲ့တာ မဟုတ်ဘူး'

နွယ် တိတ်ဆိတ်ငြိမ်သက်၍ သွား၏။ ဖေဖေ့မျက်နှာကလည်း ဇရာကြားမှပင် မာနရောင်က တဖျပ်ဖျပ် လက်လာသည်။

'မှန်မှန်ပြောစမ်း သမီး၊ သမီးနဲ့ အဲဒီကောင်လေးနဲ့'

ဖေဖေ့စကားက ရပ်သွားသည်။ နွယ်က ခေါင်းကို မရဲတရဲ မော့လိုက်ရသည်။

'ဘာမှမဖြစ်ပါဘူးဖေဖေ၊ သူ့ဘက်က သူ့ဟာသူပြောတာတော့ ဖြစ်နိုင်ပါတယ်၊ သမီးဘက်က ဘာမှ မဖြစ်ပါဘူး၊ သမီးလဲ သဘောမတူပါဘူး၊ သမီး ယူလဲ မယူပါဘူး ဖေဖေ၊ မယူပါဘူး ဖေဖေရယ်'

နွယ်က နေရာမှထကာ အခန်းတွင်းသို့ ပြေးဝင်ခဲ့သည်။ ဖေဖေ့ ရှေ့တွင် သည်ကိစ္စမျိုးကို ဆွေးနွေးဖြေရှင်းရသည့်အတွက် ရှက်လည်း ရှက်မိသည်။ ကိုယ့်ဘဝကို တွေးကာ ဝမ်းလည်းနည်းသည်။

ကိုကျော်ဟိုးကို နွယ် ကိုယ်နှိုက်ကလည်း မနှစ်သက်ပေမင့် ဆက်ဆံခဲ့ရသည်။ လူကောင်းတစ်ယောက်ဟု အာမမခံနိုင်သော်လည်း ဆိုးသွမ်းယုတ်မာလာသူမဟုတ်၍လည်းအလိုက်အထိုက်တော့ပေါင်းရ သင်းရသည်။ ပြီးတော့ နွယ့် အခြေအနေက ဖေဖေတို့ ဆွေဆွေတို့လို မာနမထားနိုင်။ သည့်အတွက် နွယ်ဝမ်းနည်းရ၏။ ရှက်လည်း ရှက်ရ ၏။ နွယ် စွန့်လွှတ်သမျှ၊ အနစ်နာခံသမျှသည် နွယ့်အတွက်ချည်း မဟုတ်ခဲ့။ သို့သော် ပတ်ဝန်းကျင်က အပြစ်ဖို့သမျှ ကိုတော့ နွယ် တစ်ယောက်တည်း ခံရပေ၏။

လူတို့သည် အရေးကြုံက အတူတကွမရှိသော်လည်း အခွင့်ကြုံ လျှင်မူ သူတစ်ပါးပြဿနာကို ဝင်၍ ထောက်မသွားတတ်လေသည်။

လူ့အသိုင်းအဝိုင်းမှ ခေတ္တခွဲခွာသွားနိုင်လျှင် ကောင်းလေစွ။

\+ + +

ခွန်အားလည်း မရှိတော့။ သတ္တိလည်း မမွေးချင်တော့။ မျှော်လင့်ချက် လည်း မထားချင်တော့။ ဘာဆို ဘာမျှ လုပ်ချင်စိတ် မရှိတော့။

သို့သော် လူ့ဘဝတွင် ကျင်လည်နေရသည့် စက်ရုပ်တစ်ရုပ်အလား ဆက်လက်လှုပ်ရှားရပေဦးမည်။

ဝယ်ပြီးသားပစ္စည်းများကို ကြည့်ကာ နွယ် စိတ်မောနေမိသည်။ တတ်နိုင်လျှင် ဘာမျှ ဆက်လုပ်ချင်စိတ်မရှိ။ ရရာဈေးနှင့်သာ ချရောင်း ပစ်ချင်သည်။ ခုတစ်ပတ်မှာ မြတ်တွင် အရောင်းအဝယ် ကျ၍ ဈေးချည်းအနှိမ်ခံနေရသည်။ သည်တော့လည်း ကိုယ်တိုင် အပင်ပန်းခံ ထားရသည့် ပစ္စည်းလေးများကို သံယောဇဉ်မပြတ်။ နောက်ဆုံးတော့ ရန်ကုန်ကို နောက်ဆုံးအခေါက်ကူးရန် စိတ်ဆုံးဖြတ်ရသည်။ အမှန်က သည်အခေါက်မှာ အမြတ်ဆုံး အရဆုံးဖြစ်ရမည်။ ရနောင်းမှ ကိုယ်တိုင် ဝယ်ခဲ့ရ၍ အရင်းနည်းသည်။ ရန်ကုန်ထိသွားပြီး ဖောက်သည်ဆီ မသွင်းဘဲ ဗိုလ်ချုပ်ဈေးမှာ တိုက်ရိုက်သွင်းလျှင် အမြတ်များများ ရသည်။ သည်တစ်ခေါက်ပြီးလျှင် စိတ်ရော လူပါ နားနိုင်ပေမည်။ ခေါက်ပြန်ကြေးပေး၍ရသော ငွေလေးနှင့် ဆက်နေကြရုံသာ။

ဘာပဲပြောပြော မိဆွေဆွေကိုတော့ ဆွေးနွေးရဦးမည်။ ကျောင်းဆက်တက်သည် ဆိုဦးတော့၊ ရရာအလုပ်တစ်ခုကို တစ်ဘက် တစ်လမ်းမှ ဝင်လုပ်ဖို့အကြောင်း။ ရှေ့နှစ်ဆို သန္တာ ဆယ်တန်းအောင် မည်။ သည်တော့ နွယ်တစ်ယောက်တည်း သည်တာဝန်ကို မထမ်း နိုင်တော့။

စိတ်ပျက် အားငယ်သည့်ကြားမှပင် ရန်ကုန်သွားရန် ပစ္စည်း များကို ပြင်ဆင်ထုပ်ပိုးရလေသည်။

'သန္တာနဲ့ သီတာ ဖေဖေ့ကို ဂရုစိုက် သိလား၊ ငါ သိပ်မကြာဘူး၊ ပစ္စည်းတွေ သွင်းပြီးပြီးချင်း ပြန်လာခဲ့မယ်'

သည်တစ်ခေါက် ရန်ကုန် သွားရမှာ စိတ်က လေးသည်။ မကြည်လင်သည့်စိတ်ကြောင့်လည်း ဖြစ်နိုင်လေသည်။ ပစ္စည်းများကို

ရွှေးကာ ပို၍ ကျစ်ကျစ်လျစ်လျစ် ထုပ်ပိုးနေမိသည်။ ဘုရားသိကြား မလို့ သည်တစ်ခေါက် ချောချောမောမောဖြစ်ပါစေသား။

ခရီးထွက်ခါနီး ဖေဖေ့ကို ကန်တော့ရသည်ကိုပင် ဝမ်းနည်းစိတ်က ဝင်မိလေသည်။

'သတိဝီရိယနဲ့သွား သမီး၊ ဒီပစ္စည်းတွေ ကုန်ရင် သမီးလဲ အေးအေးဆေးဆေးနေတော့၊ မိဆွေကို ကျောင်းက ထွက်ခိုင်းပြီး အလုပ်ရှာပစေ၊ သိလား သမီး'

'ဟုတ်ကဲ့ ဖေဖေ'

နွယ်က ဖေဖေ့ကို ဦးသုံးကြိမ်ချသည်။

'မမြတို့ကိုလဲ ပြောလိုက်၊ ငါ မကြာခင် ရန်ကုန်လာခဲ့ဦးမယ်လို့၊ စစ်ကိုင်းမှာ ကျန်ခဲ့တဲ့ အိမ်ကိစ္စ မေးရဦးမယ်၊ အဆင်ပြေရင် ဆွေဆွေ့ကို အညာဘက် အလုပ်လျှောက်ခိုင်းပြီး စစ်ကိုင်း ပြောင်းနေကြရမယ်'

ဖေဖေသည် မကျန်းမာသည့်ကြားမှ အနာဂတ်အတွက် အစီအစဉ်များကို ရေးဆွဲနေလေသည်။ သမီးတို့ ရှေ့ရေးအတွက် မေမေ ခေါင်းချသည့်မြေဟု အစွဲအလမ်း ထားခဲ့သော နေရာကိုပင် စွန့်ခွာရန် ပြင်ဆင်လေပြီ။

သည်တစ်ခေါက် ရန်ကုန်ခရီးသည် ပို၍ဝေးနေသည်ဟု စိတ်က ထင်မိသည်။ စထွက်ကတည်းက အဆင်က သိပ်မပြေချင်။ မြိတ်လေယာဉ်ကွင်းတွင် ပစ္စည်းအချို့ကို ပေါင်ချိန်ပိုသည်ဆိုကာ ဆွဲချခံရသည်။ ရန်ကုန်လက်ဆောင် ပုစွန်ခြောက်ထုပ်ကိုလည်း ထားခဲ့ရသည်။ ပစ္စည်းများ၍ မသန်းခင်ကိုအဖော်ခေါ်သော်လည်း ကလေးတွေ နေမကောင်းသဖြင့် လိုက်မလာနိုင်။ ပစ္စည်းအချို့ကို ပစ္စည်းနည်းသူများဆီ ပေါင်းထည့်ကာ ပိုက်ဆံကျိတ်ပေးလိုက်ရသေးသည်။

ဘာပဲပြောပြော သည်တစ်ခေါက် အဆင်ပြေလျှင် ကိုယ့်အတွက်ကတော့ အတော်ကျန်ပေမည်။

တိမ်ထူသဖြင့် လေယာဉ်သည် သိမ့်ခါ၍ နေလေသည်။ မိုးဦးလေဦးဖြစ်၍ ရာသီဥတုက သိပ်မကောင်း။ တစ်ခါတစ်ရံ တိမ်ထုများအကြားတွင် ထိုးဖောက် ပျံသန်းနေရသည်။ မြေပြင်ကို ငုံ့ကြည့်သော် မြစ်ဝကျွန်းပေါ်ဒေသကို အုံ့အုံ့ဆိုင်းဆိုင်း မြင်ရ၏။ ရန်ကုန်မြေကို ချောချောမောမော ဆင်းနိုင်ပါစေဟု ဆုတောင်းရသည်။

လေယာဉ်ဘီးများနှင့် မြေပြင်တို့ ထိတွေ့သံ ကြားရမှပင် စိတ်နှလုံးကို တုံးတုံးချရသည်။ လေယာဉ်ကွင်းတွင် မိုးဖွဲဖွဲရွာနေသည်။ လေဆိပ် အဆောက်အအုံအတွင်းဝယ် အေးစိမ့်၍နေ၏။ ပစ္စည်းတင်သည့် တွန်းလှည်းက တော်တော်နှင့် ရောက်မလာ။ အကောက်ခွန်အရာရှိများ ရပ်နေရာ ကောင်တာသို့ လှမ်း၍ကြည့်လိုက်သည်။ အလိုဘုရား၊ မျက်နှာသစ်တွေပါလား။ ရင်ထဲတွင် တဒိန်းဒိန်း ခုန်လာလေသည်။ သူတို့လက်ထဲတွင် မောင်းချခားဖြူဖြူလေးများကို ကိုင်ထားသည်။ ရင်ကိုများ ထိုးစိုက်လိုက်လေမလားဟု စိုးရိမ်သည်သို့ ထပ်တူထပ်မျှ စိုးရိမ်လိုက်မိသည်။

ပစ္စည်းများ ရောက်လာချေပြီ။ နွယ်က ရှေ့မှ သွက်သွက်ထသွားသည်။

'အဲဒါ ကျွန်မသေတ္တာပါ၊ ဟိုဟာလဲ ကျွန်မဆွဲခြင်း၊ ဒါက ကျွန်မဟာ မဟုတ်ပါဘူး'

နွယ်က ဣန္ဒြေမပျက်ပြောကာ ပစ္စည်းများကိုကောင်တာပေါ်သို့ ဆွဲတင်သည်။ ပြီးတော့ ခါတိုင်းလို ပြုံး၍ပြကာ သေတ္တာကို အောက်သို့ မသိမသာ ဆွဲယူသည်။

'ကလေးမ ခြင်းထဲက ဘာတွေလဲ'

'ရန်ကုန်လက်ဆောင်ပစ္စည်းတွေပါရှင်'

နွယ့်စကားမဆုံးမီ အကောက်ခွန်အရာရှိက ဆွဲခြင်းကို ဆိုင်းထားသော ပလတ်စတစ်ကြိုးများကို မောင်းချခားဖြင့် ဖြတ်ချလိုက်သည်။ နွယ် မျက်နှာပျက်သွားမိလေသည်။

အပေါ်ယံမှ ပစ္စည်းများကို တစ်ခုပြီး တစ်ခု ဖယ်ချသည်။ ရေဘူး၊ မတ်ခွက်၊ ပလတ်စတစ် ရေအိုးဖုံး၊ ဒါတွေက ကိစ္စမရှိ။ ခါတိုင်းဆိုလျှင် သည်မျှနှင့်ရပ်ပြီ။ ခုတော့ ရှာဖွေသူသည် စိတ်အေးလက်အေး ပစ္စည်းများကို တစ်ခုချင်း ဖယ်ချနေပေသည်။

'ဒါ ဘာထုပ်လဲ၊ အို ပိတ်အုပ်တွေ များလှချည်လား'

'ကျွန်မ ကျွန်မဝတ်ဖို့နဲ့ လက်ဆောင်ပေးဖို့ ဝယ်လာတာတွေပါ'

'ကဲ ကဲ အဲဒီသေတ္တာလဲ ဖွင့်ပါဦး'

သော့ကို ရုတ်တရက် ရှာမတွေ့။ နွယ့်လက်များ တုန်၍ လာသည်။ သော့ကိုဖွင့်ပြီး သေတ္တာကို မရဲတရဲ ဟလိုက်သည်။ ရှာဖွေသူက အပေါ်ဆုံးမှ အဝတ်အစားများကို ဖယ်ချပစ်သည်။

'ဟင် ဒီမှာလဲ လုံချည်တွေပါလား'

နွယ် ငိုချင်စိတ်ပေါက်သွားလေသည်။

'ကဲ ကလေးမ ပစ္စည်းတွေ ပြန်ထည့်ပါ'

နွယ်က ဝမ်းသာအားရ ပစ္စည်းများကို ကမန်းကတန်း ပြန်ထည့်သည်။

'ဟို လက်ဆွဲအိတ်ကကော'

ကောင်တာပေါ် တင်လိုက်ရပြန်သည်။

'ကဲပါလေ ထားပါတော့၊ ကလေးမ ဟိုဘက်ခန်းထဲ ခဏလိုက်ခဲ့'

'ရှင်'

နွယ့်ခေါင်းတွင် နေဆယ်စင်း ပြိုင်၍ထွက်သလို ပူခနဲ ဖြစ်သွားလေသည်။

'ကလေးမ ပစ္စည်းနည်းနည်းများတယ်၊ ဟိုဘက်ခန်းထဲ လိုက်ခဲ့'

နွယ်က ပတ်ဝန်းကျင်ကို မျက်လုံး ဝေ့ကြည့်လိုက်သည်။ အခြားသူများလည်း မျက်နှာမကောင်းကြ။ ပစ္စည်းများများ သယ်လာသူတိုင်း ပြဿနာပေါ်နေသည်။ ကောင်တာပေါ်တွင် ပစ္စည်းအချို့ ပြန့်ကျဲနေသည်။

'ဟင့်အင်း ကျွန်မ မလိုက်ချင်ဘူး'

'ဒီလိုဆိုရင် မင်း ဒီပစ္စည်းတွေ ထားခဲ့မလား'

'အို ရှင် မထားခဲ့ပါရစေနဲ့'

'ဒီလိုဆို လိုက်ခဲ့'

နွယ့် လက်ဖျားများ အေးစက်၍ လာ၏။ ခြေထောက်များ ဒူး များလည်း တဆတ်ဆတ်တုန်လာသည်။ နောက်ဆုံးတော့ သူတို့ ခေါ်ရာလိုက်ခဲ့ရသည်။ မှောင်ခိုကုန်သည် အတော်များများ အထိနာကြလေပြီ။ ပစ္စည်းများထဲမှ အမျိုးတူ ပစ္စည်းတစ်မျိုးကို တစ်ခုနှစ်ခုသာ ပြန်ရသည်။ နွယ် လူငှား၍ သယ်လာသော ပစ္စည်းများလည်း ပါကုန်ပြီ။

အေးမြသော လေဆိပ်အဆောက်အအုံတွင်းဝယ် ဇောချွေးများ ပျံ၍လာ၏။ လက်ဖျားများလည်း အေးစက်ကုန်ကြပြီ။ ရင်ထဲတွင်မူ ပူ၍နေ၏။ ခေါင်းထဲမှ ထိုး၍ထိုး၍ ကိုက်လာသည်။

'ဟော့ ကလေးမ ဘာဖြစ်လဲ'

'ကျွန်မ ကျွန်မ ခေါင်းမူးလွန်းလို့ ဖုန်း ဖုန်းဆက်ပါရစေရှင်'

တယ်လီဖုန်းနံပါတ်များကို လှည့်ရင်း နွယ့် မျက်စိများသည် ဝေဝါး၍လာ၏။

'ကြီးကြီးမြ ကြီးကြီးမြ၊ အမြန်လာပါ၊ နွယ်လေ နွယ်လေဆိပ်က'

တယ်လီဖုန်းကိုင်ထားသော လက်သည် ညွတ်၍ကျလာ၏။ တယ်လီဖုန်းခွက်ကို ပြန်တင်သော်လည်း မမီတော့။ ပတ်ဝန်းကျင်တစ်ခုလုံး ချာချာလည်၍ သွားလေသည်။

*

၈

'နာမည်'

'နွယ်နွယ်ဗိုပါ'

'သူကိုယ်တိုင် ပြောပါစေ၊ ကဲ သမီးနာမည်'

'နွယ်'

'နွယ် တစ်လုံးထည်းလား'

ခေါင်းညိတ်လိုက်သည်။ ဆရာဝန်ကြီးက ပြုံးပြ၏။

'အသက်'

'၂၅ နှစ်'

'ဘာလုပ်လဲ'

'အို ဆရာရယ်၊ နွယ် မှောင်ခိုလုပ်တာ နွယ် ကောင်းစားဖို့ မဟုတ်ပါဘူး၊ နွယ် လုပ်လဲ မလုပ်ချင်ပါဘူး၊ သူတို့အတွက် လုပ်ရတာပါ၊ မိဆွေလေ နွယ့်ညီမပေါ့၊ သူ ကျောင်းဆက်တက်ချင်တယ်ဆိုတာ တက်ချင်တက်ပါစေ ဆိုပြီး၊ ပြီးတော့ ဖေဖေက နေကောင်းတာ မဟုတ်ဘူး၊ မေမေဆုံးတာ ကြာပြီဆရာ၊ အငယ်ဆုံး ကောင်မလေး ကိုးနှစ်သမီးကပေါ့'

'အင်း ဟုတ်ပြီ ဟုတ်ပြီ၊ ခု နွယ် ဘာဖြစ်သလဲ၊ ခေါင်းကိုက်သလား၊ ခေါင်းမူးသလား'

'နွယ့်ခေါင်းထဲမှာ အမြဲပူနေတယ် ဆရာ၊ သိပ်ပူတာပဲ၊ နွယ် ဒီတစ်ခေါက် နောက်ဆုံးအခေါက်ပါပဲ ဆရာရယ်၊ ဖေဖေက အညာပြန်ဖို့ စီစဉ်ပြီးသား၊ နွယ်ကိုက ကြမ္မာငင်တာပါလေ'

ဆရာဝန်ကြီးသည် နွယ်ပြောသမျှကို လိုက်၍ ရေးမှတ်နေ၏။ လူနာမှတ်တမ်း စာအုပ်သစ်လေး၏ ရှေ့စာမျက်နှာများ ပြည့်၍ လာသည်။

'ဆရာဆေးပေးလိုက်မယ်နော် မှန်မှန်သောက်၊ စိတ်ညစ်စရာတွေ ဘာမှမစဉ်းစားနဲ့ သိလား'

'ဟုတ်ကဲ့ဆရာ'

ဆရာဝန်ကြီးက ကြီးကြီးမြဘက်သို့ လှည့်ကာ လိုအပ်သည်များကို မှာကြားနေသည်။

'ဆေးရုံတင်ဖို့ မလိုပါဘူးနော်၊ ဒီကပေးတဲ့ ဆေးကို မှန်မှန်ကျွေးပြီး ဆေးရုံကို မှန်မှန်လာပြပါ၊ သူ့စိတ် အနှောင့်အယှက်ဖြစ်အောင်လဲ မလုပ်ပါနဲ့'

'ဟုတ်ကဲ့ရှင့်၊ သူ့ကို ရန်ကုန်မှာပဲ ထားရမလား'

'ထားပါ၊ ရန်ကုန်မှာနေပြီး ဆေးရုံမှန်မှန်လာပြနေရင် ကောင်းတာပေါ့'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်'

ကြီးကြီးမြက နွယ့်လက်ကိုဆွဲကာ အခန်းထဲမှ ထွက်ခဲ့သည်။ အပြင်တွင် ဆွေဆွေသည် မျက်နှာငယ်လေးဖြင့် စောင့်နေသည်။

'မိဆွေ၊ နင်ကျောင်းမသွားဘဲ ငါ့နောက် ဘာလို့ လိုက်လာသလဲ'

'သွားပါ့မယ် မမ၊ အချိန်လိုသေးလို့ပါ'

'သွားသွား၊ ငါ ဘာမှမဖြစ်ဘူး၊ ဆရာဝန်ကြီးကလဲ ပြောလိုက်တယ်၊ ဆေးရုံတက်ဖို့ မလိုဘူးတဲ့'

စိတ်ရောဂါကု ဆေးရုံအတွင်းမှ ထွက်ခဲ့ကြသည်။ အပြင်တွင် မိုးသေးမိုးဖွဲများ ရွာနေ၏။ ပတ်ဝန်းကျင်သည် စိမ်းစိမ်းစိုစို ဖြစ်၍ နေသည်။ မိုးစက်ကလေးများသည် နွယ့် ပါးပြင်ကို လာထိကြ၏။ နွယ်က ကြည်နူးစွာ ပြုံးလိုက်သည်။

'ဘာရယ်တာလဲ သမီး'

ကြီးကြီးမြက အထိတ်တလန့်မေးသည်။

'ဩော် ကြီးကြီးမြရယ်၊ ဒီလမ်းပေါ်မှာ မိုးစက်တွေ ကျနေတော့ ကော့သောင်က မြေနီလမ်းလေးကို သတိရလို့ပါ၊ ဖေဖေကလေ ကော့သောင်ကို နောက် မသွားရတော့ဘူးတဲ့၊ နွယ် သွားချင်လို့ သွားတာမှမဟုတ်ဘဲ ကြီးကြီးမြရယ်၊ ဒီဆေးရုံကိုလဲ နွယ် လာချင်လို့ လာတာမဟုတ်ပါဘူးနော်၊ ကြီးကြီးမြတို့ခေါ်လို့ လိုက်လာတာ၊ နွယ် ဘာမှမဖြစ်ပါဘူးနော်၊ နွယ် ဘာမှမဖြစ်ပါဘူးနော် ကြီးကြီးမြ'

*

# အပိုင်း ၃

# ၁

မိုးသည် သည်းထန်စွာ ရွာသွန်းနေ၏။ အိမ် တံစက်မြိတ်တွင် မိုးစက်မိုးသီးလေးများ တွဲခိုနေကြသည်။ ပြီးမှ သူတို့သည် ရေတံလျှောက် ထဲသို့ တဒေါက်ဒေါက် ခုန်ဆင်းလာကြ၏။ ပြိုင်တူကျလာသော မိုးစက်လေးများ စုပေါင်းကာ ရေစည်ထဲသို့ တပျော်တပါး ပြေးဆင်း သွားကြသည်။

ရန်ကုန်မိုးသည် အငြိုးကြီးကြီးနှင့် ရွာနေလေသည်။ နွယ်က မိုးရေထုအတွင်းသို့ အခိပ္ပါယ်မဲ့ ငေးမောနေမိသည်။

'မအေးဘူးလား သမီး၊ အထဲဝင်လေ'

'မအေးပါဘူး ဖေဖေ၊ သန္တာတို့ပြန်မလာသေးလို့ စောင့်နေတာ၊ သူတို့ မိုးမိကုန်ပြီ၊ ဖေဖေ အနွေးထည်ယူမလား'

'နေပစေ ဖေဖေ့ဘာသာ ယူဝတ်လိုက်မယ်'

မိုးသံသည် အနည်းငယ် အားပျော့သွားသည်။ လမ်းပေါ်မှ ရေများ အိမ်ရှေ့ ရေမြောင်းထဲသို့ စီးဝင်လာ၏။ မြောင်းကိုဖြတ်သော ဝါးတံတားလေးသည် မိုးရေထဲတွင် ညွှတ်ကျသွားတော့မယောင် ရှိနေသည်။ မိုးရေထဲမှ ပထမဆုံး ရောက်လာသူမှာ ဆွေဆွေဖြစ်လေသည်။

'မိဆွေ ဒီနေ့ အစောကြီးပြန်လာတယ်'

'ဟုတ်တယ်မမ၊ မိုးတွေကလဲ ရွာလိုက်တာ တအားပဲ၊ မိုးရွာတော့ ဘတ်စ်ကားတွေလဲ ပိုကျပ်တာ၊ ဒီနေ့တော့ ကျောင်းဆက်မသွားနိုင်တော့ဘူး မမရယ်၊ သန္တာတို့ကော ပြန်မရောက်သေးဘူးလား'

'မရောက်သေးဘူး'

ဆွေဆွေက ဖိနပ်ချွတ်တွင် ရပ်ကာ ထီးကိုပိတ်ပြီး ရေစစ်ထားလိုက်သည်။ လုံချည်အောက်နားကို စု၍ ကိုင်ကာ မိုးရေများကို ညှစ်ချလိုက်၏။ ယခုတော့ ဆွေဆွေသည် ရုံးတစ်ရုံးမှ အရာရှိငယ်တစ်ဦး၊ လုပ်သားကောလိပ်မှ အချိန်ပိုင်းပြ ဆရာမတစ်ဦး ဖြစ်နေလေပြီ။ နွယ်တို့တစ်အိမ်လုံးကို ရန်ကုန်သို့ မရအရ မ ခေါ်လာခဲ့သူမှာ ဆွေဆွေဖြစ်သည်။ နွယ် ရှာဖွေ စုဆောင်းထားသော ငွေလေးဖြင့် မြောက်ဥက္ကလာတွင် အိမ်လေးတစ်လုံး ဝယ်ဖြစ်သည်။ ဆွေဆွေလည်း ကြီးကြီးမြတို့ အကူအညီဖြင့် အလုပ်တစ်ခုရခဲ့သည်။

သည်နှစ် သန္တာက စီးပွားရေးတက္ကသိုလ်သို့ စတက်သည်။ အငယ်ဆုံး သီတာပင် ရှစ်တန်းကျောင်းသူကြီး ဖြစ်လာပြီ ဆိုတော့ နွယ်တို့ မိသားစု၏ အနာဂတ်သည် အနည်းငယ် စိုပြည်လာ၏။ ဖေဖေကလည်း သည်နှစ်ထဲမှာ ထူထူထောင်ထောင် စိုစိုပြည်ပြည် ပြန်ဖြစ်လာသည်။ ဆယ်ပေခန့် ကျယ်သော အိမ်ရှေ့မြေကွက်လပ်လေးမှာ သစ်ပင်ပန်းပင်စိုက်ဖို့ အားယူနေသည်။ နွယ်သည်လည်း လုပ်လက်စ ဝါသနာလေးကို မစွန့်နိုင်၍ မြိတ်အဆက်အသွယ်ဖြင့် ရသော ပစ္စည်းတချို့ကို ဥက္ကလာဈေးတွင် သွင်းသည်။ ရန်ကုန်စရိတ်နှင့်ဆိုတော့ နွယ်တို့ မိသားစုလေးမှာ စားလောက်သည် ဆိုရုံသာ။ ဘာပဲပြောပြော ဖေဖေကတော့ သူ့ အညာပြန်စီမံကိန်းကြီး အကောင်အထည်မပေါ်မီ အထက်ကို အနည်းငယ် ဆန်တက်လာနိုင်၍ တစ်မျိုး ကျေနပ်နေလေသည်။

သန္တာသည် မရှေးမနှောင်း ပြန်ရောက်၍လာသည်။ မိုးစဲသွားပြီ ဖြစ်သော်လည်း သန္တာ့ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ ညီအစ်မ တစ်တွေထဲတွင် အမြင့်ဆုံး အထွားဆုံးဖြစ်၍ အစ်မတွေကို မီ၍နေပြီ။ သန္တာသည် ဆွေဆွေ့လောက် မလှသော်လည်း မျက်နှာဝိုင်းဝိုင်းဖြင့် ချစ်စရာကောင်း၏။ ပြုံးလျှင် ပါးချိုင့်လေးတစ်ဘက် ခွက်ဝင်သွားတတ်သည်။

'မြို့နဲ့နီးနီး အိမ်ပြောင်းရရင် ကောင်းမယ် မမရာ၊ သွားရလာရတာ အဝေးကြီးပဲ၊ ဘတ်စ်ကားတွေကလဲ ကျပ်လိုက်တာ လွန်ပါရော'

သန္တာ၏ ညည်းညူနေကျအသံလေးကို ကြားရလေသည်။

'ပြောင်းရမှာပေါ့ မိသန္တာရယ်၊ ဖြည်းဖြည်းပေါ့'

ထမင်း ခူးခပ်နေသော ဆွေဆွေက ဖျောင်းဖျလိုက်သည်။ နွယ်နှင့် သီတာတို့ ချက်ပြုတ်ထားသော ထမင်းဝိုင်းကို သားအဖ တစ်တွေ ဝိုင်းဖွဲ့စားကြသည်။

'အိမ်မြန်မြန်ပြောင်းနိုင်အောင် မမနွယ် မြိတ်ကို တစ်ခေါက်လောက် ကူးလိုက်ဦးမယ်လေ'

နွယ်က ရယ်စရာအဖြစ် မျက်နှာတည်၍ ပြောသည်။

'တော်ပါပြီ မမနွယ်၊ မမအလုပ်က အန္တရာယ်များလှပါတယ်၊ ဩော် ဒါနဲ့ မမနွယ်၊ သတင်းစာဖတ်မိသေးလား'

'ဘာသတင်းလဲ'

'မြိတ်မှာ စက်လှေတစ်စင်းလုံး မှောင်ခိုပစ္စည်းတွေနဲ့ ဖမ်းလိုက်တာ ကိုကျော်ဟိုးတို့လှေပဲ'

ကိုကျော်ဟိုးဟူသော အသံကို ကြားရ၍ နွယ့် ထမင်းလုတ်က တန့်သွားသည်။

'သူတို့ကတော့ တစ်ခါဖမ်းလဲ နောက်တစ်ခါ ပြန်လုပ်ဦးမှာပဲ၊ ဒါ သူတို့အလုပ်ပဲလေ'

နွယ်က အတိတ်ဘဝကို သတိရသည်။ အခန်းကဏ္ဍများ တစ်ခုပြီးတစ်ခု လွန်မြောက်လာသော်လည်း ပြန်တွေးတော့လည်း စိတ်မောစရာ၊ ရင်ခုန်စရာ၊ ဝမ်းနည်းစရာ၊ ပျော်စရာတွေကို ပြန်လည် ခံစားရပြန်သည်။

'ဩော် ဒါနဲ့ဖေဖေ'

ဆွေဆွေသည် ထမင်းစားရင်း တစ်ခုပြီးတစ်ခု ပြောနေသည်။ ဖေဖေက မော့်ကြည့်သည်။

'သန်ဘက်ခါကျရင် မေမေဆုံးတာ ခုနစ်နှစ်ရှိပြီ၊ ဆွမ်းချက်ပြီး ဘုန်းကြီးကျောင်း ပို့ရအောင်နော်'

'အေး'

နှစ်စဉ်တော့ မေမေ့အတွက် အမှတ်တရ ဒါနကုသိုလ်ပြုကြစမြဲ။ ထမင်းစားရင်း ဒီအကြောင်း ပြောရပါမို့လားဟု နွယ်က ဆွေဆွေ့ကို လှမ်းကြည့်သည်။ ဖေဖေသည် ထမင်းပန်းကန်ကို လက်စသိမ်းကာ နေရာမှ ထလေသည်။

'သမီးနွယ်၊ ဈေးမှာ သဇင်းပန်းဥတွေ ရောင်းရင် ဝယ်ခဲ့စမ်း၊ အိမ်ရှေ့မှာ တန်းရိုက်ပြီး စိုက်ရမယ်၊ မအေးသစ်က သဇင်ပန်း အင်မတန်ကြိုက်တာ၊ မြိတ်မှာတော့ ဆောင်းရောက်ရင် သဇင်ပန်းက ပေါမှပေါပဲ'

ဖေဖေက အပြင်ကို လှမ်း၍ငေးကာ ပြောလိုက်သည်။ မိုးရွာ ပြီးစဖြစ်၍ ရေငွေ့ဖြင့် သိပ်သည်းလန်းဆတ်၍ နေသည်။ နွယ်သည် လည်း ထမင်းဝိုင်းမှ ထလာသည်။ ရာသီစက်ဝန်းသည် မှန်မှန် လည်ပတ်နေ၏။ သည်နှစ် မိုးအကျစောသည်။ မိုးကုန်လျှင် ဆောင်း

ရောက်တော့မည်။ ဖေဖေသည် မေမေ့ကို ဆောင်းအမီ သဇင်ပန်းနှင့် အလွမ်းဖြေလိုဟန်ရှိ၏။ အိမ်ရှေ့တွင် သရက်ပင်ကြီးသည် သီးကင်း များဖြင့်ဝေနေလေသည်။

လူ့ဘဝမှ ထွက်ခွာသွားသူတို့သည် သတ္တလောကကိုရော ဩကာသလောကကိုပါ မျက်ကွယ်ပြု၍ သွားကြလေ၏။ ကျန်ရစ် သူတို့သည်သာ အရာရာကို တွေ့မြင်ခံစားရတိုင်း ဝေဒနာသစ်တို့ ထပ်ကာထပ်ကာ တိုးပွားနေကြရလေသည်။

မေမေသည် လူ့ဘဝကို ကျောခိုင်းသွားပြီဖြစ်၏။ သူ အလွန် တရာ မြတ်နိုးသော၊ ရိုလည်း ရိုသေသော ဖေဖေ့ကိုလည်း ကျောခိုင်း ခဲ့ပြီ။ အစိုးရိမ် အပူပန်ကြီးစွာ ချစ်ရတွယ်တာရသော သမီးများကိုလည်း ကျောခိုင်းခဲ့ပြီ။ တစ်နည်းအားဖြင့် ငြိတွယ်တတ်သော သံယောဇဉ် ကြိုးများကို ဖြတ်တောက်၍ ဒုက္ခအေးငြိမ်းရာ တစ်နေရာသို့ ရောက်ရှိ သွားပေပြီ။

နှယ့်မှာသာ စိုးရိမ်ပူပန်မှု၊ တမ်းတပူဆွေးမှု၊ တွယ်တာစွဲလန်းမှု တို့ဖြင့် စိတ်ဝေဒနာများ ကပ်ငြိကာ လူ့ဘဝအလယ်မှာ ကျန်ခဲ့ရ သည်။ လူ့ဘဝကြီးကား နေပျော်သူတို့ အတွက်မူ နိဗ္ဗာန်ဘုံတည်း။ မလွဲမရှောင်သာ အသက်ရှင်နေရသူတို့အတွက်ကား ဒုက္ခဘုံတည်း။

လူ့ဘဝသက်တမ်းအစ ခဏတာမျှသာ စိတ်၏ ပျော်ရွှင်ခြင်းကို ခံစားခဲ့ရဖူးသလိုရှိပြီး ပြန်တွေးလျှင် အိပ်မက်ပမာ ဝိုးတဝါး ကျန်ခဲ့ လေပြီ။ ခါးသီးသော အတွေ့အကြုံတို့ကိုသာ စိတ်ဝယ် စွဲမြဲ အမှတ် ထင်ထင် ရှိကြစမြဲ။

မရမ်းခြံဘော်ဒါဆောင်မှ ဆယ်ကျော်သက်ဘဝသည် လျှပ် တစ်ပြက် တစ်ဒင်္ဂမျှ ထင်ဟပ်လာသော ပြကွက်တစ်ခုပမာ ဝေဝါး ပျောက်ကွယ်၍ သွားခဲ့သည်။ မြိတ်မှ ကော့သောင်းသို့ ကူးရင်း

လှုပ်ရှားရုန်းကန်ခဲ့ရသော ဘဝသည်မှ ဘဝတွင် ဖျောက်ဖျက်မရသော အခန်းကဏ္ဍတစ်ရပ်အဖြစ် စွဲမြဲ၍ ကျန်ရစ်သည်။

အခိုက်အတန့်အားဖြင့်မူ နွယ့်ဘဝသည် မုန်တိုင်းစဲစပြု၏။ သို့သော် ရုန်းကန်လှုပ်ရှားမှု မရှိသော၊ တွယ်တာမှု ကင်းမဲ့သော၊ မျှော်လင့်ချက် ပျောက်ဆုံးသော ဘဝသည်ကား ပို၍ပင် ငြီးငွေ့ ချောက်ချားဖွယ် ကောင်းလှသည်။

ဖမ်းယူဆုပ်ကိုင်ခြင်းငှာ မစွမ်းနိုင်သော စိတ်တေလေသည် ဦးတည်ချက်ကင်းမဲ့စွာဖြင့် ပရမ်းပတာ ပြန့်ကျဲ၍ နေလေသည်။

\+ + +

'တစ်ရုံးတည်းလုပ်နေပေမယ့် ခုမှပဲ တွေ့တာပါ မမနွယ်ရယ်၊ ဒါတောင် သူက စနူတ်ဆက်လို့ နွယ်နွယ်ဗိုလ်ညီမ မဟုတ်လားတဲ့၊ ခု ဘယ်မှာနေလဲ၊ နွယ် အိမ်ထောင်ကျနေပြီလား၊ အို စုံနေတာပဲ'

နွယ်က ဆွေဆွေ ပြောသမျှကို ငေး၍ နားထောင်နေသည်။ မောင်နဲ့တွေ့လာသည်ဆိုပဲ။ ပြီးတော့ နွယ့်အကြောင်းကို မောင်က စိတ်ဝင်စားစွာ မေးသည်တဲ့။ ဖြူမတစ်ယောက် ရန်ကုန်မှ ခွာကာ မိဘများရှိရာ လိုက်သွားသည်မှစ၍ အဆက်အသွယ် ပြတ်ခဲ့ရသည်။ နွယ်တို့ရန်ကုန်ပြောင်းလာပြီးမှ ဖြူမနှင့် မတွေ့ရတော့။ ဖြူမသာ ရှိလျှင်တော့ အခြေအနေသည် တစ်မျိုးဖြစ်ပေမည်။

'သူကော မိန်းမရနေပြီလား'

နွယ်က ဣန္ဒြေရရပင် မေးလိုက်သည်။

'ရတော့ မရသေးဘူး မမနွယ်ရဲ့၊ ဒါပေမယ့် သူ့အမျိုးသမီးတော့ လာလာနေတာ တွေ့တယ်လို့ ပြောကြတယ်၊ သူက အရင်က စတီရီယို

အဆိုတော် လုပ်သေးတယ်နော်၊ ရုံးက မိန်းကလေးတွေကတော့ သူ့ကို စိတ်ဝင်စားကြတယ်၊ ရုပ်ကလဲ ဖြောင့်တယ် မဟုတ်လား'

ဆွေဆွေက ပြောရင်းမှ နွယ့်ဆီသို့ မျက်စိလေးထောင့်ကပ်၍ ကြည့်လိုက်သေးသည်။

'ရာထူးကလဲ ရှိနေပြီမဟုတ်လား မိဆွေရယ်၊ စိတ်ဝင်စားကြမှာပေါ့၊ ဒါအဆန်းလား'

နွယ်က စကားကို ဖြတ်လိုက်သည်။ ဆွေဆွေကမူ နွယ် ဝင်သွားရာ မီးဖိုဆောင်အထိ လိုက်လာသေးသည်။ ယခုတော့ ရွယ်တူချင်းလိုဖြစ်နေပြီမို့ ငယ်ငယ်ကလိုမကြောက်တော့။ညီအစ်မနှစ်ယောက် သူငယ်ချင်းပေါင်း ပေါင်း၍ရနေပြီ။

'မမနွယ်ကော အိမ်ထောင်ပြုဖို့ စိတ်မကူး သေးဘူးလား၊ အပျိုကြီးလုပ်မလို့လားဟင်၊ မမနွယ် အပျိုကြီးဖြစ်ရင် ဆွေဆွေ့ ပယောဂလဲ မကင်းဘူးနော်၊ မမနွယ်ကို ဆွေတို့ရုံးက အရာရှိတွေနဲ့ စပ်ပေးမယ်'

'အမယ် တော်စမ်းပါကောင်မ၊ ငါ့ဟာငါ အေးအေးနေပါရစေ'

သို့သော် ဆွေဆွေက မရပ်သေး။

'ကိုကျော်ဟိုးကတော့ မမနွယ်ကို ရရင်ယူမှာပဲ၊ ဒါပေမယ့် မမနွယ်ပါ တစ်သက်လုံး မှောင်ခို လုပ်နေတော့မှာ၊ သူဌေးဖြစ်မှာကတော့ သေချာတယ် ဟဲ ဟဲ'

'မိဆွေ ညည်း ဘာတွေ အူမြူးနေသလဲ၊ ညည်းဘာသာ ယူချင်ရင် ယူချင်တယ်ပြော၊ ငါ့ မှန်မှန်ပြောစမ်း၊ ညည်းကော တွေ့ထားပြီမဟုတ်လား'

နဂိုကပင် သိချင်နေသည့် မေးခွန်းကို ရော၍မေးချလိုက်သည်။

ဆွေဆွေက မျက်နှာပိုးသတ်လိုက်လေသည်။

'ဆွေ မယူသေးပါဘူး မမရယ်'

'တွေ့တော့ တွေ့ထားပြီပေါ့'

ဆွေဆွေ ငြိမ်နေလေသည်။ နွယ့်ရင်ထဲတွင် တစ်မျိုး ထိခိုက်လာသည်။ သြော် လူဆိုသည်မှာ အချိန်တန်တော့လည်း ကိုယ့်ဘဝလမ်းကြောင်းအတွက် ကိုယ်ခံစားချက်နှင့်ကိုယ် ရွေးပြီး ချယ်ပြီးရှိတတ်ကြလေသည်။ နွယ်တစ်ယောက်သည်သာ အရာရာကို စိတ်အလိုဆန္ဒနှင့် ဆန့်ကျင်၍နေခဲ့မိသည်။ နွယ်ဖြစ်လိုသော အရာတို့ကို ကျော်ခိုင်းကာ ဖြစ်လာသမျှ ဘဝကိုသာ လက်ခံရင်ဆိုင်ခဲ့ရသည်။

'မမနွယ်'

ဆွေဆွေက တိုးတိတ်စွာ ခေါ်လိုက်သည်။

'မမနွယ် သဘောမတူရင် ဆွေဆွေ မယူပါဘူး၊ မမနွယ်ကို ဆွေဆွေ မပြောရဲလို့ နေခဲ့တာ၊ ဆွေတို့ တွေ့တာ သုံးနှစ်လောက်ရှိပါပြီ'

နွယ်က နောက်ဖေးပြတင်းပေါက်ကို မှီကာ အိမ်နောက်သို့ ငေးနေသည်။ ကင်ပွန်းချဉ်ပင်တွင် အခက်များဝေနေသည်။

'ငါထင်ပါတယ်လေ'

'မမနွယ် ဆွေ့ကို ခွင့်လွှတ်ပါနော်'

'ဘယ်တတ်နိုင်မလဲ မိဆွေရယ်၊ ဒါ ညည်းအသည်းနှလုံးကိစ္စပဲ၊ တစ်ခုပဲရှိတယ် မိဆွေ၊ ညည်း တို့ကို ခွဲထွက်သွားမှာလား'

'အို ဆွေ ဒီလောက် မမိုက်ပါဘူး မမနွယ်ရယ်၊ ဆွေတို့ ခုလောလောဆယ်လဲ လက်မထပ်သေးပါဘူး၊ သူ ဆရာဝန်ဖြစ်ပြီး နှစ်နှစ်လောက်ကြာမှ ယူကြမှာပါ၊ နောက်ထပ် သုံးနှစ်လောက်တော့ စောင့်ရဦးမယ်'

'အင်းပေါ့လေ၊ ကိုယ့်ဘဝ ကိုယ်အသိဆုံးပဲ၊ ကြည့်ဆုံးဖြတ်ပေါ့ မိဆွေရယ်'

အမိရင်ငွေ့သည် မည်မျှ နွေးထွေးပါသည် ဆိုသော်လည်း အချိန်တန်တော့လည်း တောင်ပံခတ်ကာ ပျံကြသေးသည်မို့ အရွယ်ရောက်သူ လူသားတစ်ယောက်ကို မည်သို့လျှင် တားဆီးနိုင်ပါမည်နည်း။

သို့သော် ရင်ထဲတွင် အလိုအလျောက် ဖြစ်ပေါ်လာသော ဝမ်းနည်းအားငယ်စိတ်ကိုတော့ တားဆီး၍ မရနိုင်ပါချေ။ တစ်ချိန်ကမူ နွယ့်ဘဝတွင် မေတ္တာဓာတ်ဖြင့် လွှမ်းခြုံအပ်သော အရာတို့သည် ရှိခဲ့၏။ ယခုမူ ဘာဆို ဘာမျှ မရှိတော့။ လေထု၏ ဖိနှိပ်အားမှ ကင်းလွတ်သွားသော လေဟာနယ်ထဲတွင် လမ်းလျှောက်ရသည်သို့ ခံစားနေရလေသည်။

*

# ၂

ဖေဖေပျိုးသော သဇင်ပန်းတို့သည် ဦးဦးဖျားဖျား ပွင့်ကြလေပြီ။ သရက်ပင်ကို တွယ်ထားသော သစ်ခွရောင်စုံတို့လည်း ပွင့်ရန် အားယူနေကြပြီ။ နွယ်တို့အိမ်လေးသည် တလှုပ်လှုပ် တရွရွနှင့် ဝီရိယစိုက် ပြုပြင်လာသော ဖေဖေ့ကျေးဇူးကြောင့် စိုပြည်လန်းဆန်း၍ လာ၏။

ဆောင်းဦး၏ နံနက်ခင်းဝယ် မြူနှင်းတို့ သိပ်သည်းစွာ ကျလာကြသည်။ ညီအစ်မတစ်တွေသည် အိမ်မှ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြသည်။ နွယ်က သူတို့စားသောက်သွားသမျှကို သိမ်းဆည်းပြီးမှ နောက်ဆုံးက ထွက်ခဲ့သည်။ မြိတ်က ပစ္စည်းအချို့ ယနေ့ ရောက်မည်ဟု ကြားရသည်။ ယခင်အပတ်က အလှကုန်ပစ္စည်းအချို့ မှာထားသည်။ ငွေကိုလည်း ကြိုပေးလိုက်ရသည်။ ၎င်းတို့ကို ယူ၍ ဥက္ကလာဈေးမှာသွင်းမည်။ ယခင်ကလို ပင်ပင်ပန်းပန်း မလုပ်ရတော့သော်လည်း တစ်ဘက် တစ်လမ်းမှ ရှာရဖွေရသေးသည်။ ဆွေဆွေ့လခနှင့် မည်သို့မျှ မလောက်င။ နွယ် အရောင်းအဝယ်လုပ်သည်က ဆွေဆွေ့ထက် ဝင်ငွေပိုသည်။

ပစ္စည်းအချို့ကို သားရေလွယ်အိတ်ထဲ ထည့်၍ လွယ်ကာ ဗိုလ်ချုပ်ဈေးဘက် ခေတ္တဝင်ခဲ့သည်။ ဈေးစနည်း နာရသည်။ ပြီးမှ အမောပြေ သံပရာရည်တစ်ခွက်သောက်ရန် မုန့်စားတန်းဘက် ထွက်ခဲ့သည်။ တစ်ယောက်တည်း သွားနေကျဖြစ်၍လည်း မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ သွားလာနေထိုင်တတ်သည့် အကျင့်ကို ရခဲ့ပြီ။ အအေးဆိုင်မှာ ထိုင်မိတော့ နွယ်တစ်ယောက်တည်း အေးအေးဆေးဆေးပင်။ နောက်မှ လူတစ်ယောက်က နွယ့်ဘေးတွင် ဝင်ထိုင်လာသည်။

'နွယ်'

လှည့်မကြည့်ပေမင့် အသံကို မှတ်မိနေသည်။

'ဩော် တစ်ယောက်တည်းလား'

'နွယ်ကော'

'နွယ်က အမြဲတမ်း တစ်ယောက်တည်းပဲလေ'

မောင်သည် နွယ့်နည်းတူ သံပရာရည်တစ်ခွက်ကိုမှာလေသည်။ မောင်သည် ယခင်ကထက် သပ်သပ်ရပ်ရပ် ဖြစ်နေကာ ပို၍လည်း တည်ကြည်ရင့်ကျက်လာသည်ဟု ထင်မိသည်။ မောင့်မျက်နှာသည် လေးနက်သောအသွင်ကို ဆောင်ထား၏။

'နွယ် ဘယ်ကလာတာလဲ'

'ဒီလိုပဲ ရှန်းကန်လှုပ်ရှားနေရတာပေါ့'

မောင်သည် နွယ့်ကို တောင်းပန်လိုသော မျက်လုံးများဖြင့် တွေ၍ ကြည့်သည်။

'ကိုယ့်ကို စကားကောင်းကောင်း မပြောချင်တော့ဘူးလား နွယ်၊ နွယ့်ညီမလေးနဲ့တွေ့လို့ နွယ့်အကြောင်း မေးကြည့်ရသေးတယ်၊ နွယ့်အပေါ်မှာ အမြဲတမ်း စိတ်ဝင်စားနေတာပါ'

နွယ်က သံပရာရည်ခွက်ကို စားပွဲပေါ်ချလိုက်သည်။

'လူတွေဟာ ကိုယ့်ဘဝနဲ့ကိုယ် လှုပ်ရှားနေကြရတာပဲ နော်၊ ဘာဖြစ်လို့ တခြားလူဘဝကို အပင်ပန်းခံပြီး စိတ်ဝင်စားနေမလဲရှင်၊ နွယ် သွားလိုက်ပါဦးမယ်'

မောင်ကပါ ကမန်းကတန်း ရောယောင်၍ ထသည်။

'နေပါဦးနွယ်၊ နွယ်နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့၊ တစ်နေရာမှာ တစ်ခုခုစားကြရအောင်၊ ခဏလေးပါ နွယ်'

'ဟင့်အင်း ကိုကျော်ဝဏ္ဏ၊ နွယ်ဟာ ဆုံးဖြတ်ချက်တစ်ခုခုကိုချပြီး ခဏခဏ ပြန်ပြင်ရတဲ့သူ မဖြစ်ချင်တော့ဘူး'

'ဒီတစ်ခါ နောက်ဆုံးလိုက်လျောခြင်းပါ နွယ်ရယ်'

မောင်သည် နွယ့်ကို တကယ်ပင် တောင်းပန်တိုးလျှိုးစွာ ကြည့်နေလေသည်။

စိတ်အလိုက ငြင်းဆန်နေဆဲ ခန္ဓာကိုယ်က သူ့နောက်သို့ လိုက်လာခဲ့မိသည်။ လူရှင်းသော စားသောက်ဆိုင်တစ်ခု၏အတွင်းခန်းထဲကို ရောက်လာသည်။ ကန့်လန့်ကာကို မစေ့တစေ့ချကာ မောင်က နွယ့်ဘေးတွင် နေရာယူသည်။ စားစရာအချို့ကိုလည်း မှာလိုက်သည်။

'ဖြည်းဖြည်းပေါ့ နွယ်၊ စားပါဦး၊ ဒါ ကိုယ်တို့နှစ်ယောက်ရဲ့ နှုတ်ဆက်ပွဲပဲ'

မည်သည့်အဓိပ္ပာယ်မှန်း မသိပေမယ့် နွယ့်နှလုံးသားက စူးကနဲ ဖြစ်သွားသည်။ နောက်ဆုံးတဲ့။

'နွယ်နှုတ်ဆက်ခဲ့တာ ကြာပြီပဲ'

စိတ်ကို လျှော့ချလိုက်လေသည်။

'ကိုယ် နောင်တရခဲ့တာကြာပြီ၊ အရင်တစ်ခါ ဖြူမတို့အိမ်မှာ တွေ့တုန်းကလဲ ပြောခဲ့ပါပြီလေ၊ ကိုယ်ဟာ ချစ်သူတစ်ယောက် အနေနဲ့ကော လူသားတစ်ယောက်အနေနဲ့ပါ တာဝန်မကျေခဲ့ပါဘူး၊ ဒါကိုထပ်ပြီး တောင်းပန်ပါတယ်နွယ်'

'ဒါတွေကို ထပ်ပြောနေလို့ ဘာအကျိုးရှိမှာမို့လဲ ဟင်'

နွယ်သည် မျက်တောင်ရှည်ရှည်များကို အသာဝင့်၍ ကြည့်ကာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်လေသည်။ မောင် နွယ့်ကို ခဏခဏ တွေ့ချင်နေသည်ကိုလည်း စဉ်းစားမရ။ နွယ့် နှလုံးသားထဲတွင်တော့ မောင် အမြဲရှိနေသည်။ သည်ထက်ပို၍ နွယ် ဘာမျှ မကြိုးစားခဲ့။

'မောင်လေ အဲ မောင်လို့ပြောပါရစေ နွယ်ရယ်၊ အပြစ်ရှိရင် မောင်ပဲခံပါ့မယ်၊ မိန်းကလေး အတော်များများနဲ့ တွေ့ခဲ့ဖူးပါတယ်၊ ချစ်တယ်လို့လဲ ပြောခဲ့ဖူးပါတယ်၊ ဒါပေမယ့် နွယ့်အပေါ်မှာ တခြား မိန်းကလေးတွေလိုသဘောထားလို့မရဘူး၊ နွယ့်ကိုစတွေ့ကတည်းက အပြစ်ကင်းစင်တဲ့ နွယ့်ကို မောင် ထူးထူးခြားခြား သံယောဇဉ်တွယ်မိတာ၊ ဒါပေမယ့် ပြောခဲ့သလိုပဲ မောင် တာဝန် မကျေခဲ့ပါဘူး၊ မောင်က ရေနစ်သူကို ဝါးကူထိုးသလို ဖြစ်ခဲ့တာ'

'ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲလေ'

'ဘာပဲဖြစ်ဖြစ်လေ၊ မောင် နောက်ဆုံးအကြိမ် တောင်းပန်ပါတယ်နွယ်၊ မောင် မကြာခင် လက်ထပ်တော့မှာမို့ပါ'

စွန့်လွှတ်ပြီးသားပါ ဆိုထားပါလျက် နားမှ ဆတ်ဆတ်ကြားရသည့်အခါ ခံနိုင်ရည်မရှိသလို ဖြစ်သွားပြန်လေသည်။ ဖြစ်မှ ဖြစ်ရလေ ရှင်ရယ်။ မင်္ဂလာသတင်းကို ဘာကြောင့်များ တကူးတက ခေါ်ပြီး ပြောရတာပါလဲ။

မှာထားသော ဟင်းလျာများလည်း အေးစက်၍ နေကြလေပြီ။ နွယ့် နှလုံးသားသည်လည်း တဖြည်းဖြည်း အေးစက်လာသည်ဟု ထင်ရသည်။

'မောင်လေ မောင်တို့ စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်ပစ်ဖို့အထိ ကြံမိသေးတယ်'

'တော်ပါတော့ ကိုကျော်ဝဏ္ဏ၊ ဒါတွေပြောနေလို့လဲ အပိုပါပဲ၊ တစ်ခုပဲ နွယ်တောင်းပန်ပါရစေ၊ နွယ်ဟာ နွယ့်ဘာသာ နွယ့်ဘဝထဲမှာ မြုပ်နှံနေရရင် အားလုံးကို ခံနိုင်ရည် ရှိပါတယ်၊ နွယ့်ကို လာလာပြီး တော့ နှိုးဆွပေးတဲ့အရာတွေကို နွယ် ခံနိုင်ရည် မရှိဘူး၊ အနယ်ထိုင် ပြီးသားဘဝကို လာလာ မနှောင့်ယှက်ပါနဲ့လို့ တောင်းပန်ပါရစေရှင်'

နွယ်သည်နေရာမှတုန်ယင်စွာထရပ်လိုက်လေသည်။လက်ဖဝါး အစုံတွင် ချွေးစေးများ စို့၍ လာလေသည်။ ခေါင်းသည်လည်း ရီဝေ၍ လာလေသည်။

'အို နွယ်၊ မောင်က နွယ့်ကို နောက်ဆုံးတွေ့ချင်လို့ တောင်းပန်ချင်လို့ ခေါ်ခဲ့မိတာပါ၊ နွယ် ဘာဖြစ်လဲဟင်၊ မောင် ပြန်လိုက်ပို့ပါ့မယ်'

'နွယ့်လမ်းကို နွယ့်ဘာသာ ပြန်ပါရစေ ဦးကျော်ဝဏ္ဏရှင်၊ ရှင်တို့ရဲ့ အလွမ်းတေးတွေကို အရသာခံ ဖိမ်ခံပြီးပြောဖို့ ကျွန်မကို ခေါ်ပြီး ကျွန်မ အသည်းနှလုံးကို ယဇ်မပူဇော်ပါနဲ့တော့လို့၊ ကျွန်မလဲ နောက်ဆုံးတောင်းပန်ပါတယ်'

မောင်သည် ပါးစပ်အဟောင်းသားဖြင့် နွယ့်ကို ငေး၍ ကျန် ခဲ့လေသည်။

အလွမ်းတေးတွေကို အရသာဖိမ်ခံပြီးပြောဖို့ ကျွန်မ အသည်း နှလုံးကို ယဇ်မပူဇော်ပါနဲ့တဲ့။

*

# ၃

'ဒါတော့ ဘယ်တရားမလဲဟာ၊ သူမိန်းမယူမယ့် ကိစ္စကို မမနွယ်ကို တမင်တကာ ခေါ်ပြောရတယ်လို့၊ မမနွယ် ကောင်းကောင်း နေမကောင်းဘူးဆိုတာလဲ သူမသိဘူးလား၊ အဲဒီနေ့က မဆွေနဲ့တွေ့လို့၊ နို့မဟုတ်ရင် မမနွယ် ဘတ်စ်ကားဂိတ်မှာ မူးလဲနေမှာ'

'ဟုတ်ပါရဲ့၊ ဒီလူကလဲ မမနွယ် သူ့ကို စွဲလမ်းမှန်းသိလို့ တမင်လုပ်နေတာလားမသိဘူးနော်'

ဆွေဆွေနှင့် သန္တာသည် နွယ်နှင့်မောင့်အကြောင်းကို တီးတိုး ပြောနေကြလေသည်။ နွယ်တစ်ယောက်တော့ ရှည်လျားလှသော ဆံပင်များကို ခုတင်ခေါင်းရင်းမှ ဖြန့်၍ ချကာ သက်သက်သာသာ လဲလျောင်းနေသည်။ ထိုနေ့က မောင်နှင့်တွေ့ပြီး ကြုံဟွာစားသောက် ဆိုင်ထဲက ပြေးထွက်ခဲ့သည်။ အေးစက်သော လက်၊ တုန်ယင်သော ခြေထောက်များ၊ တဒိတ်ဒိတ်ခုန်နေသော နှလုံးသားဖြင့် လမ်းတစ် ဘက်ကို ဖြတ်ကူးစဉ် နွယ့်ခေါင်းသည် မူးဝေယိမ်းထိုး၍ လာသည်။ ဘတ်စ်ကား မှတ်တိုင်မှာ ရပ်နေစဉ် မျက်စိများက ဝေဝါး၍ လာပြန် သည်။ ပြီးတော့ မောင် စားသောက်ဆိုင်ထဲမှ ထွက်ပြီး လမ်းကို

ဖြတ်ကူးလာသည်လား၊ ဆွေဆွေနှင့်အမျိုးသားတစ်ယောက် နွယ့်ဆီကို ပြေးလာသည်လား ကောင်းစွာမမှတ်မိတော့။ သုံးဘီးကားတစ်စီးဖြင့် အိမ်ပြန်ရောက်လာသည်ကိုရေးရေးမြင်ယောင်သည်။ မောင့်ကိုဆွေဆွေက ရန်တွေ့နေသံလိုလိုလည်း ကြားယောင်သည်။ ပြီးတော့ဆွေဆွေနှင့် ပါလာသော အမျိုးသားက နွယ့်ကို ဟိုစမ်းသည်စမ်း လုပ်ကာ ဆေးထိုးပေးသည်ကိုလည်း သတိရသလိုလို ရှိလေသည်။

မျက်စိများကို အားယူ၍ ဖွင့်ကြည့်လိုက်လေသည်။ ခေါင်းရင်းပြတင်းပေါက်ကို ဖွင့်ထား၍ သရက်ပင်ကြီး၏ အရွက်စိမ်းစိမ်းများကို မြင်ရသည်။ ဆောင်းနှင်း၏ အငွေ့အသက်ကြောင့် အေးစိမ့်စိမ့်ဖြစ်နေသည်။ ခေါင်းထဲတွင်မူ ပူစေတတ်သော အရာတစ်ခုနှင့် တစ်ချက်တစ်ချက် ထိုးဆွလိုက်သလို ပူကနဲ မိုက်ကနဲ ဖြစ်ဖြစ်နေသည်။ ရင်ထဲတွင်မူ တလှပ်လှပ် တုန်ယင်နေသည်။

မောင် လက်ထပ်တော့မယ် ဆိုပါလား။ တကယ်တော့ မောင့်ကို စွန့်လွှတ်ခဲ့ရတာ ကြာပြီပဲ။ ခုမှ မဟုတ်ပါဘဲနှင့် ဘာကြောင့် များ ရင်ထဲတွင် စူးရှနာကျင်နေမိပါလိမ့်။ နွယ့်ကိုယ်နွယ် ညာခဲ့မိ၍ပဲ ဖြစ်မည်။ မောင့်ကို လွတ်လွတ်လပ်လပ် မြင်နေရသေးသမျှ နွယ့်စိတ်က မျှော်လင့်နေ၍ပဲ ဖြစ်ရမည်။ နှုတ်ကမူ လမ်းဆုံးစကားကို အတန်တန်ပြောခဲ့ပါလျက် စိတ်အလိုက တမ်းတနေမိသည်။ မောင်ကလည်း နွယ့်အပေါ် မပြတ်မသားနှင့် သံယောဇဉ်စကားတွေ ပြောခဲ့သေးသည်။ ကျောင်းသူဘဝက ချစ်ခဲ့ရ စွဲလမ်းခဲ့ရသော မောင်က နွယ် မှောင်ခိုကုန်သည်မလေး ဖြစ်နေစဉ်မှာပင် နွယ့်ကို တစ်ခါတွေ့ဖို့ ကြိုးစားသေးသည် မဟုတ်လား။ ပြီးတော့ ပြောသေးသည်။ နွယ့်ကို သနားသည်တဲ့။ နွယ့်ဘဝကို တတ်နိုင်သမျှ ကူချင်သည်တဲ့။ တကယ်တမ်းကျတော့ လူတွေဟာ ကိုယ့်အတွက်မပါဘဲ တစ်ပါးသူအတွက် ဖေးမကူညီတယ်ရယ်ဆိုတာ ရှားသားလားကွယ်။

ယခုဆို ညီမငယ်ဆွေဆွေတစ်ယောက်ပင် လူလားမြောက်၍ သူ့ဘဝသူဖန်တီးရန် အသင့်ဖြစ်နေပြီ။ ချစ်သူရှိသည် ဆိုတာကိုလည်း မကွယ်မဝှက် ပြောရဲ ပြောဝံ့သည်။ နွယ့်တုန်းကတော့ မောင့်ကို ဖေဖေ မေမေတို့ မသိအောင် ချစ်ခဲ့ရပြီး ညီမတွေ မသိအောင် စာတွေရေးကာ မည်သူမျှမသိမီပင် ဖျောက်ဖျက်ခဲ့ရပြန်သည်။ အချစ်ကို ရယူပိုင်ဆိုင် သူက ထင်ထင်ပေါ်ပေါ် ပြဝံ့ပါလျက် အချစ်ကို စွန့်လွှတ် ရသူက တိတ်တခိုး စွန့်လွှတ်ခဲ့ရသည်။ ဘဝအကျိုးပေးချင်း ကမှ မတူလေဘဲကိုး။

ဖေဖေ့အခန်းမှ ချောင်းသံဟှဲဟှဲကိုကြားရသည်။ ခြေသံရှပ်ရှပ်ကို ကြားရသည်။ ပြီးတော့ ညီမတွေနှင့် စကားတိုးတိုးပြောနေသည်။ နွယ့်အကြောင်းပဲ ထင်ပါရဲ့။ နွယ် နေမကောင်းတဲ့ အကြောင်း၊ ဆေးရုံသွားပြဖို့အကြောင်းပဲ ပြောကြမည် ထင်ပါရဲ့။ အလျင်တစ်ခါ ဆေးရုံသွားတုန်းက ကြီးကြီးမြ ပါသည်။ ဆွေဆွေလည်း ပါသည်။ ဆရာဝန်ကြီးကတော့ ဒေါက်တာအုန်းမောင်ဆိုထင်ပါရဲ့။သည်တုန်းက ဘာဖြစ်လို့ သွားရတာလဲ။ ဪ သိပြီ သိပြီ၊ ရန်ကုန်ကို နောက်ဆုံး အခေါက် မှောင်ခိုပစ္စည်းတွေ သယ်လာမိတာ၊ ငါးထောင်ဖိုးလောက် အဖမ်းခံလိုက်ရတယ်လေ။ သည်တုန်းကလည်း လေဆိပ်မှာမူးလဲသေး သည်လားမသိ။ ဟင်း ရှက်စရာကောင်းလိုက်တာ။

မှတ်မိသေးသည်။ ထိုနေ့ကမိုးတွေဖွဲဖွဲရွာနေ၏။ မြေနီလမ်းပေါ် မိုးစက်လေးတွေ ကျလာတော့ နွယ်က ပြုံးမိသည်။ ကြီးကြီးမြက မျက်လုံးမျက်ဆန်ပြူးကာ ဘာရယ်တာလဲဟု အထိတ်တလန့် မေး သည်။ ကော့သောင်ကို သတိရလို့ဟု ပြန်ပြောမိသည် ထင်ပါရဲ့။ ဟုတ်တယ် ကော့သောင်မြို့လေးဟာ မိုးရေအောက်မှာ သိပ်သာယာ တာပဲ။ ဟိုဘက်ကမ်းမှာ သည့်ထက်ခမ်းနားပြီး ပစ္စည်းတွေ ပေါလှ သော်လည်း သည်ဘက်က သဘာဝအလှကို မမီချင်။ သည်မှာ

ဘက်တွင် ကုန်းမို့မို့နှင့် ပိတောက်ပင်ကြီးတွေက သဘာဝကျကျ လှနေသည်။ မြန်မာပြည်ရဲ့ အောက်ဘက် အစွန်အဖျား အမှတ်အသား ဖြစ်သည့် ဝိတိုရိယ အငူစွန်းရှိသည်။

ကော့သောင်ခရီးကို အမှတ်ရလျှင် ကိုကျော်ဟိုးကိုလည်း ချန်ထားခဲ့၍ မဖြစ်။ နွယ့်ဘဝတွင်တော့ သူလည်း တစ်ခန်းတစ်ကဏ္ဍပါဝင်သူပင်။ တကယ်တမ်း နွယ့်ဘဝကို ကူခဲ့ရသူက သူပင် ဖြစ်၏။ နွယ့်အလုပ်ကို ဖေဖေတို့ ဆွေဆွေတို့က သဘောမကျဘူး ဆိုခဲ့သည့်တိုင် ဖေဖေ့ကို ဆေးကုဖို့၊ ဆွေဆွေ့ကို ကျောင်းထားဖို့ နွယ့်အလုပ်က ဝင်ငွေဖြင့်ပင် ကျားကန်ခဲ့ရသည် မဟုတ်လား။ ယခုတော့ မိသားစု အခြေကျလှပြီ မဆိုနိုင်သည့်တိုင် ဣန္ဒြေရရတော့ နေနိုင်သေးသည်။ ဒါတွေအားလုံး ပြန်တွေးတော့ ကိုကျော်ဟိုး ကျေးဇူးကော ကင်းလို့လား။ ဒါနဲ့များ သူတို့က ဘာကြောင့် ခါးခါးသီးသီး ဖြစ်နေကြပါလိမ့်။ လက်တွေ့ မရုန်းကန်ရသမျှ ဘဝကို မသိကြဘူး ထင်သည်။ ဖေဖေသည်လည်း သာမန်လခစားတစ်ယောက်အနေဖြင့် သူ့ဘဝကို ကျင်လည်ခဲ့၏။ မေမေရှိစဉ်က တစ်ဘက်တစ်လမ်းမှဖေဖေမသိအောင် ရှာဖွေဖြည့်ဆည်းခဲ့ရသည် ဆိုတော့ ဖေဖေလည်း ငွေအကြောင်းကို ကောင်းကောင်းနားလည်မည် မထင်။

ကိုကျော်ဟိုးကို မိတ်ဆွေတစ်ယောက်အဖြစ် အားကိုးခဲ့ရသော်လည်း ချစ်စိတ်တော့ နည်းနည်းလေးမှမဝင်။ နွယ့်ကိုယ်နွယ် အသိဆုံးပင်။နွယ့်နှလုံးသားတွင် မောင်ကလွဲလျှင် မည်သူ့အတွက်မျှနေရာမရှိခဲ့။ သို့သော် နွယ့်ကို လက်ထပ်ခွင့် တောင်းသည်ချင်း အတူတူတော့ ကိုကျော်ဟိုးက အတည်ပြောခြင်း ဖြစ်၏။ နူတ်က လွမ်းတေးတွေ တဖွဖွသီပြီး တကယ်လက်တွေ့ ရင်မဆိုင်နိုင်သူက မောင်သာဖြစ်လေသည်။

သို့တိုင် နွယ့် အသည်းနှလုံးက မောင့်ကိုမှ ဘာကြောင့်စွဲလမ်းမိပါလိမ့်။ မောင် လက်ထပ်တော့မည် ဆိုတာ ဘယ်တော့လဲကွယ်။ မောင် နွယ့်ကို တောင်းပန်ချင်တယ်ဆိုတာ သံယောဇဉ်မကုန်လို့ပေါ့။ တစ်နည်းအားဖြင့် နွယ့်ကို ချစ်နေသေးလို့ပေါ့။ သည်လိုတွေးတော့လည်း နွယ့်စိတ်ကကြည်နူးမိပြန်၏။ ကြည်နူးခြင်းပီတိနှင့် ကြေကွဲခြင်းသောကတို့သည် နွယ့်ကို နှိပ်စက်ကလူ ပြုကြပြန်လေသည်။

အတွေးများသည် ပျံ့လွင့်၍နေသည်။ ခြေသံဖွဖွကို ကြားရလေသည်။ ဆွေဆွေသည် နွယ့်ဘေးတွင် ရပ်လာသည်။

'မမနွယ် ခေါင်းမူးသေးလား'

နွယ်က မျက်လုံးကို ဖွင့်ကြည့်၏။ ပြီးတော့ ခေါင်းခါပြလိုက်သည်။ ဆွေဆွေက နွယ့်ခုတင်ဘေးတွင် တင်ပါးလွှဲထိုင်လိုက်သည်။

'မမနွယ်'

ဆွေဆွေက တစ်ခုခုပြောရန် ဟန်ပြင်နေလေသည်။

'ဘာလဲ မိဆွေ'

'ဖေဖေကပြောတယ်၊ မမနွယ် ဆေးရုံတစ်ခေါက် သွားပြပါဦးလားတဲ့'

နွယ်က ယဲ့ယဲ့မျှ ပြုံးလိုက်၏။

'ငါ ဘာမှ မဖြစ်ပါဘူး ဆွေဆွေ၊ ငါသိပါတယ်၊ မနေ့ကနေကလဲ ပူလွန်းတော့ ခေါင်းမူးသွားတာပါ၊ လမ်းလျှောက်တာလဲ များသွားတယ်'

'အဲဒါကြောင့်ပြောတာပေါ့၊ ခေါင်းမူးတယ် အမြဲခေါင်းကိုက်တယ် ဆိုတာ မကောင်းဘူးတဲ့၊ မမနွယ် ဆေးရုံသွားရင် ဘာမှမဟုတ်ပါဘူး ဆေးလေး ဘာလေး စားဖို့ ဆရာဝန်က ညွှန်ကြားမှာပေါ့'

'အိမ်မှာ ဇေလီယံတွေ၊ ပရိဇင်းတွေ ရှိသားပဲ၊ ပြီးတော့ ငါဘာမှ သတိလက်လွတ်ဖြစ်တာမှ မဟုတ်တာ'

'မမနွယ် ညက တစ်ညလုံးမအိပ်ဘူးလေ၊ တစ်ယောက်တည်း စကားတွေပြောနေတယ်၊ မနက်စောစောကမှ အိပ်ပျော်သွားတာ'

'ဟုတ်လား'

နွယ်က မျက်စိကို ပြန်မှိတ်လိုက်သည်။ တစ်ယောက်တည်း စကားပြောခြင်းတော့ မဟုတ်။ စိတ်အတွေးများကို နှုတ်မှ အသံထွက်သွားခြင်းသာ ဖြစ်မည်။ တွေးရတာ ဘယ်လောက်ကောင်းတယ်ဆိုတာ ဆွေဆွေတို့ မသိသေး။ သူတို့ပြောသလို နွယ့်အခြေအနေ မဆိုးသေးဟု နွယ့်ကိုယ်နွယ် သိသည်။ သို့သော် စိုးရိမ်သူတွေ ကျေနပ်သွားပါစေတော့။

'သွားဆိုရင်လဲ သွားမယ်လေ၊ ဖေဖေ့ကိုတော့ ခေါ်မနေပါနဲ့၊ တို့နှစ်ယောက်ပဲ သွားလိုက်မယ်'

ဆွေဆွေက ခေါင်းညိတ်သည်။ 'မမနွယ် အိပ်ချင်ရင် ပျော်အောင် အိပ်လိုက်' ဟု ဆိုကာ ပြန်ထွက်သွားသည်။ ယခုမှပင် ရင်ထဲမှာ ပေါ့သွားပြန်သည်။ ဘယ်သူနဲ့မှ စကားမပြောဘဲ တစ်ယောက်တည်း နေရတာလောက်၊ တွေးနေရတာလောက် စိတ်ချမ်းသာလို့ ကောင်းတာ မရှိပါဘူး မိဆွေရယ်။

အတွေးသံသရာထဲသို့ ပြန်လည်ပြေးဝင်လိုက်ပြန်သည်။ သည်တစ်ခါတော့ အိပ်မက်လိုလို တစ်စုံတစ်ခုကို မြင်မက်နေသည်။ ကြီးကျယ်ခမ်းနားလှသော ဧည့်ခံပွဲတစ်ခုအလယ်သို့ရောက်သွားသည်။ နွယ်သည် ဧည့်ခံပွဲအလယ်တွင် အလှဆုံးဝတ်ဆင်ကာ ထိုင်နေ၏။ ထို့နောက် မောင်က နွယ့်ဆီ လာနှုတ်ဆက်သည်။ မောင်ကလည်း လှလို့ပဲ။ အို မောင်တစ်ယောက်တည်းမဟုတ်။သူ့ဘေးမှာ မိန်းကလေး

တစ်ယောက်ပါသည်။ ဖြူဖြူသွယ်သွယ်လေးပဲ။ မိန်းကလေးက ပြင်ထားလိုက်တာ သတို့သမီးလေးကျနေတာပဲ၊ အလို ဟုတ်တာပေါ့၊ ဒါ မောင်တို့လက်ထပ်ပွဲပဲ။ မောင်က နွယ့်ကို လာ၍ နှုတ်ဆက်ပြီး ပြန်လှည့်သွားသည်။

မောင်နှင့် မောင့်မိန်းကလေးက လက်ချင်းချိတ်ကာ နွယ့်ကို ကျောခိုင်းသွားကြလေသည်။

\+ \+ \+

'စိတ်ညစ်စရာတွေ အမြဲတွေးသလား' ဟု ဆရာဝန်က မေးသည့်အခါ နွယ်က ခေါင်းခါ၍ ပြလိုက်၏။ 'တစ်ခါတစ်လေမှ တွေးတာပါ' ဟုလည်း ပြုံး၍ဖြေလိုက်သည်။

ဆရာဝန်က နွယ့်ဆေးမှတ်တမ်းကို ကြည့်သည်။

'အရင်ကထက်စာရင် အများကြီးကောင်းနေတာပဲ၊ ဆေးမှန်မှန် စားတယ် မဟုတ်လား'

နွယ်က ခေါင်းညိတ်ပြသည်။ ဆရာဝန်က စာအုပ်ထဲတွင် တစ်စုံတစ်ရာ ရေးမှတ်နေသည်။

'ဆေးပေးလိုက်မယ်နော်၊ အရင်ကလိုပဲ မှန်မှန်သောက်၊ ဘာမှ မဖြစ်ပါဘူး၊ ဘာကိုမှ စိတ်မပျက်နဲ့၊ အားတင်းထားနော်၊ ကဲ အပြင်ကစောင့်နေ၊ဆေးပေးလိုက်လိမ့်မယ်၊ ဩော် ဒီကကိုကြည်အောင် ခဏနေဦးနော်'

နွယ်တို့ညီအစ်မနှစ်ယောက် အပြင်ထွက်လာတော့ ဆွေ့ဆွေ့အမျိုးသား ကိုကြည်အောင်က ဆရာဝန်နှင့် စကားပြောရင်း ကျန်ရစ်သည်။

မိဆွေတို့ စည်းရုံးမှုကောင်းလိုက်သည်ကမပြောနှင့်။ ယခုတော့ သူ့အမျိုးသားကို အိမ်ခေါ်ပြီးပြီ။ ဖေဖေနှင့် တွေ့ပြီးပြီ။ ဆရာဝန်လည်း ဖြစ်သည်ဆိုတော့ ဖေဖေ့ကိုပင် ဆေးကုပေးဦးမည်တဲ့။ ဖေဖေကလည်း တပြုံးပြုံးဖြစ်ကာ ကျေနပ်နေသည်။ ယခုပင်လျှင်ဒေါက်တာအုန်းမောင် က သူ့ဆရာပါဆိုကာ နွယ့်ကို ဦးဆောင်ခေါ်ခဲ့ပြန်သည်။ ဩော် ကံကောင်းသူများကျတော့ ကြံဖန်၍ အဆင်ပြေပေသည်။ ညီအစ်မ အချင်းချင်း မနာလို ဝန်တိုမှု မဖြစ်မိသော်လည်း ကိုယ့်ဘဝနှင့် နှိုင်းကာ အမြဲ ဝမ်းနည်းရ၏။ နွယ့်ရင်တွင်းမှ ဝေဒနာကို သူတို့ မသိလေတကား။

ဆရာဝန်နှင့် တွေ့ရမည့် လူနာများသည် တန်းစီ၍ ထိုင်စောင့် နေကြလေသည်။ ဝေဒနာရှင်များ၏ ထူးခြားချက်ကား အဓိပ္ပာယ် ဖော်၍မရသော မျက်လုံးများပင်တည်း။ ဘယ်ကို ကြည့်နေသည် မသိ၊ ဘယ်ကို မျှော်ငေးနေသည် မသိ၊ ဘာတွေးနေမှန်းလည်း မသိနိုင်၊ ဘယ်သို့ ခံစားနေရသည်လည်း မှန်းဆ၍ မရတတ်။ မရေရာသော၊ မျှော်လင့်ချက်ကင်းမဲ့သော၊ အဓိပ္ပာယ်မရှိသော မျက်လုံး များပင်ဖြစ်လေသည်။

နွယ့်ဘေးမှာ ယှဉ်၍ ထိုင်နေသော အဒေါ်ကြီးကမူ ဘာကို သဘောကျသည် မသိ၊ ရယ်လို့ချည်းနေသည်။ ရယ်နေလိုက်သည်မှာ အတောမသတ်တော့။ သူနှင့်ပါလာသော အဖော်က သတိပေးသော် လည်း သူ့မှာ ရယ်ခြင်းကိုမချုပ်တည်းနိုင်ရှာ။ ရယ်ပြီးရင်း ရယ်၍သာ နေသည်။ အဖော်က ငေါက်သောအခါ မျက်လုံးကြောင်ကြောင်များဖြင့် ပြန်ကြည့်ရင်း အံကို တင်းတင်း စေ့လိုက်သည်။ သို့သော် မရ။ ရုတ်တရက် ခွီးကနဲ ပွင့်ထွက်ကာ အတောမသတ်နိုင်အောင် ရယ်ပြန်တော့သည်။ ဘယ်တတ်နိုင်ပါ့မလဲ၊ သူ့ဝေဒနာပဲလေ။

ဆေးရုံဝင်းအတွင်း လျှောက်သွားနေသော လူနာအချို့ကမူ လူတွေ့တိုင်း ပိုက်ဆံချည်း လိုက်တောင်းနေသည်။ တိုးတိုးကပ်၍ တစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး၊ လက်ဖြန့်၍တစ်မျိုး တောင်းနေကြသည်။ တချို့ကလည်း ဆေးလိပ်ပါရင် ပေးပါဟု ပြောသည်။ နွယ်က သနား၍ ပိုက်ဆံထုတ်ပေးလိုက်သည်။ နောက်တစ်ယောက်က လာပြန်သည်။ ကြာတော့ နွယ် စိတ်ရှုပ်လာသည်။

'ကြာလိုက်တာ မိဆွေရယ်၊ ညည်းလူကို ဆရာဝန်က ဘာတွေ ပြောနေလဲ မသိဘူး၊ ဒီမှာကြာကြာနေမှ ငါရူးလိမ့်မယ်'

'ခဏလေးပါ မမနွယ်ရဲ့၊ ဟော လာပါပြီ၊ လာလာ ပြန်ကြမယ်'

နွယ့်ကို သနားစရာ မိန်းကလေးအဖြစ် ဝိုင်းကြည့်ကြသော မျက်လုံးများကိုလည်းတွေ့ရသေးသည်။ ဝေဒနာရှင်တွေကို လူကောင်း ဆိုသူတွေက လိုက်ပို့ကြသည်။

တကယ်တော့ လောကမှာ မရူးတဲ့လူများ ရှိလို့လား။ ပစ္စည်း အတွက် ရူးသည်။ ရာထူးအတွက် ရူးကြသည်။ အချစ်အတွက် ရူးကြသည်။ တစ်ယောက်တစ်မျိုးတော့ ရူးနေကြတာပါပဲလေ။

*

၄

ဖေဖေ့မျက်နှာသည် ပြုံး၍နေ၏။

မေမေဆုံးပြီးသည့် နောက်ပိုင်းတွင် ဖေဖေ့ကို သည်တစ်ခါ အရွှင်လန်းဆုံး မြင်ရခြင်းဖြစ်သည်။ သမက်လောင်းကြီး၏ ကျေးဇူးကြောင့် အသားအရေများပင် ပြည့်တင်းလာသည်ဟု ထင်ရ၏။ လူကလည်း လန်းဆန်း၍နေသည်။

ဖေဖေသာမက လူအားလုံး ပြုံးရွှင်လန်းဆန်း၍ နေကြလေသည်။ ကရဝိတ်ခန်းမသည် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံ၍နေသည်။သတို့သားကဆရာဝန်၊သတို့သမီးကတက္ကသိုလ်က ဆရာမ။ မိတ်သင်္ဂဟက စုံသည်။ တင့်တယ်ပါဘိခြင်း။ ထူးမြတ်ပါဘိခြင်း။ တင်တင်မြ၏ အောင်မြင်သောအသံဖြင့် နတ်ရေးငယ် ရွှေစာကို ကျူးရင့်လိုက်သောအခါ သတို့သမီးသည် သက်ဆိုင်ရာ အခန်းထဲမှ မင်းလမ်းမတစ်လျှောက် နွဲ့နွဲ့လေးလျှောက်လာသည်။ လက်တစ်ဘက်က သတို့သား၏ ဘယ်လက်မောင်းကို ချိတ်ထားသည်။ လက်တစ်ဘက်က ပန်းစည်းလှလှကို ကိုင်ထားသည်။ ကြည့်စမ်း ဖေဖေကိုယ်တိုင် စိုက်ထားတဲ့ သစ်ခွတွေပဲ။

မိဆွေ ရုံးအလုပ်က လုံးဝထွက်လိုက်ပြီး တက္ကသိုလ်နယ်မြေတွင် ပဝါနှစ်စ အသာချသည့် ဆရာမတစ်ယောက် ဖြစ်လာအောင် ယောက္ခမလောင်းတွေက စောင်မပေးခဲ့သည်တဲ့။ ခုတော့ ဘာလုပ်လဲ မေးလျှင် ရှည်ရှည်ဝေးဝေး ပြောစရာမလို။ တက္ကသိုလ်က ဆရာမလေး ဆိုလျှင် ပြည့်စုံ၍သွားသည်။

အားလုံးကျေနပ်၍ နေကြလေသည်။ ဖေဖေသည် ခမီးခမက် အချင်းချင်း အာလာပသလ္လာပပြောကာ ပြုံးရယ်၍နေသည်။ မိသန္တာကလည်း သူ့တက္ကသိုလ်က ကျောင်းတော်သူအပေါင်းအသင်းတွေနှင့် မနောခွေ့၍နေသည်။ ဆံပင်ရှည်ရှည်၊ ဘောင်းဘီအနားပွနှင့် ကောင်လေးတစ်ယောက်ကလည်း သန္တာ့မျက်နှာကို ငေး၍ငေး၍ ကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေသည်။ ကြည်နေကြသည်ပဲ။ နောက်ဆုံး မိသီတာတစ်ယောက်ပင် ဘဲလ်တွေ ဖလဲတွေနှင့် လှလို့ ပလို့။ သြော် တစ်လောကလုံး ပြုံးလို့ပါလား။

ဆွေဆွေသည် ကျွန်းသားကန့်လန့်ကာရှေ့တွင် ပဝါစုံချကာ ဣန္ဒြေရရထိုင်၍နေ၏။ သတို့သားဘက်မှ နာမည်ကြီး၊ ရာထူးကြီး ပုဂ္ဂိုလ်တစ်ဦးက မင်္ဂလာသြဘာစာ ရွတ်ဖတ်နေသည်။ ပရိသတ်သည် ဣန္ဒြေဆယ်ကာ ငြိမ်၍ နားထောင်နေ၏။ စကားဆုံးသည်နှင့် ဝတ္တရားကျေအောင် လက်ခုပ်လက်ဝါးတီးလိုက်ကြပြီး စားသောက်ရန် ဟန်ပြင်ကြသည်။ ခရမ်းရောင်ဝတ် အမျိုးသမီးလေးများ ပိတ်ဖြူပါးပါးဖြင့် အုပ်ထားသော စားစရာများကို ယူဆောင်လာကြသည်။ မကြာမီပင် ခန်းမတစ်ခုလုံး ဇွန်းသံ ပန်းကန်သံတို့ဖြင့် ဆူညံ၍ သွားပါသည်။ စောစောက ဣန္ဒြေကြီးစွာ ထိုင်နေသူတို့သည် မုန့်ပန်းကန်များကို သူဖို့ကိုယ်ဖို့ မကြည့်ဘဲ ဆွဲယူစားသုံးကြလေသည်။

ခဏအတွင်းမှာပင် လောက၏ ဟန်ဆောင်မှုမျက်နှာဖုံးသည် ကွာကျ၍သွားလေ၏။

လာချပေးသမျှကို အားရပါးရ စားကြပြီး ပိုသည်ကို အိတ်ကြီး အိတ်ငယ်များထဲ ထည့်လိုက်ကြသေးသည်။ တစ်ယောက် အဝတ် အစားကို တစ်ယောက်ခိုးကြည့်၍လည်း စကားတိုးတိုးဆိုကြသည်။

ဆွေဆွေတို့ ဇနီးမောင်နှံထံသို့ ရွှေပွဲလာ လူကြီးလူကောင်းများ က တစ်ယောက်ပြီးတစ်ယောက် သွားရောက်နှုတ်ဆက်ကြလေသည်။ တယ်လည်း ဝတ္တရားကျေတဲ့လူတွေပဲ။

နွယ်သည် လက်ဖွဲ့ပစ္စည်းတွေ ပုံထားသော စားပွဲဆီသို့ လှမ်း ကြည့်မိပြန်သည်။ ထိုအခါ နွယ့်နည်းတူ စိတ်ဝင်စားနေသော မိန်းမကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ သတို့သားရဲ့ အဒေါ် ဆိုသူလား။ စိန်နားကပ်ကြီးက ဝင်းလက်နေ၏။ သားရေအိတ်ကြီး ကလည်း ရွှဲနေသော ဗိုက်ကြီးနှင့် လိုက်ဖက်လှသည်။ မိတ်ကပ်လိမ်း ထားသော မျက်နှာက အဆီပြန်နေသည်။

ကြာတော့လည်း ခန်းမတစ်ခုလုံးကို ကြည့်ရသည်မှာ သမား ရိုးကျ ပန်းချီကားတစ်ချပ်ကို ကြည့်ရသလိုပင်။ ခေါင်းထဲတွင် ငြီးစီစီ ဖြစ်လာ၏။ ခန်းမထဲမှ ထွက်ကာ ဝရန်တာဘက် လျှောက်ခဲ့သည်။ ရွှေတိဂုံဘုရားကို ဖူးမြင်ရလေသည်။

ဧည့်ပရိသတ်သည် တဖြည်းဖြည်း စဲသွား၏။ ပွဲကားမပြီးသေး။ နှစ်ဘက်သော ဆွေမျိုးမိဘများသည် ဓာတ်ပုံတဖျပ်ဖျပ် အရိုက်ခံကြ ပြန်လေသည်။ ရိုက်ရပေမပေါ့လေ။ သည်လောက် အကုန်ခံထားရတဲ့ ပွဲဟာ။ ပြန်ကြည့်စရာ၊ လူလာလျှင် ထုတ်ကြွားစရာ အရိပ်ကလေးမှ မကျန်ခဲ့ဘူးဆိုလျှင် နှမြောစရာ ကောင်းလှပေမပေါ့။

'ကောင်လေးက ဆရာဝန်ဖြစ်တာမှ တစ်နှစ်ပဲ ရှိသေးတယ်၊ ဘယ်တတ်နိုင်မလဲလေ၊ သူတို့က ယူချင်တယ်ဆိုတော့ ဒီက မိဘ တွေကလဲ သူ့လုပ်စာ မျှော်ကိုးနေတာမှ မဟုတ်တာ'

'သတို့သမီးလေးကကော တက္ကသိုလ်မှာ ဆရာမလုပ်ဆို၊ သူ့ အဖေကလဲ ရဲအရာရှိဟောင်းဆိုလားလို့'

'အမယ်လေး ဘာမှရှိရှာကြတာ မဟုတ်ပါဘူး၊ ကောင်မလေး ကိုလဲ ဒီလိုဖြစ်လာအောင် မနည်း လုပ်ပေးလိုက်ရတာ၊ သူတို့မှာ ညီအစ်မက လေးယောက်တောင်၊ အငယ်တစ်ယောက်ကတော့ တက္ကသိုလ်ကျောင်းသူတဲ့၊ အစ်မအကြီးဆုံး ဆိုတာတော့ ဆယ်တန်း တောင် အောင်ရဲ့လား မသိဘူး'

'ဘယ်မလဲ၊ မတွေ့မိပါလား'

'မပြောတတ်ပါဘူး'

အမျိုးသမီးကြီး နှစ်ယောက်သည် လုံချည်ပြင်ဝတ်ကြရင်း အတင်းပြောကာ ပြန်ဝင်သွားကြသည်။ နွယ့်ဆီသို့ ပြေးလာသည့် ခြေသံကို ကြားရပြန်သည်။ မိသီတာပင်။

'မမနွယ်၊ ဓာတ်ပုံရိုက်ဖို့ လိုက်ရှာနေတာ ဒီမှာ ဘာလာလုပ်နေ တာလဲဟင်၊ လာပါ၊ မမဆွေကလဲ မေးနေတယ်၊ ဖေဖေကလဲ ရှာနေတယ်၊ ဓာတ်ပုံရိုက်ကြရအောင်'

'ငါ မရိုက်ချင်ဘူး မိသီတာ၊ ခေါင်းမူးလွန်းလို့ ဒီမှာ လာနေ တာ၊ ပြီးရင် ပြန်ကြမယ်၊ မိဆွေက သူ့ကောင်အိမ် လိုက်သွားမှာလား'

'ခဏလိုက်သွားပြီး နှစ်ရက် သုံးရက်နေရင် ပြန်လာမယ် ပြောတာပါပဲ၊ လာပါ မမနွယ်ရယ်၊ ဓာတ်ပုံမရိုက်လဲ ခဏလိုက်ခဲ့ပါဦး'

နွယ်က စိတ်မပါ့တပါဖြင့် ခန်းမထဲ ပြန်ဝင်လာခဲ့ရသည်။ ဆွေဆွေသည် နွယ့်ကို စိုးရိမ်ကြောင့်ကြသော မျက်လုံးများနှင့် ကြည့် နေလေသည်။ ရတ်တရက် ဆွေဆွေလက်ထပ်မည်ဆိုတော့ ညီမဖြစ်သူ မျက်နှာမငယ်ရအောင် အဝတ်အစားဖိုးကအစ၊ ပန်းဖိုး၊ ပဝါဖိုးအဆုံး ရှာဖွေစုဆောင်းပေးလိုက်ရသည်။ မေမေ ဝေငှဆင်ခဲ့သော ညီအစ်မ တစ်တွေ၏ လက်ဝတ်လက်စားများကိုလည်း ချွတ်ပေးကြရသည်။

ကြီးကြီးမြတို့ကလည်း သတို့သားဘက်မှ အရှိန်အဝါကို ကြည့်ကာ ပတ္တမြားကြိုး တစ်ကုံး လက်ဖွဲ့သည်။ မင်္ဂလာစရိတ်ကို သတို့သား ဘက်က အကုန်ခံရသည်မို့ လက်ဖွဲ့ပစ္စည်းများကို သတို့သား၏ အဒေါ်က တာဝန်ယူကာ သိမ်းဆည်းနေလေသည်။

'သမီး ဘာဖြစ်လဲ လာလေ၊ မမြတို့နဲ့ ဓာတ်ပုံရိုက်ရအောင်'

ကြီးကြီးမြက ညှိုးငယ်နေသော နွယ့်မျက်နှာကို ကရုဏာ သက်စွာ ကြည့်သည်။

'နေမကောင်းဘူးလား နွယ်၊ လူတွေများတော့ မူးနောက်နောက် ဖြစ်နေမှာပေါ့'

'နွယ် နေကောင်းပါတယ် ကြီးကြီးမြ'

နွယ်က ထိုမျှသာပြောကာ သူတို့ညွှန်ပြသော နေရာတွင် ဝင်ရပ် လိုက်သည်။ ကင်မရာသည် ဖျပ်ခနဲ လင်းသွား၏။ ပြုံးလိုက်မိသည် လား။ မပြုံးလိုက်သည်လား မသိ။

နွယ်သည် လူ့ဘဝ၏ ဘယ်အခန်း ဘယ်ကဏ္ဍတွင် ပါဝင် ရပ်တည်နေရမှန်းကို ကောင်းစွာ မသိတော့ပါချေ။

\+ \+ \+

အိမ်ဘေး မြေကွက်လပ်ကို ချဲ့ကာ အိမ်တစ်ခန်း တိုးလိုက်ကြသည်။ နွယ်တို့မိသားစုတွင် သူစိမ်းအိမ်သားတစ်ယောက် တိုးလာလေပြီ။ သို့သော် သူသည် ဩဇာအာဏာ အရှိဆုံးပင် ဖြစ်လေ၏။ သူတစ် ယောက် တိုးလာခြင်းကိုပင် တစ်အိမ်လုံးက နှစ်သက်ကြည်ဖြူနေကြ သည်။ အိမ်ထဲက လူတစ်ယောက် လျော့မသွားသည့်ပြင် တန်ဖိုးရှိသော လူတစ်ယောက် တိုးလာခြင်းအတွက် ဆွေဆွေ့ကို သမီးလိမ္မာဟု ဖေဖေကိုယ်တိုင်က ထုတ်ဖော် ချီးကျူးသည်။ တိုက်ကြီးကနားကို

ပစ်ကာ မြို့ပြင်အိမ်ငယ်ကို လိုက်လာသော သမက်ဖြစ်သူကိုလည်း ကျေးဇူးတင်နေ၏။ မကြာခင် အိမ်နှင့် မနီးမဝေးတွင် ဆေးခန်းတစ်ခန်း ဖွင့်ရန် စိုင်းပြင်းနေသည်။

သမီးများက စားဦးစားဖျားကို ဖေဖေ့ဖို့ဟု ဦးချတိုင်း 'မောင်ကြည်အောင်ဖို့ ချန်ထားလိုက်ပါ' ဟု ဖေဖေက ပြောတတ်သည်။ မိုးလင်းကတည်းက အိမ်မှ ထွက်သွားပြီး နေစောင်းမှ ပြန်လာရတတ်သော သမီးနှင့်သမက်ကိုလည်း 'ခများများ ပင်ပန်းရှာကြတယ်' ဟု ကရုဏာတရား ဆိုတတ်လေသည်။

ဘာပဲပြောပြော ဆွေဆွေ လိမ္မာသည်ကတော့ အမှန်ပင်ဖြစ်၏။ ချစ်သူကို မိသားစုထဲ ရောက်အောင် သိမ်းသွင်း နိုင်သည်ကပင် စွမ်းရည်တစ်ခု မဟုတ်ပါလား။ နွယ့်တုန်းက သည်လို မစွမ်းခဲ့၍ တစ်ယောက်တည်း ရုန်းကန်ခဲ့ရသည်။ လူ့ကံကြမ္မာကလည်း ရှိသေးသည်ထင်ရဲ့။

နွယ်ကမူသူ့တွင်ရှိသော ဝတ္တရားမပျက်ဆက်လက်ထမ်းဆောင်လိုစိတ် ရှိပေသည်။ ထို့ကြောင့်လည်း ဖေဖေတားသည့် ကြားမှ မြိတ်ပွဲရုံကို သွားမြဲသွားကာ ဥက္ကလာဈေးကို ကူးမြဲကူးသည်။ ညီမငယ်နှစ်ယောက်က အဝတ်အစားဖိုး မုန့်ဖိုးတောင်းတိုင်း နွယ် ကိုယ်တိုင် ထုတ်ပေးရမှုလည်း ကျေနပ်၏။ ညီမတွေကလည်း ဆွေဆွေ့ဆီကို လက်ဖြန့်ခံဖို့ထက် နွယ့်အိတ်ထဲက နှိုက်ဖို့သာ စိတ်အားထက်သန်ကြသည်။ ဈေးဖိုးကို ဆွေဆွေက ထုတ်ပေးတတ်သည့်တိုင် နွယ် ကိုယ်တိုင် ဈေးသွားရသည့်အခါတိုင်း ကိုယ့်အိတ်ထဲမှ ထုတ်ကာ ဖောဖောသီသီ ဝယ်ဖြစ်သည်ချည်းပင်။ ညီမငယ်တို့၏ ထမင်းဘူးတွင် အရည်မဖိတ်ရအောင် ဆီပြန်ခြောက်ခြောက်ဟင်းကိုသာ အမြဲထည့်ပေးရသည်။

သို့သော်လည်း ညီအစ်မတစ်တွေသည် ဆွေဆွေတို့ကရုပ်ရှင်ပြ တိုင်း၊ မုန့်ကျွေးမည် ဆိုတိုင်းတော့ အားရဝမ်းသာ လိုက်သွားတတ်ကြလေသည်။

'တစ်ခါတလေ လိုက်ခဲ့ပါ မမနွယ်၊ အပျင်းပြေပေါ့'

'ငါ ဝါသနာမပါလို့ပါ မိဆွေရယ်'

နွယ်ကတော့ အစဉ်ငြင်းဆိုမြဲပင်။ နွယ့်ဘဝတွင် အပျော်အပါးနှင့် ဝေးခဲ့သည်မှာလည်း ကြာပြီ။ ရုပ်ရှင်ကြည့်ဖို့ထက် အတွေးကမ္ဘာတွင် ခြေဆန့်နေဖို့လောက်သာ နွယ့်စိတ်က ထက်သန်နေလေသည်။

နေ့ရက်တို့သည် ပျင်းရိဖွယ် ကုန်ဆုံးလာပြန်၏။ ရာသီစက်ဝန်းနှင့်အတူ သွားလာလှုပ်ရှားနေရသည်မှာ ကြာတော့လည်း ငြီးငွေ့စိတ်ပျက်ဖွယ် ဖြစ်၍ လာသည်။ တွယ်တာစရာ ဟူသည်မှာလည်း အပြန်အလှန် မရှိတော့လျှင် ခန်းခြောက်လာစမြဲဖြစ်၏။ ယခင်ကတော့ ညီမငယ်အားလုံးသည် နွယ့်သံယောဇဉ် နွယ့်မေတ္တာ အောက်တွင်သာ စုစည်းနေခဲ့ကြသည်။ ယခုတော့လည်း ကိုယ့်ဘဝနှင့်ကိုယ် အခြေကျစပြုကြပြီ။သည်တော့လည်း တွယ်တာရသူ၏ရင်မှသံယောဇဉ်တို့သည် ပါးလျားစ ပြု၏။ လုပ်စရာအလုပ်နှင့် ငြိတွယ်စရာ တစ်စုံတစ်ရာ မရှိတော့သောအခါ လူ့ဘဝသည် အဓိပ္ပာယ်ကင်းမဲ့၍ လာလေသည်။

သားရေအိတ် တစ်ခုကို လွယ်ကာ မြိတ်အဆက်အသွယ်ရှိရာ ပွဲရုံသို့ ထွက်လာခဲ့၏။ သည်နေရာကိုတော့ တစ်ပတ်တစ်ခါ မှန်မှန် ရောက်စမြဲ။ ကင်းလွတ်ကုန်များကို ဗန်းပြကာ ဖွင့်ထားသော သည်ပွဲရုံတွင် မှောင်ခိုပစ္စည်းများကို လိုသလောက် ရနိုင်သည်။ နွယ်တို့လို ငွေရင်းအချို့ပေးထားပြီး မှန်မှန်မှာသူများက အခြားသူများထက် ဈေးလျော့၍ ရသည်။ နွယ့်မှာတော့ အခြားဂုဏ်ဒြပ်နှင့် အလုပ်ကို

မရတော့ပြီဖြစ်၍ ဝင်ငွေရအောင် သည်အလုပ်မှာပင် စွဲမြဲနေသည်။ ဘယ်သူတွေ ဘယ်လောက်ပဲ ဝင်ငွေရှိကြစေ၊ နွယ့်မှာက တစ်အိမ်လုံး တာဝန်ကို သူ့တာဝန်ဟုပင် မှတ်ယူထားဆဲဖြစ်လေသည်။

နေသည် ကျဲကျဲတောက် ပူပြင်းနေ၏။ ဦးနှောက်ထဲ ရောက်လု မတတ်သော နေပူရှိန်ကြောင့် ခေါင်းထဲတွင် စူးစူးရှရှ ခံစားနေရသည်။

လေယာဉ်ဆိုက်ပြီးစ အချိန်နှင့်ကိုက်၍ ပွဲရုံတွင် လူစုံနေသည်။ နောက်ဖေးခန်းထဲတွင် ပိတ်တိုင်းသူကတိုင်းကာ ပစ္စည်းရေတွက်သူက တွက်ကာဖြင့် အလုပ်ရှုပ်နေကြသည်။

'ဟော နွယ်ပါလား၊ နွယ်မှာတဲ့ ခေါင်းစည်းပဝါတွေ ပါတယ်၊ ဘောလ်ပင်တွေကတော့ ဈေးနည်းနည်းတက်သွားတယ်'

အိမ်ရှင်သည် ငွေအထပ်လိုက်ကိုင်ကာ ငွေချေနေလေသည်။

'မနွယ်'

ကြားဖူးသောအသံက နောက်မှနေ၍ ခေါ်လိုက်သဖြင့် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ရုတ်တရက် အသံပေးလျှင် လန့်တတ်သည့် အကျင့်ကြောင့် ကိုယ်သည် ဆတ်ခနဲ တုန်သွားသည်။

'လန့်သွားသလားဗျာ၊ ကျွန်တော်ပါ'

ကိုကျော်ဟိုးသည် စီးကရက်တစ်လိပ်ကို ခဲကာ အခန်းထောင့် စွန်းတွင် ထိုင်နေလေသည်။

'သြော် ကိုကျော်ဟိုး၊ လေယာဉ်ပျံနဲ့ လိုက်လာသလား'

'မဟုတ်ပါဘူး စက်လှေနဲ့ပါ၊ မနွယ်တို့ကို မတွေ့ရတာ ကြာပြီနော်၊ တစ်ခါတည်း ပျောက်သွားလိုက်တာဗျာ၊ မြိတ်ကို စိတ်နာ သွားသလား ထင်ရတယ်၊ ပြောင်းသွားတာတောင် မသိလိုက်ဘူး'

'ဒီလိုပါပဲ ကိုကျော်ဟိုးရယ်၊ အဆင်ပြေအောင်နေကြရတာပါ၊ ကိုကျော်ဟိုးကော အလုပ်အကိုင် အဆင်ပြေရဲ့လား'

'ပြေလိုက် မပြေလိုက်ပါပဲ၊ ကျွန်တော်တို့ဘဝကတော့ ဒီဘက်မှာပဲ အကျိုးပေးတာကိုး'

နွယ်လည်း မထူးပါဘူးဟု စိတ်တွင်းမှ ပြောလိုက်မိသည်။

'မနွယ်တို့ ခု ဘယ်မှာနေလဲ'

'မြောက်ဥက္ကလာမှာပါ'

'ဦးလဲ နေကောင်းတယ်နော်၊ ဆွေဆွေတော့ အိမ်ထောင်ကျသွားပြီ ဟုတ်လား၊ ကျွန်တော် အားလုံးကို သတိရပါတယ်'

လူမှုဝတ္တရားတစ်ရပ်ကို တွေးကာ နွယ်က နှုတ်မှ ဖွင့်ဟလိုက်ရသည်။

'ကိုကျော်ဟိုး နွယ်တို့အိမ် လိုက်လည်ပါဦးလား'

'တကယ်ခေါ်တာလားဗျာ၊ ကျွန်တော် တကယ်လိုက်လာမှာ'

ဘာပဲပြောပြော ကိုကျော်ဟိုးသည် ရိုင်းစိုင်းလှသည်ဟု မဆိုနိုင်။ နွယ်နှင့် အလုပ်လုပ်ခဲ့စဉ် တစ်လျှောက်တော့ ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့သည်သာ။ နွယ့်ကို လက်ထပ်ခွင့် တောင်းနေသည့်တိုင် ဖျက်လိုဖျက်ဆီးကားမကြံခဲ့။ သူနှင့်အတူ သွားလာနေထိုင်ခဲ့စဉ်အတွင်း ကိုယ့်ဘဝ မနစ်မွန်းခဲ့၍ ကြံဖန်ကျေးဇူးတင်ဖို့ ကောင်းသေးသည်။

'တကယ်လိုက်ခဲ့ပါရှင်၊ နွယ့်အပေါ်မှာ ကိုကျော်ဟိုးကျေးဇူးတွေ ရှိပါတယ်၊ နွယ် မရိုင်းပါဘူး'

ပစ္စည်းများကို ရွေးချယ်ယူငင်ပြီးမှ ထွက်ခဲ့ကြသည်။ နွယ်က ဘတ်စ်ကား မှတ်တိုင်ဆီ လျှောက်ဆဲ ကိုကျော်ဟိုးက သုံးဘီးတစ်စီးကို လှမ်းခေါ်သည်။ အိမ်တွင် စောစောပြန်ရောက်နေသော ဆွေဆွေတို့ဇနီးမောင်နှံပါ ရှိနေလေသည်။

နွယ့်ဧည့်သည်ကို နွယ်ပဲ ဧည့်ခံရပေသည်။ ဆွေဆွေသည် ယခင်ကလို ခါးခါးသီးသီး မဟုတ်သော်လည်း ဟန်ဆောင်ကာ

အလိုက်သင့် နှုတ်ဆက်ဖော်ရသည်။ ဖေဖေက လောကဝတ်အရ တစ်ခွန်းနှစ်ခွန်း မေးမြန်းပြောဆိုပြီး ခြံထဲဆင်းသွားသည်။

'နွယ်တို့အိမ်လေးက အတော်ကောင်းသားပဲ'

ဧည့်ခန်းတွင် နွယ်တို့နှစ်ယောက်သာ ရှိနေလေသည်။

'ဒါနဲ့ မနွယ်၊ ညီမတွေလဲ လက်လွှတ်ရတဲ့ အခြေအနေ ရောက်နေပြီ၊ မနွယ်တစ်ယောက်ကော အပျိုကြီးပဲ လုပ်နေတော့ မလား'

နွယ့်မျက်နှာတွင် နီရောင်သမ်းသွားလေသည်။

'ဒါတွေက ဘဝအခြေအနေပေါ်လိုက်ပြီး ဖြစ်တတ်ကြတာပဲ ကိုကျော်ဟိုးရယ်၊ ကိုယ်လုပ်ယူလို့ ရတာမဟုတ်ပါဘူး'

'ဒါပေါ့လေ၊ မနွယ်တို့ကတော့ အမြဲတမ်း ဘဝနဲ့ ယှဉ်ပြီး တွေးတတ်တာကိုး၊ ကျွန်တော်တို့ကျတော့လဲ ဘဝကို ငွေနဲ့ယှဉ်ပြီး တွေးလွန်းလို့ တစ်မျိုး ဒုက္ခရောက်ရတာပဲ၊ တစ်ခါတလေတော့လဲ ငွေတွေရှာပြီးသုံးနေရတာ အဓိပ္ပါယ်မရှိဘူး မနွယ်ရဲ့၊ ငွေဟာ အရာရာကို စွမ်းဆောင်နိုင်တာမှ မဟုတ်တာ'

သူလည်း သူ့အဘိဓမ္မာနဲ့ သူပေပဲ။ လူတွေဟာ တစ်ယောက် တစ်မျိုးတော့ နစ်မွန်းကြတာပါပဲလေ။

'ကဲ ကျွန်တော်ပြန်ဦးမယ် မနွယ်၊ အလည်ခေါ်တာ ကျေးဇူး တင်ပါတယ်ဗျာ၊ ရန်ကုန်ကိုတော့ ကျွန်တော် ရောက်ခဲ့ပါတယ်၊ တစ်ခါတစ်ရံ ကိစ္စအထူးရှိမှပဲ၊ မနွယ်လဲ အားရင် မြိတ်နဲ့ ကော့သောင် ကို အမှတ်တရ တစ်ခါလောက် အလည်လာခဲ့ပါဦးနော်'

နွယ်က သူ့ကို ခြံဝအထိ လိုက်ပို့ကာ အိမ်ထဲ ပြန်ဝင်ခဲ့သည်။ စားပွဲပေါ်တွင် ကော်ဖီပန်းကန်နှင့်ဆေးလိပ်ခွက်လေးသည်ငြိမ်သက်စွာ ရှိနေသည်။ ဖေဖေသည် ခြံထဲမှ ပြန်တက်လာကာ သူ့အခန်းထဲ

ပြန်ဝင်သွားသည်။ ဆွေဆွေတို့ နှစ်ယောက်သည် တစ်နေရာရာ သွားရန် ပြင်ဆင်ပြီး ထွက်လာကြသည်။ နွယ်တစ်ယောက်တည်း ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ကာ စားပွဲပေါ်ကို အဓိပ္ပာယ်မရှိ ငေးမောနေသည်။ မီးမငြိမ်းသေးသော စီးကရက်တိုလေးသည် သူ့ ဝတ္တရားကုန်ဆုံးသွားသလို နွယ့်ကို မီးခိုးငွေ့တန်းလေးဖြင့် ဝေ့ယမ်း နှုတ်ဆက်နေပေသည်။

*

၅

အိပ်မပျော်သောညသည် ညတာအရှည်ဆုံးတည်း။

အတွေးပေါင်းစုံသည် စုပြုံတိုးဝင်ကာ တစ်ညတာ၏ဝေဒနာကို ပိုမိုတိုးပွားစေသည်။ မျက်စိကို စုံမှိတ်သော်လည်း အတိတ်တစ္ဆေများသည် ပြာပြာဝါဝါ အရောင်မျိုးစုံဖြင့် ပြုံးပြက် ဝင်ရောက်လာကြသည်။ ညဥ့်သည် တိတ်ဆိတ်လာသည်နှင့်အမျှ လောကကြီး၏ မသိကျိုးကျွန်ပြုမှုသည် ပိုမိုနက်ရှိုင်း၍ လာလေ၏။

အမှောင်သည် လူသားတို့၏ လှုပ်ရှားမှုအားလုံးကို တားဆီးထားလေသည်။ တိတ်ဆိတ်ခြင်းသည်ကား နိုးကြားနေသော လူသားတစ်ယောက်အတွက် ချောက်ချားဖွယ်ပင် ဖြစ်၏။ မျက်စိပွင့်နေသော်လည်း ဘာမျှ မမြင်ရ။ နားစွင့်ထားသော်လည်း ဘာသံမျှ မကြားရ။ ထိုအခါ တားဆီးမရသော စိတ်သည် အတိုင်းအဆမရှိ ပျံ့လွင့်သွားလေသည်။

လူ့ဘဝကို အစမှ ပြန်၍ သုံးသပ်ကြည့်မိ၏။ ပျော်ရွှင်ချမ်းမြေ့ရသော ကာလများကား သေးငယ်မှုန်ဝါး၍ သွားသည်။ လှုပ်ရှား

ရန်းကန်ရသော၊ ဝမ်းနည်းအားငယ်ရသော၊ မရေရာသော၊ အထီးကျန်သော ကာလများသာ ရှည်လျားစွာကျန်ရစ်ခဲ့သည်။ ချစ်ခြင်းမေတ္တာ၏ နွေးထွေးမှုသည်လည်း ရက်စက်တတ်သော၊ လျစ်လျူရှုတတ်သော၊ စိမ်းကားသောအသွင်ဖြင့် ကျောခိုင်း၍ သွားပြန်လေသည်။ နောက်ဆုံးတွင် လူ့ဘဝတွင်ရပ်တည်နေရခြင်းသည် မိမိကိုယ်ထီးတည်းမှတစ်ပါး ဘာဆိုဘာမျှ မရှိတော့။

မိမိခန္ဓာကိုယ်နှင့် စိတ်ကို တွဲ၍ ပြန်လည် ဆန်းစစ်မိပြန်၏။ စိတ်က တခြား ခန္ဓာကိုယ်သည် တခြား တစ်စစီ ကွဲပြား၍ သွားပြန်သည်။ စိတ်ကို ခန္ဓာကိုယ်ဆီသို့ ခေါ်ယူခဲ့၏။ စိတ်သည် ထွက်ပြေးသွားသည်။ ခန္ဓာကိုယ်ကြီးကို ဆောင်ကြဉ်းခဲ့ပြန်သည်။ စိတ်ပျောက်၍ နေ၏။ ဆက်စပ်၍ မရဖန်များသောအခါ မောဟိုက်၍ လာသည်။ ထိုအခါ စိတ်သည် ခန္ဓာကိုယ်နှင့် ဝေးကွာ၍ သွား၏။ ရင်ထဲတွင် အေးခနဲ ဖြစ်သွားကာ ဟင်းလင်းပြင်ထဲ ရောက်သွားသလို ဖြစ်သွားပြန်သည်။

အိပ်ပျော်ရန် ကြိုးစားရပြန်သည်။ စိတ်ငြိမ်ဆေးကို နှစ်ခါပြန်၍ သောက်မိသည့်တိုင် မျက်လုံးများသည် ငိုက်စင်းမလာ။ ခေါင်းထဲတွင် ပူစေတတ်သော သတ္တုတစ်ခု ခိုဝင်နေသည် ထင်ရ၏။ နှလုံးသွေးသည်လည်း တဒိတ်ဒိတ် တိုး၍ခုန်လာသည်။

တစ်အိမ်လုံးသည် အိပ်မောကျ၍ နေလေသည်။ ညက ညီအစ်မတစ်တွေ ရုပ်ရှင်သွားကြသည်။ နွယ်က ထုံးစံအတိုင်း လိုက်မသွားခဲ့။ သူတို့ ပြန်လာသောအခါ နွယ် မကြားဖူးသော ရုပ်ရှင်မင်းသမီး အသစ်များအကြောင်း ပြောဆိုငြင်းခုံလာကြသည်။ အငယ်မနှစ်ယောက်သည် ကျောင်းမှ သူတို့၏ ယောကျ်ားလေး သူငယ်ချင်းများထဲတွင် ရုပ်ရှင်မင်းသား မည်သူမည်ဝါနှင့် တူသူရှိကြောင်း ကြွားဝါနေကြသည်။

ဆွေဆွေတို့အခန်းမှ ရယ်သံသဲ့သဲ့ ကြားရ၏။ ဆွေဆွေ၏ သူ့ခင်ပွန်းကို 'ကိုကို' ဟု ခေါ်လိုက်သံသည် ချွဲချွဲနွဲ့နွဲ့ ပိုင်ပိုင်နိုင်နိုင် ရှိလှ၏။ သူတို့နှစ်ယောက်သည် မအိပ်မီ ကော်ဖီကျကျကိုသောက်ကာ စကားလက်ဆုံကျနေကြလေသည်။ သူတို့အားလုံး တစ်လောကလုံး နှင့်အတူ အိပ်ပျော်သွားသောအခါ နွယ်တစ်ယောက်တည်းသာ တိတ်ဆိတ်သော အမှောင်ထဲတွင် ကျန်ခဲ့လေသည်။

ရှည်လျားလွန်းလှသော တစ်ညတာကို ပင်လယ်ပြင်ကြီးထဲ လက်ပစ်ကူးရသလို မောဟိုက်စွာ ကုန်လွန်စေခဲ့ရ၏။ အလင်းရောင် နှင့်အတူ တစ်လောကလုံး လှုပ်ရှားလာသည်။ ထိုအခါ အားတက် လာသလိုရှိကာ ပါဝင်လှုပ်ရှားဖို့ အားယူလိုက်သည်။

ခေါင်းထဲတွင် ရီဝေ၍နေလေ၏။ ရှည်လျားသော ဆံပင်များကို ဖြန့်ချကာ ရေများများလောင်းချလိုက်သည်။ အနည်းငယ်လန်းဆန်း၍ သွားလေသည်။ မည်သူမျှ အိမ်မှ မထွက်ခင် တစ်ယောက်တည်း လမ်းလျှောက်ထွက်ခဲ့သည်။အို သည်လိုတော့လည်းလူ့လောကကြီးက စိုပြည်လို့ပါလား။ ဈေးထဲတွင် လူတို့သည် တစ်ဦးနှင့် တစ်ဦး တိုးဝေ့ကာ တစ်နေ့တာ ဝမ်းစာဖြည့်ရန် ကြိုးပမ်း လှုပ်ရှားနေကြလေသည်။ လူငွေ့တို့ဖြင့် မွန်းကျပ်လာသောအခါ ဈေးထဲမှ ပြန်ထွက်လာသည်။ ရည်ရွယ်ချက် မရှိဘဲနှင့် ခြေဦးသည် အိမ်ဘက်သို့ ပြန်လှည့်ခဲ့၏။ စိတ်နှင့် ခန္ဓာကိုယ်ကို အတူတကွထားရန် နေရာကို ညကကဲ့သို့ပင် လိုက်ရှာနေမိခြင်း ဖြစ်လေ၏။

အခန်းထဲသို့ ပြန်ဝင်ရန် ခြေလှမ်းခဲ့ရသည်။ တကယ်တော့ လူ့လောကကြီးဟာ ကျဉ်းမြောင်းသား။ ဒါကြောင့်လည်း လူတွေဟာ ကိုယ့်အိုးကိုယ့်အိမ် သတ်မှတ်ပြီး အတည်တကျ နေကြရပေတာပဲ။

ခြေလှမ်းများသည် ရုတ်တရက် တုံ့ဆိုင်း၍ သွားသည်။ အာရုံ မစိုက်ပါဘဲနှင့် နားက တစ်စုံတစ်ခုကို ကြားလိုက်ရသည်။

'ဆွေ့မမဘယ်သွားလဲ ဆွေဆွေ'

'ဈေးဘက်ထွက်သွားတာပဲ ကိုကို ဘာလုပ်မလို့လဲ'

'ဩော် ဆွေ့မမအကြောင်းပြောမလို့၊ အရင်တစ်ခါ ဒေါက်တာအုန်းမောင်ကလဲ ပြောလိုက်တယ် မဟုတ်လား၊ အိမ်ထောင်ချပေးလိုက်ရင် ကောင်းမယ် ဆိုတာလေ၊ ဆွေ့မမကို ယောကျ်ားပေးစားပါလား'

'အိုး ကိုကိုကလဲ သူမှ မယူတာဘဲဟာ၊ သူ့ရည်းစားကလဲ မိန်းမယူသွားပြီ၊ သူကြိုက်တာမှ မတွေ့ဘဲနဲ့ ဘယ်လိုလုပ် ပေးစားမလဲ'

'သူ့ရည်းစားက ဘယ်သူလဲ၊ ဟိုနေ့က လာတဲ့လူလား'

'မဟုတ်ပါဘူး၊ အဲဒါက မြိတ်ကလူပါ'

'ဟို မှောင်ခိုကုန်သည်ဆိုတာလား'

'ကိုကို့ကို ဘယ်သူပြောလဲ'

'ဟိုလေ ကိုကို့အန်တီက ပြောတယ်၊ မမနွယ်က အရင်က မြိတ်နဲ့ ကော့သောင်ကို မှောင်ခိုကုန်ကူးရင်း စက်လှေပိုင်ရှင်သားနဲ့ ရနေတာတဲ့၊ ကိုကိုကတောင် မဟုတ်ပါဘူးလို့ ပြောခဲ့သေးတယ်၊ သူ့ကို ဘယ်သူပြောလဲမသိဘူး'

'အို ကိုကိုကလဲ ကြံကြံဖန်ဖန်'

အသံများ ခေတ္တတိတ်ဆိတ်သွားကြသည်။ နွယ်သည် အခန်းနံရံတွင် နွမ်းလျစွာ မှီလိုက်သည်။ မျက်စိကိုလည်း စုံမှိတ်ပစ်လိုက်သည်။

'ဒါကြောင့် ပြောတာ၊ ဆွေ့အစ်မကို ယောကျ်ားပေးစားလိုက်တော့လို့၊ ခုတော့ သူအလုပ်မရှိလဲ နေတတ်မှာ မဟုတ်ဘူး၊ ဈေးထဲ

www.burmeseclassic.com



သွားသွားပြီး မှောင်ခိုပစ္စည်းတွေ ရောင်းရောင်းနေတာလဲ ကိုတို့ အနေနဲ့ ဘယ်ကောင်းမလဲကွယ်'

'အို'

နွယ်သည် သူတို့အခန်း ရှေ့မှ ခန်းဆီးကို ဆွဲဖယ်ပစ်လိုက်သည်။ နှစ်ယောက်လုံးလန့်ဖျပ်ကာ အခန်းဝသို့ ကြည့်လိုက်ကြသည်။

ပြူးကြောင်ဝိုင်းစက်၍ အေးစက်မာကျောသော မျက်ဝန်းအစုံကို ဆွေဆွေတို့ အထိတ်တလန့် တွေ့လိုက်ရလေသည်။

**၁၉၇၇၊ မေလ** **မိုးမိုး (အင်းလျား)**

[ ၁၉၇၅ ခု ဒီဇင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းပါ စာရေးသူ၏ **ဘယ်သူလာကူပါ့မလဲ** ဝတ္ထုရှည်ကို အခြေခံ၍ ပြန်လည်ရေးသား ပါသည်။]